www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ပထမအကြိမ်ပုံနှိပ်ခြင်း**
(၂၀၀၅ ခုနှစ်၊ မတ်လ၊ အုပ်ရေ ၁၀၀၀)

**စာမူခွင့်ပြုချက်အမှတ်**
[၁၃၁၉ / ၂၀၀၄ (၁၁)]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
(၅၀၀၁၇၀၀၅၀၂)

■

**မျက်နှာဖုံးဒီဇိုင်း**
အံ့ဘွယ်ဇင်

■

**မျက်နှာဖုံးကာလာခွဲ**
**Star**

■

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးတင်မောင်ဝင်း (သင်းလဲ့ဝင်းပုံနှိပ်တိုက်)
၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**
ဦးလှတိုး (၀၃၇၇၂) ရန်အောင်စာပေ
၃၄၃၊ ၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

■

**စာအုပ်ချုပ်** – ကိုမြင့်၊ ညီဝင်းမြင့်
**အတွင်းဖလင်** – မျိုးဝင်းကျော်
**ကွန်ပျူတာစာစီ** – ***Dream City***

■

**တန်ဖိုး** – ၈၀၀ ကျပ်

## မာတိကာ

၁။ ဆားပုလင်းနှင်းမောင်နှင့် မီးခဲမောင်မောင် ၁
**မင်းသိမ်**
၂။ အထီးကျန်ည ၄၁
**မောင်သိန်းဆိုင်**
၃။ အိုင်အိုမင်းအောင်နှင့် ကန်တိုမင်သေမှုသေခင်း ၅၅
**အောင်ဇင်**
၄။ ဝေသာလီသခင်မလေး ၇၇
**ဆွေလှိုင်ဦး**
၅။ အလင်းအမှောင် မညီညာသည့်ကမ္ဘာတစ်ဖက်ခြမ်း ၁၁၉
**နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)**
၆။ ဟင်းမျိုးကြီး၏ တစ်ကျော့ပြန် ၁၆၇
**မောင်မြင့်မား (ဘိုကလေး)**
၇။ အဝါရောင်လှိုင်း ၁၈၃
**ညီညီနိုင်**
၈။ စုံထောက်ရန်ပိုင်နှင့် နှစ်လောင်းပြိုင်အမှု ၂၀၁
**တိုးထက်**
၉။ ကြက်ခွပ်ပွဲ ၂၁၁
**မောင်ညီမွှိုင်း (သန်လျင်)**
၁၀။ ရွှေနေမလေးမေစံရှားနှင့် R နီးတို့ဆရာတပည့် [illegible]
**နေစိုးသော်**

www.burmeseclassic.com


www.burmeseclassic.com

# အမှာစာ

ယခု စာရှုသူ၏လက်ထဲသို့ ရောက်ရှိနေသော ဝေသာလီ သခင်မလေးနှင့် ရင်သိမ့်ဖိုစာစဥ်သည် ကျွန်တော်များ ကြိုးစားတင်ဆက်ထားသော တတိယမြောက် ရင်သိမ့်ဖို (Mystery)စာအုပ်ဖြစ်ပါသည်။ ကျွန်တော်များ ၂၀၀၄ ခုနှစ် ဩဂုတ်လက စီစဥ်ခဲ့သော **စနေမောင်မောင် ယောမာဝတီနှင့် ရင်သိမ့်ဖို** အမည်ရှိ ဒုတိယမြောက် ရင်သိမ့်ဖိုနှင့် ယခု တတိယမြောက် ရင်သိမ့်ဖိုတို့မှာ တစ်အုပ်နှင့် တစ်အုပ် အချိန်အတန်ငယ် ကွာခြားပြီးမှ ထွက်ပေါ်လာရခြင်းမှာ စီစဥ်သူတို့၏ အားနည်းချက်ကြောင့်သာ ဖြစ်ပါကြောင်း ရင်သိမ့်ဖို စာဖတ်ပရိသတ်သို့ ရှေးဦးစွာ မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

အကြောင်းမညီညွတ်၍ အချိန်အတန်ကြာသွားလင့်ကစား ကျွန်တော်တို့သည် ယခု တတိယမြောက် ရင်သိမ့်ဖိုတွင် ဆရာကြီးမင်းသိခ် အပါအဝင်၊ ဆရာမောင်သိန်းဆိုင်၊ ဆရာအောင်ဖင်နှင့် ဆရာဆွေလှိုင်ဦး တို့ကဲ့သို့ သည်းထိတ်ရင်ဖိုနှင့် ဂမ္ဘီရ စာရေးဆရာကြီးများ၏ အားအပြင် ရင်သိမ့်ဖိုကလောင်ရှင်များ၏ လက်ရာများဖြင့် ဝေဝေဆာဆာ စုစည်းတင်ဆက်ထားပါသဖြင့် ရင်သိမ့်ဖို ပရိသတ်တို့အဖို့ စောင့်မျှော်ဖတ်ရှုရကျိုးနပ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**စီစဥ်သူများ**



www.burmeseclassic.com



# ဆားပုလင်းနှင်းမောင်နှင့် မီးခဲမောင်မောင်

မင်းသိင်္ခ

ကျွန်ုပ်သည် ဒိုင်ယာရီစာအုပ်အား အသုံးချခြင်းမပြုဘဲ အချိန်မရွေး အလွတ်ရွတ်ဆိုပြနိုင်သော ရက်စွဲနှစ်ခုရှိ၏။ ထိုရက်စွဲနှစ်ခုအနက် တစ်ခုမှာ ကျွန်ုပ်၏ မွေးနေ့သက္ကရာဇ် ရက်ချုပ်ဖြစ်ပြီး ကျန်တစ်ခုမှာကား အလွန်ညာဏ်များ၍ သွေးအေးအေးနှင့် ရက်စက်တတ်သော မီးခဲမောင်မောင်၏လက်၌ ကျွန်ုပ်၏အသက်ကို ဝကွက်အပ်နှံခဲ့ရသောနေ့ ဖြစ်၏။

အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုတင်စားလေ့ရှိသော စကားကဲ့သို့ အသက်သည် ခန္ဓာကိုယ်မှ စွန့်ခွာသွားရန် အလွန်နီးကပ်နေပြီဖြစ်၍ အဆုတ်၌ပင် အသက်ရှူခြင်း မပြုတော့ဘဲ ဆံပင်အဖျားၕ် အသက်ရှူနေသည်ဟု ဆိုရလောက်အောင်ပင် သေတွင်းနက်လှသော အချိန်အခါဟု ဆိုနိုင်၏။

ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ကြုံတွေ့ခဲ့ရသော ဘေးအန္တရာယ် အမြောက်အမြား ရှိသော်ငြားလည်း ထိုနေ့ထိုရက်က ကြုံတွေ့ခဲ့ရသော အန္တရာယ်နှင့် နှိုင်းစာလိုက်ပါက ဖြုတ်ကိုက်ခံရခြင်းနှင့် ဆင်နင်းခံရခြင်းလောက် ကွာခြားလှပေ၏။

ထိုအဖြစ်အပျက်အား ယခုပြန်၍ စဉ်းစားမိသည့်အခါ၌ပင် ကျွန်ုပ်၏ ကျောရိုး ခြင်ဆီတစ်လျှောက်၌ စိမ့်ခနဲ ဖြစ်မိသေးတော့၏။



အနိဋ္ဌာရုံ အဖြစ်အပျက်ကို စာဖတ်သူအား ရေးသားတင်ပြရန် ကျွန်ုပ်အနေနှင့် အလိုမရှိသော်လည်း သူရသတ္တိအရာ၌လည်းကောင်း၊ ကျေးဇူးသိတတ်သော အရာ၌လည်းကောင်း၊ တည်ကြည်သော အရာ၌လည်းကောင်း၊ စံတင်ထိုက်သော လူတစ်ယောက်အကြောင်းကို သိစေချင်သော ဆန္ဒကြောင့်သာ ရေးသားရခြင်းဖြစ်၏။ ထိုသူကား ကျွန်ုပ်၏ မိတ်ဆွေကြီး ပြည်သိန်းကျော် ဖြစ်တော့၏။

ကျွန်ုပ်နှင့် ပြည်သိန်းကျော်သည် ဆယ်တန်းကျောင်းသား ဘဝ၌ ခုံချင်းကပ်လျက် ထိုင်ခဲ့ကြသော သိန်းကျော်နှစ်ယောက်အား ဆရာနှင့် တကွ အခြားကျောင်းသားများ ခွဲခြား၍ခေါ်ဝေါ်ရန် အခက်အခဲရှိသည့် အားလျော်စွာ ပြည်မြို့သားဖြစ်သော သိန်းကျော်အား ပြည်သိန်းကျော်ဟူ၍ လည်းကောင်း၊ ရန်ကုန်မြို့သားဖြစ်သော ကျွန်ုပ်အား ရွှေသိန်းကျော်ဟု လည်းကောင်း ခွဲခြား၍ ခေါ်ကြ၏။

ရန်ကုန်သိန်းကျော်ဟု ခေါ်ရမည့်အစား ကျွန်ုပ်အား ရွှေသိန်းကျော် ဟု ခေါ်ဝေါ်ကြခြင်းမှာ ကျွန်ုပ်၏ မိဘများသည် တောသူဌေးများဖြစ်ကြသည့်အလျောက် ရွှေကို လွန်စွာမက်မောကြ၏။ ရွှေဝတ်လျှင် ဂုဏ်ရှိသည်၊ လူရာဝင်သည်ဟု မှားယွင်းစွာ ယုံကြည်ကြသဖြင့် ကျွန်ုပ်အား မြင်မကောင်း ရှုမကောင်းအောင် လက်ဝတ်လက်စား အမြောက်အမြား ဝတ်ဆင်ပေးထား၏။

ထိုအချိန်က ကျွန်ုပ်ကိုယ်တိုင်ကလည်း ရွှေဝတ်လျှင် အလွန်တင့်တယ်သည်၊ ဂုဏ်ရှိသွားသည်ဟု နားလည်ထားသည့်အလျောက် ရွှေပတ်ကြိုး၊ ရွှေကြယ်သီးနှင့် အလွန်အကြည့်ရဆိုးသော လက်စွပ်များအပြင် အင်္ဂလိပ်စာလုံးဖြင့် အမည်အတိုကောက်ထိုးထားသော ရင်ထိုးကြီးကိုလည်း ထိုးထားသည်ဖြစ်ရာ ကျွန်ုပ်အား ရွှေသိန်းကျော်ဟု ခေါ်ဝေါ်ခြင်းသည် အလွန်ခေါ်သင့်လှပေသည်။

ကျွန်ုပ်၏ ဝတ်စားဆင်ယင်မှုအားကြည့်၍ ပြည်သိန်းကျော် ပြောသည်များကို နောင်အခါ၌ တွေး၍ ရှက်မိသေးတော့၏။ ဝိဂ္ဂိုသအားကိုးဖြင့် ကျက်မှတ်ရသော ပထဝီဝင်၊ ရာဇဝင်စသော ဘာသာရပ်များ၌

www.burmeseclassic.com



ကျွန်ုပ်သည် မကြာခဏ အချီးမွမ်းခံခဲ့ရသော်လည်း ဆင်ခြင်တုံဉာဏ်ရှိမှသာ ထူးချွန်နိုင်သော သင်္ချာဘာသာတို့၌မူ အလွန်ထုံထိုင်းလှဘိ၏။

ကျွန်ုပ်ညံ့သော ဘာသာရပ်များ၌ ပြည့်သိန်းကျော်သည် ထူးချွန်လှ၏။ ကျောင်းစာအပြင် ကျောင်း၌ အခါအားလျော်စွာ ကျင်းပသော စကားရည်လုခြင်း၊ စာစီစာကုံးပြိုင်ခြင်းတို့၌ ကျွန်ုပ်သည် မကြာခဏ ဆုရတတ်သကဲ့သို့ လက်ရေးထိုးခြင်း၊ ရေကူးပြိုင်ခြင်း၊ ဘိုင်စကယ်စီးပြိုင်ခြင်း၊ အမြင့်ခုန်ခြင်းတို့၌မူ ကျွန်ုပ်တို့၏ကျောင်း၌ ပြည့်သိန်းကျော်သာလျှင် ထူးချွန်လေ့ရှိ၏။

ပြည့်သိန်းကျော်သည် ယောကျ်ားကလေးများနှင့် ရင်းရင်းနှီးနှီးရှိသော်လည်း မိန်းကလေးတန်းမှ မိန်းကလေးများနှင့်မူ ခပ်စိမ်းစိမ်းရှိ၏။ သို့ရာ၌လည်း ပြည့်သိန်းကျော် ပါဝင်ထိုးသတ်သော ကျောင်းလက်ဝှေ့ပွဲများ၌မူကား (ဟီးရိုး)ဟု အသံစာစာလေးများနှင့် မိန်းကလေးများက အားပေးတတ်မြဲဖြစ်၏။ ထိုအခါမျိုး၌ ကျွန်ုပ်သည် ရှေ့ဆုံးတန်းမှ လက်ခေါက်မှုတ်၍ မပြတ်အားပေးလေ့ရှိ၏။

အလွန်ချစ်ခင်လှသော ကျွန်ုပ်တို့နှစ်ဦးသည် ဆယ်တန်းအောင်ပြီးနောက် ကွဲသွားခဲ့ကြရ၏။ ကျွန်ုပ်သည် ကောလိပ်ပညာကို ဆက်လက်သင်၏။ ဘီအေအောင်ပြီးနောက်မှသာ ကျွန်ုပ်ဖခင်၏ လက်ငုတ်လက်ရင်းဖြစ်သော စပါးကုန်သည်အလုပ်ကို လုပ်ကိုင်ခဲ့၏။

ပြည့်သိန်းကျော်မှာ ဆယ်တန်းအောင်သည်နှင့် မန္တလေးဆပ်ကျောင်းသို့ တက်ရောက်၍ ရာဇဝတ်အုပ် (ပုလိပ်)ဘက်သို့ ကူးပြောင်းခဲ့၏။ ထိုအချိန်မှ အစပြု၍ ပြည့်သိန်းကျော်နှင့် ကင်းကွာခဲ့တော့၏။

ကျွန်ုပ်၏ မိတ်ဆွေကြီး ပြည့်သိန်းကျော်အကြောင်းကို အနည်းငယ်ဖော်ပြပြီးနောက် ကျွန်ုပ်၏ သေမင်းဖြစ်သော မီးခဲမောင်မောင်အကြောင်း ဖော်ပြရန် လို၏။

လောက၌ လူတို့မှည့်ခေါ်သော အမည်အမျိုးမျိုးအား အကျဉ်းချုံးလိုက်လျှင် လေးမျိုးလေးစားသာလျှင် ရှိ၏။ ယင်းလေးမျိုးလေးစားသော အမည်တို့အား မောင်ဘ၊ မောင်မြတို့ကဲ့သို့သော အခေါ်ဖြစ်ရုံ မှည့်တတ်



သော 'သညာ' အမည်မျိုး။

ရွှေသိုး၊ ဝက်ပုပ် စသည်နှိမ်၍ မှည့်တတ်သော 'သညီ' အမည်မျိုး၊ မောင်ချမ်းသာ၊ မောင်ကျော်ဇော စသည်ဖြစ်စေလိုသော အကျိုးတရားမျှော်လင့်၍ မှည့်ခေါ်တတ်သည့် 'ရဠီ' အမည်မျိုးနှင့် မွေးဖွားစဉ်ကပင် မဟာသြသမ နှတ်ဆေးအားကိုင်လျက် မွေးဖွားသဖြင့် မဟော်သဓာဟူ၍လည်းကောင်း။

မွေးဖွားစဉ်၌ မြွေဟောက်ကဲ့သို့ (ရှူး... ရှူး)ဟု အသံမြည်သဖြင့် ရှူးရှူးနာဂရ (သုသုနာဂရ) မင်းဟု ခေါ်တွင်ခဲ့သည့် အမည်မျိုးကား အနွတ္တ အမည်မျိုးဖြစ်၏။ အနွတ္တ အမည်မျိုးတို့သည် ကောင်းရာ၌လည်းကောင်း၊ ဆိုးရာ၌ လည်းကောင်း၊ ထူးချွန်တတ်၏။ မီးခဲမောင်မောင်ကား အနွတ္တအမည်ရှင်ဖြစ်၏။

ရေနံချောင်း စနေနံ ဘုရားပွဲသို့ မီးခဲမောင်မောင်၏ မိခင်သည် ဘုရားပွဲသွားရင်း ဘုရားပွဲ မီးလောင်စဉ်အခါ၌ သူ့အား မွေးဖွားခဲ့သဖြင့် မီးခဲမောင်မောင်ဟု တွင်လေတော့၏။

မီးခဲမောင်မောင်၏ ဖခင်ကား ဆန်စက်သူဌေးတစ်ဦးဖြစ်၏။

လယ်မြေများလည်း အမြောက်အမြား ပိုင်ဆိုင်၏။ လယ်မြေများ ပိုင်ဆိုင်သကဲ့သို့ မယားများလည်း အမြောက်အမြား ပိုင်ဆိုင်သည်ဆို၏။ မီးခဲမောင်မောင်၏ မိခင်သည် နံပါတ် ခုနစ်မြောက် ဇနီးဖြစ်သည်ဟု သိရ၏။

ပြည့်သိန်းကျော်နှင့် ကျွန်ုပ်သည် ၁၀ တန်းတွင် ကျောင်းနေဖက်ဖြစ်သကဲ့သို့ မီးခဲမောင်မောင်နှင့် ကျွန်ုပ်သည်လည်း အိုင်အေတန်း၌ ကျောင်းနေဖက် ဖြစ်ကြပြန်၏။ ထိုနှစ်ပိုင်းမှာပင် မီးခဲမောင်မောင်၏ ဖခင်သည် မိန်းမတစ်ဦးက ဓားဖြင့်ထိုးသဖြင့် သေဆုံးခဲ့သည်ဟု သိရ၏။

ဖခင်ဖြစ်သူသည် မိန်းမမွေလှသော်လည်း မီးခဲသည်ကား ထိုသို့မဟုတ်ပေ။ မိန်းမများအား စေ့စေ့စပ်စပ် ကြည့်သည်ကိုပင် ကျွန်ုပ်မတွေ့ခဲ့ရဖူးပါ။ လူငယ်ဘာဝ မိန်းမနှင့်စပ်သော စကားများ ပြိုင်ပွဲ၍ပြောဆိုကြသည့်အခါ၌လည်း ဝင်ရောက်ပြောဆိုခြင်း၊ နားထောင်ခြင်း မပြုရုံမျှမက

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအရာများကို မပြောဆိုရန် မကြာခဏ ကန့်ကွက်တတ်သေး၏။

ရုပ်ရည်မှာ ချောမောသည်ဟု မဆိုသာသော်လည်း ကြည့်ပျော်ရှုပျော်ရှိသူ တစ်ယောက်ဟုတော့ ဆိုနိုင်၏။ သဘောလည်း လွန်စွာကောင်း၏။ တစ်ဖက်သားကိုလည်း အလွန်ပင် ကျေးချင်မွေးချင်သည့်စိတ်ရှိ၏။ စကားအလွန်နည်း၏။ အိုင်အေတန်း၌ တက်နေကြသူတိုင်းလောက်နီးနီး မီးခဲမောင်မောင်ကို ခင်မင်ကြ၏။ အများအတွက် အနစ်နာလည်းခံတတ်၏။

တစ်ခါ၌ မီးခဲအပါအဝင် ကျွန်ုပ်တို့ လူငယ်တစ်စုသည် မေရီးမရင်း ကလပ်၌ မူးယစ်သောက်စားပြီး ပန်းကန်ခွက်ယောက်များ ပေါက်ခွဲခြင်း၊ စားပွဲခင်းနှင့် လိုက်ကာများ ဆုတ်ဖြဲခြင်းများ ပြုလုပ်၍ ရမ်းကားကြ၏။

မီးခဲမောင်မောင်က ရမ်းကားခြင်းလည်း မပြု၊ ဖျက်ဆီးခြင်းလည်း မပြုရုံမျှမက မူးရမ်း၍နေသော ကျွန်ုပ်အပါအဝင် အခြားလူများကို လိုက်လံထိန်းသိမ်းပေးခဲ့သည်။

သို့ရာ၌ ကလပ်မှ တာဝန်ရှိသူက ကျောင်းသို့လည်းကောင်း၊ ပုလိပ်ဘက်သို့ လည်းကောင်း အကြောင်းကြားသည့်အခါ၌မူသူ့ကြောင့်ငါ့ကြောင့်ဟု တစ်ဦးကိုတစ်ဦး လွှဲချရှောင်တိမ်း၍ သူ့ရဲ့သောနည်းစွာ ကိုယ်လွတ်ရန်းလျက် ရှိတော့၏။

သို့သော် မီးခဲမောင်မောင်က သူလုပ်သည်ဟု အများအတွက် ခေါင်းခံလိုက်ရုံမျှမက ပုလိပ်အချုပ်၌ တစ်ညတာ အိပ်စက်ပေးခဲ့သည့်ပြင် ဆုံးရှုံးသွားသော ပစ္စည်းများ၏ တန်ဖိုးကိုလည်း တစ်ယောက်တည်းပင် ပေးလျော်ခဲ့လေသည်။

သို့သော် မီးခဲမောင်မောင်၌ ချစ်စရာကောင်းသော လေးစားစရာကောင်းသော အချက်အလက် အမြောက်အမြားအနက်၌ အလွန်စက်ဆုပ်ဖွယ်ရာသော အချက်တစ်ချက်ရှိ၏။ ထိုအချက်ကြောင့်ပင် အကွက်လည်းအောင် သွေးထားသော စိန်တုံး၌ အနာကလေးတစ်ကွက် ပါနေသည့်အလားမီးခဲမောင်မောင်၏ ဘဝသည် နှလုံးနာဖွယ်ရာ ရှိတော့၏။

ဤမျှ သဘောကောင်း၍ အေးချမ်းလှသော မီးခဲမောင်မောင်၏



ဟာဒယ နှလုံးအိမ်နောက်၌ ခိုကပ်နေသော မာရ်နတ်သား၏ တမန်တော်နတ်မိစ္ဆာတစ်ကောင်ရှိ၏။ ထိုနတ်မိစ္ဆာကား အခြားမဟုတ်။ မခံချင်စိတ်နှင့်တကွ ယှဉ်၍ဖြစ်ပေါ်လေ့ရှိသော လက်စားချေလိုသော စိတ်မိုက်ပင်ဖြစ်တော့၏။

ကျွန်ုပ်နှင့် မီးခဲမောင်မောင်တို့သည် နှစ်ဦးစလုံး ဘီအေအောင်ပြီးနောက် ကွဲကွာသွားခဲ့ကြ၏။ ကျွန်ုပ်သည် ကျွန်ုပ်ဖခင်၏ လက်ငုပ်လက်ရင်းဖြစ်သော စပါးလုပ်ငန်းတွင် နှစ်မြှုပ်၍ နှစ်အတန်ကြာ လုပ်ကိုင်ခဲ့ပြီးနောက် အိမ်ထောင်ပြုရန် အကြောင်းပေါ်လာတော့၏။

ကျွန်ုပ်၏ မိခင်သည် ချောင်းဆိုးသွေးပါ ရောဂါ၏ ဖိစီးနှိပ်စက်မှုကြောင့် ကျန်းမာရေး အခြေအနေမှာ မျှော်လင့်စရာ မရှိသောအဖြစ်နှင့်ကြုံတွေ့နေရသည်ဖြစ်ရာ မျက်စိနှစ်လုံး ပိတ်မသွားမီ ကျွန်ုပ်အား အိမ်ထောင်ရက်သားချထားရန် အရေးမှာ လွန်စွာအရေးကြီးလျက် ရှိတော့၏။

လူကြီးချင်း ပြောဆိုထားဖူးသော သတို့သမီးလောင်းအား ကျွန်ုပ်ကိုယ်တိုင် မမြင်ဖူးပါပဲလျက် မိခင်ကြီး၏ ဆန္ဒကို ပယ်ရှားရန် မသင့်သောအခါ ဖြစ်သည့်အလျောက် ကျွန်ုပ်က သဘောတူခဲ့ရ၏။

သတို့သမီးလောင်းနှင့်တကွ သူ၏ ဆွေမျိုးတစ်စုတို့သည် ကျွန်ုပ်သဘောတူပြီးနောက် ရန်ကုန်သို့ ဘုရားဖူးလာကြ၏။ ကျွန်ုပ်တို့အိမ်မှာပင်တည်းခိုကြ၏။ ကျွန်ုပ်က ဘုရားပေါင်းစုံ လိုက်ပို့ရ၏။ ထိုအခါကျမှပင်မိမိယူမည့် ဇနီးလောင်းအား အသေအချာ မြင်ဖူးတော့၏။

ဇနီးလောင်းဖြစ်သူက ရေနံချောင်းသူဖြစ်၏။ မျိုးရိုးက ရေနံတွင်းစားမျိုးရိုးဖြစ်၏။ အမည်မှာ လှိုင်လှိုင်တင်ဟုခေါ်သည်။ လှိုင်လှိုင်တင်အားတွေ့မြင်လိုက်သည်၌ မိခင်ကြီး အသေဖြောင့်အောင် ပေးစားသောမိန်းမကို ယူပါမည်ဟု ကျွန်ုပ်ပြောခဲ့သော စကားကိုပင် ရှက်မိတော့၏။

ယခုအခါ၌ လှိုင်လှိုင်တင်အားမယူလျှင် ကျွန်ုပ်၏ မိခင်ကြီးစိတ်ဒုက္ခ ခံစားရပါမည်။ ရှောင်ပါသားရယ်ဟု ဆိုလာသည့်တိုင်အောင်ကျွန်ုပ်သည် နောက်ဆုတ်နိုင်လိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ် ဝန်ခံရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘစကား နားထောင်သော သားလိမ္မာလည်းဖြစ်၊ စနိုးချောလည်း ရှာညီ သူဌေးဆောင်တောက်ရကိန်းနှင့် ကြုံနေသည်ဖြစ်ရာ ကျွန်ုပ်သည် အချော်ကြီးချော်လျက် ရှိတော့၏။

မိဘစကား နားထောင်သည့်အတွက် သတ္တဘာဂဟူသော ဖူးစာနတ်ဆောင်အပေါ် သမ္မာဒေဝ နတ်အပေါင်းသည် ကျွန်ုပ်အား ဆုလာဘ်အဖြစ် လှိုင်လှိုင်တင်လို မိန်းမချောလေးတစ်ဦးနှင့် စုံဖက်ပေးသည်ဟု ကျွန်ုပ် ထင်မှတ်မိ၏။

မင်္ဂလာကိစ္စကိုလည်း မိခင်ကြီး၏ ရောဂါကို အကြောင်းပြု၍ အချိန်ဆွဲရန်မသင့်ကြောင်း၊ ဖွဲ့မည့်အတူတူ မြန်မြန်ယူလိုက်ပြီးတာပေါ့ဟူ၍ ကျွန်ုပ်ကပင် လောဆော်လျက်ရှိတော့၏။

လှိုင်လှိုင်တင်အားလည်း ကျွန်ုပ်သည် လက်ဆောင်အမြောက်အမြား ဝယ်ပေး၏။ လှိုင်လှိုင်တင် အနေနှင့်မူ ကျွန်ုပ်အား မိဘများက သဘောတူထားသော ခင်ပွန်းလောင်းအဖြစ်မှလွဲ၍ စိတ်ဝင်စားပုံ မပေါ်လှပေ။

လှိုင်လှိုင်တင် ကျွန်ုပ်တို့အိမ်၌ တည်းခိုနေထိုင်လျက်ရှိသော ရက်များတွင် ကျွန်ုပ်သည် မူးအလှည့်၌ ဂျိုကာနှစ်ကောင်ရသော ပိုကာသမားကဲ့သို့ လေတချွန်ချွန်နှင့် ရှိတော့၏။

သို့ရာတွင် လှိုင်လှိုင်တင်တို့ ပြန်သွားပြီးနောက် လေမချွန်နိုင်တော့ရုံမက ကျွန်ုပ်၏ ရင်ဝသို့ သံချွန်နှင့် တအားဆောင့်၍ ထိုးလိုက်သကဲ့သို့ စာတစ်စောင်ကို စာတိုက်မှ ရရှိတော့၏။

စာမှာ ရေစကြိုရှိလှုပ်၍ ပေးပို့လာသောစာ ဖြစ်သဖြင့် ကျွန်ုပ် လက်မှတ်ရေးထိုးယူရ၏။ ထိုစာရောက်သည့်နေ့မှစ၍ ကျွန်ုပ်သည် ပထမပိုင်းက ကျေးဇူးတင်ခဲ့သော ဖူးစာရေးနတ်အား ဒေါ်အပွကြီး ပွမိတော့၏။

စာမှာ အောက်ပါအတိုင်းဖြစ်၏။

သို့...

သူငယ်ချင်း ကိုသိန်းကျော်

သည်စာကို ရေးရတာ အားလဲနာပါတယ်၊ ဒါပေမယ့် မရေးမဖြစ်လို့ ရေးလိုက်ရတာကို ခွင့်လွှတ်ပါခင်ဗျာ၊ ကိုရွှေသိန်း



ကျော်နဲ့ မိဘချင်း သဘောတူပြီး လက်ထပ်ကြမယ့် လှိုင်လှိုင်တင်ဟာ ကျွန်တော့်ချစ်သူပါ၊ ကျွန်တော်တို့ လူငယ်ချင်း ချစ်ကြိုက်နေတာ ကြာပါပြီ။

လှိုင်လှိုင်တင်ရဲ့ မိဘများဟာ ကျွန်တော်တို့ စီးပွားပျက်နေတာကြောင့်ရော ကျွန်တော့်ဖခင်ရဲ့ အကျင့်စာရိတ္တကို မကြိုက်တာကြောင့်ရော ကျွန်တော်နဲ့ သဘောမတူနိုင်ခဲ့ ရှိပါတယ်။

ဒါကြောင့် လှိုင်လှိုင်တင့် မိဘများက သဘောတူလာအောင် အတွက် ပျက်နေတဲ့ စီးပွားရေးကိုလဲ ပြန်ပြီးဖြစ်ထွန်းအောင် ကြိုးစားနေရပါတယ်။

ဖခင်ရဲ့ အကျင့်စာရိတ္တမျိုး ကျွန်တော့်မှာ မရှိကြောင်းကိုလဲ သဘောပေါက် နားလည်အောင် ကျွန်တော် ကြိုးစားလျက်ရှိစဉ်မှာ ကိုရွှေသိန်းကျော်နဲ့ စီစဉ်ကြောင်း လှိုင်လှိုင်တင် ပြောပြလို့ သိရပါတယ်။

ဒါကြောင့် ကျွန်တော့်ကိုရော လှိုင်လှိုင်တင်ကိုပါ သနားသောအားဖြင့် စေ့စပ်ကြောင်းလမ်းမှုကို ဖျက်သိမ်းပေးပါလို့ အသနားခံပါတယ်။

သည်ကိစ္စကို ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ လှိုင်လှိုင်တင်ရယ်ပဲ သိပါတယ်၊ တခြားဘယ်သူ့ကိုမှလည်း မသိစေဖို့မေတ္တာရပ်ခံပါတယ်။

သင့်သူငယ်ချင်း

မီးခဲမောင်မောင်

ရေနံ့ချောင်း

ကျွန်ုပ်သည် အထက်ပါစာကို ဖတ်ပြီးနောက် များစွာစိတ်ထိခိုက်မိ၏။ မိခင်ကြီးအားငဲ့၍ ယူရမည်သက်သက်ဆိုပါက ကျွန်ုပ်သည် မီးခဲမောင်မောင် လိုလားသည့်အတိုင်း စေ့စပ်မှုအား ဖျက်သိမ်းပေးကောင်း ပေးဝေလိမ့်မည် ဖြစ်သော်လည်း လှိုင်လှိုင်တင်အား ကျွန်ုပ်ကိုယ်တိုင်က နှစ်သက် သဘောကျနေသည်ဖြစ်ရာ နောက်ဆုတ်ပေးရန်မှာ လုံးဝမဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပေ။

ထို့ကြောင့် မီးခဲမောင်မောင်ထံသို့ ကျွန်ုပ် မိခင်ကြီး၏ စိတ်ချမ်းသာမှုအတွက် လက်ထပ်ရခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်အနေနှင့်မူ နောက်ဆုတ်ပေးလိုကြောင်း စသည်ဖြင့် အဖြစ်မှန်အား ဖုံးကွယ်၍ ရေးသားသော စာတစ်စောင်ကို ပေးပို့ခဲ့၏။

ကျွန်ုပ်၏စာကို ရကြောင်း၊ မိခင်ကြီးအတွက် ဖြစ်နေသောကြောင့် သူ့အနေနှင့်လည်း ကျွန်ုပ်အပေါ်၌ မည်သို့မျှ သဘောမထားကြောင်း၊ ခွင့်လွှတ်ကြောင်း၊ သေခါနီးဆဲဆဲ ဝေဒနာသည်တစ်ဦး၏ ဆန္ဒအတွက် သူရော၊ လှိုင်လှိုင်တင်ရော၊ ကျွန်ုပ်ပါ အနစ်နာခံသင့်ကြကြောင်းများပါ ရေးသားသောစာကို မီးခဲမောင်မောင်ထံမှ ရရှိခဲ့၏။

ထိုစာရသည့်နေ့က ကျွန်ုပ်သည် အပျော်ကြီး ပျော်ရပြန်၏။ စိန်ကောင်းကျောက်ကောင်း ရောင်းနေသည့်ကိစ္စတွင် ရှေ့မှ ကိုးလိုးကန့်လန့်ခံနေသည့် ဆေးရိုးသည် မီးခဲမောင်မောင်၏ကိစ္စ ရှင်းသွားပြီဖြစ်၍ ကျွန်ုပ်သည် များစွာစိတ်လက်ပေါ့ပါးသွားမိ၏။

ထို့ကြောင့် မင်္ဂလာမြန်မြန်ဆောင်မှ အေးမည်ဖြစ်သဖြင့် အမြန်ဆုံးဖြစ်ရန် ကျွန်ုပ်အနေနှင့် စီစဉ်ရတော့၏။ သို့သော် ကံတရားသည် အလွန် ရုပ်ဖြောင်းရုပ်လွှဲ ကောင်းသူကဲ့သို့ တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ရပြန်တော့သည်။

မီးခဲမောင်မောင်ထံမှ ပြန်စာရပြီး နှစ်ရက်အကြာ၌ ကျွန်ုပ်၏ မိခင်ကြီးသည် ကွယ်လွန်အနိစ္စရောက်လေတော့၏။ ဈာပနကိစ္စ ပြီးမြောက်ပြီး နောက်တစ်ရက်၌ မီးခဲမောင်မောင်သည် ရန်ကုန်သို့ ရောက်ရှိလာပြီးလျှင် မရေးမရင်းကလေး၌ ကျွန်ုပ်အား ချိန်းဆို၍ တွေ့တော့၏။

ကျွန်ုပ်၏ မိခင်ကြီး ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း၊ တစ်ဖက်၌လည်း လှိုင်လှိုင်တင် လက်ထပ်ရေးကိစ္စမှာလည်း ပြင်ဆင်နိုင်ခွင့် ပေါ်ပေါက်လာပြီဖြစ်၍ ဝမ်းသာမိကြောင်း ရိုးသားစွာ ကျွန်ုပ်အား ပြောပြ၏။

စားသောက်ဖွယ်များ လိုလေသေးမရှိ ဧည့်ခံကာ မိခင်ကြီး မရှိ



တော့ပြီဖြစ်၍ မိခင်ကြီး စိတ်ချမ်းသာအောင် လှိုင်လှိုင်တင်အား ယူရမည့် အစီအစဉ်မှာ ပြောင်းနိုင်ပြီလောဟု တည့်တည့်ပင်မေး၏။

"ဒီလိုရှိပါတယ် ကိုမောင်မောင်၊ ကျွန်တော့်မိခင်ကြီး မရှိတော့ပေမယ့် ကျွန်တော့်အဒေါ်တွေ ရှိလေသေးတော့ ဒီကိစ္စဟာ ပြင်လို့ဖြစ်မယ် မထင်ဘူး"

"မဟုတ်ပါဘူး ကိုရွှေသိန်းကျော်၊ ခင်ဗျားကိုယ်တိုင်က နောက်မဆုပ်ရင်ဖြင့် ကျွန်တော် ဘာမှပြောစရာ မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျား မိခင်ကြီးကို အကြောင်းပြပြီး ဆုတ်မပေးနိုင်ကြောင်း ကျုပ်ဆီကို စာရေးခဲ့တယ်၊ ကျုပ်ကလဲ တကယ်ယုံကြည်ခဲ့တယ်၊ အခု ခင်ဗျားမိခင်ကြီး မရှိပြန်တော့လဲ ခင်ဗျားက နောက်မဆုတ်ပေးနိုင်ဘူးဆိုပြန်တော့ ခင်ဗျားဟာ ကျွန်တော့်ဆီကို သက်သက်လိမ်ညာပြီး ရေးခဲ့တာပဲ၊ မိခင်ကြီးကို အကြောင်းပြပြီး ခင်ဗျားကိုယ်တိုင် လှိုင်လှိုင်တင်ကို အပိုင်စီးချင်နေတာကို ကျွန်တော် အခုမှ သိရတော့တယ်၊ ခင်ဗျား ကျွန်တော့်ကိုလိမ်ပြီး ရေးတယ်၊ ကဲ ခင်ဗျားသဘောပါပဲ"ဟု ဆိုကာ ထွက်သွားတော့၏။

"ခင်ဗျား ကျွန်တော့်ကို လိမ်ပြီးရေးတယ်"ဟူသော စကားကိုမူ နှစ်ကြိမ်ထပ်၍ ပြောသွားသည်ကို ကျွန်ုပ် သတိထားလိုက်မိ၏။

မီးခဲမောင်မောင်နှင့်တွေ့ပြီး တစ်လလောက်အကြာတွင် လက်ထပ်ပွဲကို ရန်ကုန်၌ ပြုလုပ်ရန် စီစဉ်လိုက်တော့၏။ လှိုင်လှိုင်တင်တို့ မိသားစု ရောက်မည့်နေ့က ကွမ်းခြံကုန်းတွင် ကျွန်ုပ်ကိုယ်တိုင် ကားဖြင့်သွားရောက်ကြိုဆိုခဲ့၏။

ကျွန်ုပ်နေထိုင်ရာ အင်းစိန် ကြို့ကုန်းရပ်ကွက်သို့ လှိုင်လှိုင်တင်တို့ မိသားစုအား တင်ဆောင်၍ မောင်းနှင်လာစဉ် ကမာရွတ်သို့အရောက်၌ ကားတစ်စီးနှင့် ခေါင်းချင်းဆိုင်၍ အနည်းငယ် တိုက်မိသဖြင့် တစ်ဖက် ကားသမားနှင့် ကျွန်ုပ်တို့ စကားအနည်းငယ် များကြ၏။

တစ်ဖက် ကားသမားမှာ ဂေါ်ရခါးလူမျိုးဖြစ်၍ ကျွန်ုပ်သည် ကုလားလိုတစ်ဝက် မြန်မာလိုတစ်ဝက် ပြောဆိုစကားများကြရခြင်းဖြစ်၏။

စကားများကြစဉ် ကျွန်ုပ်ကားပေါ်မှ လှိုင်လှိုင်တင် အပါအဝင်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလိုလို အောက်သို့ဆင်းကြ၏။ နောက်ဆုံး၌ ဂေါ်ရခါးနှင့် ကျွန်ုပ်တို့ကို အနီးမှ ပုလိပ်တစ်ဦးက လာရောက်မြဲရှင်းပေးသဖြင့် ကျေအေး သွားကြပြီး ကိုယ့်ခရီးကိုယ် ဆက်လက်သွားကြရတော့၏။

ဂေါ်ရခါးသည် သူသွားရန်ရှိသော ခရီးကို ဆက်လက်မောင်းထွက် သွားနိုင်သော်လည်း ကျွန်ုပ်မှာမူ မမောင်းနိုင်တော့ပါ။ အကြောင်းမှာမူ လှိုင်လှိုင်တင်တစ်ယောက် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းကြောင့်ဖြစ်၏။ လှိုင်လှိုင်တင့် မိခင်ကလည်း လှိုင်လှိုင်တင်သည် သူ့အနီးတွင် ရပ်နေရာမှ ပျောက်သွားသည်ဟုဆို၏။

ကျွန်ုပ်အပါအဝင် ထိုစဉ်က ကျွန်ုပ်ကားပေါ်၌ ပါရှိသူများမှာ လှိုင်လှိုင်တင်၊ လှိုင်လှိုင်တင်မိခင်ဒေါ်ညွန့်၊ အဒေါ် ဒေါ်စိန်စိန်၊ ဒေါ်စိန်စိန့် ယောကျ်ား ဦးတင်ဝင်းနှင့် ဆယ်နှစ်သားအရွယ် လှိုင်လှိုင်တင့် မောင်လေး မောင်ခင်ဝင်းတို့ဖြစ်၏။

ကြိုရာမရသည့်အဆုံး ကျွန်ုပ်သည် ထိုအမှုအား ရဲ[illegible]တ်သို့တိုင်ရ တော့၏။

ဂတ်မှ ဂတ်စာရေးသည် အမှုနှင့်ပတ်သက်၍လား၊ အလိုက်တမ်းဆိုး မသိ၍လား မဆိုနိုင်ပေ၊ ရည်းစားရှိမရှိ မေးပြန်၏။ သတို့သားလောင်းဖြစ် သော ကျွန်ုပ်ကလည်း ရှက်ရှက်နှင့် ရည်းစားရှိကြောင်းမှအစ မီးခဲမောင် မောင်နှင့် ကျွန်ုပ်တို့၏ သုံးပွင့်ဆိုင် အဖြစ်အပျက်ကို ပြောဆိုရတော့၏။

ပုလိပ်များကား အတော်ပင် တော်ကြ၏။ တိုင်ချက်ဖွင့်ပြီး တစ်ပတ်ကြာမှပင် မီးခဲမောင်မောင်အား ဖမ်းမိကြတော့၏။ ဂတ်၌ ကျွန်ုပ်တို့တွေ့ကြရာ မီးခဲမောင်မောင်သည် သူ၏ထုံးစံအတိုင်းပြုံး၍ အားလုံး ကို ယဉ်ယဉ်ကျေးကျေးပင် ဆက်ဆံ၏။

လှိုင်လှိုင်တင်၏ အဒေါ်နှင့် အမေသည် မီးခဲမောင်မောင်အား မကြားဝံ့မနာသာပင် ဆဲရေးတိုင်းထွာကြ၏။ အဒေါ်၏ယောကျ်ား ဦးတင်ဝင်းကဆိုလျှင် မီးခဲမောင်မောင်အား ထိုးလားကြိတ်လားလုပ်ရန် ဆွဲလားလွဲလား လုပ်သေး၏။

မီးခဲမောင်မောင်ကမူ မည်သို့မျှ တုံ့ပြန်ခြင်းမပြုဘဲ ခပ်ပြုံးပြုံးပင်



နေ၏။ ထိုးကြိတ်ခြင်းမဖြစ်စေရန် ပုလိပ်များက တားဆီးပေးကြ၏။ လှိုင်လှိုင်တင်ကမူ ငိုရှိုသာနေ၏။ နောက်ဆုံး လှိုင်လှိုင်တင်အား ပြန်၍ ခေါ်ခဲ့ကြ၏။

ကျွန်ုပ်နှင့် လှိုင်လှိုင်တင်၏ မိဘများ ပူးပေါင်းကာ နောက်ဆုံး၌ မီးခဲမောင်မောင်အား ရုံးတင်၍ တရားစွဲနိုင်ခဲ့၏။ နှစ်ဖက်ပေါင်း၍ ငွေကိုဖိသွန်ကာ မီးခဲမောင်မောင်အား ထောင်မကျမချင်း ပြုလုပ်ခဲ့ကြ၏။ ထိုအချိန်၌ ငွေများလျှင် တရားနိုင်သောအခါ ဖြစ်သည့်အလျောက် မီးခဲ မောင်မောင်တစ်ယောက် ထောင်ဒဏ်အဖြစ် ကျခံရတော့၏။

သို့သော် မီးခဲမောင်မောင်အပေါ်၌ သစ္စာရှိလှသော လှိုင်လှိုင်တင် သည် ရုံးတော်၌ ကျွန်ုပ်တို့၏ ရှေ့နေသင်ပေးသည့်အတိုင်း မထွက်ဆိုဘဲ သူကိုယ်တိုင်ကချစ်၍ လိုက်သွားခြင်းဖြစ်ကြောင်း ထွက်ဆိုသဖြင့် ထောင်ဒဏ် မှာ များများစားစားမကျဘဲ နှစ်နှစ်သာ ကျခံရတော့၏။

မီးခဲမောင်မောင် ထောင်ကျနေစဉ်မှာပင် ကျွန်ုပ်နှင့် လှိုင်လှိုင်တင် သည် လက်ထပ်ခဲ့၏။ လှိုင်လှိုင်တင်၏မိခင် ဒေါ်ညွန့်သည် ကျွန်ုပ်အား လှိုင်လှိုင်တင်က မယူလျှင် အဆိပ်သောက်သေမည်ဟု အကျပ်ကိုင်ကာ အတင်းပေးစားခဲ့ခြင်းဖြစ်၏။

မည်သည့်နည်းနှင့် ရသည်ဖြစ်စေ ကျွန်ုပ်သည် အလွန်ချစ်စရာ ကောင်းသော မိန်းမတစ်ယောက်ကို ရလေတော့၏။ လှိုင်လှိုင်တင်သည် မိန်းမတစ်ဦး၏ ဝတ္တရားများ ကျေပွန်၏။ သို့သော် ကျွန်ုပ်၏ အသည်း နှလုံးကို ကျွဲခတ်သကဲ့သို့ ခံစားဖွယ်ရာတစ်ခုတော့ ပြုလုပ်လျက်ရှိ၏။

ကျွန်ုပ်နှင့် ရပြီးသည့်တိုင်အောင် ဆွဲကြိုးတွင် ဆွဲထားသော လော့ကက်သီးလေးထဲ၌ မီးခဲမောင်မောင်၏ ဓာတ်ပုံကို ထည့်ထား၏။ မကြာမကြာလည်း ထုတ်၍ကြည့်တတ်၏။

တစ်နေ့ ကျွန်ုပ်သည် သည်းမခံနိုင်တော့သည့်အဆုံး လော့ကက်သီး အား လုယူ၍ထုခြေကာ လွှင့်ပစ်လိုက်တော့၏။ ထိုသို့ ပြုလုပ်ခဲ့သော်လည်း ပြဿနာမှာ ပြီးဆုံးခြင်း မရှိခဲ့ပေ။ နောက်တစ်နေ့ ဈေးကအပြန်၌ လှိုင်လှိုင်တင်၏ ဝါဝင်းသော လက်ဖျံကလေးတွင် 'မောင်မောင်' ဟူသော

www.burmeseclassic.com

www.burmeseclassic.com



စာတန်းချက်နက် ထင်ထင်ကြီးကို စုတ်ဆေးဖြင့် ထိုးနှံထားခဲ့သည်ကို ကျွန်ုပ်သည် ကြေကွဲဖွယ်ရာ တွေ့မြင်ရတော့၏။

ထိုသို့နှင့်ပင် ပေါင်းသင်းလာခဲ့ရာ သုံးနှစ်ပင် ကျော်ခဲ့ပြီဖြစ်၏။ တစ်ခါတစ်ရံ ကျွန်ုပ်၏လုပ်ငန်းနှင့် ပတ်သက်သော မိတ်ဆွေများကဖြစ်စေ၊ ကျွန်ုပ်တို့အကြောင်းမသိသော တစ်စုံတစ်ယောက်ကဖြစ်စေ လှိုင်လှိုင်တင် လက်မှ စာတန်းကို နားမလည်၍ ဘာဆေးထိုးထားလဲဟု မေးလျှင် လှိုင်လှိုင်တင်သည် လိုးလွဲဖြေဆိုခြင်း မပြုဘဲ–

"လှိုင့်ရဲ့ယောကျ်ား မီးခဲမောင်မောင်ရဲ့ နာမည်ကို အမှတ်တရ ထိုးထားတာပါ၊ လှိုင့်မေမေနဲ့ ကိုရွှေသိန်းကျော်တို့ လုပ်ကြံပြီး တရားစွဲဆိုလို့ ထောင်ကျသွားပြီး ခတ်မြုပ်သွားတာပါပဲရှင်"ဟု စီကာပတ်ကုံး ရိုက်မစစ်ရဘဲ အကုန်ပြောတော့သဖြင့် ကျွန်ုပ် အရှက်ရပေါင်းလည်း မနည်းတော့ပေ။

အမှန်စင်စစ်အားဖြင့် လှိုင်လှိုင်တင်သည် မီးခဲမောင်မောင်နှင့်သာ လိုက်ဖက်လှဘိ၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦးစလုံးသည် အငြိုးအမှတ် ကြီးကြသူများဖြစ်၏။

အမျက်လေးပါးတွင် (လေ၌ ရေးခြစ်သည်နှင့်တူသော အမျက်၊ ရေ၌ ရေးခြစ်သည်နှင့်တူသော အမျက်၊ မြေ၌ရေးခြစ်သည်နှင့်တူသော အမျက်၊ ကျောက်သား၌ ထွင်းထုသည်နှင့်တူသောအမျက်) ဟူ၍ရှိရာ မီးခဲမောင်မောင်နှင့် လှိုင်လှိုင်တင်တို့၏ အမျက်မျိုးကား ကျောက်သား၌ ထုထွင်းထားသည့်အလား ခိုင်မြဲလှဘိ၏။

လှိုင်လှိုင်တင်သည် သူကိုယ်တိုင် စိတ်ဆင်းရဲရသည့်အတွက်သာမက မီးခဲမောင်မောင်အတွက်ပါ အပိုဆောင်း၍ ကျွန်ုပ်အား ပညာသားပါပါ စိတ်ဆင်းရဲအောင် နှိပ်စက်လျက်ရှိတော့၏။

နောက်ဆုံး ကျွန်ုပ်နှင့် လှိုင်လှိုင်တင်တို့သည် တရားဝင်ပြတ်စဲခဲ့ကြရ၏။ ထိုသို့ ပြတ်စဲလိုက်သည့်အခါသည် မီးခဲမောင်မောင်ထောင်ကျသွားသည့်ရက်မှ အသေအချာ ရေတွက်ပါလျှင် လေးနှစ်လေးလနှင့် လေးရက်တိတိဖြစ်၏။

*



ကျွန်ုပ်နှင့် လှိုင်လှိုင်တင်တို့ ကွဲကွာခဲ့ပြီးနောက် ၆ လခန့်ကြာသော တစ်နေ့သ၌ ကျွန်ုပ်သည် ခနောင်တိုဘက်သို့ ဆန်စက်တစ်လုံး ဝယ်ယူရန်အတွက် စက်အခြေအနေအား ကြည့်ရှုရန် သွားခဲ့၏။

ဆန်စက်အား ကြည့်ရှုပြီးနောက် ကျွန်ုပ်နှင့် ကျွန်ုပ်၏တပည့်လေး မောင်စိုင်းမောင်တို့သည် သမ္ဗန်တစ်စီးကို စီးနင်း၍ ရန်ကုန်ဘက်ကမ်းသို့ ပြန်ခဲ့၏။

သို့ရာ၌ သမ္ဗန်သည် မြစ်လယ်အရောက်၌ ရန်ကုန်ဘက်သို့ ဦးတည်ခြင်းမပြုဘဲ ချောင်းလက်တက်ကလေးဘက်သို့ ဦးတည်လှော်ခတ်နေသဖြင့် ကျွန်ုပ်တပည့်လေး မောင်စိုင်းမောင်က သမ္ဗန်ကုလားအား–

"ဟော့... ရန်ကုန်ဆိပ်ကမ်းရေးကား" ရန်ကုန်သွားမှာဟု အဓိပ္ပာယ်ရသော ကုလားစကား အကျိုးအဖွဲ့နှင့် ဆဲဆိုကြိမ်းမောင်းတော့၏။ သမ္ဗန်ကုလားကမူ တစ်ခွန်းမျှ ပြန်မပြောဘဲ ခတ်မြဲခတ်နေရာ သမ္ဗန်ဦးသည် မြိုလက်များ အုပ်ဆိုင်းနေသော ချောင်းရိုးကလေးထဲသို့ပင် ဝင်စပြုနေပြီဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်၏ တပည့်ကလေးက ကုလားအား ထိုးကြိတ်ရန်အတွက် ထိုင်ရာမှ ဝုန်းခနဲထ၍ ရပ်လိုက်၏။ သို့သော် သမ္ဗန်ကုလားက သူ၏ အင်္ကျီအောက် ခါးပုံစတွင်းမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်လိုက်ပြီးနောက်–

"ဟော့ကောင် ကြားက မသေချင်နဲ့၊ ငြိမ်ငြိမ်နေလိုက်စမ်း၊ ဒီမှာ ကိုရွှေသိန်းကျော်၊ ကျွန်တော် မီးခဲမောင်မောင်ပါဗျ၊ မှတ်မိဦးမှာပေါ့နော် ဟဲ... ဟဲ... ဟဲ"

ကျွန်ုပ်သည် များစွာတုန်လှုပ်သွားမိ၏။ မကြည့်ရဲ ကြည့်ရဲဖြင့် သူ၏ မျက်နှာကိုကြည့်လိုက်ရာ ကျေနပ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ အောင်ပွဲခံခြင်း စသည်တို့ ရောပြွမ်းလျက်ရှိကြောင်း သတိပြုမိတော့၏။

ထိုအခါကျမှပင် မီးခဲမောင်မောင်၏ စရိုက်ခလေ့များကို တမင်တကာ မကြိုးပမ်းရဘဲလျက် ကျွန်ုပ်၏ ဦးခေါင်းအတွင်းသို့ အလျှိုလျှို ဝင်ရောက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သူမြတ်နိုးသော လှိုင်လှိုင်တင်အား မရမက သိမ်းပိုက်ခဲ့သူဖြစ်ပြီး သူ့အားလည်း ငွေအားဖြင့် ထောင်တွင်းသို့ ပို့ခဲ့သူဖြစ်၏။

ထို့ကြောင့် မီးခဲမောင်မောင်သည် ကျွန်ုပ်အား အသေသတ်ပစ်ရုံနှင့်ပင် ကျေနပ်လိမ့်မည် မဟုတ်ဟု တွေးမိတော့၏။ သေမင်းထံသို့ရောက်လျှင်ပင် ကျွန်ုပ်၌ လွတ်လမ်းရှိမည် ဖြစ်သော်လည်း မီးခဲမောင်မောင်၏လက်တွင်းမှာမူ လွတ်မြောက်ဖွယ်ရာ မရှိဟု ကျွန်ုပ် သဘောပေါက်၏။

ထို့ကြောင့် ကျွန်ုပ်သည် ချောင်းထဲသို့ ခုန်ချ၍ ရေငုပ်ပြီးပြေးရန်ကြံမိသည့်အလျောက် ရေကို မျက်စောင်းဝင့်၍ ကြည့်မိ၏။ အလွန်အကင်းပါးလှသော မီးခဲက ကျွန်ုပ်၏အကြံကို ရိပ်မိသဖြင့်–

"ကိုရွှေသိန်းကျော် ချောင်းထဲခုန်ချပြီး ငုပ်သွားဖို့တော့ စိတ်မကူးနဲ့ဗျ၊ ချောင်းက တိမ်တိမ်လေးရယ်၊ ခင်ဗျား ခါးလောက်ပဲရှိတယ် ဟဲ ဟဲ"

ကျွန်ုပ်သည် သူပြောမှပင် ဆင်ခြင်မိ၏။ ထိုချောင်းရိုးကလေးမှာ အလွန်ပင် တိမ်လှ၏။ အချို့နေရာများ၌ လမုငုတ်များပင် ထွက်နေ၏။ သမ္ဗန်သည် ချောင်းတွေ့ကလေးတစ်ခုကို တွေ့ပြီးနောက် နာရီဝက်ခန့် ထပ်မံ၍ လှော်ခတ်ရသေးရာ ချောင်းစမှဆိုလျှင် ၄၅ မိနစ်ခန့် လှော်ခတ်ရသော ခရီးဖြစ်၏။ နောက်ဆုံး၌ ဝါးတဲတဲလေးတစ်ခုသို့ ဆိုက်ရောက်သွားခဲ့၏။

ဝါးတဲတဲလေး၌ သမ္ဗန်ကပ်လိုက်သည်ဆိုလျှင်ပင် လူနှစ်ယောက်သည် မည်သည့်နေရာက ပေါ်ထွက်လာသည် မသိဘဲ ပေါ်လာပြီးနောက် ကျွန်ုပ်နှင့် ကျွန်ုပ်၏တပည့်လေးအား ကြိုးနှင့်တုပ်တော့၏။

ထိုအခါ မီးခဲမောင်မောင်သည် သူ၏မျက်နှာ၌ သုတ်လိမ်းထားသော ဆေးမည်းများကို အဝတ်ဖြင့် သုတ်ပစ်လိုက်ပြီးဖြစ်ရာ သူ၏ပကတိရုပ်ရည်ကို မြင်ရတော့၏။ ကွဲသွားသည့် သုံးလေးနှစ်အတွင်း၌ အနည်းငယ် ပိန်သွားသည်မှလွဲ၍ သူ၏ရုပ်ရည်မှာ ယခင်ကအတိုင်းသို့ ကြည့်ကောင်းလတ်ဆတ်နေ၏။

ကျွန်ုပ်၏ တပည့်လေးအား ကြိုးနှင့်တုပ်သည်ကိုကြည့်၍ သူသည် စိတ်မကောင်း ဖြစ်သွားပုံရ၏။ မဆီမဆိုင် ဒုက္ခခံနေရသည်ကို သူ့အနေ



နှင့် နှစ်မြို့ပုံမပေါ်ပေ။

"ဟော့... ညီလေး၊ အာမှ မစိုးရိမ်ပါနဲ့ကွာ၊ မင်းကို ဘာမှ မလုပ်ဘူးဆိုတာ အစ်ကို ကတိပေးပါတယ်။ အခုလို မဆီမဆိုင် ဒုက္ခပေးရတဲ့အတွက် စိတ်မကောင်းပါဘူး၊ ဒီအတွက် လျော်ကြေးအဖြစ် မင်းကို ပြန်လွှတ်တဲ့အခါမှာ အစ်ကိုက ငွေငါးရာ ပေးမယ်ဆိုတာလဲ ကတိပေးပါတယ်"

မောင်ဝိုင်းမောင်အား ဤသို့ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ပို၍ကျောစိမ့်သွားတော့၏။ သူ၏စကား၌ မောင်ဝိုင်းမောင်ကို ဘာမှမလုပ်ပါဘူးဟု ဆိုထား၏။ ထို့ကြောင့် ကျွန်ုပ်အား တစ်စုံတစ်ခု ပြုလုပ်မည်မှာ သေချာလှတော့၏။

ထို့ပြင် မောင်ဝိုင်းမောင်အား ပြန်လွှတ်သည့်အခါ၌ ငွေငါးရာ ပေးမည်ဟု ဆိုထား၏။ ထို့ကြောင့် ကျွန်ုပ်အား ပြန်လွှတ်ရန် အကြောင်း မရှိတော့ဟု ကျွန်ုပ် ယူဆမိပြန်သည်။

ကြိုးများတုပ်ပြီးနောက် ကျွန်ုပ်တို့အား ဝါးတဲတဲလေးမှ ဖြတ်ကျော်ကာ ခြေသွားလမ်းကလေးအတိုင်း ခေါ်သွားကြရာ နောက်ဆုံး၌ ဓနိတောကြီးအတွင်းရှိ တဲဝိုင်းကြီးတစ်ခုသို့ ရောက်သွားတော့၏။

ကျွန်ုပ်တို့ ရောက်ရှိသွားချိန်၌ မှောင်စပျိုးနေပြီ ဖြစ်သဖြင့် တဲအတွင်း၌ အုန်းမင်တဆီပ် ခေါက်လင်းမီးကို ထွန်းထားပြီးဖြစ်သည်။ ကျွန်ုပ်သည် ကြောက်စိတ်လွှမ်းမိုးနေပြီဖြစ်ရာ ဓနိခက်များအား လေတိုး၍ မြည်သည့်အသံကိုပင် သရဲတစ်ကောင်ခန့် ငိုင်း၍ အော်ဟစ်နေသည့်အလားနား၌ ခံစားရတော့၏။

တဲအတွင်းရောက်လျှင် ကျွန်ုပ်တို့အား ကုလားထိုင်၌ ထိုင်စေပြီးလျှင် ကုလားထိုင်နှင့်ပူး၍ တုပ်နှောင်ထားပြန်၏။ လက်နှစ်ဖက်ကိုမူ လွှတ်ပေးထားရန် မီးခဲမောင်မောင်က မှာကြားသဖြင့် သူ၏လူများက လွှတ်ပေးထား၏။

တစ်အောင့်မျှအကြာတွင် အရက်အကောင်းစားများနှင့် စားဖွယ်သောက်ဖွယ်များ ရောက်ရှိလာ၏။ သူ၏လူ လေးဦးသည် ရှောင်ပေးသည့်

www.burmeseclassic.com

www.burmeseclassic.com



သဘောနှင့် တဲအပြင်ဘက်သို့ ထွက်သွားကြ၏။ စားပွဲ၌မူ မီးခဲမောင်မောင် ကျွန်ုပ်နှင့် မောင်ဝိုင်းမောင်တို့ သုံးဦးသာလျှင် ကျန်ရစ်ခဲ့ကြ၏။

"ကိုရွှေသိန်းကျော် အားရပါးရစားပါ၊ သောက်လဲသောက်ပါဦး၊ အခုလို ပြုစုညှော်ခံတာကတော့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် အနေနဲ့ ကွဲသွားကြတာလဲ ကြာပြီဖြစ်လို့ ပြန်တွေ့ကြတဲ့အခါ အရင်ကလိုပဲ ခင်ခင်မင်မင် ပြုစုတာပါ"

ကျွန်ုပ်သည် အမှန်တကယ်အားဖြင့် စားချင်သောက်ချင်စိတ် တစ်စက်မျှမရှိပါ။ ဤနေရာ၌ သူက ကျောင်းနေဖက်သူငယ်ချင်းအဖြစ် ကျေးမွေးပြုစုသည်များကို မစားပါက သူသည် မကျေမနပ် ဖြစ်ပေလိမ့်မည်။ ကျောင်းနေဖက် သူငယ်ချင်းဟူသော သံယောဇဉ်လေးပင် သူ၏ အသည်းနှလုံး၌ လုံးဝပျောက်ကွယ်သွားမည်ဖြစ်၏။

ထိုသို့ ပျောက်ကွယ်သွားလျှင် ကျွန်ုပ်အပေါ်၌ ပို၍ရက်စက်တော့မည့် အရေးကို တွေးမိသည့်အလျောက် သူငှဲ့ပေးသော အရက်ကိုယူ၍ သောက်လိုက်၏။ ပြီးလျှင် ဧရာတ်သီးများ ဆမ်းထားသော မုံရွာဝက်အူချောင်း ကြော်ထွားကြီး တစ်ခုအား ခက်ရင်းဖြင့် ထိုးကော်၍ မြည်းလိုက်၏။

အရက်မှာ အကောင်းစား ပျားအုံတံဆိပ် ဘရန်ဒီဖြစ်၍ နွေးပြီး ကျွန်ုပ်၏မျက်နှာသို့ တရှိန်ရှိန်တက်လာသည်ဖြစ်ရာ စောစောက ကြောက်စိတ်များပင် လွင့်စင်သွားတော့၏။ မောင်ဝိုင်းမောင်အား မီးခဲမောင်မောင်က စားသောက်ရန် တိုက်တွန်းသည်ဖြစ်ရာ နဂိုကပင် အရက်ကြိုက်တတ်သောသူ ဖြစ်သည့်အလျောက် များစွာကျေနပ်နေပုံရတော့၏။

ကျွန်ုပ်တို့သည် အရက်များနှင့် ဝက်အူချောင်းများကို အတော်ကလေး စားသောက်ကြပြီးနောက် ကျွန်ုပ်နှင့် မောင်ဝိုင်းမောင်သည် ထမင်းစားလိုက်တော့၏။ မီးခဲမောင်မောင်မှာမူ အရက်ကို ဆက်၍သောက်နေသေး၏။

"အားရပါးရ စားပါ၊ ကိုရွှေသိန်းကျော်ကို ကျွေးမွေးတာက သူငယ်ချင်းအဖြစ် စေတနာသန့်သန့်နဲ့ ပြုလုပ်တာပါ၊ ခင်ဗျားရဲ့ ယုတ်မာမှု ကောက်ကျစ်စဉ်းလဲမှု၊ လိမ်ညာမှုတွေအတွက်က သတ်သတ် နှိပ်စက်မှာပါ၊ မပူပါနဲ့၊ မီးခဲဟာ ဘယ်လိုလူစား ဖြစ်တယ်ဆိုတာ ခင်ဗျား နားလည်ပါတယ်



ကျွန်တော်ဟာ လူကောင်းတစ်ယောက်ပါ၊ ဒါပေမယ့် တစ်ဖက်စီးနင်း လုပ်တတ်တဲ့ လူအဖို့တော့ ကျုပ်ဟာ သေမင်းပဲ"

မီးခဲမောင်မောင်သည် အထက်ပါစကားကို ဒေါသမပါဘဲ ခပ်အေးအေးပင် ပြောနေခြင်းဖြစ်၏။ ကျွန်ုပ်မှာမူ နဂိုကပင် စားချင်စိတ် မရှိသည့်အထဲ သူ၏ စကားကြောင့် အနည်းငယ် တုန်လှုပ်မိလာပြန်ရာ ဆက်လက်စားသောက်ခြင်း မပြုဘဲ ရပ်လိုက်တော့၏။

မီးခဲမောင်မောင်သည် အရက်ကို တစ်ငုံမျှသောက်လိုက်ပြီးနောက် ပန်းကန်တွင်း၌ ကျန်သော နောက်ဆုံးဝက်အူချောင်းကို ထိုးကော်၍ စားလိုက်၏။ ထို့နောက် လက်ခုပ်အား မတိုးမကျယ်တီး၍ သူ၏တပည့် တစ်ဦးအား ခေါ်လိုက်၏။ သူ့တပည့်တစ်ဦးသည် သူ့အနီး၌ လာ၍ရပ် လိုက်လျှင်–

"ဝက်အူချောင်း ထပ်လုပ်ဦးကွ၊ ငါကလဲ ဝက်အူချောင်းကြိုက်၊ ငါ့သူငယ်ချင်း ကိုရွှေသိန်းကျော်ကလဲ ငါ့လိုပဲ ကြိုက်လေတော့ မင်းတို့ ဆည့်ပေးတာ ဘယ်လောက်မလဲကွာ"

"ဆရာ အဲဒါ တစ်စည်းလုံး ကြော်လိုက်တာပဲ၊ ကုန်ပြီခင်ဗျ"

"ကုန်ရင်လဲ တစ်ခုခုလုပ်ဦးကွာ၊ ငါ အရက်သောက်လို့ မပြီးသေး သေးကွ"

မီးခဲမောင်မောင်၏ တပည့်ကလေးသည် ၎င်း၏ဆရာ အရက်နှင့် မြည်းရန်အတွက် မြည်းစရာများအား ပြင်ဆင်ပြီး မီးဖိုအား လေထိုးကာ အသံအိုးတင်၍ ဆီထည့်လိုက်၏။

မီးခဲမောင်မောင်သည် အမြည်းမရှိတော့သဖြင့် အရက်သောက်ခြင်း ကို ခေတ္တရပ်ဆိုင်းပြီးနောက် စားပွဲခုံဘေးတွင် တစ်စုံတစ်ခုအား လေးလေး နက်နက် စဉ်းစားရင်း လက်နောက်ပစ်၍ လမ်းလျှောက်နေ၏။

သူ၏တပည့်မှာမူ ဆီကျက်လျှင် ကြော်ရန်အတွက် ကြက်ဥများ ကို ပန်းကန်တစ်လုံးအတွင်း၌ ဖောက်ထည့်၍ ခေါက်နေ၏။ မောင်ဝိုင်း မောင်မှာမူ ထမင်း ဟင်းလျာများကို မြိန်ရေရှက်ရေ စားသောက်နေလေ ၏။

www.burmeseclassic.com

www.burmeseclassic.com

မီးခဲမောင်မောင်က ကျွန်ုပ်အား သက်သောင့်သက်သာ ရှိစေရန် ဟုဆိုကာ ပက်လက်ကုလားထိုင် တစ်ခုပေါ်သို့ ပြောင်းရွှေ့ထိုင်စေရန် သူ၏တပည့်များကို စေခိုင်းသဖြင့် သူ၏တပည့်များက ပက်လက်ကုလားထိုင်တစ်လုံးခင်းကာ ကျွန်ုပ်အား ပြောင်းရွှေ့ပေးခဲ့ကြ၏။

ထိုသို့ သက်သောင့်သက်သာ ရှိစေရန်ဟု ပက်လက်ကုလားထိုင်၌ ထိုင်စေခြင်းစသော လုပ်ငန်းတို့မှာ မီးခဲမောင်မောင်အနေနှင့် ဟန်ဆောင်ပြုလုပ်ပေးခြင်း မဟုတ်ပေ။ သူ၏ ပင်ကိုစိတ်အတိုင်း ကြင်နာမှုအရ ဆောင်ရွက်စေခြင်းဖြစ်၏။

"ကိုရွှေသိန်းကျော်၊ ခင်ဗျား ကောက်ကျစ်ပေမယ့် ခင်ဗျားကို ကျွန်တော်က အကူအညီတောင်းတယ်၊ ခင်ဗျားက မိခင်ကြီးကို အကြောင်းပြပြီး လှိုင်လှိုင်တင်ကို အပိုင်စီးချင်တဲ့ ခင်ဗျားရဲ့အကြံကို ဖုံးကွယ်လိမ်ညာပြီး စာရေးခဲ့တယ်၊ အဲဒါကြောင့် အခု ခင်ဗျားကို အပြစ်ပေးတာ၊ ကျုပ် ခင်ဗျားဆီ စာရေးခဲ့တယ် မဟုတ်လား၊ ခင်ဗျားရဲ့ စိတ်ကသာ တရားခံ အစစ်ပါဗျာ"

ကျွန်ုပ်သည် ခေါင်းကို ငုံ့ထားလိုက်၏။ စာလိမ်ရေးမိသည့် အပြစ်အတွက် ကျွန်ုပ် သူ၏ချစ်သူ လှိုင်လှိုင်တင်ကို အပိုင်စီးခဲ့သည့် အတွက် မည်သို့ပြုလုပ်လိမ့်ဦးမည်နည်း။

သူ့ကို ငွေနှင့်ပေါက်၍ ထောင်ထဲသို့ ပို့ခဲ့သည့်အတွက် မည်သို့သော ဆုလာဘ်များ ချီးမြှင့်ဦးမည်နည်း စသည့် သွေးပျက်ဖွယ်ရာ အတွေးများသည် ကျွန်ုပ်၏ ဦးနှောက်အတွင်းသို့ မခေါ်ပင့်ဘဲ အလျှိုလျှို ရောက်ရှိလျက်ရှိ တော့၏။

ထိုညက မွှေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံး စသည်များဖြင့် ကောင်း မွန်စွာ သိပ်သော်လည်း ရှေ့တွင် ကြုံတွေ့ရမည့် အန္တရာယ်အဝဝအတွက် ထိတ်လန့်ခြင်းတို့ကြောင့် အိပ်၍မပျော်ခဲ့ပါ။

နံနက်မိုးလင်းလျှင်မူ ကော်ဖီနှင့် နံပြားများအပြင် ကျွန်ုပ်အလွန် နှစ်ခြိုက်သော ကတ်ကြေးတံဆိပ် စီးကရက်များပါ လာ၍ ပေး၏။

ထိုနေ့တစ်နေ့လုံး၌ လည်းကောင်း၊ နောက်တစ်နေ့ တစ်နေ့လုံး၌ လည်းကောင်းမီးခဲ မောင်မောင်သည် ကျွန်ုပ်အား နှိပ်စက်ခြင်း မပြုပါ။ ထိုနေ့ထုတ် သတင်းစာများကို လာပေးသဖြင့် ဖတ်ကြည့်ရာ သတင်းစာ တစ်စောင်၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏တပည့် မောင်ဝိုင်းမောင်တို့ ပျောက်ဆုံးနေ ကြောင်း သတင်းတိုကလေးတစ်ပုဒ်ကို ဖတ်ရှုရ၏။ ထိုသတင်းအား ခဲတံနီနှင့် ဝိုင်းထားသည်ကိုတောက်လျှင် မီးခဲမောင်မောင် ဖတ်ရှုပြီးပြီဟု ကျွန်ုပ် နားလည်လိုက်၏။

ထိုနေ့ညတွင်မူ ကျွန်ုပ်လည်း အတော်အတန် နေသာထိုင်သာ ရှိနေပြီဖြစ်၏။ မီးခဲမောင်မောင်သည် ကျွန်ုပ်အား ပက်လက်ကုလားထိုင်၌ ထိုင်စေကာ သူကမူ ခွေးခြေတစ်လုံးပေါ်တွင် ထိုင်၍ အောက်ပါအတိုင်း ပြော၏။

"ကိုရွှေသိန်းကျော်၊ ဒီနေ့ညဟာ ခင်ဗျားအတွက်ရော ကျွန်တော့် အတွက်ပါ သိပ်ပြီး အရေးကြီးတဲ့ညဖြစ်တယ်၊ ပထမ ကျွန်တော် စီစဉ် ထားကတော့ ခင်ဗျားကိုဖမ်း၊ ဖမ်းပြီးရင် ခင်ဗျား ကျွန်တော့်အပေါ်မှာ ကျူးလွန်ခဲ့တဲ့အပြစ်တွေ ပေးဖို့ပဲ၊ အပြစ်တွေပေးတဲ့နေရာမှာလဲ ကျွန်တော့်ကို ပေးထားတဲ့ ဒုက္ခတွေအတွက်သာ မဟုတ်ဘဲ လှိုင်လှိုင်တင့်ကို ပေးထားတဲ့ ဒုက္ခတွေအတွက်ပါ လက်စားချေဖို့ပဲ"

"ဒါပေမယ့် ခင်ဗျား ပျောက်နေတာနဲ့ ပတ်သက်ပြီး ပုလိပ်အဖွဲ့က အပူတပြင်း လိုက်လံစုံစမ်းနေလေတော့ ခင်ဗျားကို အချိန်ဆွဲပြီး လက်စား ချေနေဖို့ ကျွန်တော့်မှာ အခွင့်အလမ်းမရှိတော့ဘူး၊ ဒီတော့ ခင်ဗျားကို ဒီညမှာပဲ လက်စားချေပစ်ဖို့ ဆုံးဖြတ်လိုက်တယ်"

ကျွန်ုပ်အား သတ်ပစ်တော့မည်ဆိုသဖြင့် ကျွန်ုပ်သည် လွန်စွာတုန် လှုပ်သွားသည့်အလျောက် သတိလစ်၍မေ့မြောသွားမည့်ကဲ့သို့ ဖြစ်သွားရ၏။ မျက်ရည်များ တွေတွေစီးကျလျက် ကျွန်ုပ်အား မသတ်ရန် အရှက်မဲ့စွာ အသနားခံရလေတော့၏။

ကျွန်ုပ်၏ အယူခံချက်၊ အသနားခံချက်များကို သူသည် သေသေ ချာချာ နားထောင်ပြီးနောက် လေးနက်စွာ ပြုံးလိုက်၏။

"ဒီလိုရှိတယ် ကိုရွှေသိန်းကျော်၊ ခင်ဗျား အလုံးစုံတုန်းက

www.burmeseclassic.com



ကျွန်တော့်ကို သနားရကောင်းမှန်း ခင်ဗျား မသိခဲ့ဘူး မဟုတ်လား၊ သေရတာဟာ ဒုက္ခမဟုတ်ပါဘူးဗျာ၊ ချစ်တဲ့သူနဲ့ ကွေကွင်းရတဲ့ဒုက္ခ၊ မချစ်မနှစ်သက်ရတဲ့သူနဲ့ ပေါင်းသင်းရတဲ့ ဒုက္ခတွေနဲ့စာရင် သေရတာ ဒုက္ခမဟုတ်လှပါဘူးဗျာ၊ အဲ... အဲ ကျွန်တော် ပထမစကားကို ဆက်ပြီးပြော ရဦးမယ်"

"ခင်ဗျားကိုသတ်ဖို့ ဆုံးဖြတ်ပြီးတာနဲ့ ဘယ်လိုသတ်ရမလဲလို့ ကျွန်တော် စဉ်းစားရပြန်တယ်ဗျ၊ ကျွန်တော် စဉ်းစားမိပုံကလေးကို ခင်ဗျားကို ပြောပြရဦးမယ်၊ ဟောဟို ခြောက်ထမ်းဝင် ရေတိုင်ကီထဲမှာ ခင်ဗျားကို ကြိုးနဲ့တုပ်ထားပြီး ထည့်ထားမယ်"

ကျွန်ုပ်သည် သူညွှန်ပြသော တိုင်ကီနှစ်လုံးအား ကြောက်ကြောက် နှင့် ကြည့်မိသေး၏။ တိုင်ကီဘေးနားမှ မဓမတိုင် လေးငါးလုံးကို လည်း ကောင်း၊ တူရွင်းများကို လည်းကောင်း တွေ့ရှိရာ ထိုအရာများကား ကျွန်ုပ်အတွက် တမင်စီစဉ်ထားသော ပစ္စည်းများဖြစ်ကြောင်းကိုသိလျှင် မီးခဲမောင်မောင်သည် လုပ်ကြံ၍ ပြောဆိုခြင်းမဟုတ်ဘဲ အမှန်ပြုလုပ်လိမ့် မည် ဖြစ်ကြောင်း သိရတော့၏။

"ဒါပေမယ့် ဒီလိုလုပ်ဖို့ မသင့်ပြန်ဘူးလို့ စဉ်းစားမိပြန်တယ်၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျား ကျွန်တော့်အပေါ်မှာ ကျူးလွန်ခဲ့တဲ့ အပြစ်တွေမှာ ကျွန်တော့်ကို ဆောင်ကျအောင်၊ ချစ်သူနဲ့ကွဲအောင်၊ ကျွန်တော့်ချစ်သူကို ခင်ဗျား ရအောင်ပဲ လုပ်ခဲ့တာဗျ၊ ကျွန်တော့်ကို သေအောင်သတ်ခဲ့တာ မဟုတ်လေတော့ ခင်ဗျားကို လက်စားချေတာဟာ ကျွန်တော် မတရားလုပ်သလို ဖြစ်နေမှာ စိုးရိမ်မိပြန်တယ်"

သူ၏စကားကြောင့် သေတွင်းသို့ မဆင်းရတော့ဟု သဘောပေါက် ကာ ကျွန်ုပ် ဝမ်းသာမိပြန်၏။ ကျွန်ုပ်သည် ထိုအချိန်၌ ကြောက်စိတ်များ အစဉ်သဖြင့် လွှမ်းမိုးနေသည်ဖြစ်ရာ လွတ်မြောက်ရန် နည်းလမ်းကို မရှာကြံနိုင်ကြောင်း ဝန်ခံရပေမည်။

ကျွန်ုပ်၏ ယုတ်မာခဲ့မှု၊ တစ်ဖက်သတ် အနိုင်ယူခဲ့မှုများအတွက် လည်း များစွာနောင်တရမိ၏။ မီးခဲမောင်မောင်ကဲ့သို့ အေးဆေးတည်ငြိမ်၍



လက်စားချေလိုစိတ်များဖြင့် ပြည့်နှက်လျက်ရှိသူတစ်ဦးအား ပို၍ မိမိကစ၍ စော်ကားကျော်မိရန် သတိရှိရမည့်အစား သူ့ အနာကြီးနာမည့် အပြုအမူများ ပြုလုပ်ခဲ့မိခြင်းသည် သေမင်း၏ နှုတ်ခမ်းမွေးအား ဆွဲနုတ်၍ ရန်စသည်နှင့် တူလှတော့၏။

"ဒီတော့ အကောင်းဆုံးအစီအစဉ်တစ်ခုကို ရှာရပြန်တယ်၊ ည ၈ နာရီမှာ ကျွန်တော်တို့ ဒီနေရာကနေ ရှောင်တိမ်းရမှာဖြစ်တယ်၊ ကျွန်တော့် လူတွေကို ည ၈ နာရီထိုးတာနဲ့ ဒီနေရာကနေ ထွက်သွားခိုင်းမယ်၊ ခင်ဗျားတပည့်လေး မောင်ဝိုင်းမောင်ကို သူတို့နဲ့ တစ်ပါတည်း ထည့်လိုက် မယ်၊ မနက်ကျရင် သမ္မန်စီးပြီး အလွယ်တကူ ပြန်လို့ရနိုင်တဲ့ နေရာအထိ လိုက်ပို့ပေးလိုက်မယ်"

"ခင်ဗျားနဲ့ ကျွန်တော်ကတော့ ဒီတဲကြီးထဲမှာ ကျန်ခဲ့ကြမယ်၊ ခင်ဗျားကလဲ ခင်ဗျား လွတ်မြောက်ဖို့ ကြိုးစားရမယ်၊ ကျွန်တော်ကလဲ ခင်ဗျား လက်ချက်မဦးနိုင်အောင် ကြိုးစားရမှာပဲ၊ ဒီတော့ ခင်ဗျားအရင်လဲ သေနိုင်တယ်၊ ကျွန်တော်အရင်လဲ သေနိုင်တယ်"

"ဗျာ..."

ကျွန်ုပ်သည် နားမလည်ခြင်း၊ ကြောက်လန့်ခြင်းတို့ဖြင့် 'ဗျာ'ဟု အရွတ်မိ၏။

"ကိုရွှေသိန်းကျော် သိပ်မြီး မရှင်းသေးဘူးနဲ့တူတယ်၊ ဒီလိုပါ ကိုရွှေသိန်းကျော်၊ ကျွန်တော့်လူတွေက တဲကြီးရဲ့ အပေါက်တွေကို အပြင်ကနေ မမဓတိုင်ကြီးနဲ့ ကန့်လန့်ပြီး ပိတ်သွားကြလိမ့်မယ်၊ ဒီတော့ ခင်ဗျားနဲ့ ကျွန်တော် ဒီမှာ နှစ်ယောက်တည်း ကျန်ခဲ့မယ်"

"ကျန်ပြီးတော့"

"ကျန်ပြီးတော့ ခင်ဗျားက ဒီတဲထဲမှာရှိတဲ့ လက်နက်ထဲက ကြိုက်ရာ အသုံးပြုနိုင်တယ်၊ ဒါပေမယ့် သေနတ်တော့မပါဘူး၊ ကျွန်တော် ကတော့ ဟောဒီ ခြောက်လုံးပြူး ကိုင်မယ်"

"ဟာ..."

"ဘာလဲ၊ ခင်ဗျားက ကျွန်တော့်ကို သေနတ်နဲ့ဆိုတော့ ကျွန်တော်ပဲ နိုင်မှာပေါ့လို့ ဆိုချင်တာလား၊ ဒီလိုလဲ မဟုတ်ဘူးလေဗျာ၊ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုင်မေမယ့် ခင်ဗျားကို အခွင့်အရေးပေးတဲ့အနေနဲ့ ကျွန်တော့်မျက်လုံးကို အဝတ်စည်းထားမှာပါ၊ ခင်ဗျား ဘယ်နေရာမှာရှိတယ်ဆိုတာ မသိနိုင်ဘူးပေါ့"

"အင်း"

"ခင်ဗျားဟာ ကျွန်တော့်အလစ်မှာ ဟောဟိုဓားနဲ့ တအားလွှဲခုတ်နိုင်တယ်၊ ဟောဟို ဂေါ်ရခါး ဓားကောက်နဲ့ ပေါက်နိုင်တယ်၊ အိုဗျာ... ဒီတဲထဲမှာရှိတဲ့ လူသေလောက်တဲ့ လက်နက်မှန်သမျှကို ခင်ဗျား သုံးနိုင်ပါတယ်"

"ကျွန်တော့်သေနတ်ထဲမှာ ကျည်ဆံခြောက်တောင့်တည်း ထည့်ထားမှာပါ၊ အဲဒီကျည်ဆန် ကုန်တဲ့အထိ ခင်ဗျားကို မှန်အောင် မပစ်နိုင်ရင် ခင်ဗျားက မျက်စိဖွင့်လျက်၊ ကျွန်တော်က မျက်စိပိတ်လျက်နဲ့ လက်နက်မဲ့ခံရမှာပါ၊ ကျည်ဆံကုန်သွားလဲ ကျွန်တော်ဟာ မျက်စိမှာစည်းထားတဲ့ ပဝါကို မဖြုတ်ပါဘူး၊ ခင်ဗျား စိတ်ကြိုက်လက်နက်နဲ့ ကျွန်တော့်ကို လုပ်ကြံနိုင်ပါတယ်"

"ဩော်..."

"ဒါပေမယ့် ပိုပြီး တရားသဖြင့်ကျအောင် ဘယ်သူက သေနတ်ကိုင်ရမယ်ဆိုတာကိုလဲ မဲချမယ်ဗျာ၊ ကဲ... ကျေနပ်ပြီလား"

မီးခဲမောင်မောင်သည် ပြောပြောဆိုဆိုပင် နာရီကို ငုံ့ကြည့်လိုက်ရာ ရှစ်နာရီထိုးခါနီးပြီ ဖြစ်သဖြင့် သူ၏လူများကို လက်ခုပ်တီး၍ ခေါ်လိုက်၏။ သူ၏လူများ ရောက်လာလျှင် အစီအစဉ်များကို ပြောပြ၏။ သူ၏တပည့်အထဲမှ တစ်ယောက်သော တပည့်က–

"ဆရာကလဲဗျာ အလကား ဒုက္ခရှာလို့၊ ဒီကောင်ကို တစ်ခုခု လုပ်လိုက်ပြီးရောဗျာ" ဟု ပြောလိုက်ရာ မီးခဲမောင်မောင်၏ မျက်နှာသည် ရဲခနဲဖြစ်သွားပြီး ကျွန်ုပ်၏မျက်နှာကိုလည်း အားတုံ့အားနာဖြစ်စွာဖြင့် လှမ်း၍ကြည့်၏။ ထို့နောက် ထိုတပည့်၏ပါးအား ဖြန်းခနဲရိုက်၍–

"မင်း တော်တော်ရိုင်းတဲ့ကောင်၊ ကိုရွှေသိန်းကျော်က လူကြီးလူကောင်းတစ်ယောက်ကွ၊ ဒီကောင်ဆိုတဲ့ အသုံးအနှုန်းကို မသုံးသင့်ဘူး



ပြီးတော့ ငါ့ရဲ့ဧည့်သည်လဲဖြစ်တယ်၊ နောင်ကို မင်းတို့ ငါခိုင်းတာပဲလုပ်၊ ငါ့ကို အကြံပေးလား၊ ဆရာလုပ်လား မလုပ်ကြနဲ့၊ မင်းတို့ထက် အကြံဉာဏ်ရော လုပ်ရည်ကိုင်ရည်ရောသာလို့ ဆရာလုပ်နေတာ ကြားလား"

သူ၏တပည့်အားလုံးသည် မျက်လုံးကလေးများ ပေကလပ် ပေကလပ်နှင့် ထိတ်လန့်နေပုံရ၏။

"ကဲ ကိုရွှေသိန်းကျော်၊ အချိန်မရှိဘူး၊ ကျွန်တော်တို့ အလုပ်အတွက် ပြင်ဆင်ကြရအောင်၊ ရော့ ဒီပိုက်ဆံကို ခေါင်းလားပန်းလား လှန်ပါ၊ ကျွန်တော်က ပန်းယူမယ်၊ ခင်ဗျားက ခေါင်းယူပါ၊ မှန်တဲ့လူက သေနတ်ယူရမယ်၊ ဟုတ်ပြီလား"

သူသည် ကျွန်ုပ်အား ကျော့ခေါင်း ကျပ်ပြားတစ်ချပ်အား အိတ်တွင်းမှနှိုက်၍ ပေးလိုက်၏။ ကျွန်ုပ်လည်း သမာဓေဝနတ်များအား တိုင်တည်၍ မြှောက်တင်လိုက်ရာ ငွေဒင်္ဂါးလေးသည် လည်လည်နှင့် တက်သွားပြီးနောက် မြေပေါ်သို့ ဘတ်ခနဲ ပြန်ကျ၏။

"ပန်း..."

သူ၏တပည့်များက ဝိုင်း၍အော်၏။ သူကတော့ ဘာမျှမပြော။

"ကဲ မင်းတို့က တံတံခါးတွေ သော့ခတ်ပြီးပိတ်တော့၊ မင်းတို့ထွက်သွားဖို့ ဟောဒီတစ်ပေါက် ချန်ထား၊ အားလုံး ပြီးစီးပြီးလို့ ထွက်သွားတဲ့အခါကျမှ အဲဒီအပေါက်ကို ပိတ်ထားကြ၊ ငါပြောထားတဲ့နေရာကို ဒီညတွင်းချင်း အရောက်သွားကြ၊ မောင်ဝိုင်းမောင်ကိုတော့ ဟိုမြစ်ဆုံက မီးပြကလေးနားမှာ ထားခဲ့၊ သူ့ကိုဆေးလိပ်တို့၊ မီးခြစ်တို့ အပြည့်အစုံပေးထားခဲ့ဖို့လဲ မမေ့ကြနဲ့၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

"မောင်ဝိုင်းမောင်၊ မင်းကို ငါက ကတိပေးထားတဲ့အတိုင်း ဟောဒီမှာ ငွေငါးရာ၊ နောက်ပြီး တစ်ညလုံး မြစ်ဆုံက မီးပြလေးမှာနေရမှာ၊ မနက်မှ သမ္ဗန်တစ်စင်းစင်းကိုခေါ်ပြီး ရန်ကုန်ဘက်ကို ကူးရမှာပါကွ၊ ဒီတော့ မြစ်ဆုံမှာ လေလဲသိပ်တိုက်တယ်၊ မင်း သိမ်ချမ်းနေမယ်၊ ဟောဟိုတန်းပေါ်မှာရှိတဲ့ ငါ့ခြုံထည်ကို ယူသွား"

www.burmeseclassic.com



မောင်ဝိုင်းမောင်သည် ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသဖြင့် သူကိုယ်တိုင်ပင် တန်းဖေါ်မှ ဆွယ်တာကို ယူ၍ပေး၏၊ ဝတ်လည်းခိုင်း၏။

"မင်းဆရာ ကံကောင်းရင်တော့ လွတ်မှာပါကွာ၊ သူလွတ်တယ်ဆိုရင် ငါလဲ သေမှာပဲ၊ ဒီတော့ မင်းကိုလဲ ခဏဆုံရကြုံရတဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ နှုတ်ဆက်ပါတယ်၊ ကိုရွှေသိန်းကျော် ခင်ဗျားတပည့်နဲ့ ခင်ဗျား ပြောစရာရှိတာ ဆယ့်ငါးမိနစ် လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်၊ ကဲ ငါ့ကောင်တွေနဲ့ ငါလဲ မှာစရာ ပြောစရာရှိတာကို ပြောရအောင် ဒီလာကြဟေ့"

မီးခဲမောင်မောင်သည် သူ၏တပည့်လေးယောက်နှင့် ဝိုင်းဖွဲ့ကာ မှာစရာရှိသည်များကို မှာကြားလျက်ရှိ၏။

ကျွန်ုပ်မှာမူ မောင်ဝိုင်းမောင်အား မျက်ရည်စက်လက်နှင့် အိမ်သို့ အကြောင်းကြားပေးရန်မှအစ မီးခဲမောင်မောင်တို့အား မမိမချင်း လိုက်လံဖမ်းဆီးရန် ပုလိပ်ဘက်အား ငွေအမြောက်အမြားသုံး၍ အပူကပ်ရန်၊ ဆုငွေများ ထုတ်ရန်မှအစ မှာကြားလျက်ရှိ၏။ ဆယ့်ငါးမိနစ်ပြည့်သည်နှင့် မီးခဲမောင်မောင်တို့ လူစုသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်၍ လာ၏။

"မောင်ဝိုင်းမောင်၊ ဟောဒီပဝါကို အထူအပါး မင်းစိတ်ကြိုက်ခေါက် မျက်လုံးမှာစည်းကြည့်ပြီးရင် မင်းဆရာကို သွားပြီးစည်းပေးလိုက်ဦး၊ ကျေနပ်ပြီဆိုရင် ငါ့မျက်နှာမှာလာပြီး စည်းပေတော့"

မောင်ဝိုင်းမောင်သည် မီးခဲမောင်မောင်ပေးသော ပုဝါလေးအား ခေါက်၍ သူ၏မျက်နှာ၌ စည်းကြည့်နေ၏။ မီးခဲမောင်မောင်သည် သူ့ခါး ကြားမှ ခြောက်လုံးပြူးကိုထုတ်ကာ ဆုံလည်တွင်းမှ ကျည်ဆံခြောက်တောင့်ကိုထုတ်၍ ကျွန်ုပ်အား ပြသကာ တစ်တောင့်ချင်း ပြန်ထည့်လိုက်၏။

"ကိုရွှေသိန်းကျော်၊ ခင်ဗျားအတွက် လက်နက်တွေ ယူထားတော့၊ သူတို့ ထွက်သွားရင် ထွက်သွားချင်း ကျွန်တော်တို့ မစသေးပါဘူး၊ ဟိုဘက်ကမ်းက 'ဗျန့်စိန့်မော် ဆန်စက်' က ကိုးနာရီ သံချောင်းခေါက်မှ စကြမယ်၊ ဒီအတောအတွင်းတော့ အေးအေးဆေးဆေး ကိုယ့်နေရာကိုယ်



ဆိုင်ပြီး အကြံဉာဏ်ထုတ်ကြတာပေါ့ဗျာ၊ ရော့ ခင်ဗျားသောက်ဖို့ စီးကရက်တစ်ဗူး၊ မီးခြစ်လဲ ယူထား"

မောင်ဝိုင်းမောင်သည် ကျွန်ုပ်အား ပဝါစည်းပေးပြီးနောက် ကျွန်ုပ်က ကျေနပ်ပြီဟုဆိုလျှင် မီးခဲမောင်မောင်အား သွားရောက်စည်းပေးတော့၏။ ထိုသို့သွားရောက် မစည်းပေးမီ မောင်ဝိုင်းမောင်က ကျွန်ုပ်အား နားတွင် ကပ်ကာ လေသံတိုးတိုးဖြင့် အောက်ပါအတိုင်း အကြံပေးခဲ့၏။

"ဆရာ ကျွန်တော်တို့ ထွက်သွားပြီး ကိုးနာရီ သံချောင်းခေါက်သံ မကြားခင်မှာ တစ်ယောက်နဲ့တစ်ယောက် ရန်မပြုကြေး လုပ်ထားတယ် မဟုတ်လား၊ အဲဒီအခါမှာ သူဟာ စီးကရက်သောက်ရင်း တွေးနေမှာပဲ၊ အဲဒါ အသာကပ်သွားပြီး ဓားနဲ့ ချက်ကောင်းကိုချိန်ပြီး တအားဆောင့်ထိုးလိုက်ပေတော့"

သူတို့အားလုံး ထွက်သွားကြပေပြီ။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိတ်ဆွေကြီး မီးခဲမောင်မောင်တို့သာလျှင် တဲအတွင်း၌ ကျန်ခဲ့၏။

ကျွန်ုပ်သည် မောင်ဝိုင်းမောင် အကြံပေးခဲ့သည်ကို သတိရလျက်ရှိ၏။ ကိုးနာရီမထိုးမီ ဘာမှမလုပ်ကြတမ်း ကတိပြုထားကြစဉ် မိမိက အခွင့်ကောင်းယူ၍ မီးခဲမောင်မောင်အား အပြတ်ရှင်းလိုက်ရန်ဖြစ်၏။

မီးခဲမောင်မောင်မှာ မျက်နှာကို ပဝါစည်းလျက် စားပွဲခုံအနီးမှ ကုလားထိုင်တွင် စီးကရက် သောက်နေ၏။ တစ်စုံတစ်ခုအား အလေးအနက် စဉ်းစားနေပုံလည်းရ၏။ သေနတ်ကိုမူ စားပွဲခုံပေါ်၌ တင်ထား၏။

သူသည် အတွေးအလျဉ်၌ နစ်မြုပ်လျက်ရှိနေစဉ် အနားတွင်ရှိသော ကျွန်ုပ်ကိုပင် မေ့လျော့လျက်ရှိပုံပေါ်၏။

သူသည် ကိုးနာရီမထိုးမချင်း တစ်ဦးကိုတစ်ဦး ရန်မပြုကြေး ကတိပြုထားချက်ကို လုံးဝယုံကြည်လျက်ရှိ၏။

သူ၏ ယုံကြည်မှု၊ ကတိတည်မှုကို ကျွန်ုပ်သည် အသုံးပြုရပေမည်။

ဋ္ဌင်းအား သေသေချာချာ လေ့လာပြီးနောက် သူ၏ နံကြားသို့ ဓားဖြင့်ဖြေးထိုးရန် ဆုံးဖြတ်လိုက်၏။ နံကြားဆိုရာ၌လည်း သူသည် ညာသန်ဖြစ်သည့်အလျောက် သူ့ဘယ်ဘက်နံကြားသို့ ဖြေးထိုးပါမှ အသံကြားသည်နှင့် စားပွဲပေါ်မှ သေနတ်ကို ကောက်ယူပစ်လိုက်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ၏ ညာဘက်နံကြားအား ပြေး၍ထိုးစိုက်လိုက်ရန် စဉ်းစားမိ၏။ သို့မှသာ သူသည် ပြန်လှန်ခုခံရန်အတွက် လက်လှည့်မသင့်ဘဲ ရှိလိမ့်မည်။

ကျွန်ုပ်သည် ဓားကို ဘယ်လက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်၏။ အနှစ်ရှိသော လက်ဖြစ်၍ မှေး၍ ထိန်းထားလိုက်သည်။ ထို့ပြင် ဓားကို ကျွန်ုပ်၏ ချက်အနီး၌ ထောက်တင်ထားလိုက်၏။

ကျွန်ုပ်သည် တောအရပ်၌ ဝက်သတ်သည့်အခါ၌ ထိုးလေ့ရှိတတ်ကြသော နည်းအတိုင်း ကိုယ်အားပါသုံး၍ ထိုးလိုက်ရန်ဖြစ်၏။ ထိုနည်းအတိုင်းထိုးလျှင် အချိန်ရှစ်ဆယ်ရှိသော ဝက်ပင်လျှင် ဟိုဘက်သည်ဘက် ထုတ်ချင်းပေါက်သွားလေ့ရှိ၏။ မီးခဲမောင်မောင်၏ ညာဘက်နံကြားမှ ထိုးလိုက်သည့်ဓားသည် ဘယ်ဘက်နံကြားမှ ဖောက်ထွက်သွားရန် လိုအပ်၏။

ကျွန်ုပ်သည် ဓားကို ဤသို့စနစ်တကျ ကိုင်တွယ်ပြီးနောက် ခြေကို လှုံနိုင်သမျှ ကြိုးစား၍ မတ်တတ်ရပ်လိုက်၏။ ပြီးလျှင် အသာလှမ်း၍ ချိန်သားကိုက်အောင် နေရာရွှေ့လိုက်၏။ မီးခဲမောင်မောင်၏ အသက်သည် ကျွန်ုပ်၏ ဓားဖျား၌ တစ်ခါတည်းပါသွားရန် စက္ကန့်ပိုင်းလောက်သာ လိုတော့၏။

သူသည် ကျွန်ုပ်၏အကြံကို လုံးဝရိပ်စားမိပုံ မပေါ်ပေ။ တို့သွားသော စီးကရက်ကို လွှင့်ပစ်၍ နောက်တစ်လိပ်ကို ပါးစပ်၌ တပ်လိုက်၏။ ကျွန်ုပ်က ပြေး၍မထိုးသေး။ စီးကရက် မီးညှိသည်အထိ စောင့်လိုက်၏။

မီးညှိစဉ်၌ သူသည် မျက်စိမြင်သည် မဟုတ်ရကား စီးကရက်ထိပ်နှင့် မီးတောက်တည့်ရန် အာရုံစိုက်၍ ကြိုးစားနေစဉ်မှာ ကျွန်ုပ်က ပြေး၍ထိုးသတ်ရန်ဖြစ်၏။ ပိုင်လိုက်သည့်အကြံ ပေးလိုက်သည့် ကံအခွင့်အလမ်းဟု ကျွန်ုပ်ဟာကျွန်ုပ် စဉ်းစားမိရင်း ပြုံးလိုက်မိ၏။

ထိုစဉ်မှာပင် သူသည် မီးခြစ်ကို ထောက်ခနဲ ခြစ်လိုက်၏။ ကျွန်ုပ်က မီးတို့ရန်အထိသာ စောင့်ရပေတော့မည်။ မီးတောက်ပြီးနောက် ပါးစပ်တွင် တေ့ထားသော စီးကရက်သို့ တို့လိုက်ရန် အချိန်မှာ စက္ကန့်



ဝက်ဖင် ရှိမည်မဟုတ်ပေ။ ထိုအချိန်ကလေးသည် ကျွန်ုပ်၏ အသက်ရှင်ရန် အလွန်အရေးကြီးသော အချိန်ကာလ ဖြစ်တော့၏။

"ဒီလိုလဲ မလုပ်နဲ့လေ ကိုရွှေသိန်းကျော်၊ ခင်ဗျား မကြံစည်အပ်သော အကြံများကို ခင်ဗျား ကြံပြီလားဗျာ၊ ခင်ဗျားကိုသာ ကျွန်တော်က အခွင့်အရေးယူမယ်ဆိုရင် ခင်ဗျား အခုလို ကောက်ကျစ်တဲ့အကြံတွေ ကြံနိုင်မှာတောင် မဟုတ်ဘူး၊ တကယ်တော့ ခင်ဗျားဟာ ကျွန်တော့်ရန်သူပဲ၊ ဒါအခွင့် အရေးမှမပေးဘဲ သတ်ပစ်လိုက်ရင် ရတာပေါ့၊ ဒီလိုသတ်လို့လဲ ကျွန်တော်ဟာ ပိုပြီး နာမည်ပျက်သွားစရာ မရှိပါဘူး၊ မီးခဲမောင်မောင်ဟာ လူဆိုးတစ်ယောက်ပဲ မဟုတ်လား၊ လူဆိုးတစ်ယောက်က လူဆိုးအလုပ်လုပ်လိုက်တာ မဆန်းပါဘူး၊ ခင်ဗျားကို တရားသဖြင့် အခွင့်အရေးတွေ ပေးလို့လည်း ကျွန်တော့်ကို ဘယ်သူကမှ မချီးကျူးပါဘူး၊ သိလဲသိကြမှာ မဟုတ်ဘူး။

"ဒါပေမယ့် ယောက်ျားကောင်း၊ ယောက်ျားမြတ်ဆိုတာ မတရားသဖြင့် အနိုင်ယူလိုတဲ့စိတ်၊ အနိုင်ရရင် ပြီးရောဆိုတဲ့စိတ်၊ ယောက်ျားတစ်ယောက်ရဲ့ ရှိသင့်ရှိထိုက်တဲ့ ရဲရင့်မှုမျိုး မရှိဘဲ ဂုဏ်သိက္ခာမဲ့လွန်း၊ ယုတ်ညံ့လွန်းတဲ့ စိတ်ဓာတ်မျိုးတွေ ကျွန်တော့်မှာ မရှိဘူး၊ ဒါကြောင့် ခင်ဗျားကို ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပေးနေတာကို ခင်ဗျားက သဘောမပေါက်ဘဲကိုး"

ကျွန်ုပ် ဖော်ပြခဲ့သော အချိန်ကလေးတွင် မီးခဲမောင်မောင်အား ကျွန်ုပ်အနေနှင့် အပြတ်မရှင်းနိုင်ခဲ့ပါ။ သူသည် မီးခြစ်အား ပစ်ချကာ ဓားပွဲခုံပေါ်မှ သေနတ်ကို ကောက်ယူလိုက်ပြီးနောက် သူ၏ပခုံးပေါ်မှ ကျော်၍ ကျွန်ုပ်အား ချိန်ထားလိုက်ပေပြီ။ ကျွန်ုပ်သည် မိရိုးနိုင်သမျှ မိရိုအောင် ကြိုးစားခဲ့သော်လည်း ကျွန်ုပ်၏အကြံကို သူ သိရှိသွားပေပြီ။ မည်သို့မည်ပုံ သိရှိသည်ကို ကျွန်ုပ် လုံးဝ စဉ်းစားနိုင်ခြင်း မရှိပါ။

ကျွန်ုပ်သည် ကြောက်လွန်း၍ ဒူးများပင် တဆတ်ဆတ်တုန်နေ၏။ ကျွန်ုပ်ကဲ့သို့သာ သူသည် ကြံပါက ကျွန်ုပ်သည် သေရမည်သာ ရှိတော့၏။ သို့သော် မီးခဲမောင်မောင်သည် မတရား အနိုင်ယူလိုစိတ် မရှိသည့်အပြင် ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ကြံစည်မှုကို အပြစ်တင်ပြီးနောက် ကျွန်ုပ်အား မူလနေရာတွင် ပြန်၍ ထိုင်ခိုင်းလိုက်ပါသည်။

ကျွန်ုပ်တို့သည် ဟိုတက်ကမ်း ဆန်စက်မှ ကိုးနာရီ သံချောင်းခေါက်သံကို နားစွင့်လျက်ရှိ၏။ ကျွန်ုပ်သည် အကြိမ်သစ်တစ်ခု ပေါ်ပေါက်လာပြန်၏။ သရဲဘောနည်းသူ၏ အကြံကား ထုံးစံအတိုင်းပင် မကောင်းသော ကောက်ကျစ်သော အကြံသာလျှင် ဖြစ်တော့၏။

ကျွန်ုပ်၏ အကြံမှာ ကိုးနာရီ သံချောင်းခေါက်သည်နှင့် ကိုးချက်မပြည့်သေးမီအတောအတွင်း သူ့အား ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်၏။ ထိုသို့ စဉ်းစားနေစဉ်မှာပင် ဗျန့်စိန်မော် ဆန်စက်မှ သံချောင်းခေါက်သံကို ကြားရတော့သည်။

"ခေါင်... ခေါင်"

"ဗိုး..."

သံချောင်းခေါက်လိုက်သည်နှင့် ကျွန်ုပ်သည် သံတူရှင်းအတို တစ်ချောင်းနှင့် သူ၏ခေါင်းသို့ တအားလွှဲ၍ ပစ်လိုက်၏။ ပစ်ပြီးပြီးချင်းလည်း အခြားတစ်ထောင့်သို့ ပြေးလိုက်၏။

ကျွန်ုပ် ပစ်လိုက်သော သံတူရှင်းသည် ပြင်းလည်း ပြင်း၏။ ချိန်သားလည်း အလွန်ကိုက်၏။ သူ၏ ခေါင်းတည့်တည့်သို့ ဗိုးခနဲ ရောက်သွား၏။ သို့သော် သူက လျင်မြန်ဖျတ်လတ်သူဖြစ်သည့်အတိုင်း ခေါင်းကို တိမ်းလိုက်လျှင် ကျွန်ုပ်၏ တူရှင်းသည် သူ့အား ထိမှန်ခြင်းမရှိဘဲ တဲ၏ အကာဝါးထရံကို တန်းလန်းကြီး စိုက်လျက်ရှိ၏။

သူသည် ကျွန်ုပ် ပြေးသွားရာဘက်သို့ သေနတ်နှင့် လှမ်းပစ်လိုက်၏။

"ဒိုင်း" ဟူသော အသံသည် ကျွန်ုပ်၏ရင်မှ ပွင့်ထွက်သွားသည်ဟု ထင်မှတ်ရတော့၏။ ကျည်ဆံသည် ကျွန်ုပ်၏ နောက်စေ့နှင့် လက်မဝက်ပင် မကွာဝေးသော နေရာမှ ဖြတ်သွားသည်ဟု ထင်မှတ်ရ၏။

သံချောင်းသံသည် မပြီးဆုံးသေးပေ။ ကျွန်ုပ်သည် ဂေါ်ရခါးဓားကောက်ဖြင့် ရင်ဝသို့ချိန်၍ ပေါက်လိုက်ပြန်၏။ ကျွန်ုပ် ပစ်လိုက်သော



ဓားကောက်သည် သူ၏ရင်ဝသို့ ထိမှန်ခြင်း မရှိသော်လည်း အချည်းနှီးကတော့ မဖြစ်ပါ။ သူ၏ သေနတ်ကိုင်ထားသောလက်သို့ တည့်တည့်ပင် ထိမှန်လေတော့၏။

သူ၏လက်တွင်းမှ သေနတ်သည် အောက်သို့ လွတ်၍ကျသွား၏။ ကျွန်ုပ်သည် ဤအခွင့်ရေးကို အလွတ်မပေးဘဲ အနီးမှ ငှက်ကြီးတောင်ဓားဖြင့် တအားလွှဲ၍ ဝင်ခုတ်၏။ သူသည် ငုံ့ရှောင်၍ တွန်းလိုက်ရာ ကျွန်ုပ်၏ဓားချက်သည် သူ့အား မထိမိဘဲ ကျွန်ုပ်သာလျှင် လွင့်စဉ်သွားတော့၏။

သို့ရာတွင် သူ၏ သေနတ်အား ပြန်မကောက်နိုင်မီမှာပင် နောက်တစ်ချက် ဝင်ရောက်ခုတ်ပြန်ရာ သူကလည်း နောက်သို့ဆုတ်၍ တိမ်းရှောင်လိုက်ပြန်၏။ ကျွန်ုပ်အတွက် ပို၍ ကံကောင်းသည်မှာ သူ၏ သေနတ်အား သူ၏ ခြေထောက်ဖြင့် တိုက်မိ၍ အတော်အတန် လှမ်းသောနေရာသို့ လွင့်သွား၏။

သူ၏သေနတ်အား ကျွန်ုပ်အနေနှင့်လည်း ကောက်ယူရန် မဖြစ်နိုင်သေးပေ။ သူ့အနေနှင့်လည်း သေနတ်ကို မမြင်မကမ်းနှင့် ရှာဖွေရန် အချိန်မပေးနိုင်တော့ပါ။ နောက်ထပ် ကျရောက်မည့် ကျွန်ုပ်၏ ဓားချက်များကို ရှောင်တိမ်းရန် အထူးသတိဝီရိယ ထားနေရ၏။

ကျွန်ုပ်သည် ဓားဖြင့်ဝင်၍ ထိုးပြန်၏။ သူက ရှောင်တိမ်းလိုက်ရာ ကျွန်ုပ်သည် အရှိန်လွန်၍ အခြားတစ်ဖက်သို့ ရောက်သွား၏။ သူကမူ ကျွန်ုပ်နှင့် တိုက်မိသဖြင့် လဲကျသွားတော့၏။ ထိုသို့ သူ လဲကျသွားခြင်းသည် ကျွန်ုပ်အတွက် ကံဆိုးရန် ဖြစ်သွားပြန်၏။ အဘယ်ကြောင့်ဆိုသော် သူသည် သူ၏ သေနတ်ပေါ်သို့ လဲကျခဲ့ခြင်းဖြစ်၏။

သူသည် သေနတ်ကို ကောက်ယူပြီးနောက် ကျွန်ုပ်ရှိရာဘက်သို့ လှမ်း၍ ပစ်လိုက်ပြန်၏။ ကျွန်ုပ်၏ နားထင်သားမှ ကျည်ဆံပွတ်၍ ထွက်သွား၏။ ကျွန်ုပ်လည်း လက်တွင်းမှ ငှက်ကြီးတောင်ဓားဖြင့် လွှဲ၍ပစ်လိုက်၏။ သူက ငုံ့ရှောင်လိုက်ရာ ကျွန်ုပ်၏ဓား သူ၏ခေါင်းပေါ်မှ ကျော်သွား၏။

ဤသို့သာ မရှောင်တိမ်းလိုက်ပါက သူသည် ဇက်ပြတ်သွားမည်မှာ သေချာလှ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း" ကျွန်ုပ်ရှိရာသို့ ပစ်လိုက်၏။ သို့သော် အတော်ကြီးလွဲသွား၏။ ကျွန်ုပ်သည် အနီးရှိ ကနုစို ထင်းပိုင်းဖြင့် လှမ်း၍ပေါက်ပြန်၏။ ကနုစို ထင်းပိုင်းသည် သေနတ်ကိုင်ထားသော လက်ကို သေသေချာချာ ထိမှန်ရာ သေနတ်လွင့်ကျသွားပြန်၏။

ယခု တစ်ခါတွင်မူ သေနတ်မှာ သူနှင့် အတော်အတန် လှမ်းနေသော နေရာသို့ ရောက်ရှိသွားရာ သူ၏ သေနတ်အား သူ ပြန်၍ကောက်မိရန် မလွယ်ကူတော့ပေ။

ကျွန်ုပ်သည် အနီးမှ ဝေါ်ရခါးဓားအား ကောက်ယူကာ ဝင်၍ခုတ်၏။ သူက တိမ်းရှောင်လိုက်ရာ ကျွန်ုပ်သည် အခြားတစ်ဖက်သို့ ရောက်သွား၏။ ကျွန်ုပ်သည် လက်တွင်းမှ ဓားကောက်ကိုလွှတ်ကာ ငှက်ကြီးတောင်ဓားကို ကောက်ယူလိုက်ပြီးနောက် ဂုက်ခေါင်းထိုးဝင်၍ ထိုး၏။

သူသည် ကျွန်ုပ်၏ ဓားချက်များအား ဂရုစိုက်၍ ရှောင်တိမ်းနေရ၏။ အကယ်၍ ကျွန်ုပ်သည် သူ၏နေရာ၌ ရှိပါက ဤမျှ အသက်အန္တရာယ် စိုးရိမ်နေရသည့်အခါ၌ ကတိကို ချိုးဖောက်၍ စည်းထားသော ပဝါကို ဖြုတ်ပစ်မည်မှာ သေချာ၏။

မီးခဲမောင်မောင်ကမူ သူ၏ကတိအား ချိုးဖောက်ရန်အတွက် စိတ်ကူးထဲ၌ပင် ပေါ်ပုံမရပေ။ အလွန်ရှားပါးသော လူမျိုးဖြစ်သည်ကိုမူ ကျွန်ုပ်အနေနှင့် အသိအမှတ်ပြုရပေမည်။

ကျွန်ုပ်သည် တဲ၏ အခြားတစ်ဖက်သို့အရောက်၌ သေနတ်ကို နင်းမိတော့၏။ စိန်အပြည့်ထည့်ထားသော ဆာလာအိတ်အား နင်းမိအောက်မိလျှင် ဤမျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိမ့်မည် မဟုတ်ပေ။

ကျွန်ုပ်သည် ဓားကို လွှတ်ချ၍ သေနတ်ကို ကောက်ယူလိုက်၏။ ကျွန်ုပ် မသေနိုင်တော့ပေ။ မသေနိုင်ရုံမျှမက ကျွန်ုပ် အလွန်မုန်းတီးခဲ့သော ကြောက်ရွံ့ခဲ့သော မီးခဲမောင်မောင်၏ အသက်ဇီဝိန်ကို စိတ်ကြိုက် လက်ကြိုက် ခြွေရပေတော့မည်။ ဤမျှ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သော အချိန်ကို ကျွန်ုပ်၏ဘဝ တစ်သက်တာ၌ မရှိခဲ့ဖူးပါ။

"ဟား... ဟား... ဟား ဟော့ကောင် မီးခဲမောင်မောင်၊ မင်း မျက်နှာက ပဝါကို ဖြုတ်လိုက်တော့၊ ငါ့လက်ထဲမှာ သေနတ်ရောက်နေပြီ၊



သေခါနီးမှာ မင်းမျက်နှာမှာ ကြောက်စိတ်တွေကြောင့် ဘယ်လိုအမူအရာမျိုး ဖြစ်သွားတယ်ဆိုတာ အရသာခံပြီး ကြည့်ချင်သေးတယ်၊ မင်းက ငါ့ထက် သတ္တိကောင်းပါတယ်၊ ဒါပေမယ့် အကြံဉာဏ်နဲ့ ကံကတော့ ငါက သာတယ်ကွ၊ ဟား ဟား ဟား"

ကျွန်ုပ်သည် ဒေါသအလျောက် မင်း ငါနှင့် မိုက်မိုက်ရိုင်းရိုင်း ပြောဆိုလျက်ရှိ၏။ သူကား ကျွန်ုပ်အား မည်သည့်အခါမျှ ရိုင်းပျစွာ ထိုသို့ဆက်ဆံသည်ကို ကျွန်ုပ် မတွေ့ကြုံရဖူးပါ။

ကျွန်ုပ်သည် ရှေ့သို့ တိုးကပ်သွား၏။ ကျွန်ုပ်သည် ကိန်းသေပေါက် အနိုင်ရပြီဖြစ်သည့်အလျောက် ရဲရင့်လျက်ရှိ၏။

"ဟော့ကောင်... မျက်နှာက ပဝါဖြုတ်ပစ်လိုက်လေကွာ"

ကျွန်ုပ်အမိန့်အတိုင်း သူသည် ပဝါကိုဖြုတ်၍ စားပွဲပေါ်တင်လိုက်၏။ ထိုစဉ် ကျွန်ုပ် ခေါင်းထဲသို့ အကြံတစ်ခု ရောက်လာပြန်၏။ ရောက်လာသည့် အကြံကား သူ့အား သတ်ပစ်ရုံသာမဟုတ်ဘဲ သူ၏ တပည့်လူဆိုးများကို ဖမ်းဆီးရန်ဖြစ်၏။

"ကဲ ဟော့ကောင်၊ မင်းတပည့်တွေ ဘယ်နေရာကို ရှောင်ခိုင်းလိုက်တယ်ဆိုတာတွေပါ ပြောပါ၊ ပြောရင် ကောင်းကောင်း သေရမယ်၊ မပြောရင် မင်းကို ညှဉ်းပြီးသတ်မယ်၊ တစ်ညလုံး မင်း အညှဉ်းခံနေရမယ်"

မီးခဲမောင်မောင်သည် ကျွန်ုပ်အား မခိုးမခန့်ပြုံးပြီးနောက် စားပွဲပေါ်တွင် ပြန့်ကျဲနေလျက်ရှိသော စီးကရက်များထဲမှ တစ်လိပ်ကို ကောက်ယူကာ ပါးစပ်တွင် တပ်လိုက်ပြီး မီးခြစ်ကို ထောက်ခနဲခြစ်၍ အားရပါးရ ရှိုက်ဖွာလိုက်၏။

"ကိုရွှေသိန်းကျော် ကျွန်တော့်အလှည့်တုန်းက ခင်ဗျားကို အခွင့်အရေး ပေးခဲ့တယ်၊ အခု ခင်ဗျားအလှည့်မှာကော ကျွန်တော့်ကို အခွင့်အရေးပေးဖို့ မစဉ်းစားတော့ဘူးလားဗျာ၊ တစ်ခါတည်း ပစ်သတ်တော့မှာလား"

"အေး မင်းကို ဘာအခွင့်အရေးမှ မပေးတော့ဘူး၊ တကယ်လို့ အခွင့်အရေး ပေးလိုက်ရင် အခု မင်းဖြစ်သလို ငါ ဖြစ်မှာပေါ့ကွ၊ အနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကနေအရှုံး ဖြစ်ချင်ဖြစ်သွားမယ်၊ မင်းက ငါ့ကို သတ်ပစ်လို့ ရနိုင်လျက်သားနဲ့ အခွင့်အရေးပေးခဲ့တာ အခုတော့ ငါ့လက်ချက်နဲ့မင်း သေရတော့မယ်လေ ဟား... ဟား... ဟား... ဟား"

မီးခဲမောင်မောင်သည် ကျွန်ုပ်၏စကားကို လေးလေးနက်နက် နားထောင်ပြီးနောက် "ခင်ဗျားပြောတာ မှန်တယ်" ဟုဆိုကာ ရှေ့တိုးလာ၏။

"ဟေ့ကောင်... ရှေ့မတိုးနဲ့"

သူက ကျွန်ုပ်၏စကားကို နားမထောင်၊ တိုးမြဲတိုးလာ၏။

"ဟေ့ကောင်... မတိုးနဲ့"

သူက တိုးမြဲတိုးလာရာ ကျွန်ုပ်နှင့် လက်တစ်ကမ်းအကွာသို့ အရောက်၌ ကျွန်ုပ်သည် သေနတ်ကို လှမည်စိုးသဖြင့် မောင်းဖြုတ်ချလိုက်တော့၏။

"ချောက်..."

ကျည်ဆံက မထွက်ပေ။

"ချောက်..."

နောက်တစ်ချက် ထပ်၍ဖြုတ်ပြန်၏။ မထွက်ပြန်ပါ။

"ကိုရွှေသိန်းကျော်၊ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးတာပဲဗျာ၊ ကျွန်တော် ခင်ဗျားကို လွတ်ချင်လွတ်ပါစေဆိုတဲ့ စေတနာနဲ့ ကျည်ဆံခြောက်တောင့် ထည့်တယ်ဆိုပေမယ့် သုံးတောင့်ကို ခင်ဗျားမသိအောင် ပြန်နုတ်ထားခဲ့ပါတယ်"

"ခင်ဗျားက သိပ်စိတ်ချောက်ချားနေတယ်၊ ဒီတော့ ညှာရမယ်ဆိုပြီး ခြောက်တောင့်မထည့်ဘဲ သုံးတောင့်ကို ပြန်ပြီးထုတ်ထားလိုက်တယ်၊ ကျွန်တော် သုံးတောင့်ပစ်ပြီးပြီ မဟုတ်လား၊ သေနတ်ထဲမှာ ကျည်ဆံမရှိတော့ဘူး၊ ခင်ဗျားကို ညှာတာခဲ့တဲ့ စေတနာဟာ တကယ်တော့ ကျွန်တော့်အသက်ကို အခု ကယ်လိုက်ပြီလေ"

"ဒါပေမယ့် ခင်ဗျား သင်ပေးတဲ့အတိုင်း ကျွန်တော် အနိုင်ယူတော့မယ်၊ ခင်ဗျားကို ဘာအခွင့်အရေးမှ ထပ်မပေးတော့ဘူး"

ကျွန်ုပ်သည် များစွာတုန်လှုပ်ချောက်ချားမိတော့၏။ မီးခဲမောင်မောင်က ကျွန်ုပ်၏ လည်ကုပ်ကို ဖမ်း၍ဆွဲလိုက်၏။ ကျွန်ုပ်သည် လှုံ့ဝရှန်းကန်ခြင်းမပြုနိုင်ဘဲ သူ၏လက်တွင်းသို့ ပါသွားရတော့၏။



သူသည် ကျွမ်းကျင်စွာဖြင့် ကျွန်ုပ်အား ဖမ်းလိုက်ပြီးနောက် စားပွဲပေါ်မှ ပဝါဖြင့် ကျွန်ုပ်၏ လည်ပင်းအား ရစ်ပတ်၍ ဆွဲလိုက်တော့၏။

ကျွန်ုပ်အား လည်ပင်းညှစ်၍ သတ်ပေပြီ။ ကျွန်ုပ်သည် အသက်ရှူများ ကျပ်လာ၏။ တစ်ကိုယ်လုံးရှိ အကြောများ တဆတ်ဆတ် တုန်ခါလာတော့၏။ သူသည် ပါးစပ်မှ တတွတ်တွတ် ပြောဆိုနေ၏။

ကျွန်ုပ်၏ နားသည် တဖြည်းဖြည်း အကြားခေတ်များ ချုပ်လာသည့်အလျောက် သူ့အသံကိုပင် သဲသဲကွဲကွဲ မကြားရတော့ပါ။ ကျွန်ုပ်သည် လွတ်မြောက်ရန် လမ်းမရှိပါပေ။ ကျွန်ုပ်၏ မျက်နှာ၌ ချွေးသီးချွေးပေါက်များ ယိုစီးလျက်ရှိသည်ဟု ကျွန်ုပ် ထင်မှတ်မိ၏။

လူတို့သည် သေခါနီး၌ မြော၍သွားတတ်သေးသည်ဟု ဆိုကြ၏။ ကျွန်ုပ် မြောသွားသည်လား မဆိုနိုင်ပါ။ ကျွန်ုပ်နား၌ ကျွန်ုပ် မည်သို့မျှ မကြားနိုင်တော့သည့် ထူးဆန်းသော အသံတစ်ခုကို ကြားနေရ၏။ အသံမှာ သေးသေးမျှင်မျှင်ကလေးမျှသာ ဖြစ်၏။ သို့သော် ပီသလှ၏။

"မောင်မောင်... မောင်မောင်" ဟုခေါ်နေသော လှိုင်လှိုင်တင်၏ အသံတည်း။

"မသတ်ပါနဲ့ဦး မောင်မောင်"

"မောင်မောင် လှိုင့်စကားကို နားမထောင်တော့ဘူးလား၊ လှိုင့်ကို မချစ်တော့ဘူးလား မောင်ရယ်"

ကျွန်ုပ်သည် ထိုအသံကို ကြားပြီးနောက် ရိပ်ခနဲ ခံစားလိုက်ရ၏။

ထို့နောက် လုံးဝသတိမေ့မြောခြင်းသို့ ရောက်သွား၏။ ကျွန်ုပ် သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ၌ စီးကရက်သောက်နေသော မီးခဲမောင်မောင်ကိုလည်းကောင်း၊ ရာဇဝတ်အုပ် အဝတ်အစားနှင့် စီးကရက်သောက်လျက် အေးဆေးစွာ စကားပြောနေသော ကျွန်ုပ်နှင့် ငယ်စဉ်က ကျောင်းနေဖက် ဖြစ်ခဲ့ဖူးသော ပြည်မြို့သား သိန်းကျော် သို့မဟုတ် ပြည်သိန်းကျော်ကိုလည်းကောင်း ထူးဆန်းစွာ တွေ့ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုမောင်မောင်၊ အချိန်မရှိတော့ဘူး၊ နောက်ငါး ဆယ့်ငါးမိနစ်ဆိုရင် ကျုပ်လူတွေ လိုက်လာကြလိမ့်မယ်၊ ခင်ဗျား ထွက်ပေတော့၊ ဟောဒီရှိလေး တစ်လျှောက်ရယ်၊ ဘီအိုစီနားမှာရယ်၊ ဟိုဘက်ကလိပ်ခုံးလွန်းဆိပ်ဘက်မှာရယ် ကျုပ်လူတွေ ရှိနေကြတယ်၊ ခင်ဗျားဟာ ဒီတည့်တည့်ကိုသာ သွားပေတော့၊ မလှိုင်လှိုင်တင်ကိုတော့ ခင်ဗျားသဘောပဲ၊ ခေါ်ချင်လဲ ခေါ်သွား၊ မခေါ်ချင်လဲ ထားခဲ့ပါ"

"ကျေးဇူးတင်ပါတယ် ကိုပြည်သိန်းကျော်၊ တစ်ခုတော့ အကြံပေးချင်တယ်ဗျာ၊ ခင်ဗျားနာမည် ပြောင်းပစ်လိုက်ပါ၊ ခင်ဗျားနာမည်ကဟောဟိုက ကတိမတည်တဲ့လူရဲ့ နာမည်နဲ့ သွားပြီးဆင်ဆင်တူနေတယ်၊ ခင်ဗျားဟာ ယောကျ်ားပီသတဲ့ လူတစ်ယောက်ပါ"

"ကဲ... ထွက်ပေတော့ ကိုမောင်မောင်"

"မောင်မောင်ရယ် လှိုင့်ကို မထားခဲ့ပါနဲ့၊ လှိုင်လဲ လိုက်ပါရစေ"

မီးခဲမောင်မောင်က ထွက်သွားပေပြီ။ လှိုင်လှိုင်တင်က ပြေး၍လိုက်သွား၏။ တဲအပြင်ရောက်မှ မီးခဲမောင်မောင်က ပြည်သိန်းကျော်အား–

"ဂွတ်ဘိုင်... ကိုပြည်သိန်းကျော်" ဟု နှုတ်ဆက်၏။

"ဂွတ်ဘိုင်... ကိုမောင်မောင်"

လှိုင်လှိုင်တင်နှင့် မီးခဲမောင်မောင်တို့သည် မှောင်ရိပ်ထဲ၌ ပျောက်ကွယ်သွားကြတော့၏။ ပြည်သိန်းကျော်သည် ကျွန်ုပ်အား ထူမရန် ကျွန်ုပ်ဆီသို့ ရောက်လာ၏။

"ကျုပ်ကိုထူဖို့ အရေးမကြီးပါဘူး၊ ခင်ဗျား ပုလိပ်တွေခေါ်ပြီး ခုနေ မြန်မြန်လိုက်ပါလား၊ မီတာပေါ့ဗျ"

"ကျုပ် ဖမ်းလို့မဖြစ်ဘူး"

"ဘာဖြစ်လို့"

"ကျုပ် လှိုင်လှိုင်တင်ကို ကတိပေးပြီး ခေါ်လာခဲ့ရတာဗျ၊ မီးခဲမောင်မောင်ကို မဖမ်းပါဘူးလို့၊ နောင်ကိုတော့ ဖမ်းရမှာပေါ့ဗျာ၊ ဒီတစ်ပွဲမှာတော့ ကျုပ်အနေနဲ့ မဖမ်းပါဘူးလို့"

"လူဆိုးမယားကို ပေးထားတဲ့ ကတိပဲဗျာ၊ စောင့်ထိန်းဖို့ မလိုပါဘူး၊ ခင်ဗျားဟာ ပုလိပ်တစ်ယောက် မဟုတ်လား၊ လူဆိုးတွေ နေ့နန်းကမ်းပေါ့ဗျ"

"ပုလိပ်ဖြစ်လို့ ပိုပြီး စောင့်ထိန်းသင့်တာပေါ့ဗျာ၊ ကတိလကတိပဲ၊ ဘယ်သူ့ကိုပေးတဲ့ ကတိပဲဖြစ်ဖြစ်ပေါ့ဗျ၊ ပြီးတော့ တာဝန်အလားဖမ်းချင်ဖမ်းရမယ်၊ မောင်မောင့်ကို ကျုပ် မမုန်းဘူး၊ လေးစားတယ်"

"ဘာဖြစ်လို့"

"မောင်မောင်ဟာ ခင်ဗျားလိုမဟုတ်ဘူး၊ ယောကျ်ားပီသတယ်၊ ကတိတည်တယ်၊ ရဲရင့်တယ်၊ ဉာဏ်တာထောက်ထားတတ်တယ် ကိုရွှေသိန်းကျော်၊ သူ့မှာ ခက်တာတစ်ခုပဲရှိတယ်၊ သူဟာ လက်စားချေတတ်တဲ့ ဉာဉ်ဆိုးကလေးရှိတယ်၊ အဲဒီဉာဉ်ကလေးဟာလဲ ကျုပ်အနေနဲ့တော့ အကျည်းတန်တဲ့အရာလို့ မမြင်ဘူး၊ တော်ပန်းကလေးလို တစ်မျိုးလှနေတယ်။

"ရာဇဝင်မှာ ရာဇဓိရာဇ်ကို ဗညားနွဲ့က ဓားချတ်လို့မရတာနဲ့ တိုက်ပွဲတစ်ခုမှာ ဓားရိုးကချွန်သီးနဲ့ ရိုက်ခဲ့ဖူးတယ်၊ နောက်ပွဲကျတော့ ရာဇဓိရာဇ်ဟာ ဓားနဲ့ခုတ်သတ်လို့ ရလျက်သားနဲ့ ဗညားနွဲ့ကို ချွန်သီးနဲ့ပဲ ရိုက်ခဲ့တယ် မဟုတ်လား၊ သူ့ရဲကောင်းတွေမှာ အဲဒီစိတ်ဓာတ်မျိုးတွေရှိတတ်ကြတယ်ဗျ၊ မောင်မောင်ဟာ ရာဇဓိရာဇ်လို လူမျိုးပါဗျာ၊ ကျုပ်လေးစားရမှာပေါ့ ကဲ... ကဲ... ထ... ထ ကိုရွှေသိန်းကျော်"

ကျွန်ုပ်သည် မည်သို့မျှ ပြန်မပြောနိုင်ပါ။ ရှက်လည်း အလွန်ရှက်သွားမိ၏။ ကျွန်ုပ်ကား သူတို့နှစ်ဦး၏ စိတ်ဓာတ်နှင့် နှိုင်းစာလိုက်ပါမှ စိတ်ဓာတ်အားဖြင့် အလွန်အောက်တန်းကျသူတစ်ဦး ဖြစ်နေ၏။

များမကြာမီအချိန်၌ ပုလိပ်များ ရောက်ရှိလာကြ၏။ ထို့နောက် ကျွန်ုပ်အား ဖေးမကူညီကြကာ ရန်ကုန်သို့ ပြန်ခဲ့ကြ၏။ ကျွန်ုပ်၏စိတ်၌မူ ပြည်သိန်းကျော် အပြုအမူကို ကျေနပ်ခြင်းမရှိလှပါ။ ကျွန်ုပ်သည် မီးခဲမောင်အား တစ်ခါတည်း ဖမ်းစေချင်လှ၏။

သုံးရက်ခန့်အကြာတွင် ပြည်သိန်းကျော်သည် ကျွန်ုပ်ထံသို့ ရောက်လာပြီးနောက် သတင်းစာများ ချပေး၏။ သူယူလာသော သတင်း

www.burmeseclassic.com



များကို ဖတ်ကြည့်ရာ မီးခဲမောင်မောင်နှင့်တကွ သူ၏ တပည့်များသာမက ဆိုရင် လှိုင်တင်၏ပုံကိုပါ တွေ့ရ၏။ သူတို့အား ဖမ်းဆီးလိုက်မိပြီဖြစ်၏။ ပေါ်သည် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

"ခင်ဗျား ဖမ်းတာလား"

"သွားဖမ်းတာကတော့ ကျုပ်ဂတ်က ဆားပုလင်းနှင်းမောင် သွားဖမ်းတာပေါ့ဗျာ၊ ဖမ်းမိနိုင်တဲ့ နေရာကို တွက်ဆတာကတော့ ကျုပ်ပေါ့"

"ကွန်ဂရက်ကျူလေးရှင်းပဲ ကိုပြည်သိန်းကျော်၊ ဒါနဲ့ ကျုပ်တို့ထုတ်ထားတဲ့ ဆုငွေကို အဲဒီဆားပုလင်းနှင်းမောင် ထုတ်ယူမှာပေါ့နော်၊ တစ်ထောင်ဆိုတော့ နည်းတာမဟုတ်ဘူး၊ သူတော့ ဝမ်းသာမှာပဲ"

"ကျုပ်ဂတ်က ဆားပုလင်းကိုနှင်းမောင်ကလဲ လူဆန်းဗျို့၊ ခင်ဗျားတို့ ဆုငွေကို ထုတ်ယူပြီး သူသုံးမှာ မဟုတ်ဘူး"

"ဘယ်သူ သုံးမှာလဲဗျ"

"ငါးရာကို မျက်မမြင်ကျောင်းကို လှူမယ်၊ ငါးရာကို မီးခဲမောင်မောင်တို့ အမှုလွတ်မြောက်ရေးအတွက် စရိတ်အဖြစ် လှူဒါန်းမှာဗျ"

"ဗျာ"

ကျွန်ုပ်သည် ဗျာ...ဟုသာ ရေရွတ်နိုင်တော့၏။ ထို့နောက် သိချင်သည်များကို ဆက်လက်မေးမြန်းမိပြန်၏။

"ကျုပ်နဲ့ မောင်ဝိုင်းမောင်ကို မီးခဲမောင်မောင် ဖမ်းသွားတယ်ဆိုတာ ခင်ဗျား ဘယ်လို သဲလွန်စရသလဲ ကိုပြည်သိန်းကျော်"

"ဒါက လွယ်ပါတယ်ဗျာ၊ ခင်ဗျားတို့နှစ်ယောက်မှာ အဲဒီနေ့က ငွေလဲ အမြောက်အမြား ပါသွားတာ မဟုတ်ဘူး၊ ဒီတော့ ဓားပြတဲ ဖမ်းတယ်လို့ တွေးဖို့မလိုဘူး၊ တစ်ခါ ပြန်ပေးဆိုရင်လဲ မောင်ဝိုင်းမောင်ကို ပြန်လွှတ်ရမယ်ဗျ၊ ပြန်မလွှတ်ခဲ့ဘူး၊ ဒီတော့ ပြန်ပေးလဲ မဟုတ်နိုင်ပြန်ဘူး၊ ဒီအထဲမှာ ခင်ဗျားရယ်၊ လှိုင်လှိုင်တင်ရယ်၊ မောင်မောင်ရယ် အကြောင်းကို ကျုပ်က သိထားတယ် မဟုတ်လား"

"ခင်ဗျား သိထားတယ် ဟုတ်လား"

"သိထားပါတယ်ဗျာ၊ ခင်ဗျားတို့ကသာ ကျုပ်ကို မေ့နေပေမယ့် ကျုပ်ကတော့ ခင်ဗျားကို သတိရလျက်ပါ၊ မောင်မောင်နဲ့ လှိုင်လှိုင်တင်



လိုက်ပြေးတုန်းက ပြန်ဖမ်းမိအောင်လဲ ကျုပ် ကူညီခဲ့တာပါ၊ အဲဒီတုန်းက ကျုပ် အင်းစိန်စီအိုင်ဒီမှာ စုံထောက်သင်တန်း လာတက်နေတာလေ"

"သြော်..."

"အဲဒီတုန်းက မောင်မောင်ဟာ ကားဒရိုင်ဘာ ဂေါ်ရခါး ကုလားယောင် ဆောင်ခဲ့တယ်လေ"

"ဟင်..."

"ဒါကြောင့် မောင်မောင်ဟာ ဒီတစ်ခါလဲ ရုပ်ဖျက်ရင် ကုလားလိုပဲ ရုပ်ဖျက်လိမ့်မယ်လို့ ကျုပ် ယူဆထားတယ်၊ ခင်ဗျားတို့ သွားကြည့်တဲ့ ဆန်စက်ကို လိုက်သွားပြီး စုံစမ်းတော့လဲ ဂေါ်ရခါးကုလား သမ္ဗန်တစ်စီးကိုစီးပြီး ပြန်သွားတယ်ဆိုတာ ကြားရကတည်းက မောင်မောင် ဖြစ်နိုင်တယ်လို့ယူဆထားမိတာ"

"ဟုတ်ပဗျာ"

"အဲဒီဆန်စက်ထဲမှာ မီးခဲမောင်မောင်ရဲ့ တပည့်တစ်ယောက်က ဆန်စက်မေရိုင်မှာ အလုပ်လုပ်တယ်ဗျ၊ ကျုပ်သွားပြီး စုံစမ်းနေတုန်းမှာ ဒီကောင် ရန်ကုန်ဘက်က ပြန်လာပြီ၊ သူ့လွယ်အိတ်ထဲမှာ ပျားအုံတံဆိပ် အရက်ပုလင်းတို့၊ စီးကရက်ဘူးတို့၊ အင်္ဂလိပ်သတင်းစာတို့ ပါလာတာကို အမှတ်မထင်တွေ့မိတာနဲ့ သူစီးမယ့်သမ္ဗန်နောက်မှာ ဆန်စက်ကစက်ဆီပုံးအလေးကို အပေါက်ဖောက်ပြီး အမှတ်တမဲ့ ချိတ်လွှတ်လိုက်တယ်"

"အဲဒါက"

"ဒီနားမှာ ဝင်စရာ ချောင်းပေါက်ကလေးတွေ များတယ် မဟုတ်လားဗျာ၊ ဒီတော့ ကျုပ်ချိတ်ပေးလိုက်တဲ့ စက်ဆီတွေက အပေါက်ကနေ ခံမှုပြီး တစ်စက်တစ်စက် ထွက်ကျသွားတော့ သူတို့နောက်က လှေကလေးတစ်စီးနဲ့ ဝင်သွားတဲ့ ချောင်းရိုးကို နောက်ယောင်ခံနိုင်တာပေါ့"

"တော်တယ်ဗျာ"

"တစ်ခါ နေရာကို သဲလွန်စရပြန်တော့ လှိုင်လှိုင်တင်ကို ရှာပြန်တယ်"

"ရေနံချောင်းကို ခင်ဗျား သွားခဲ့သလား"

"ဟင့်အင်း၊ လှိုင်လှိုင်တင် ရန်ကုန်ရောက်နေတာ ကြာပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

"ဒီတော့ ကျုပ်တို့က မောင်မောင်ကိုမိရင် ပြီးရော၊ အတင်းဝင်ဖမ်း ရင် သူကားခင်ဗျားကိုပါ အရှင်ထားခဲ့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီတစ်ခွ မှာတော့ ကျုပ် မဖမ်းပါဘူး၊ လူသတ်မှု မကျူးလွန်မီ တားဆီးပေးဖို့ လှိုင်လှိုင်တင်ကို အကူအညီတောင်းရတာပေါ့ဗျာ"

"ဘာဖြစ်လို့"

"မောင်မောင့်ရဲ့စိတ်ကို ပြောင်းပြောင်းသွားအောင် လုပ်နိုင်တဲ့ လူသားဟာ ဒီကမ္ဘာမှာ လှိုင်လှိုင်တင်တစ်ယောက်ပဲ ရှိတယ်မဟုတ်လား ကိုရွှေသိန်းကျော်"

"ဟုတ်ပါတယ်ဗျာ"

"ခင်ဗျားကို ဖမ်းထားတဲ့ တဲကို ကျုပ်တို့ ဝိုင်းဖို့လာတုန်းက ခင်ဗျားတပည့် မောင်ဗိုလ်ေမာင်ကို မီးပြနားမှာ တွေ့တယ်လေဗျာ အကြောင်းစုံသိရတော့ လှိုင်လှိုင်တင်ကို ကျုပ်ခေါ်လာတာဟာ သိပ်မှ သွားတာပေါ့ဗျာ"

"သူတို့ကို အခု ဖမ်းမိတာရော ကိုပြည့်သိန်းကျော်"

"မီးခဲမောင်မောင်ဟာ ရုပ်ဖျက်ရင် ကုလားလို ဖျက်လေ့ရှိတယ် မဟုတ်လားဗျ"

"အင်း"

"အခုလဲ သူ ကုလားလို ရုပ်ဖျက်ထားတယ်၊ လှိုင်လှိုင်တင် တော့ အိမ်တွင်းပုန်း ကုလားမတွေလို ခေါင်းမြီးခြုံပြီး ဝတ်ပေးထား တယ်လေ"

"ကျုပ် တွက်ဆချက်အရ ရှမ်းပြည်နယ်ကို သူတို့ မရှောင်ခင် ကျုပ်ဂတ်က ဆားပုလင်းနှင်းမောင်ကို ရှင်းပြပြီး အပူတပြင်း စုံစမ်းခဲ့တာ မိတာပေါ့ဗျာ"

"ဆားပုလင်းကလဲ တော်လို့ပေါ့ဗျာ"

"ဟုတ်ပါတယ် ကိုရွှေသိန်းကျော်"

မင်းသိ

* * *



www.burmeseclassic.com



# အထီးကျန်ည

## မောင်သိန်းဆိုင်

အိပ်မပျော်နိုင်သော ညပေါင်းများစွာနှင့် ကြုံကြိုက်ဖူးသော်လည်း သည်ညလောက် ဆိုးရွားခြင်းမျိုးနှင့် မကြုံဖူးသေးချေ။

သာမန်အားဖြင့် ဆိုလျှင်တော့ ဆရာဝန်တစ်ယောက် အိပ်မပျော်ခြင်းအတွက် မည်သို့မျှ မထူးဆန်း၊ အိပ်ဆေးသောက်လိုက်ရုံပဲဟု ဆိုရမည်ဖြစ်သည်။ သို့သော်လည်း ဆရာဝန် ဦးမောင်မောင်သွင်သည် သိပ်အကြောင်းထူးခြားမှုမရှိဘဲ ဆေးသောက်လိုသူ မဟုတ်ချေ။ အထူးသဖြင့် အိပ်ဆေးလိုဆေးမျိုးဖြစ်သည်။ ည ၂ နာရီကျော်ခဲ့ပြီဖြစ်သည်။ ယခုတိုင် သူ၏ အာရုံသည် လန်းဆန်းနေဆဲဖြစ်သည်။ သူဖတ်နေသော အာသာဟောလီ၏ စာအုပ်မှာလည်း တစ်ဝက်ကျိုးခဲ့ပြီဖြစ်သည်။ စာထဲတွင် သိပ်စိတ်မပါချေ။ အာရုံက ဝေနှင့် ကလေးများထံ ရောက်နေသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ငြိမ်သက်နေသည်။ အလင်းရောင်သည်လည်း သူ၏အခန်းမှအပ မရှိချေ။

ပျင်းရိငြီးငွေ့ဖွယ်ညပင် ဖြစ်သည်။ မိုးတဖွဲဖွဲ ရွာနေသည်။ ဆယ်နာရီလောက်ကတည်းက စ၍ရွာခြင်းဖြစ်သည်။ သဲသဲမဲမဲ မဟုတ်ဘဲ ဖွဲရုံသာဖြစ်သည်။ ရေတံလျှောက်မှ ရေကျနေသံမှာ နာရီစည်းချက်လိုမှန်နေသော်လည်း ပျင်းရိစဖွယ်ဖြစ်သည်။ ပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ကြည့်လိုက်သောအခါ လမ်းများမှာ လူသူကင်းရှင်းနေသည်။ ကားအသွားအလာလည်း မရှိ။ အသံဗလံဟူ၍သမျှ ဆိတ်ငြိမ်နေသည်။ ဈေးကသည့်မိုးဖွဲမှုန်များအောက်၌ အိပ်မောကျနေဟန်ရှိသည်။



အိမ်အောက်ထပ် မီးဖိုခန်းနှင့် ကပ်လျက်အခန်းတွင်တော့ အိမ်ဖော် မစိန်တင်နှင့် သူမ၏ခင်ပွန်း ထွန်းကျော်တို့ အိပ်ပျော်နေလောက်ပြီထင်သည်။ မိုးအေးအေးနှင့် ကွေး၍ကောင်းနေမည်ထင်သည်။ ရေတံလျှောက်မှ ရေကျသံက သူတို့ကို အနှောင့်အယှက်ပေးနိုင်စွမ်းမည် မထင်ချေ။ မစိန်တင်က နားလေးသည်။ ထွန်းကျော်က ညနေတိုင်း လုံမှန်းမသိအောင် မူးပြီးမှ ပြန်လာလေ့ရှိသူဖြစ်သည်။

ဦးမောင်မောင်သွင်သည် အိပ်ရာပေါ်မှာ ပို၍နေသားကျအောင်ကိုယ်ကို လှည့်စောင်းလိုက်သည်။ ထိုအခါ ဝမ်းဗိုက်တစ်နေရာမှ နာလာသည်။ ခွဲစိတ်ခံထားရသော အနာပင်ဖြစ်သည်။

သူ၏ လက်သည် စောင်အောက်သို့ ရောက်သွားသည်။ ညဝတ်အင်္ကျီအောက်သို့ ရောက်သွားသည်။ အမာရွတ်ကလေးကို စမ်းမိသည်။ ပျော့ပျောင်းသော အရေပြားပေါ်တွင် ချုပ်ရိုးရာသည် မာနေလေသည်။ တစ်မိုက်ခန့်ရှိမည်။ အသားမာတက်နေခြင်းဖြစ်သည်။ ခွဲစိတ်ခံခဲ့ရသည်မှာ ရက်သတ္တခြောက်ပတ်မျှသာ ရှိပါသေးသည်။

ဝေက ခွဲစိတ်ခံထားပြီးစ သူ့ကို ပစ်ပယ်၍ မသွားလိုချေ။ သို့သော် အဖြစ်က နာရေးမဟုတ်လား။ ဝေ၏ဦးလေး အရင်းခေါက်ခေါက်ကြီး သေဆုံးခဲ့ခြင်း မဟုတ်လား။

'ကလေးတွေ ထားခဲ့ရင် မောင် အေးအေးဆေးဆေး နေရမှာ မဟုတ်ဘူး'ဆိုကာ သားကလေး သူရိန်သွင်နှင့် သမီးကလေး စန္ဒာသွင်ကိုပါ ခေါ်သွားခြင်းဖြစ်သည်။

ဝေ၏ ဇာတိက မန္တလေးဖြစ်သည်။

ယခုတော့ သားနှင့်သမီးကို ထားခဲ့ဖို့ မပြောမိသည့်အတွက် နောင်တရချင်နေသည်။

အလွန်အမင်း အထီးကျန်ဆန်နေသောကြောင့် ဖြစ်သည်။ တစ်အိမ်လုံးတွင် တစ်ယောက်တည်းလိုလို ရှိနေရသောကြောင့်ဖြစ်သည်။ လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှစ်နှစ်တာအတွင်း ပထမဆုံးအကြိမ် ခွဲမှူးခြင်းလည်းဖြစ်သည်။ အိပ်ရာမှာ လပ်ဟာနေပြီး အိမ်မှာလည်း ကလေးသံဖြင့် ညံစီ၍ မနေတော့ချေ။

သေသည် အနည်းဆုံး တစ်ပတ်ကြာမည်။ ဆွေမျိုးများက တားထားလျှင် ဆယ့်သုံးရက်မှသည် နှစ်ပတ်ထိ ကြာကောင်းကြာမည်ဟု ဝေက ပြောသွားသည်။ ယခု ငါးရက်သာရှိသေးသည်။ ဦးမောင်မောင်သွင်မှာ နေမထိ ထိုင်မထိ ရှိနေလေပြီ။

သူသည် အသက်လေးဆယ်နီးမှ လက်ထပ်ခဲ့သည်။ လေးဆယ်ကျော်မှ သားသမီးရသည်။ ထို့ကြောင့် အဖြစ်သည်းနေသည်ဟု ပြောလျှင်လည်းရသည်။

အထီးကျန်ဆန်သော ညတွင် မျက်စိက ကြောင်နေသည်။

ကြိုးစား၍ အိပ်တော့အံ့ဟု စာအုပ်ကို ပိတ်သည်။ ခေါင်းရင်းမှ စာကြည့်မီးအုပ်ဆောင်းခလုတ်ဆီသို့ လက်လှမ်းလိုက်သည်။

ထိုအခါ နားထဲမှ အသံတစ်သံကို ကြားလိုက်ရသည်။

ထွန်းကျော်တို့ မစိန်တင်တို့ အပေါ့အပါးသွားရန် ထသံလား။ ကြွက်တိုးသံလား။

သို့မဟုတ် တစ်စုံတစ်ယောက် အိမ်ထဲဝင်လာသံလား။

လူမှန်းမသိအောင် မူးလာတတ်သော ထွန်းကျော်သည် ရံခါ ခြံတံခါးပိတ်ရန် မေ့နေတတ်သည်။ မစိန်တင်ကလည်း နားပင်း ကိုးကားနှင့်မို့ ရံခါ သူ့ယောက်ျား အိမ်မကြီးတံခါး ဖွင့်ဝင်လာသည်ကို ကြားချင်မှ ကြားတတ်သည်။ တံခါးမကြီး ပွင့်လျက်သားကျန်ချင် ကျန်ရစ်တတ်သည်။

ဝေရှိနေလျှင်တော့ ကိစ္စမရှိ။

ဝေက သတိရှိစွာ စောင့်ပိတ်မြဲ။

သည်ညမှာတော့ သူလည်း အိပ်ရာထဲမှာလှဲပြီး စာအုပ်ဖတ်နေမိခဲ့သည်။

စစ်ဆေးရန် အိပ်ရာမှထမည်ပြုခိုက် အိပ်ခန်းတံခါးဆီမှ အသံ



ကြားလိုက်ရသည်။

"ဆက်ပြီးလှဲနေလိုက်ပါ ဒေါက်တာ၊ နည်းနည်းကလေးမှ မလှုပ်လိုက်ပါနဲ့"

ယောက်ျားသံဖြစ်သည်။ မာဆတ်ဆတ်နိုင်သည်။ အေးတိအေးစက်နှင့် အာဏာသံပါသည်။

ဦးမောင်မောင်သွင်သည် တံခါးဆီသို့ စူးစိုက်စွာ လှမ်းကြည့်သည်။ မီးအုပ်ဆောင်းအရောင်သည် ထိုနေရာတွင် မှိန်ဝါးနေသည်။ ခပ်မည်းမည်းနှင့်ပင် လူတစ်ယောက်၏ အသွင်သဏ္ဌာန်ကိုကား မြင်လိုက်ရသည်။

ဦးမောင်မောင်သွင် ပြန်လှဲနေလိုက်သည်။ ရင်ထဲမှာတော့ အိမ်ဖော် မစိန်တင်တို့ လင်မယားကို ကျိန်ဆဲနေမိသည်။ ထွန်းကျော်သည် မူးမူးနှင့် ပြန်လာပြီး အိမ်မတံခါးကို ပိတ်ရန်မေ့ခဲ့ပြန်ပြီ ထင်သည်။ ထို့ကြောင့် လူတစ်ယောက် အိမ်အတွင်းဝင်ကာ မိမိအိပ်ခန်းပေါက်သို့ပင် အရောက်လာနိုင်ခဲ့ဟန်တူသည်။

"မင်း ဘယ်သူလဲ၊ ဘာလိုချင်သလဲ"

ဦးမောင်မောင်သွင် လှမ်းမေးလိုက်သည်။

မျက်စိက အမှောင်နှင့် ကျင့်သားရလာသည်။ လူတစ်ယောက်၏ သဏ္ဌာန် ကွဲပြားလာခဲ့ပါပြီ။ အတော်ကလေး အရပ်မြင့်သည်။ စစ်စိမ်းရောင် မိုးကာအကျႌ ခြုံထားသည်။ မိုးရေကာ ဖျင်ဦးထုပ်ပျော့ ဆောင်းထားသည်။ ရေစက်များကျကာ သူရပ်နေရာတွင် မကြာမီရေကွက်ကလေး ဖြစ်လာလေတော့မည်။

"နာမည်ပြောလို့လဲ ဒေါက်တာ မှတ်မိမှာ မဟုတ်ပါဘူး၊ ကျုပ်ဘယ်သူလဲဆိုတာကလဲ စင်စစ်မှာ အရေးမကြီးပါဘူးလေ၊ ကျုပ်တို့ တစ်ချိန်မှာတော့ ဆုံဖူးပါရဲ့၊ ခေါ်ပြောနှုတ်ဆက်ရုံပါပဲ"

"အပိုတွေပြောမနေစမ်းပါနဲ့ကွာ၊ လိုရင်းကို ဆိုစမ်းပါ၊ မင်းဘယ်သူလဲ၊ ဘာလိုချင်သလဲ"

ဦးမောင်မောင်သွင်၏ အသံမှာ မာသွားသည်။ ဆတ်ခနဲ အိပ်ရာမှ ထသည်။ ကိုယ်ပေါ်မှ စောင်ကိုဖယ်ရှားလိုက်သည်။ ခြေဖျားများသည်

www.burmeseclassic.com

www.burmeseclassic.com



အေးစက်သော ကြမ်းပြင်နှင့် ထိတွေ့မိသည်။

"ကျုပ်မှာ သေနတ်ပါတယ် ဒေါက်တာ၊ လက်ချည်းသက်သက် လာတာမဟုတ်ဘူး၊ အိပ်ရာပေါ် ပြန်လှဲနေလိုက်ပါ၊ စောင်ခြုံအောက် ပြန်ဝင်နေပါ"

သူစိမ်းသည် ရှေ့သို့တိုးလာသည်။ ဦးမောင်မောင်သွင်၏ အိပ်ရာနှင့် မဝေးလှသော အကွာသို့ ရောက်လာသည်။ သူ၏ လက်တစ်ဖက်သည် မိုးကာအင်္ကျီအောက်မှ ထွက်ပေါ်လာသည်။ အမှန်ပင် သူ့မှာ သေနတ်တစ်လက် ပါလာသည်။

သူ့မျက်နှာကိုလည်း အတန်မြင်သာလာသည်။ မျက်နှာမှာ အသားနိုင်ဟူ၍ မရှိတော့သလောက် ပိန်ချုံးနေသည်။ မျက်ကွင်းများညိုကာ နားထင်နားရင်းများ ကျနေသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှည်လျားညှို်းဆိုးနေသည်။ သူ၏ နှုတ်ခမ်းမှာ ပါးလျားစေ့စပ်သည်။ မျက်ဝန်းကား တောက်ပခြင်းကင်းပြီး ရီဝေနေသည်။

သူ၏လေသံမှာ ပြောင်းလာသည်။ ခပ်ထုံထုံ ခပ်အအ ကျောင်းသားလေးတစ်ယောက် ဆရာမကို တောင်းပန်သောလေသံမျိုးဖြင့် ပြောလိုက်သည်။

"ကျုပ်…ကျုပ် ဒေါက်တာ့ကို လက်စားချေရအောင် လာတာ"

ဦးမောင်မောင်သွင် ချောက်ချားသွားမိသည်။ တိတ်ဆိတ်သောညတွင် မိမိ ရင်ခုန်သံကိုပင် မိမိ ပြန်ကြားနေရသည်။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားကာ ခြေဖျားလက်ဖျားများ တုန်လာသည်။

အစတွင် သူခိုးတစ်ယောက်သာ ဖြစ်မည်ဟုထင်ခဲ့သည်။ သို့မဟုတ် အဖြစ်နိုင်ဆုံးက ဓားပြသာပဲဖြစ်မည်။ လူမနိုးလျှင် ခိုးမည်။ လူနိုးလျှင် အနုကြမ်းစီးမည်။ သည်လောက်သာမဲ့ ထင်ထားခဲ့သည်။ ပစ္စည်းများ အတွက် ဆိုလျှင်တော့ ဦးမောင်မောင်သွင် ဂရုမစိုက်ချင်လှချေ။ အချိန်မရွေး ပြန်ရှာလျှင် ရနိုင်သည်။ အသက်ဆိုသည့်ကိုတော့ ပုထုဇဉ်ပီပီ စိုးရိမ်စိတ် ရှိလာသည်။

"လက်စားချေဖို့ ဟုတ်လား၊ ဘာကြောင့်များ မောင်ရင်က



ကိုယ့်ကို လက်စားချေချင်နေတာလဲ၊ ရူးများနေသလား" –

ဟန်ကိုယ်ဖို့ဆိုသလို ဦးမောင်မောင်သွင် အသံထိန်းပြီး ပြန်ပြောလိုက်သည်။

"ကျုပ် ရူးချင်လဲ ရူးနေမှာပဲ၊ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ခင်ဗျား ကျုပ်ကို ဒီစကား ပြောခဲ့သေးတယ်၊ အရူးတဲ့၊ မင်း ရူးနေသတဲ့၊ အဲဒီနောက်မှာတော့ ခင်ဗျားနဲ့ ခင်ဗျားရဲ့ ပညာတတ်ဆိုတဲ့ မုဂ္ဂိုလ်တွေ ကျုပ်ရဲ့ ကံကြမ္မာကို ဖန်တီးလိုက်ကြတယ်။ ကျုပ်ကိုအရူးထောင်ပို့လိုက်ကြတယ်"

သူစိမ်းပေါက်ကြားအသံမှာ ငိုသံပါလာလေသည်။ သူ၏ ရီဝေသော မျက်လုံးများလည်း မျက်ရည်ကြောင့် ရွှဲလာလေသည်။

"ရှစ်နှစ်လုံးလုံးပါပဲ၊ ရှစ်နှစ်ဆိုတဲ့ အချိန်ကာလကို ခင်ဗျား စဉ်းစားကြည့်စမ်းပါ၊ ကျုပ် အုတ်နံရံတွေကြားမှာ နေခဲ့ရတယ်၊ အခန်းကျဉ်းတွေထဲမှာ ပိတ်လှောင်ခံထားခဲ့ရတယ်။ ကျုပ် ပတ်ဝန်းကျင်မှာ အော်ဟစ်နေတဲ့ လူတွေရှိတယ်၊ ငိုကြွေးနေတဲ့ လူတွေရှိတယ်၊ အကြောင်းမဲ့ ရယ်မောနေတဲ့လူတွေ၊ ပြီးတော့ ဘဝင်မြင့်နေတဲ့လူတွေ၊ စိတ်ဓာတ်ကျနေတဲ့လူတွေ၊ ဒီလူတွေအကြားမှာ ကျုပ် နေ့ပေါင်းများစွာ ညပေါင်း များစွာ နေခဲ့ရတယ်၊ အဲဒီအတွက် ခင်ဗျားကို ကျုပ် လက်စားချေဖို့ သင့်တယ်လို့ မထင်မိဘူးလား"

သူ့စကားများကို ဦးမောင်မောင်သွင် လိုက်ပြီး ခြေရာကောက် ကြည့်မိသည်။ စိတ်အသိမှာ ဘာမျှပေါ်မလာချေ။ ဆရာဝန်တစ်ယောက် အနေဖြင့် လူနာမြောက်မြားစွာကို ကုဖူးခဲ့သည်။ လူနာများစွာနှင့် ဆုံဖူး ခဲ့သည်။ မည်သူ့ကို မည်သည့်နည်းဖြင့် ကုခဲ့ကြောင်း အမှတ်မရနိုင် တော့ချေ။ မည်သည့်ရောဂါကို မည်သည့်ဆေးပေးခဲ့ကြောင်း မှတ်မထား နိုင်ချေ။ ပြီး မည်သည့်ဝေဒနာအပေါ် မည်သည့်မှတ်ချက် ချခဲ့မိကြောင်း ကိုလည်း သတိမရနိုင်တော့သည်မှာ အမှန်ဖြစ်သည်။

"မောင်ရင် အထင်မှားနေပြီ၊ ဒါမှမဟုတ်ရင်လဲ လူမှားနေတာ ဖြစ်မယ်၊ ကိုယ်တော့ မောင်ရင့်ကို တစ်ကြိမ်တောင် တွေ့ဖူးခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



မထင်ဘူး”

ဦးမောင်မောင်သွင် လေသံပျော့ပျော့ဖြင့် ပြောလိုက်သည်။ မျက်စိက ခေါင်းရင်းစားပွဲပေါ်မှ တယ်လီဖုန်းဆီသို့ ရောက်နေသည်။

ယခုအခါ သူစိမ်းသည် အိပ်ရာနှင့် တစ်ခုတည်းသော တံခါးပေါက်အကြားမှာ ရှိသည်။ သူက ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ထိုင်ချလိုက်သည်။ အေးအေးဆေးဆေး အမူအရာဖြင့်ပင် ဖြစ်သည်။

လွတ်လမ်းကား မရှိတော့ချေ။ ပြတင်းတံခါးပေါက်တိုင်းမှာပင် သံတိုင်များ တပ်ဆင်ထားသည်။ အခန်းနံရံများမှာ ထူထဲသော အင်္ဂတေဖြစ်သည်။ အော်ဟစ်၍ အပြင်မှ ကြားနိုင်မည်လည်း မဟုတ်ချေ။ ထွန်းကျော်နှင့် မစိန်တင်တို့ လင်မယားမှာလည်း အားမကိုးလောက်။

တစ်ခုပဲရှိသည်။

သူ့ကို အချိန်ဆွဲထားဖို့ဖြစ်သည်၊ သို့သော်လည်း လူတွေနိုးလာဖို့ အချိန်ကာလမှာ အဝေးကြီးလိုပါသေးသည်။

“ခင်ဗျားအနေနဲ့ ကျုပ်ကို မမှတ်မိဘူးဆိုတာ မဆန်းပါဘူး၊ ဒါမှမဟုတ် မေ့ချင်ယောင်ဆောင်နေခဲ့ရင်လဲ အပြစ်ဆိုစရာလို့ မထင်ပါဘူး။ ကျုပ်ကတော့ ဘယ်မေ့နိုင်မလဲလေ၊ ခင်ဗျားက လုပ်ရတဲ့လူ၊ ကျုပ်က ခံရတဲ့လူ၊ ခင်ဗျား ကျုပ်ဇနီးကို သတ်ပစ်ခဲ့တယ်”

“အို… မဟုတ်နိုင်လိုက်တာ၊ ဆရာဝန်ဆိုတာ လူနာတွေ ကျန်းမာအောင်၊ လူ့အသက်ကို ကယ်တင်ရအောင် ဆေးပညာကို အပတ်တကုတ်နဲ့ ငွေကုန်ကြေးကျခံပြီး သင်ထားခဲ့ရတာ၊ အဓိပ္ပာယ်မရှိတာတွေ လာပြောမနေစမ်းပါနဲ့”

“တခြားဆရာဝန်တွေအတွက် မှန်ချင်မှန်မယ်၊ ခင်ဗျားအတွက် မမှန်ဘူး ဦးမောင်မောင်သွင်”

သူတို့သည် ရန်ဖြစ်သလို တစ်ယောက်ကိုတစ်ယောက် အော်ဟစ်နေမိကြခြင်းဖြစ်သည်။

“ဆရာဝန်တိုင်း ဇီဝက မဟုတ်ဘူး၊ ဇီဝကတောင် ဘုရားရှင်ကို မကုနိုင်ခဲ့ဘူး၊ ဒါကို မောင်ရင် နားလည်ပါ၊ တစ်ခါတလေမှာတော့ ခြေ



ချော်လက်ချော် ရှိမယ်၊ ဒါမှမဟုတ် ရောဂါကျွမ်းနေလို့ မတတ်နိုင်တဲ့အခါမျိုးတွေ ရှိမယ်၊ ဒိဋ္ဌပျောက်ရမယ်လို့ အာမခံပြီးကုတဲ့ ဆရာဝန် ကမ္ဘာပေါ်မှာ မပေါ်ပေါက်သေးဘူး”

“ခင်ဗျားပြောစရာစကား ကုန်သွားပြီလား၊ ကျုပ်ပြောမယ်၊ ဆရာဝန်ဟာ ဆေးကုရမယ်၊ ဒါပေမဲ့ လူနာနဲ့ လူနာရှင်ရဲ့ သဘောတူညီမှုပါရမယ်၊ ခင်ဗျား ကျုပ်ဇနီးကို ခွဲစိတ်တုန်းက လူနာကိုယ်တိုင်ကလဲ သဘောမတူဘူး၊ လူနာရှင်ကလဲ သဘောမတူခဲ့ဘူး”

“အဲဒါ မဖြစ်နိုင်ဘူး၊ ခွဲစိတ်မယ်ဆိုတဲ့ အရေးကြီးတဲ့ ကိစ္စတွေမှာ လူနာတွေ လူနာရှင်တွေရဲ့ သဘောတူညီမှုကို အလျင်ယူတယ်၊ လက်မှတ်တွေဘာတွေ အခိုင်အမာ ထိုးပြီးမှ ခွဲစိတ်ခန်းထဲ သွင်းတာ”

“ခွဲစိတ်ခံရမယ့် အချိန်မှာ ခင်မူဟာ ပင်ကိုအသိ မရှိခဲ့ဘူး၊ ဝေဒနာကြောင့်ပါပဲ၊ နောက်ပြီး ခွဲစိတ်ဖို့ သဘောတူလက်မှတ်ထိုးခဲ့တာဟာ ကျုပ်မဟုတ်ဘူး၊ သူ့အစ်ကို၊ ကျုပ်က အဝေးကိုရောက်နေတယ်၊ ပြန်လာတော့ သူဆုံးပြီဆိုတာ သိရတယ်၊ တကယ်တော့ ကျုပ်ကော ခင်မူပါ ဆေးရုံကို အားမကိုးဘူး၊ ဆေးထိုးအပ်ကို မြင်ရင် သေမလောက် ကြောက်ကြတယ်”

“ဒါတွေ ကိုယ်က ဘယ်လိုလုပ် သိထားနိုင်မှာလဲ၊ ဆန်စဉ်ရာ လျှော့ပွဲ့မလိုက်နိုင်ဘူးဆိုတာ လိုပေါ့”

“ခင်မူဟာ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ သေသွားရတာ၊ သူဆုံးတော့ နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်၊ သိပ်လှတဲ့ မိန်းကလေး၊ ကျုပ်သိပ်မြတ်နိုးတဲ့ ဇနီး၊ ခင်ဗျားတို့ရဲ့ လက်မှာတင် သေသွားတာ၊ ခင်ဗျားရဲ့ ဓားအောက်မှာတင် အသက်ဆုံးသွားရတာ၊ ဒါတင်မကသေးဘူး၊ ခင်ဗျားနဲ့ ခင်ဗျား အပေါင်းအသင်းတွေက ကျုပ်ကို ရူးတယ်ဆိုပြီး အရူးထောင်ပို့လိုက်ကြသေးတယ်”

သူစိမ်း၏အသံမှာ ငိုသံပါလာသည်။ မျက်ဝန်းမှ မျက်ရည်များသည် ပိုးပိုးပေါက်ပေါက် ကျလာသည်။

ဦးမောင်မောင်သွင် ရေးရေးတော့ မှတ်မိလာပါပြီ။ ဖြစ်ရပ်က ဆရာဝန်သက်တမ်း တစ်လျှောက်လုံးမှာ ဆန်းကြယ်လွန်းသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သည်။

ခင်မူရယ် ဘာရယ်တော့ မသိပါ။ အစားအိမ်ပေါက်သွားသော မိန်းကလေးတစ်ဦးကို အရေးပေါ်ခွဲစိတ်ကုသဖူးသည်။ အခြေအနေက မဟန်လှ။ လွန်ခဲ့ပြီဖြစ်သည်။ မိန်းကလေး သေဆုံးသွားသည်။ လူနာ၏ ခင်ပွန်းက မကျေနပ်။ ဓားဆွဲပြီး ဆေးရုံပေါ်မှာ လာရမ်းသည်။ ဆရာဝန် ဆရာမတော့ လူနာတွေပါ ပြေးရပုန်းရသည်။ ရှောင်ရတိမ်းရသည်။ ကံဆိုးရှာသော သူနာပြုဆရာမကလေး သီတာရွှေမှာ ၎င်း၏ဓားချက် အောက်တွင် သားကောင်ဖြစ်ခဲ့ရရှာသည်။ အသက်ပျောက်ခဲ့ရရှာသည်။ အချို့လည်း ဒဏ်ရာရခဲ့သည်။

သူ့ကိုဖမ်းပြီး စစ်ဆေးသောအခါ စိတ်မမှန်ကြောင်း တွေ့ရသည်။ စိတ်ရောဂါကု ဆေးရုံသို့ ပို့ခဲ့ကြသည်။

သူပြောသလို လွန်ခဲ့သော ရှစ်နှစ်ကပင် ဖြစ်ပါသည်။

ယခု သူ ပြန်လာသည်။ အကြိတ်အခဲကား မကြေသေးချေ။ သူ ဆေးရုံမှ လွတ်မြောက်လာသည်ကို မသိပေ။ သေနတ်ကို ဘယ်ပုံဘယ်နည်း ရလာသည် မသိပေ။ သို့သော် ဦးမောင်မောင်သွင်ကား အသက်အန္တရာယ် နှင့် လက်တစ်ကမ်းအကွာသို့ ရောက်နေရပြီဖြစ်သည်။

“သြော်... မောင်ရင်က ဒီအတွက် ကိုယ့်ကို လက်စားချေဖို့ ရောက်လာတာကိုး၊ ကိုယ် သဘောပေါက်ပြီ”

ဦးမောင်မောင်သွင် အေးဆေးစွာ မှတ်ချက်ချပြီး တယ်လီဖုန်း ဆီသို့ လက်လှမ်းလိုက်သည်။

သူစိမ်းက ရယ်မောလိုက်သည်။

“ခင်ဗျား လက်ချောင်းတွေ တို့သွားအောင်လှည့်လဲ တယ်လီဖုန်းက ခေါ်လို့ရမှာ မဟုတ်ဘူး၊ ကျုပ် ကြိုတင်ပြီးတယ်လီဖုန်းကြိုးကို ဖြတ်ထားခဲ့ တာဗျ”

ဦးမောင်မောင်သွင်က တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

“ကိုယ့်ဇနီးနဲ့ ကလေးတွေဆီကို ဆက်မှာပါ”

“အင်း... ခင်ဗျားရဲ့ ဇနီးနဲ့ ကလေးတွေ အိမ်မှာမရှိကြဘူးဆို



တာလဲ ကျုပ် စုံစမ်းပြီးပါပြီ၊ ခင်ဗျားအနေနဲ့ သူတို့ဆီ နောက်ဆုံးနှုတ် ဆက်တဲ့ စာတစ်စောင် ရေးချင်ရေးပါ၊ ကျုပ် စာနာတတ်တဲ့ လူတစ် ယောက်အနေနဲ့ ဒီအခွင့်အရေးကလေးတော့ ပေးနိုင်ပါတယ်၊ သေတမ်းစာ ဆိုပါတော့ဗျာ”

ဦးမောင်မောင်သွင်သည် ခေါင်းကို ဖြေးဖြေးစွာ ယမ်းခါလိုက် သည်။

“မလိုတော့ပါဘူး၊ ကိုယ် အားလုံး အသင့်လုပ်ပြီးပါပြီ”

“ဘာပြောတယ်”

“သေတမ်းစာလဲ ရေးပြီးပါပြီ၊ အမွေတွေလဲ ခွဲခြမ်းစိတ်ဖြာပြီးပါ ပြီ။ ဒီမယ်မောင်... အဲ မောင်ရင့်နာမည် ကိုယ် မေ့နေတယ်”

“ကျော်ထူးပါ၊ ခင်ဗျား ဘာလို့ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြော နေတာလဲ”

“အဲ... မောင်ကျော်ထူး၊ မောင်ရင့်ပြောတာတွေ ကိုယ် အားလုံး အမှတ်ရပါပြီ၊ မောင်ရင့်ဇနီး ခင်မူ ဆုံးခဲ့တာတွေကော၊ မောင်ရင် ဆေးရုံ မှာ ရမ်းခဲ့လို့ သူနာပြုဆရာမကလေး သီတာရွှေ သေဆုံးခဲ့ရတာကိုပေါ့၊ မောင်ရင့်မှာ ကိုယ့်ကို နာနာကြည်းကြည်း လက်စားချေချင်တဲ့စိတ် ရှိနေ လိမ့်မယ်ဆိုတာကိုလဲ ကိုယ် သဘောပေါက်ပါတယ်၊ ကိုယ်ပြောချင်တယ် မောင်ကျော်ထူး၊ မောင်ရင် ရောက်လာတာ အချိန်တော်ပါပဲ၊ မောင်ရင် ရောက်လာတဲ့အတွက် ကိုယ် ဝမ်းသာတယ်”

“ခင်... ခင်ဗျားကလား၊ ခင်ဗျားကို လာသတ်တဲ့လူအပေါ် ကျေးဇူးတင်နေသလား”

“ဟုတ်ပါတယ်၊ မျှော်လင့်ချက်ကင်းမဲ့နေတဲ့ လူတစ်ယောက်ဟာ လောကမှာ ဆက်နေရင်လဲ အပိုပါပဲ၊ ကိုယ်ကိုယ်တိုင် အတွက်ကော လူ့လောကအတွက်ပါ ဘာမှအကျိုးကျေးဇူး မရှိနိုင်ဘူး”

“ခင်ဗျား ဘာကိုဆိုလိုတာလဲ”

“ဝင်္ကလည်တာလို့ပဲ ပြောရမယ်ထင်ရဲ့၊ ကိုယ့်မှာ အစာအိမ်ရောဂါ ရှိတယ်၊ အခြေအနေ သိပ်ဆိုးရွားတယ်၊ ဝမ်းဗိုက်ကင်ဆာပါပဲ”

www.burmeseclassic.com

www.burmeseclassic.com





အတန်ကြာ တိတ်ဆိတ်သွားသည်။ ကျော်ထူးသည် ဦးမောင်မောင်သွင်ကို အံ့ဩစွာ ငေးစိုက်ကြည့်နေသည်။

"ဆရာဝန်ပဲဗျာ။ ခင်ဗျားတို့ဘာသာ ကုကြပေါ့"

"ဗိုက်ဖွင့်ပြီးပြီ ပြန်ပိတ်ထားတာပဲ၊ မျှော်လင့်ချက် မရှိတော့ဘူး နေရလှ လူ့ဘဝမှာ သုံးလပဲလို့ ,ပါရဂူတွေက မှတ်ချက်ချထားတယ်"

"အဲဒါကို ခင်ဗျားဇနီးနဲ့ ကလေးတွေ သိကြသလား"

"သူတို့ စိတ်ဓာတ်ကျကုန်မှာစိုးလို့ ဖွင့်မပြောခဲ့ပါဘူး၊ ဒါပေမယ့် သူတို့လဲ ရိပ်မိပုံရပါတယ်၊ ဘာကြောင့်လဲဆိုတော့ တစ်ခါတစ်ခါ နာလာပြီဆိုရင် သေကောင်ပေါင်းလဲ ခံရတာကိုး၊ နဖူးမှာ ချွေးသီးချွေးပေါက်ကျအောင် ဝေဒနာ ခံစားရတာကိုး"

"ဆရာဝန်တွေလဲ ကင်ဆာ ဖြစ်ကြတာပဲကိုး"

"သွေးနဲ့ကိုယ် သားနဲ့ကိုယ်ကိုး၊ ဓာတ်ဇရာ၊ ဗျာဒိမရှောင်ပုထုဇဉ်သားဖြစ်တဲ့ ဆရာဝန်တွေလဲ ဘယ်ရှောင်နိုင်မှာလဲ၊ ဆရာဇီဝကလဲ အသက်ရာကျော်အောင် မနေခဲ့ရပါဘူး"

"ခင်ဗျား ကျွန်တော့်ကို ရယ်စရာတွေ ပြောနေတာလား ဦးမောင်မောင်သွင်"

"မောင်ရင် ဒီလိုထင်ရင် မှားမယ်၊ ကိုယ် တကယ့်ခံစားမှုနဲ့ ပြောနေတာ၊ မောင်ရင် ရောက်လာတာ ဝမ်းသာတယ်ဆိုတာ ကိုယ့်ကို အဆုံးသတ်ပေးမယ်ဆိုလို့ ကျေးဇူးတင်တယ်ဆိုတာ တကယ်ပါ၊ ကိုယ်ဟာ သေလူတစ်ယောက်ပဲ၊ သုံးလဆိုတာ ရက်သတ္တအားဖြင့် ဆယ့်နှစ်ပတ်သာ ရှိတယ်၊ တိုတောင်းတဲ့အချိန်ကာလကလေးပါပဲ၊ ဒီအတွင်းမှာ သေကောင်ပေါင်းလဲ ဝေဒနာခံစားရမှာနဲ့စာရင် ချက်ချင်းသေသွားတာက ပိုကောင်းပါတယ်၊ ကိုင်း မောင်ကျော်ထူး ဘာလို့ အချိန်ဆွဲနေတော့မှာလဲ"

ကျော်ထူး၏ကိုယ်မှာ တောင့်တောင့်ကြီးဖြစ်နေသည်။ သူ၏ မျက်လုံးများမှာ ပြူးကျယ်ဝန်းစက်နေသည်။ သေနတ်ကိုင်ထားသော သူ၏လက်မှာ တဆတ်ဆတ်တုန်နေလေသည်။

"ခင်ဗျာ့စကားတွေကို ကျုပ် မယုံဘူး၊ ခင်ဗျား ကျုပ်ကို သက်ညှာနေတာ"

"ကိုယ် လက်တွေ့ပြပါမယ်လေ"

ဦးမောင်မောင်သွင်သည် ကိုယ်ပေါ်မှစောင်ကို ဖယ်ချလိုက်သည်။ ညဝတ်အင်္ကျီကို ဆွဲတင်လိုက်သည်။

သူ၏ ဝမ်းဗိုက်မှာ တကယ်ပဲ အမာရွတ်ရှိနေသည်။ လတ်ဆတ်ဆဲဖြစ်သည်။ ဖြူဖွေးသော သူ၏အသားတွင် အမာရွတ်က ကင်းခြေများတစ်ကောင် ကုတ်တွယ်ထားဘိသို့ ထင်းနေသည်။

ကျော်ထူးသည် အမာရွတ်ကို စူးစိုက်ကြည့်သည်။ မီးအုပ်ဆောင်းရောင်ဖြင့် ကြည့်ရသည်ကို အားမရသလို သူ့တွင်ပါသော လက်နှိပ်ဓာတ်မီး အသေးစားကလေးဖြင့်ပါ ထိုးကြည့်သည်။

သူသည် ရုတ်တရက် ရယ်မောကာ ကုလားထိုင်မှ ထခုန်လိုက်သည်။

"တင်ဆာ၊ သုံးလပဲနေရမယ် ဟုတ်စ၊ ဒါဆိုရင် ကျုပ်က ခင်ဗျားကို ဘာလို့ အပင်ပန်းခံပြီး သတ်သင်နေတော့မှာလဲ၊ သူ့ဘာသာ သေရတော့မယ့်လူကို ဘာကြောင့် ဒုက္ခခံပြီး သတ်နေတော့မှာလဲ"

သူသည် ဦးမောင်မောင်သွင်၏ ကိုယ်ပေါ်ကို စီးမိုးကြည့်လိုက်သည်။

"ဒီမှာ ဦးမောင်မောင်သွင်၊ ခင်ဗျားရဲ့ ကင်ဆာရောဂါနဲ့ ခင်ဗျား ဘာသာသေတော့၊ ဝေဒနာကို သေကောင်ပေါင်းလဲခံတော့၊ ကျုပ် ကျေနပ်ပြီ၊ ခင်မှုအတွက် လက်စားချေပြီးပြီလို့ ယုံကြည်လိုက်ပြီ"

ကျော်ထူးသည် သဘောကျစွာ ရယ်လိုက်သည်။

"ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ဆရာဝန်မှာရတဲ့ ကင်ဆာရောဂါ၊ ဟား... ဟား... ဟား... ဟား ခုလိုကျတော့လဲ လောကကြီးက ရယ်စရာ တယ်ကောင်းပါလား"

ဦးမောင်မောင်သွင် မျက်လုံးများကို မှေးမှိတ်ထားလိုက်သည်။ သူ ထွက်ခွာသွားသော ခြေသံများကို အသက်အောင့်ပြီး နားစွင့်နေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံသည် အပေါ်ထပ်မှ အောက်ထပ်သို့ ရောက်သွားသည်။ လှေကားကို တစ်ထစ်ချင်း နင်းဆင်းသွားသံသည် ဦးမောင်မောင်သွင်၏ နှလုံးခုန်သံနှင့် ပြိုင်နေလေသည်။

ကိုယ်ကိုမတ်လိုက်သည်။

အုပ်ဆောင်းမီးရောင်အောက်မှာပင် ဝမ်းဗိုက်က အမာရွတ်ကလေးကို ကြည့်လိုက်မိသည်။

ဘုရားသခင် မတာပါပဲ။

ဆီးမှာ ကျောက်တည်၍ ကျောက်ကို ခွဲထုတ်ခဲ့ရသည်။

အစပိုင်းတုန်းကတော့ သည်ကျောက်အတွက် စိတ်မှာ အတော်ချည်း အနှောင့်အယှက် ဖြစ်ခဲ့ရသည်။

ယခုတော့–

ကျေးဇူးပါပဲ ကျောက်ကလေးရယ်။

မောင်သိန်းဆိုင်

* * *



www.burmeseclassic.com

www.burmeseclassic.com



# အိုင်အိုမင်းအောင်နှင့် ကန်တိုမင် သေမှုသေခင်း

## အောင်ဇင်

ရှေးအခါက မြန်မာပြည် ပုလိပ်အဖွဲ့ကြီးကို ကိုလိုနီနယ်ချဲ့ အစိုးရ၏ လက်ကိုင်တုတ်ဟု လူအများက စက်ဆုပ်ရွံရှာ မုန်းတီးကြလင့် ကစား 'ရွှေအစစ်ကို ရေမှာနှစ်သော်လည်း အရောင်မပြောင်း အလေးချိန် မလျော့ ပို၍ပင်ပြောင်လာသည်' ဟူသော စကားကဲ့သို့ မည်မျှပင် သတင်းဆိုးနှင့် ကျော်ကြားသော ပုလိပ်အဖွဲ့တွင် အိုင်အိုမင်းအောင်၏ ဂုဏ်သတင်း ကျော်စောမှုမှာမူ စန္ဒကူးပန်းရနံ့သည် တောတောင်ခုနစ်ထပ်ကို မွှေးသကဲ့ သို့ မြန်မာပြည်တစ်ပြည်လုံး မွှေးပျံ့ခဲ့ပါသည်။

ယခု ကျွန်ုပ် ရေးသားတင်ပြသော အမှုမှာ မျက်နှာဖြူအရာရှိများ နှင့် ထိုခေတ်က မျက်နှာဖြူပြီးလျှင် မြန်မာပြည်တွင် လူဝါးနှဝဆုံးသော ကုလားများအလယ်တွင် အိုင်အိုမင်းအောင် အစွမ်းပြခဲ့သော အမှုဖြစ်ပါ သည်။

အိုင်အိုမင်းအောင်သည် လွန်စွာဉာဏ်ပညာ ထက်မြက်သူဖြစ်သဖြင့် ထိုအမှု၏ အမှုဖြစ်အကြောင်းအရာနှင့် အခင်းဖြစ်အရပ်ကို စစ်ဆေးပြီး သည်နှင့် တဖြိုင်နက် လျှပ်စီးလက်လိုက်ခြင်းနှင့် မိုးကြိုးပစ်ချခြင်း ထပ်တူထပ်မျှကျသကဲ့သို့လည်းကောင်း၊ သေနတ်၏ ခလုတ်ကို ဆွဲလိုက် သည်နှင့် ဒိုင်းကနဲမြည်ကာ ကျည်ဆံထွက်သွားသည်တို့မှာ ထပ်တူထပ်မျှ ကျသကဲ့သို့ ချက်ချင်းပင် ပေါ်ပေါက်အလင်းရောက်ခဲ့လေသည်။



တစ်နေ့သ၌ ကျွန်ုပ်နှင့် မိတ်ဆွေကြီး အိုင်အိုမင်းအောင်တို့သည် အင်းစိန်မြို့၊ စီ၊ အိုင်၊ ဒီဝင်းအတွင်းရှိ ရုံးခန်းထဲတွင် ရန်ကုန်မြစ်အတွင်း ရှိသော် နစ်မြုပ်မှုတစ်ခုကို အစီရင်ခံစာ ရေးသားနေစဉ် စုံထောက် မင်းကြီး၊ မစ္စတာဝဲလ်ဘုန်း (အိုင်၊ ဘီ၊ အီး)က ရန်ကုန်မြို့ ဂေါ်ရာကုန်း အနီး ကန်တိုမင်ရပ်ရှိ အင်္ဂလိပ်စစ်တပ် အရာရှိများနေသော ကွာတာတွင် မေဂျာကတော်တစ်ယောက် ကိုယ့်ကိုယ်ကို သတ်သေသဖြင့် ရန်ကုန်ခရိုင် ရာဇဝတ် တရားသူကြီးက ပါးနပ်လိမ္မာသော ပုလိပ်အရာရှိများ စေလွှတ် ပေးရန် အကူအညီတောင်း၍ သွားရောက်ရန် အမိန့်ပေးလေသည်။

မြို့ရွာစည်ပင်ရေးနှင့် ပတ်သက်၍ ကျွန်ုပ်တို့အရပ်သူ အရပ်သား များ နေထိုင်သော ရပ်ကွက်များကို မြူနီစပယ်အဖွဲ့က စည်ပင်သာယာရေး ကိစ္စများကို ဆောင်ရွက်ပေးသကဲ့သို့ စစ်တပ်အမှုထမ်းများနေသော ရပ်ကွက် ကို ကန်တိုမင်ခေါ်အဖွဲ့က အုပ်ချုပ်လေသည်။ ကန်တိုမင်ဆိုသည်မှာ စစ်တပ်အာဏာပိုင်သော စစ်မြို့ဟုလည်း အဓိပ္ပာယ်ရလေသည်။

ထိုကဲ့သို့ပင် မြို့ရွာအတွင်း ဖြစ်ပွားသော (Sucide) ခေါ် ကိုယ့် ကိုယ်ကို သတ်သေမှုများကို ကျွန်ုပ်တို့ ပုလိပ်အဖွဲ့က တိုက်ရိုက်စုံစမ်းရပြီး ၎င်းအမှုမျိုးကို သေမှုသေခင်းဟု ခေါ်ပါသည်။ သေမှုသေခင်း ဆိုသည် မှာ ဓမ္မတာအတိုင်း (၉၆) ပါး ရောဂါနှင့် သေဆုံးခြင်းမဟုတ်သော ကိုယ့်ကိုယ်ကို သတ်သေခြင်း၊ ရေနစ်သေခြင်း၊ မီးလောင်သေခြင်းစသော ဓမ္မတာနှင့် ဆန့်ကျင်သော အသေဆိုးများကို သံသယကင်းရန်အတွက် သေမှုသေခင်း စစ်ဆေးရခြင်းဖြစ်သည်။

ကန်တိုမင်ခေါ် စစ်တပ်မြို့အတွင်း ဖြစ်ပွားသော သေမှုသေခင်း များကိုမူ ရာဇဝတ် တရားသူကြီးက စစ်ဆေးရပြီး လိုအပ်မှသာ ပုလိပ် ဘက်ကို အကူအညီတောင်း၍ စစ်ဆေးခိုင်းလေသည်။

ယခု ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးသည် ကျွန်ုပ်တို့ကို အကူအညီတောင်း၍ စစ်ဆေးခြင်းဖြစ်၍ ၎င်းတရားသူကြီးသည် လုပ်ထုံး လုပ်နည်း စည်းကမ်းကျနပြီး သေမှုသေခင်းကို တိတိကျကျ စစ်ဆေးလို သော ပုဂ္ဂိုလ်တစ်ယောက်မှန်း သိသာထင်ရှားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် အိုင်အိုမင်းအောင်တို့သည် အော်စတင်ကားကလေးနှ[…] ကန်တိုမင်သို့ ရောက်သွားသည်။

ကန်တိုမင်ရှိ မေဂျာအဆင့်ရှိသူများ၏ ကွာတာသို့ (R.P)[…] စစ်ရဲတစ်ဦးက လိုက်ပို့ပေးပါသည်။

အခင်းဖြစ်ပွားသော မေဂျာဘာဂဝမ်းဆင်၏ နေအိမ်တွင် ကားနှ[…] စီးခန့် တွေ့ရပြီး ကုလားစစ်သားအချို့ ရှုံးစုရုံးစု ဖြစ်နေသည်ကို တွေ့[…] သည်။

ကျွန်ုပ်တို့ ပုလိပ်ယူနီဖောင်းနှင့် ဝင်သွားသောအခါ ပန်ချာ[…] ဖောင်းထုပ်နှင့် အရုပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေ[…] ကျင်စွယ်နှင့် အရက်သမားတို့၏ အရက်ခိုး အရက်ငွေ့များဖျံ့သော[…] မျက်လုံးနှင့် ပန်ချာပီကြီးတစ်ယောက်သည် ကျွန်ုပ်အား ဆလံပေးပြီး လိုက်လံမှုမှာစွာ ကြိုဆိုလေသည်။

များသောအားဖြင့် အင်္ဂလိပ်စစ်တပ်မှ စစ်ဗိုလ်များသည် ကျွန်ုပ်တို့ ဗမာပုလိပ်အရာရှိများကို နှိမ့်ချဆက်ဆံလေ့ရှိသည်။ ကျွန်ုပ်တို့ ပုလိပ်အရာ[…] ရှိများသည် ၎င်းတို့ကဲ့သို့ စစ်တပ်ထဲဝင်လျှင် စစ်ဗိုလ်များဖြစ်နိုင်သော်[…] လည်း ကျွန်ုပ်တို့ ဝါသနာအရ ပုလိပ်လုပ်ခြင်းဖြစ်ရာ ကျွန်ုပ်တို့အား[…] တန်းတူရည်တူ သဘောမထား ကျိုးကိုဘုတ်ရှိသော်၊ ဘုတ်ကို ကျိုးရှိသေခြင်း မရှိပေ။

ယခုကဲ့သို့ အရေးအခင်း ကြုံသောအခါများ၌ ခြေမကိုင်မိ လက်[…] မကိုင်မိနှင့် မိမိရာထူးမှ အားမနာ ပုလိပ်များကို ရိုကျိုးစွာ ဆက်ဆံသော[…] ယခင်က လွန်စွာမောက်မာလှသော စစ်ဗိုလ်ကြီးများကို ကျွန်ုပ် များစွာတွေ့ ဖူးသဖြင့် စိတ်ထဲမှ ကျိတ်၍ပြုံးမိလေသည်။

ယခုကဲ့သို့ အင်္ဂလိပ်စစ်တပ်မှ မေဂျာအဆင့်ရှိ ပန်ချာပီတစ်ဦးက[…] ကျွန်ုပ်ကဲ့သို့ လက်ဖတင်နင်အဆင့်ရှိသူ ပုလိပ်အရာရှိတစ်ဦးကို အလေး[…] ပြုသည်မှာ ထိုပန်ချာပီ မေဂျာကြီးသည် အလွန်သဘောကောင်းသူသော်[…] လည်းကောင်း၊ ဘေးဒုက္ခအန္တရာယ်နှင့် ကြုံတွေ့သူသော်လည်းကောင်း ဖြစ်ရမည်ဟု ကျွန်ုပ် မှတ်ချက်ချမိသည်။



ကျွန်ုပ်တို့ ဝင်သွားသောအခါ ရန်ကုန်ခရိုင် ရာဇဝတ်တရားသူ ကြီး မစ္စတာမောရစ်(စ်)ကောလစ်ကို တွေ့ရပြီး ကျွန်ုပ်က ခြေစုံရပ်၍ အလေးပြုလိုက်သည်။

(မှတ်ချက်။ ။ ၎င်း မစ္စတာမောရစ်(စ်) ကောလစ်မှာ တရားမျှ တမှုရှိပြီး ဗမာလူမျိုးများအပေါ် ညာတာထောက်ထားသဖြင့် အင်္ဂလိပ် အရာရှိများ အသိုင်းအဝိုင်းမှ မျက်မုန်းကျိုးခြင်း ခံရသူဖြစ်သည်။ ၎င်းသည် စာရေးဆရာတစ်ယောက်ဖြစ်ပြီး ဗမာပြည်နှင့် ပတ်သက်၍ ဖြိတ်ချာသံ ဖနောင့်အောက်မှ ဗမာပြည်၊ အင်္ဂလိပ် မြန်မာနောက်ဆုံးတိုက်ပွဲ၊ ကမ္ဘောဇ နေဝင်ဘုရင်များ၊ ယိုးဒယားပွဲက်၊ စန္ဒမာလာစသော ဝတ္ထုများ ရေးခဲ့သူ ဖြစ်သည်။ စာရေးသူ)

မစ္စတာ မောရစ်(စ်)ကောလစ်အားတွင် ကာနယ်အဆင့် ယူနီဖောင်း ဝတ်ထားသော မျက်နှာဖြူ အရာရှိတစ်ဦးနှင့် မေဂျာအဆင့်ရှိ မျက်နှာဖြူ အရာရှိတစ်ဦးတို့ကို တွေ့ရလေသည်။

ကာနယ်ကြီးသည် ကန်တိုမင်တပ်မြို့ အာဏာပိုင်ဖြစ်ပြီး မျက်နှာ ဖြူမေဂျာမှာ စစ်ခုံရုံးမှ ဥပဒေပညာရှင် တရားသူကြီးတစ်ဦး ဖြစ်လေသည်။

မစ္စတာမောရစ်(စ်) ကောလစ်သည် အင်္ဂလိပ် မျက်နှာဖြူလူမျိုး များထဲမှ အလွန်ရှားပါးလှသော ဗျူရိုကရက်စိတ် ကင်းမဲ့သူဖြစ်ရကား ကျွန်ုပ်တို့အား အနေအထိုင် မကျံ့စေဘဲ ဧည့်ခန်းမကြီးအတွင်းရှိ ဆက်တီ ကုလားထိုင်များတွင် ထိုင်ခိုင်းပြီး မျက်နှာဖြူအရာရှိများနှင့် မိတ်ဆက်ပေး သည်။

ကျွန်ုပ်ကလည်း ကျွန်ုပ်၏အမည် ဦးကျော်ခေါင်ဖြစ်ကြောင်းနှင့် အိုင်အိုမင်းအောင်၏ အမည်များကို ပြောကြားလိုက်ရာ ကျွန်ုပ်၏အမည် ကို ပြောကြားစဉ်က မည်သို့မျှ ထူးထူးခြားခြား မရှိသော်လည်း အိုင်အို မင်းအောင်၏ အမည်ကြားလိုက်သောအခါ မျက်နှာဖြူအရာရှိ (၃) ယောက်၏ ခေါင်းများသည် ထောင်လာကြသည်။

အိမ်ရှင် မေဂျာဘာဂဝမ်းဆင်သည်လည်း ညက အရက်မူးလွန်သဖြင့် ဘုတ်ထိုင်ထိုင်၍ ခပ်ငိုင်ငိုင် ဖြစ်နေရာမှ မြေနှင့်ကပ်လိုက်သည့်အလား

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ဖြစ်သွားသည်။

မစ္စတာမောရစ်(စ်)ကောလစ်သည် အိုင်အိုမင်းအောင်အား ရှန်းရှန်းစားစားကြည့်ပြီး ပြုံးရွှင်စွာနှင့်–

"ဟလို အံ့သြချီးကျူးဖွယ်ကောင်းသော လူကလေး မင်းဟာ ဗမာပြည်ရဲ့ ရှားလှော့ဟုမ်းပါပဲ။ ဗိုလ် ပဲခူးကလပ် စကားဝိုင်းမှာ မင်းရဲ့အကြောင်းဟာ ပြောစမှတ်တစ်ခုပါပဲ"

မစ္စတာမောရစ်(စ်)ကောလစ်က အင်္ဂလိပ်လို ပြောဆိုချီးကျူးခြင်းဖြစ်ရာ ရင်းတို့ အင်္ဂလိပ်လူမျိုးများသည် လူတစ်ယောက်ကို ချီးကျူးဂုဏ်ပြုသော (Genius)ဟူသော စကားလုံးနှင့် (Legeno) ဟူသော စကားလုံးတို့ကို အလွန်ချေချေငံငံ သုံးစွဲလေ့ရှိရာ ယခု အိုင်အိုမင်းအောင်အား ထိုစကားနှစ်လုံးနှင့် ဖောဖောသီသီကြီး ချီးကျူးဂုဏ်ပြုနေခြင်းဖြစ်ရာ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုနေကြောင်း ထင်ရှားနေပေသည်။

အိုင်အိုမင်းအောင်ကမူ မရိုင်းစိုင်းဘူးဆိုရုံမျှ ဝတ်ကျေတန်းကျေ ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။

အိုင်အိုမင်းအောင်၏ မျက်လုံးများကမူ မေဂျာဘာဂဝမ်းဆင်၏ ဧည့်ခန်းရှိ ဓာတ်ပုံများ၊ နံရံတွင် ချိတ်ဆွဲထားသော အရာဝတ္ထုများကို ကြည့်ရှုနေလေသည်။

အိမ်၏ နံရံများတွင် ရှေးခေတ် တူမီးသေနတ်များ၊ ဟင်ဒလီမာတင် သေနတ်များ၊ ရှေးခေတ် ပစ္စတိုခေါ် မြင်းစီးသေနတ်များ၊ အမဲလိုက် သေနတ်အမျိုးမျိုးတို့ကို တွေ့ရသည်။

ထို့နောက် အိုင်အိုမင်းအောင်သည် ကိုယ့်ကိုယ်ကို သတ်သေသော အိမ်ရှင်ဘာဂဝမ်းဆင် ဇနီး၏ ဓာတ်ပုံကို စူးစိုက်၍ကြည့်နေသည်။ ဓာတ်ပုံထဲရှိ ကုလားမကလေးမှာ အလွန်ပင် နှာခေါင်းချွန်၊ အလွန်ပင် အကျည်းတန်လှပါသည်။

မစ္စတာမောရစ်(စ်)ကောလစ်က ကျွန်ုပ်တို့အား ကြည့်ပြီး–

"ကဲ အိုင်ပီ၊ ကျွန်ုပ် ဥပဒေအတိုင်း ဖြစ်ချင်တယ်၊ တရားမျှတမှုကိုပဲ လိုလားတယ်၊ ဘယ်သူ့မျက်နှာကိုမှ ထောက်ထားစရာ မလိုဘူး၊



ခင်ဗျားတို့ တွေ့တဲ့အတိုင်းသာ ကျွန်ုပ်ကို ထင်မြင်ချက်ပေးပါ၊ ဟောဒီအခန်းထဲမှာ အလောင်းရှိတယ်"

ကျွန်ုပ်ကလည်း ထိုင်ရာမှထရင်း–

"ကောင်းပါပြီ အရေးပိုင်မင်း"

ထို့နောက် ကျွန်ုပ်တို့သည် ပန်ချာပီ မေဂျာဘာဂဝမ်းဆင်၏ ဇနီးသူ ကိုယ်သူ သတ်သေသော အခန်းထဲသို့ ဝင်ခဲ့ကြသည်။ အခန်းမှာ အိပ်ခန်းဖြစ်လေသည်။

မေဂျာဘာဂဝမ်းဆင်၏ ဇနီး ဘီဘီဆင်းသည် နေအိမ်အိပ်ခန်း ခုတင်ပေါ်တွင် လက်ယာလက်မှ မိန်းမကိုင် ပစ္စတိုသေနတ်ကိုကိုင်လျက် ဖြူဖွေးသော မွေ့ရာပေါ်ရှိသွေးအိုင်ထဲတွင် လဲကျသေဆုံးနေသည်ကို တွေ့ရလေသည်။

ဘီဘီဆင်းသည် ဖြူဖွေးတောင့်တင်းပြီး လုံးကြီးပေါက်လှဖြစ်ခါ ကိုယ်ခန္ဓာ အချိုးအစားမှာ တပ်မက်ဖွယ်ကောင်းသော်လည်း မျက်နှာမှာမူ မလှပပါ။ ကြီးမားသော နှာခေါင်းကြီးနှင့် နှာခေါင်းအပေါက်ဝမှာ အင်္ဂလိပ် မတ်စေ့အဝိုင်းခန့်ပင် ရှိမည်ဟု ထင်ရလေသည်။

ဘီဘီဆင်းသည် ညာဘက်နားထင်တွင် ပစ္စတိုနှင့်တေ့ပြီး ပစ်သွင်းလိုက်ရာ ကျည်ဆံသည် လက်ဝဲဘက်ချိုစောင်းမှ ပွင့်ထွက်သွားဟန်ရှိသည်။ ထုံးစံအတိုင်း ကျည်ဆံဝင်ပေါက်သည် ကျဉ်းမြောင်းပြီး ကျည်ဆံထွက်ပေါက်သည် ကျယ်ပြန့်လေသည်။

မိမိကိုယ်ကို သတ်သေမှုများတွင် တွေ့ရသော သေနတ်နှင့် အနီးကပ်ပစ်သော လက္ခဏာဖြစ်သည့် ယမ်းမှုန့်ယမ်းစများကို လက်ယာဘက်နားထင်တွင် တွေ့ရပါ၏။ ထိုယမ်းမှုန့်များကို ကြည့်ရခြင်းအားဖြင့် ကိုယ့်ကိုယ်ကို သတ်သေခြင်းမှာ ယုံမှားသံသယ ဖြစ်ရာမလိုပေ။

သေသူ၏ လက်ယာဘက်လက်ထဲတွင်လည်း မိန်းမကိုင်ပစ္စတို သေနတ် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်ကို တွေ့ရလေသည်။

အချို့သော လူသတ်သမားများသည် သေသူအား ကိုယ့်ကိုယ်ကို သတ်သေသည်ဟု ထင်မြင်ရန် နားထင်တွင်တေ့၍ ပစ်သတ်ပြီး သေနတ်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ထည့်ပေးထားတတ်ရာ လက်သည် လျှော့တိလျှော့ရဲနှင့် သေနတ်ပေါ်တွင်လည်း လူသတ်သမား၏ လက်ဗွေရာများ တွေ့ရတတ်လေသည်။

ထို့နောက် ခုတင်ခေါင်းရင်း အနီးတွင် ၂.၅ မီလီမီတာ ကျည်ခွံကလေးကို ရရှိသဖြင့် ကျွန်ုပ် သိမ်းဆည်းကောက်ယူကြည့်လိုက်သည်။

အိုင်အိုမင်းအောင်သည် သူ၏ ပွန်ဒိုက်ရှူးဖိနပ်ကိုချွတ်ပြီး ခုတင်ပေါ်သို့တက်ကာ အလောင်းကို သေချာစေ့စပ်စွာ စူးစိုက်ကြည့်နေလေသည်။

ထို့နောက် အိုင်အိုမင်းအောင်သည် ဘီဘီဆင်း၏ လက်ယာဘက်လက်ထဲတွင် ကိုင်ထားသော မိန်းမကိုင် ပစ္စတိုသေနတ်ကို သေချာစွာကြည့်ရှုပြီး အံလွန်အံ့သြသော မျက်နှာနှင့် ပစ္စတိုသေနတ်ကို ဖြုတ်ယူလိုက်သည်။

"အိုင်ဆေး ကိုမင်းအောင် ဘာတွေ့လဲ၊ လက်ဗွေတွေ့သလား"

ကျွန်ုပ်က သိချင်ဇောနှင့် ကိုမင်းအောင်အား မေးလိုက်သည်။

အိုင်အိုမင်းအောင်သည် ဖြုတ်ယူလိုက်သော မိန်းမကိုင်ပစ္စတိုကို ထပ်မံစစ်ဆေးပြီး နဖူးကြောများ ထောင်လာသည်အထိ စဉ်းစားနေပြီးနောက် သူ၏မျက်နှာသည် ဖြူးယောင်သန်းလာပါသည်။

"ဒီမှာအိုင်ပီ၊ ဒီအော်တိုမက်တစ် (Automatic) သေနတ်တွေဟာ ပစ်ပြီးရင် ဆက်ပြီး မောင်းတင်နေရမယ်၊ ခုတော့ မောင်းမတင်ဘဲ လုံခြုံရေးသော့ကောင် ချထားပါလား၊ သေသူတစ်ယောက်ဟာ သူ့ကိုယ်သူ ပစ်သတ်ပြီးမှ ကျည်ရှင်းထုတ်ပြီး လုံခြုံရေးသော့ (ဆေ့(ဖ်)တီကက်) ကို ချနိုင်လိမ့်မယ် မထင်ဘူး"

အိုင်အိုမင်းအောင်က ပြောလိုက်သဖြင့် ကျွန်ုပ် များစွာအံ့သြခြင်းနှင့် သူ့လက်ထဲမှ မိန်းမကိုင် ပစ္စတိုကို ယူကြည့်လိုက်ရာ အိုင်အိုမင်းအောင် ပြောသည့်အတိုင်း ဖြစ်နေလေသည်။

ကျွန်ုပ်က မေဂျာဘဂဝမ်းဆင်အား သေသူ၏ လက်ထဲတွင်ရှိသည့် သေနတ်အကြောင်း စုံစမ်းလိုက်သည်။



"ဒီမှာမေဂျာ၊ ဒီသေနတ်က ဘယ်သူ့သေနတ်လဲ"

"ဒီဟာ ဘီဘီဆင်း သေနတ်ပါ"

"ဒီလို အမျိုးအစားတူတဲ့ သေနတ်မျိုး မေဂျာမှာ ရှိသလား"

"မရှိပါဘူး၊ ကျွန်တော့်ကို စစ်တပ်ကပေးတဲ့ ဝက်ဗလီခြောက်လုံးပြူး သေနတ်ပဲ ရှိပါတယ်"

"ဒါနဲ့မေဂျာ အခုရက်ပိုင်းအတွင်း မစ္စက်ဘဂဝမ်းဆင်းဟာ သူ့ကိုယ်သူ သတ်သေလောက်အောင် စိတ်ညစ်စရာများ ရှိသလား"

မေဂျာဘဂဝမ်းဆင်သည် အလွန်ပင် ဝမ်းနည်းကြေကွဲစွာနှင့် သက်ပြင်း၊ နှစ်ဘက်ထဲတွင် မျက်နှာကို အပ်လိုက်ပြီး–

"အခုတလော ကျွန်တော် မေဖဲယားကလပ်မှာ အင်္ဂလိုအင်ဒီးယန်းမအလေး ရှယ်လီနဲ့ တွဲနေတာကို သူ မကျေနပ်ဘူးထင်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့က ရိုးရိုး နိုက်ကလပ်သွားတာပါ၊ ဒါနဲ့ပတ်သက်ပြီး သူ စိတ်ညစ်မလား မသိဘူး"

ဘဂဝမ်းဆင်က ဖြေကြားယင်း သက်ပြင်းကြီးချလိုက်သည်။

သူသည် ဘီဘီဆင်း၏ အလောင်းကို မချိတင်ကဲစွာ လှမ်းကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

အိုင်အိုမင်းအောင်သည် ဘီဘီဆင်း၏ အလောင်းလဲကျနေသော အခန်းထဲမှ ပြန်ထွက်လာပြီး ဧည့်ခန်းနံရံတွင် ချိတ်ထားသော ဘီဘီဆင်း၏ ဓာတ်ပုံများကို ပြန်ကြည့်သည်။

ထိုဓာတ်ပုံများမှာ တစ်ပုံမှာ ဘီဘီဆင်းသည် ဘောင်းဘီဖြူ မို့ရှပ်အဖြူနှင့် 'တင်းနစ်ရက်ကက်' ကို ကိုင်ထားသော ပုံတစ်ပုံဖြစ်ပြီး ကျန်ပုံတစ်ပုံမှာ စစ်ကြိုခေတ်က အပျော်တမ်း မြင်းစီးအသင်းရှိရာ ဘီဘီဆင်းသည် မြင်းစီးဖိနပ်၊ ဂျော်ကီဦးထုပ်ကို စမတ်ကျကျဆောင်း၍ ကြာပွတ်တစ်ခုကို ကိုင်ကာ မြင့်မားထွားကျိုင်းသော မြင်းကြီးရှေ့တွင် ခေတ်တတ်ရပ်နေသော ပုံတို့ဖြစ်လေသည်။

"ဒီမှာ မေဂျာ၊ ခင်ဗျားတို့မိသားစု ရိုက်ထားတဲ့ဓာတ်ပုံတွေ ရှိသလား၊ အယ်ဘမ် (Album) ခဏလောက်ကြည့်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုမင်းအောင်က ထိုသို့ပြောလိုက်သောအခါ မေဂျာဘာဂဝမ်းဆင်သည် လူသေမှုနဲ့ အလ်ဘာမ်နှင့် ဘာမှမဆိုင်သကဲ့သို့ အထင်သေးစက်ဆုပ်သော အမူအရာနှင့် ဗီရိုအတွင်းမှ ဓာတ်ပုံအယ်လ်ဘာမ်တစ်ခုကို ယူထုတ်ပေးလေသည်။

ကျွန်ုပ်ကလည်း အိုင်အိုမင်းအောင်၏ အပြုအမူမှာ အမှုနှင့်မသက်ဆိုင်ဟု ထင်မြင်သော်လည်း အိုင်အိုမင်းအောင်သည် တစ်စုံတစ်ခု ထူးထူးခြားခြား တွေ့ရှိ၍သာ ယခုကဲ့သို့ အယ်လ်ဘမ်တောင်းခြင်းဟု နှလုံးပိုက်မိသည်။

အယ်လ်ဘမ်ရသောအခါ အိုင်အိုမင်းအောင်သည် ဘီဘီဆင်း၏ ဓာတ်ပုံများကိုသာ ဂရုစိုက်ကြည့်နေပြီး စက်ပစ်ကွင်းတွင် သေနတ်ပစ်နေသော ပုံတစ်ပုံနှင့် စာရေးစားပွဲတွင် စာထိုင်ရေးနေသော ပုံတစ်ပုံကို သပ်သပ်ဖယ်ထားလိုက်သည်ကို တွေ့ရလေသည်။

ထို့နောက် အိုင်အိုမင်းအောင်သည် မေဂျာဘာဂဝမ်းဆင်၏ ထမင်းချက် စစ်သားကုလားတစ်ဦးကို မီးဖိုခန်းထဲတွင် စစ်ဆေးရန် ခေါ်သွားလေသည်။

"ဟေ့ ဘက်(ချ်)မင်း၊ မင်းသေနတ်သံကြားသလား"

"မကြားဘူးဆပ်၊ တံခါးပိတ်သံကြားတယ်၊ သုံးခါပိတ်တယ်"

"မေဂျာနဲ့ ဘီဘီဆင်း ရန်ဖြစ်သံကော ကြားသလား"

"မကြားဘူးဆပ်၊ ရန်မဖြစ်ဘူး"

"တံခါးပိတ်သံကြားပြီး မေဂျာ ဘာလုပ်နေသလဲ"

"မေဂျာ ခြံထဲမှာ သစ်ပင်စိုက်နေတယ်"

"အလောင်းကို ဘယ်သူအရင် တွေ့သလဲ"

"ကျွန်တော် တွေ့တယ် ဆပ်၊ ဘီဘီဆင်းကို ကော်ဖီနဲ့ ဆင်းဒွစ်သွားပို့တော့ တံခါးဖွင့်မရတာနဲ့ အတင်းခေါ်နိုးတယ်၊ မရတာနဲ့ မေဂျာကို ပြောပြီး ထရံပေါ်တက်ကြည့်တော့ ခုတင်ပေါ်မှာ ဘီဘီဆင်း လဲနေတာ တွေ့တယ်။ ဒါနဲ့ တံခါးကိုဖျက်ပြီး ဝင်ကြည့်တော့ သေသွားပြီဆပ်၊ ဘုရားခေါ်သွားပြီ"



"ခင်ဗျားတို့ အခန်းထဲရောက်တော့ အလောင်းက လှုပ်ရှားနေသေးသလား"

"ငြိမ်နေပြီဆပ်၊ သစ်တုံးဖြစ်နေပြီ"

"တံခါးပိတ်သံ ကြားပြီးမှ မေဂျာ သစ်ပင်စိုက်သလား၊ မကြားခင်ကထဲကလား"

"တံခါးပိတ်သံ ကြားပြီးမှဆပ်"

"ကောင်းပြီ၊ တော်ပါပြီ"

ထို့နောက် ကျွန်ုပ်နှင့် အိုင်အိုမင်းအောင်တို့သည် မီးဖိုခန်းနှင့် အိမ်မကြီး ဆက်သွယ်ပုံများကို လေ့လာပြီး အိမ်ရှေ့ခန်းသို့ ပြန်ထွက်ခဲ့သည်။

အိုင်အိုမင်းအောင်က မေဂျာဘာဂဝမ်းဆင်အား အမှုအဖြစ်အပျက်ကို မေးမြန်းရာ မေဂျာဘာဂဝမ်းဆင်က ယနေ့ညနေ ရုံးမှဆင်းချိန်တွင် ဘီဘီဆင်းသည် အိပ်ခန်းထဲတွင်ရှိနေပြီး ၎င်းအား စကားမပြောသဖြင့် ယူနီဖောင်းချွတ်ပြီး ခြံထဲဆင်း၍ သစ်ပင်စိုက်နေစဉ် ဘက်(ချ်) မင်းစစ်သားက ခေါ်သဖြင့် အိမ်ပေါ်သို့ ပြန်တက်သွားရာ ဘီဘီဆင်းသည် သူ့ကိုယ်သူ ပစ်သတ်ထားသည်ကို တွေ့ရသဖြင့် တံခါးဖျက်ပြီး သက်ဆိုင်ရာသို့ တိုင်တန်းခြင်းဖြစ်ကြောင်း ထွက်ဆိုပါသည်။

အိုင်အိုမင်းအောင်က မေဂျာဘာဂဝမ်းဆင်၏ မျက်ခွက်ကို စူးရှသော မျက်လုံးအစုံနှင့် စိုက်ကြည့်ပြီး မေဂျာ၏ မျက်နှာရိပ်ကို အကဲခတ်ရင်း မေးခွန်းများ ထုတ်လေသည်။

"မေဂျာ သေနတ်ပစ်သံ ကြားရသလား"

"မကြားရပါဘူး"

"တံခါးပိတ်သံ သုံးခါလောက်ကော ကြားရသလား"

"မကြားရပါဘူး"

"ဘက်(ချ်) မင်းခေါ်မှသိတာပေါ့"

"ဟုတ်တယ်၊ ဘက်(ချ်)မင်းက အော်ခေါ်ပြီး ထရံပေါ်တက်ကြည့်မှ ဘီဘီဆင်း သေနေတာ တွေ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီအိမ်ပေါ်မှာ ဘီဘီဆင်းရယ်၊ မေရီဂျာရယ်၊ ဘက်(ချ်)မင်းရယ် (၃) ယောက်ထဲရှိတာပေါ့။ တခြား ဘယ်သူများရှိသေးလဲ"

"မရှိဘူး၊ ကျွန်တော်တို့သုံးယောက်ပဲရှိတယ်"

အိုင်အိုမင်းအောင်သည် မေရီဂျာဘာဂဝမ်းဆင် သစ်ပင်စိုက်နေသည် ဆိုသော အိမ်ရှေ့ကိုသွားကြည့်ပြီး ဘက်(ချ်) မင်းရှိနေသော မီးဖိုချောင်နှင့် မေရီဂျာ သစ်ပင်စိုက်နေသော နေရာတို့ မည်သည့်နေရာက ဝေးသနည်းဟု စိတ်မှန်းနှင့် တိုင်းတာနေသည်။

အမှန်အားဖြင့် မေရီဂျာ သစ်ပင်စိုက်နေသော နေရာသည် အိမ်မကြီးနှင့် ပို၍နီးပါသည်။ မီးဖိုမှာ ရှေးခေတ်အိမ်ပုံစံဖြစ်၍ အိမ်မကြီးမှ ပေ (၃၀) လောက်အကွာတွင် သပ်သပ် အဆောင်ထုတ်ထားပြီး အိမ်မကြီးနှင့် စင်္ကြံလမ်းဖြင့် ဆက်ထားသည်။

အိုင်အိုမင်းအောင်သည် ခြံထဲရှိ သစ်ရွက်များနှင့် သဲမှုန်များကို ကောက်ယူ၍ လက်ကို ပခုံးနှင့်အညီ ဆန့်တန်းကာ ပစ်ချကြည့်ပြီး စမ်းသပ်ရာ လေသည် မီးဖိုဘက်မှ အိမ်ရှေ့ခြံဘက်သို့ တိုက်ခတ်နေသည်ကို တွေ့ရသည်။

ထို့နောက် အိုင်အိုမင်းအောင်သည် အိမ်မကြီးပေါ်သို့ ပြန်တက်လာပြီး ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီး မစ္စတာမောရစ်(စ်) ကောလစ်အား စုံစမ်းတွေ့ရှိချက်ကို အစီရင်ခံတော့သည်။

"ဒီအမှုဟာ မိမိကိုယ်ကို သတ်သေမှု မဟုတ်ပါဘူး အရေးပိုင်မင်း၊ လူသတ်မှုပါ"

မစ္စတာမောရစ်(စ်)ကောလစ်၊ ကန်တိုမင်အာဏာပိုင်နှင့် စစ်ခုံရုံးတရားသူကြီးတို့သည် လွန်စွာအံ့သြဟန်နှင့် အိုင်အိုမင်းအောင်အား ပြိုင်တူမော့ကြည့်လိုက်သည်။

"ဘယ်လို အထောက်အထား ရှိသလဲ လူကလေး"

မစ္စတာ မောရစ်ကောလစ်က မေးလိုက်သည်။

"ပထမအချက်က အော်တိုမစ်တစ် သေနတ်တွေဟာ ပစ်ပြီးရင် မောင်းထင်နေပါတယ်၊ အခု ဘီဘီဆင်းရဲ့ လက်ထဲမှာ တွေ့ရတဲ့ ၂၅ အမှတ်တို သေနတ်ဟာ မောင်းမတင်နေဘူး၊ ပြီးတော့ ဆေ့(ဖ်)တီးကက်ချထားတာ တွေ့ရတယ်။ ဒီအချက်နဲ့တင် ဘီဘီဆင်းဟာ သူ့ကိုယ်သူ သတ်သေတာ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်"



အိုင်အိုမင်းအောင်က လက်ကိုင်ပဝါနှင့် ဆုပ်ထားသော ဒသမ ၂၅ ပစ္စတိုကလေးကို မစ္စတာမောရစ်ကောလစ်တို့အား ပြသလိုက်သည်။

ထို့နောက် အိုင်အိုမင်းအောင်သည် နံရံတွင် ချိတ်ထားသော ဘီဘီဆင်း၏ ဓာတ်ပုံကို လက်ညှိုးထိုးပြပြီး။

"ဓာတ်ပုံကိုကြည့်ရင် ဘီဘီဆင်းဟာ တင်းနစ်ရက်ကက်ကို ဘယ်လက်နဲ့ ကိုင်ထားတယ်၊ ကြာပွတ်ကိုလဲ ဘယ်လက်နဲ့ ကိုင်ထားတာ တွေ့ရလိမ့်မယ်၊ ဟောဒီ သေနတ်ပစ်နေတဲ့ပုံရယ်၊ စာရေးနေတဲ့ပုံရယ် ကြည့်ရင်လဲ ဘယ်လက်ကို အသုံးပြုတာ တွေ့ရပါလိမ့်မယ်၊ ဒါကြောင့် ဘီဘီဆင်းဟာ ဘယ်သန်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဘယ်သန်တဲ့ သူတစ်ယောက်ဟာ သူ့ကိုယ်သူ သေနတ်နဲ့ပစ်သတ်ရင် ဘယ်လက်နဲ့ပဲ သေနတ်ပစ်မှာပါ၊ အခု ညာလက်ထဲမှာ သေနတ်ရောက်နေပါတယ်။ ဒါဟာ ဘယ်နည်းနဲ့မှ ကိုယ့်ကိုယ်ကိုသတ်သေတာ မဖြစ်နိုင်ပါဘူး"

အိုင်အိုမင်းအောင်၏ ရှင်းပြချက်အရ ကျွန်ုပ်တို့ နံရံတွင် ချိတ်ထားသော ဘီဘီဆင်း၏ ဓာတ်ပုံများကိုကြည့်ရာ အိုင်အိုမင်းအောင် ပြောသကဲ့သို့ပင် ဘယ်လက်ကို အသုံးပြုထားကြောင်း သိရသည်။

ကျွန်ုပ်တို့အားလုံး အိုင်အိုမင်းအောင်နှင့် အတူတူပင် ဓာတ်ပုံကို ကြည့်ခြင်းဖြစ်သော်လည်း အိုင်အိုမင်းအောင်၏ (Observation) ကောင်းမှု၊ အမြင်စူးရှ ထက်မြက်ပုံကြောင့် ကျွန်ုပ်တို့ မတွေ့မြင်ရသော အသေးအဖွဲ အချက်အလက်များကို အိုင်အိုမင်းအောင်က တွေ့ရှိ၍ အမှုကို ဖော်ထုတ်နိုင်ပုံမှာ ချီးကျူးစရာကောင်းလှသည်။

အိုင်အိုမင်းအောင်၏ (Observation) ကောင်းပုံမှာ အလွန်ထူးခြားလှရကား စုံထောက်ခြင်း အတတ်ပညာတွင် သူမတူအောင် ဆော်သော အိုင်အိုမင်းအောင်အား ဘုရားသခင်က တတိယမျက်လုံး၊ အပိုဆုအဖြစ် ဖန်ဆင်းပေးထားသကဲ့သို့ ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိဘက်ပြည်မှ လားမားတို့၏ တတိယမျက်လုံးထက် အိုင်အို[…] အောင်၏ (Observation)ကောင်းသော တတိယမျက်လုံးမှာ ပို၍အ[…] ဝင်လှသည်ဟု ကျွန်ုပ်ထင်မြင်မိပါသည်။

အိုင်အိုမင်းအောင်က ကိုယ့်ကိုယ်ကို သတ်သေမှုမဟုတ်ပါဆို[…] အခါ ထမင်းချက်ကုလား မျက်နှာမှာ စစ်ဆေးရုပ်ကို ကဗ္ဗာရာသုတ်[…] သလို မည်းနက်သွားသည်။

မစ္စတာမောရစ်ကောလစ်သည် ဦးခေါင်းကို ဆတ်ကနဲညိတ်[…] ပြီး ကျေနပ်နှစ်သိမ့်သော အမူအရာဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ချ[…] သည်။

"အိုကေ၊ ဒါဖြင့်ရင် လူသတ်မှုအဖြစ် စုံစမ်းစစ်ဆေးဖို့ […] ကန်တိုမင်ဂါတ်ထဲကို အကြောင်းကြားမယ်"

ထမင်းချက်စစ်သားသည် တစ်စုံတစ်ရာ ဝင်ရောက်ပြောဆို[…] တားရန် အမူအရာရှိသော်လည်း မစ္စတာမောရစ် ကောလစ်ကို […] ရှုံ့မဲ့နှာဖြင့် အမြီးကိုကုပ်ပြီး ခေါင်းငုံ့သွားသော ခွေးကလေးပမာ […] တခေါင်တွင် သွားကပ်လိုက်သည်။

မေဂျာဘဂဝမ်းဆင်သည် ထမင်းချက် ဘက်(ချ်)မင်းကို စား[…] ဝါးမတတ် အမူအရာဖြင့် စူးစိုက်ကြည့်နေသည်။

ရှင်းမျက်လုံးများမှာ ငါးမျက်လုံးကဲ့သို့ ပြူးထွက်နေပြီး ဒေါသ[…] အလျှံများ ထွက်နေသည်ဟု ထင်ရလောက်အောင် စူးရှတောက်ပြော[…] သည်ကို ကျွန်ုပ် ကောင်းစွာမှတ်သားလိုက်မိသည်။

ဘက်(ချ်)မင်း စစ်သားသည်မေဂျာဘဂဝမ်းဆင်အား ရင်[…] ရဲသည့်အလား အကြောင်းမရှိ အကြောင်းရှာပြီး အိမ်မကြီးမှ မီးဖိုခန်း[…] သို့ ထွက်သွားသဖြင့် တရားခံ ထွက်ပြေးသွားမည်ကို ကျွန်ုပ် စိုး[…] လိုက်သည်။

ထို့နောက် မစ္စတာမောရစ်ကောလစ်သည် မေဂျာဘဂဝမ်းဆ[…] တယ်လီဖုန်းဖြင့် ကန်တိုမင်ဂါတ်သို့ လှမ်းဆက်ရန် တယ်လီ[…] စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။



"တရားခံဖမ်းဖို့ လက်ထိပ်နဲ့ အချုပ်ကားပါ တစ်ခါတည်းယူခဲ့ဖို့ ပြောလိုက်ပါ အရေးပိုင်မင်း"

အိုင်အိုမင်းအောင်က တည်ငြိမ်ပြတ်သားစွာနှင့် မစ္စတာမောရစ်ကောလစ်အား လှမ်းပြောလိုက်သည်။

မစ္စတာ မောရစ်ကောလစ်သည် တစ္ဆေသရဲကို တွေ့လိုက်ရသည့်အလား အလွန်ပင် အံ့သြထိတ်လန့်သွားဟန်နှင့် တယ်လီဖုန်းခွက်ကို ကိုင်ထားရင်းမှ လှမ်းမေးလိုက်၏။

"အိုးမိုင်ဂေါ့၊ လွန်စွာအံ့သြဘွယ်ကောင်းတဲ့ လူကလေး၊ တရားခံကို တစ်ခါတည်းဖမ်းမယ်၊ ဟုတ်သလား"

"မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော့်အဖို့ ဒီအမှုကိုလိုက်ရှာတာ ငှက်ပျောသီးအခွံနွှာစားသလောက် လွယ်ပါတယ်"

အိုင်အိုမင်းအောင်က မစ္စတာမောရစ်ကောလစ်၏ မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်သည်။

မစ္စတာမောရစ်ကောလစ်က ကန်တိုမင်ဂါတ်တဲသို့ ဖုန်းဆက်လိုက်သည်။

"အိုင်ဆေးဘုရားသာ တရားခံ ဘယ်သူလဲ၊ ကျွန်တော့်မိန်းမကို သတ်တာ ဘယ်သူလဲ"

မေဂျာ ဘဂဝမ်းဆင်သည် ထောင်ချောက်မိသော ခြင်္သေ့ကဲ့သို့ အသံကြီးဟိန်း၍ မေးလိုက်သည်။

မစ္စတာမောရစ်ကောလစ်ကလည်း ဖုန်းဆက်ပြီးလျှင်ပြီးချင်း သိလိုစောနှင့် လှမ်းမေးလိုက်သည်။

"တရားခံ ဘယ်သူလဲ လူကလေး၊ ကျွန်ုပ်ကိုပြောပါ"

အိုင်အိုမင်းအောင်သည် မည်သို့မျှ ထုတ်ဖော်မပြောသေးဘဲ မေဂျာဘဂဝမ်းဆင်၏ ဒေါသကြီးနေပုံကို အကဲခတ်၍ ခပ်ဆိတ်ဆိတ်နေလိုက်သည်။

ကန်တိုမင် အာဏာပိုင် ကာနယ်ကြီးနှင့် စစ်ရုံးတရားသူကြီး မေဂျာတို့လည်း တရားခံကို သိလိုစောနှင့် အိုင်အိုမင်းအောင်အား လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။

မေဂျာ ဘဂဝမ်းဆင်သည် မီးဖိုချောင်သို့ မသိမသာ ရှောင်ထွက်သွားသော ဘက်(ချ်)မင်း စစ်သားကို ဒေါသတကြီးနှင့် လှမ်းအော်ခေါ်သည်။

"လာရာဆင်း၊ လာရာဆင်း၊ ဂျာလတီးအောင်း"

ထမင်းချက်လာရာဆင်းသည် မျက်နှာတွင် သွေးမရှိသလိုနှင့် ခပ်ကုပ်ကုပ် တက်လာသည်။

မေဂျာဘဂဝမ်းဆင်က လာရာဆင်းအား ကြမ်းပြင်တွင် ဆောင့်ကြောင့်ထိုင်နိုင်းပြီး၊

"ကျေးဇူးပြုပြီး တရားခံကို ပြောပါ ပုလိပ်အရာရှိ၊ ဒီအိမ်မှာ သူနဲ့ ကျွန်ုပ်ပဲရှိတယ်၊ ကျွန်ုပ်မိန်းမကို သူသတ်တယ် မဟုတ်လား"

မေဂျာဘဂဝမ်းဆင်သည် သိုးငယ်ကို အရည်ခွဲဆုတ်ဖြဲစားသောက်တော့မည့် ဝံပုလွေကြီးကဲ့သို့ လာရာဆင်းကိုကြည့်ပြီး အိုင်အိုမင်းအောင်အား မေးလိုက်သည်။

"လူသတ်တရားခံဟာ လာရာဆင်း မဟုတ်ပါဘူး၊ လူသတ်တရားခံဟာ မေဂျာပါ"

အိုင်အိုမင်းအောင်၏ စကားကို ကြားလိုက်ရသောအခါ ကျွန်ုပ်တို့အားလုံးမှာ ကိုယ့်နားကို ကိုယ်မယုံသလို ဖြစ်သွားရသည်။

မစ္စတာမောရစ်ကောလစ်နှင့် မျက်နှာဖြူ စစ်အရာရှိ အားလုံး အံ့အားသင့်သွားသည်။

မေဂျာဘဂဝမ်းဆင်သည် ထခုန်မတတ် ဒေါသအလွန်ထွက်သွားပြီး

"အို... ဖူးလ် အရူး မင်းဟာ အရူး၊ ကျွန်ုပ်မိန်းမကို ကျွန်ုပ် သတ်မလား"

မေဂျာဘဂဝမ်းဆင်သည် အိုင်အိုမင်းအောင်အား တစ်စုံတစ်ခုပြုရန် ရှေ့တိုးလိုက်ပြီး လက်ကိုမြှောက်လိုက်သော်လည်း အိုင်အိုမင်းအောင်၏ ရဲဝံ့တည်ကြည် ဘာမထီသော မျက်နှာကြောင့် မည်သို့မျှ မပြုလုပ်ရဲဘဲ သူ၏ အိပ်ခန်းထဲသို့ ဝင်ရောက်သွားသည်ကို တွေ့လိုက်ရသည်။



အိုင်အိုမင်းအောင်သည် ကြောင်တစ်ကောင်ကဲ့သို့ လျင်မြန်ပေါ့ပါးစွာနှင့် မေဂျာဝင်သွားသော အခန်းနှင့်ယှဉ်လျက် ဘိဘိဆင်း၏ အခန်းထဲသို့ ဝင်သွားလေသည်။

အိမ်ကို သိမ့်သိမ့်တုန်စေသော ခြေသံများကို ကြားရပြီးမေဂျာ ဘဂဝမ်းဆင်သည် ဧည့်ခန်းထဲသို့ ဒေါသတကြီးနှင့် ပြန်ထွက်လာသည်။

ကျွန်ုပ်က မေဂျာဘဂဝမ်းဆင်အား ကြည့်လိုက်ရာ စစ်တပ်မှ ထုတ်ပေးသော ဝက်ဗလီခြောက်လုံးပြူးနှင့် ကျွန်ုပ်တို့အား မိုက်မဲစွာချိန်ရွယ်ထားသည်ကို တွေ့လိုက်ရသည်။

မစ္စတာမောရစ်ကောလစ်နှင့် မျက်နှာဖြူ စစ်အရာရှိအားလုံးမှာ ထိတ်ထိတ်ပျာပျာနှင့် လွန်စွာတုန်လှုပ်သွားကြသည်။

"အို... ဘယ်လိုဖြစ်တာလဲ မေဂျာ၊ ခင်ဗျား အပြစ်ပိုကြီးသွားမှာပေါ့"

ကန်တိုမင်ကာနယ်ကြီးက လှမ်းပြောလိုက်သည်။ မေဂျာဘဂဝမ်းဆင်သည် သူရူးတစ်ယောက်ကဲ့သို့ ဒေါသတကြီးနှင့် ခြောက်လုံးပြူးကို ထုပ်ယမ်းကာ–

"သတ်မယ်၊ ခင်ဗျားတို့အားလုံးကို သတ်မယ်"

ကျွန်ုပ်တို့ အားလုံးသည် လွန်စွာကြောက်ရွံ့ပြီး သေမင်းနှင့် လွန်စွာနီးကပ်နေသဖြင့် ဘုရားကိုသာ တ,နေမိတော့သည်။

ထိုအခိုက် ဘိဘိဆင်း၏ အခန်းတွင်းမှ အိုင်အိုမင်းအောင် ထွက်လာပြီး အောင်မြင်ခန့်ညားပြီး ဩဇာအာဏာနှင့် ပြည့်စုံသော အသံကြီးသည် ဟိန်းထွက်လာသည်။

"သေနတ်ကို ချလိုက်ပါ မေဂျာ၊ ကျုပ်ရဲ့သေနတ်က မောင်းတင်ပြီး ပြီ၊ ခင်ဗျားရဲ့ ဦးနှောက်ကို ဖောက်မသွားချင်ရင် သေနတ်ကို ချလိုက်ပါ"

အိုင်အိုမင်းအောင်သည် ဒဿမ ၃၂ ဘိုလ့်အမျိုးအစား ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် မေဂျာဘဂဝမ်းဆင်၏ ဦးခေါင်းကို တန်းတန်းမတ်မတ် ချိန်ရွယ်ထားသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေဂျာဘာဂဝမ်းဆင်သည် အိုင်အိုမင်းအောင်၏ အသံကို ကြားရသဖြင့် ကျွန်ုပ်တို့ထံမှအာရုံပြောင်းသွားပြီး

"ငါတို့ ဆစ်လူမျိုးတွေဟာ နောက်ကျောက ကျည်ဆံဘယ်တော့မှ အဝင်မခံဘူး၊ ရင်ဘတ်က ကျည်ဆံအဝင်ခံမယ်"

ပြောပြောဆိုဆို မေဂျာဘာဂဝမ်းဆင်သည် ချာကနဲလှည့်လိုက်ပြီး အိုင်အိုမင်းအောင်အား သေနတ်နှင့်ပစ်ရန် ပြင်ဆင်လိုက်သည်။

ထိတ်လန့်တုန်လှုပ်ဖွယ်ရာ 'ဒိုင်း' ကနဲ အသံကြားရပြီး မေဂျာဘာဂဝမ်းဆင်၏ ညာဘက်လက်မဖိုးကို ကျည်ဆံမှန်ပြီး ဝက်ဗလီခြောက်လုံးပြူးကြီးသည် ကြမ်းပေါ်သို့ ပြုတ်ကျသွားသည်။

မေဂျာဘာဂဝမ်းဆင်သည် သေနတ်မှန်သွားသောလက်မှ သွေးများကို ဆုပ်ကိုင်ထားပြီး အိုင်အိုမင်းအောင်အား ထိတ်လန့်စွာ ကြည့်နေသည်။

"ဝမ်းနည်းပါတယ် မေဂျာ၊ ကျုပ်က ဆပ်ကျောင်းမှာ သေနတ်ပစ်ဒိုင်းဆုရထားတော့ ကျုပ်ကို ဘယ်စမ်းလို့ရမလဲ"

အိုင်အိုမင်းအောင်သည် ကြမ်းပြင်တွင် ကျသွားသော မေဂျာ၏ ဝက်ဗလီခြောက်လုံးပြူးကို ညာခြေနှင့် ဘယ်ခြေထောက် ရှူးဖိနပ်ဦးပေါ်သို့ ယက်တင်ပြီး ဘယ်ခြေကို မြှောက်တင်လိုက်ရာ ခြောက်လုံးပြူးသည် အပေါ်သို့ မြောက်တက်လာ၍ ဘယ်လက်နှင့် ကျင်လည်စွာ ဖမ်းယူလိုက်သည်ကို ရွှဲသမားရွှဲကစားသကဲ့သို့ လှပစွာ ကျွန်ုပ်တို့အားလုံး တွေ့လိုက်ကြရသည်။

အိုင်အိုမင်းအောင်သည် သေနတ်နှစ်လက်နှင့် မေဂျာဘာဂဝမ်းဆင်အား ချိန်ရွယ်ထားလိုက်သည်။

ထိုအခိုက် ကန်တိုမင်ဂါတ်တဲမှ ပုလိပ်များ ရောက်ရှိလာပြီး မေဂျာဘာဂဝမ်းဆင်ကို ဖမ်းသွားကြသည်။

မစ္စတာမောရစ်ကောလစ်၊ ကန်တိုမင်ကာနယ်ကြီး၊ စစ်ခုံရုံး တရားသူကြီးစသော မျက်နှာဖြူအရာရှိကြီးများသည် အိုင်အိုမင်းအောင်အား လက်ဆွဲနှုတ်ဆက်လိုက် ပခုံးကို ပုတ်လိုက်နှင့် ချီးကျူးဂုဏ်ပြု၍မဆုံးဖြစ်နေကြသည်။



ကျွန်ုပ်နှင့် အိုင်အိုမင်းအောင်လည်း အမှုပြီးဆုံးသဖြင့် အင်းစိန်ဒီသို့ ပြန်ခဲ့ကြသည်။

လမ်းတွင် ကျွန်ုပ် ၏အမှု ဖော်ထုတ်ပုံကို အိုင်အိုမင်းအောင်အား န်းရာ အိုင်အိုမင်းအောင်သည် အိုက်တင်ခံမနေတော့ဘဲ မဆိုင်းမတွပင် ကြားလေသည်။

"လွယ်ပါတယ် အိုင်ပီ၊ တံခါးပိတ်သံ မကြားတဲ့လူဟာ တရားခံ"

"ဘယ်လို တံခါးပိတ်သံနဲ့ လူသတ်မှုနဲ့ ဘာဆိုင်လဲဗျ"

"မေဂျာဘာဂဝမ်းဆင် ရုံးကပြန်လာပြီး ဘီဘီဆင်းရဲ့နားထင်ကို ပြီး သေနတ်နဲ့ပစ်သတ်တယ်၊ ပြီးတော့ ပစ္စတိုကို ကျည်ရှင်းပြီး လုံခြုံ တော့ကိုပိတ်ပြီး ဘီဘီဆင်းရဲ့ ညာလက်ထဲမှာ အတင်းထိုးထည့်ပေး တယ်၊ ပြီးတော့ သူ့ကိုယ်သူ သတ်သေတယ်လို့ထင်အောင် ဘီဘီ ရဲ့ အခန်းတံခါးကို ကန့်လန့်ကိုတော့ပြီး အပြင်ဘက်က ဆွဲပိတ်တယ်၊ ှစ်နေတော့ ကန့်လန့်က ချက်ချင်းမကျလို့ သုံးကြိမ်တိတိ ဆောင့်ဆွဲ မှ ကန့်လန့်ကျပြီး သူက ပန်းခြံထဲမှာဆင်းပြီး သစ်ပင်စိုက်ချင်ယောင် င်နေတယ်"

အိုင်အိုမင်းအောင်သည် လူသတ်မှုကို သူကိုယ်တိုင် သေးနားက ကြည့်နေသည့်အလား ဒိုးဒိုးဒေါက်ဒေါက်နှင့် ပြောချလိုက်သည်။

"ဘက်(ချ်)မင်းလာရာဆင်း ကော်ပီသွားပို့တော့ ခေါ်မရ နှိုးမရတာနဲ့ ကိုခေါ်ပြီး ထရံပေါ်တက်ကြည့်တော့ ဘီဘီဆင်း အိပ်ရာထဲမှာ နေတာ တွေ့တယ်၊ ဒါနဲ့ မေဂျာကိုခေါ်ပြောပြီး တံခါးကိုဖျက်ပြီး တယ်၊ ဒါက အမှုရဲ့ အမှန်ဖြစ်ပျက်ပုံပေါ့ အိုင်ပီ"

ကျွန်ုပ်က အိုင်အိုမင်းအောင် ပြောသမျှကို ပုံမြင်နားထောင်သော သည် တစ်လုံးတပါဒ လွတ်သွားမည်ကို စိုးရိမ်သကဲ့သို့ ဂရုစိုက်၍ ထောင်နေသည်။

အိုင်အိုမင်းအောင်က ဆက်၍ပြောပြန်သည်။

"ဒီအိမ်မှာ လာရာဆင်းနဲ့ မေဂျာ နှစ်ယောက်တည်းရှိတယ်၊ စစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးခင်းထဲမှာ တခြားကလူလာပြီး သတ်လို့မရဘူး၊ တခြားကလူ ဝင်လာတဲ့ရှင်ထဲ အိမ်ရှေ့မှာ မေဂျာ၊ အိမ်နောက်ဖေးမှာ လာရာဆင်းရှိတော့ သူတို့ မြင်ရမှာပေါ့။ ပြီးတော့ အရပ်သားတစ်ယောက်က ဖစ်သတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ထင်အောင် ပစ္စတိုသေနတ်ကို လက်ထဲ ထည့်ပေးခဲ့ရင် ကျည်ရှင်းပြီး လုံခြုံရေးသော့ ချသွားမှာမဟုတ်ဘူး။ ကျည်ရှင်းတာတို့ လုံခြုံရေးသော့ချတာတို့က စစ်မိုလ်စစ်သားတွေသာ ကျွမ်းကျင်တော့တာ မဟုတ်လား အိုင်ပီ"

ကျွန်ုပ်တို့ ကားကလေးသည် ဟံသာဝတီအဝိုင်းသို့ ရောက်သဖြင့် ကားများ ဆုံနေသဖြင့် ခေတ္တစောင့်နေရာ အိုင်အိုမင်းအောင်သည် အလိုက် သိစွာ စကားကို ခေတ္တရပ်ထားသည်။

"ကဲ ခင်ဗျားဥစ္စာ ဆက်ပါဦးဗျ"

ကျွန်ုပ်က ဆက်လက်သိချင်သဖြင့် မေးလိုက်သည်။

"လာရာဆင်းက တံခါးပိတ်သံ သုံးချက်ကြားရတယ်လို့ ထွက် တယ်မဟုတ်လား၊ လာရာဆင်းရှိနေတဲ့ မီးဖိုနဲ့ မေဂျာရှိနေတဲ့နေရာ နှစ်ခုဟာ မေဂျာရှိနေတဲ့ နေရာက ပိုနီးတယ်၊ ပြီးတော့ လာရာဆင်းရှိနေတာ လေညှာ၊ မေဂျာရှိနေတာက လေအောက်။ တံခါးပိတ်သံကြားချင်း ကြားရရင် မေဂျာက ပိုပြီးကြားနိုင်တယ်၊ ဒါပေမဲ့ သူ မကြားဘူးလို့ ထွက်တယ်၊ ဘယ်ထွက်မလဲ၊ တံခါးကို သူကိုယ်တိုင် အပြင်ဘက်က ကန့်လန့်ကျအောင် ပိတ်ခဲ့လို့သာပေါ့။ လာရာဆင်းကတော့ သူသတ်တာ မှ မဟုတ်ဘဲ၊ တံခါးပိတ်သံ ကြားရတယ်လို့ အမှန်အတိုင်း ပြောမှာပေါ့၊ ရိုးသားတာကိုး"

အိုင်အိုမင်းအောင်သည် သူ၏ တွေးခေါ်ဆင်ခြင်ပုံတရားကို ရှင်း ပြရာ ကန့်ကွက်စရာမရှိအောင် တိကျနေသည်။ လွန်စွာတော်သော လက်သမားဆရာ ပြုလုပ်သော ပရိဘောဂကဲ့သို့ စေ့စေ့ကိုက် အံဝင်ခွင်ကျ ဖြစ်နေသည်။

အိုင်အိုမင်းအောင်သည် ကျွန်ုပ်အား ခင်မင်လေးစားစွာနှင့် လှမ်း ကြည့်ရစ်၊–



"ဒီအမှုဟာ တရားခံ မေဂျာဇာဂဝမ်းဆင်က အလောင်းကို ဖုံးဖျက်ပြီးထားပေမယ့် ပထမဆုံး ဘီဘီဆင်းရဲ့ ဓာတ်ပုံကို ဂရုစိုက်ကြည့်မိ တာကတော့ လန်းနား(စ်) အဘိဓာန် (Learner's Dictionary) ကျေးဇူးကြောင့်ပဲ အိုင်ပီ"

"ခင်ဗျားဟာကလဲ လန်းနား(စ်) ဒစ်ရှင်နယ်ရီနဲ့ ဘယ်လက်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ အိုင်ပီ၊ တစ်လောတုန်းက အင်္ဂလိပ်စာလုံး တစ်လုံး သေချာအောင် လန်းနား(စ်) ဒစ်ရှင်နယ်ရီကို လှန်ကြည့်ရင်း လက်ယာဘက် (ညာဘက်)ဆိုတဲ့ စကားလုံးကို အမှတ်မထင် သွားတွေ့တယ်၊ လက်ယာ ဘက်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုသလဲဆိုတော့ လက်ယာဘက်ဆိုတာ သူတစ်ယောက် မြောက်ဘက်သို့ မျက်နှာမူနေသောအခါ အရှေ့ဘက်သို့ ကျသော အခြမ်းကို လက်ယာဘက်တဲ့ဗျ၊ ဒီပညာရှင်တွေဟာ အဓိပ္ပာယ် ဖွင့်တာ ဘယ်လောက်တိကျသလဲ အိုင်ပီ၊ ကျုပ်တို့တတွေက လက်ယာ ဘက်ဆိုတာ ဘာလဲမေးရင် ထမင်းစားတဲ့လက်လို့ လွယ်လွယ်ပြောတတ် ကြတယ် မဟုတ်လား၊ အဲဒီလက်ယာဘက်ဆိုတဲ့ စကားလုံးကို ကျုပ် အလွန်သဘောကျပြီး စိတ်ထဲစွဲနေတာ ဒီနေ့ ဘီဘီဆင်းဓာတ်ပုံကိုကြည့် တော့ အဲဒီအချက် သတိရပြီး ဂရုစိုက်ကြည့်မိတာပဲ အိုင်ပီ"

ကျွန်ုပ်သည် အဘိဓာန်ထဲမှ စကားလုံးတစ်လုံးကိုပင်လျှင် နေရာ တကျ အသုံးချသွားသော အိုင်အိုမင်းအောင်အား ချီးကျူးမိသည်။

"ဒီမှာ အိုင်ဆေးအိုင်အိုမင်းအောင်၊ ကျုပ် ဖတ်ဖူးတာရှိတယ်၊ အဘိဓာန်ဆရာတို့ရဲ့ တာဝန်ဟာ စကားတစ်လုံးကို နယ်ကုန်ဖွင့်ဆိုရ တယ်လို့ ကျုပ် ဖတ်ဖူးတယ်၊ ခင်ဗျားကလဲ ပုလိပ်အဘိဓာန်ဆရာဆိုတော့ နယ်ကုန်အောင် ဖွင့်ဆိုလိုက်တာ ပိပိရိရိပဲ၊ အရှိန်အဝါနဲ့ လူသတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ထင်အောင် အမှုဆင်ထားတာကို ဖော်ထုတ် လိုက်တာပေါ့"

ထိုအခါ အိုင်အိုမင်းအောင်သည် ခပ်ပြုံးပြုံးဖြစ်သွားကာ။

"ဒီလောက်တောင်လဲ မဟုတ်ပါဘူး အိုင်ပီ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က မေဂျာဘဂဝမ်းဆင်၏ အိမ်ထဲတွင် သည်းထိတ်ရင်ဖို သေနတ်ကြီး တကားကားနှင့် မေဂျာ၏ အကြိမ်းအဝါး ခံနေရပုံကို သတိရပြီး–

"ခင်ဗျား လျှင်ပေလို့ဗျို့၊ နို့မို့ရင် မေဂျာက ကျုပ်တို့အားလုံးကို သေနတ်နဲ့ပစ်မလို့"

"ဒါကတော့ဗျာ၊ မြွေခွေးကို ဖမ်းမယ့်လူဟာ မြွေခွေးထက်ပိုပြီး အောက်ကျစ်ရမှာပေါ့၊ မဟုတ်ဘူးလား အိုင်ပီ"

အောင်ဇင်

* * *



www.burmeseclassic.com

www.burmeseclassic.com



# ဝေသာလီ သခင်မလေး

ဆွေလှိုင်ဦး

(တစ်)

မှန်တိုင်းကျနေသည်။

လေသည် ဝေသာလီအိမ်ကြီးကို မြေပြင်ပေါ်မှ ကျွတ်ထွက်သွားအောင် မွှေ့ယမ်းဆွဲခေါ်နေသည်။ ဝေသာလီအိမ်ကြီးသည် လေမုန်တိုင်းထဲတွင် သိမ့်သိမ့်ခါနေသော်လည်း ကျွန်းသား၊ ကျွန်းတိုင်ကြီးများနှင့် အခိုင်အခံ့ တည်ဆောက်ထားသော ဝေသာလီအိမ်ကြီးသည် ကြမ်းတမ်းရိုင်းစိုင်းသော မုန်တိုင်းထဲတွင် ကြံ့ကြံ့ခိုင်နေပါသည်။

ဝေသာလီအိမ်ကြီး၏ အပေါ်ထပ်ရှိ အခန်းတစ်ခန်း၌မူ အင်မတန်လှပသည့် အမျိုးသမီးတစ်ယောက် ရှိနေပါသည်။

သူမသည် ဝေသာလီအိမ်ကြီးကိုပိုင်သော အရှင်သခင်မလေး ဖြစ်သည်။

ထိုအတူ အလှအပ အနုအယဉ်တို့ကို ပိုင်ဆိုင်ရယူထားသည့် မိန်းမချောလေးတစ်ယောက်လည်း ဖြစ်ပါသည်။

သို့တစေ သူမသည် တစ်စုံတစ်ရာကို ရင်တမမဖြင့် စောင့်ကြိုနေပါသည်။ ထိုအရာကို စောင့်မျှော်နေရသည်မှာ နှလုံးသွေးပျက်လောက်အောင် ချောက်ချားဖွယ် ကောင်းလှပါသည်။ လိပ်ပြာစဉ်သွားမတတ် ကြောက်ရွံ့ဖွယ် ကောင်းလှပါသည်။



သူမ စောင့်မျှော်နေသည့် အရာကတော့–

သေခြင်းတရား။

ဟုတ်ပါသည်။ မိန်းမချောလေးသည် သေခြင်းတရားကို စောင့်စားနေပါချေသည်။

အဘယ်ကြောင့်ဆိုသော် သူမသည် မိမိ၏ သေရမည့်နေ့ရက်ကို အတိအကျ သိရှိနေသောကြောင့်တည်း။

ခင်စုလှိုင်–

သို့မဟုတ် ဝေသာလီ၏ အရှင်သခင်မလေး။

*

(နှစ်)

မိမိ၏ သေရမည့်နေ့ရက်ကို ကြိုတင်သိရှိနေသူတစ်ယောက်အဖို့ ညီသည့်နည်းနှင့်မျှ ရွှင်လန်းချမ်းမြေ့ဖွယ် ရှိနေမည် မဟုတ်ပါ။

ပမာဆိုသော်–

လူသတ်မှုဖြင့် တရားရုံးတော်မှ သေဒဏ်စီရင်ခြင်း ခံရသော ရာဇဝတ်သားများ။

သေဒဏ်ချမှတ်ပြီးခံရသော ကြိုးတိုက်အတွင်းမှ အကျဉ်းသမားများ။

စသည်... စသည်တို့သည် မိမိ၏ သေရမည့်ကာလကို ကြိုတင်သိရှိနေကြသူများသာဖြစ်ပြီး သေခြင်းတရားကို နှလုံးသွေးပျက်မတတ်စောင့်ကြသူများသာ ဖြစ်ပါသည်။

သို့ရာတွင် ခင်စုလှိုင်သည်

ကြိုးတိုက်အတွင်းမှ အကျဉ်းသမားလည်းမဟုတ်။

သေဒဏ်ချမှတ်ခံရသူလည်း မဟုတ်ပါဘဲနှင့် သူမ၏သေရမည့်ရက်ကို ကြိုတင်သိရှိနေသည်။

ထိုနေ့မှာ စက်တင်ဘာလ ၁၃ ရက်နေ့။

ဤသို့ဆိုလျှင် ခင်စုလှိုင်သည် သေလောက်သော ရောဂါဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကပ်တွယ်ငြိနေသဖြင့် ဆရာဝန်များ ကြက်လျှော၍ သေမင်းလက်
ဝကွက်အပ်အားခြင်းခံရသော ရောဂါသည် တစ်ယောက်ဟု ထင်မှတ်
ရှိလေသည်။

မဟုတ်ပါ။

ခင်စုလှိုင် ကျန်းမာပါသည်။

ကျန်းမာသည့်ပြင် မိန်းမလှတစ်ယောက် ရှိသင့်ရှိထိုက်သ
အချိုးအဆက် အလှအပတွေကို ခင်စုလှိုင်က ပိုင်ဆိုင်ထားပါသေးသည

ဖွေးဖွေးရှုနေသည့် နှုတ်ခမ်း။

ဝင်းဝင်းပနေသည့် မျက်နှာ။

ကြွကြွလေး တင်ထားဘိသကဲ့သို့ မို့စွင့်လှပနေသည့် ရင်အမြ
ပြည့်ဖြိုးလှပသည့် တင်အစုံ။

ပြီးတော့ ရင်နှင့်တင် အမြှာညီမအကြားတွင် လှပ်လီလှပ်
ခါးသွယ်သွယ်က ရှိနေပါသည်။

အလှဆုံးကတော့ အငဲကြာစိမ်းကလေးတွေ ယှက်သန်းနေသ
ဖြူဝင်းသည့် ခြေသလုံးသား ကစ်ကစ်ကလေး။

ခင်စုလှိုင်သည် အသက်နှစ်ဆယ်အရွယ်တွင် သူမ၏ မိဘနှစ်
စလုံး လူ့လောကမှ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြသည်။ ကွယ်လွ
သွားကြသည်။ ထိုစဉ်ကတည်းက ခင်စုလှိုင်သည် 'ဝေသာလီ' အိမ်ကြ
တွင် ဦးစီးခဲ့ရသည်။

ခင်စုလှိုင်တို့ အိမ်ကြီးကို ရှေးဆန်သော ဖေဖေက 'ဝေသာလီ'
အမည်ပေးခဲ့သလို နှစ်ထပ် ခုနစ်ဆောင်ပြိုင် အိမ်ကြီးတလည်း ရှေးဆန်
သည်။ အဝေးကကြည့်လျှင် ဘုန်းကြီးကျောင်းလိုလို၊ နန်းဆောင်ကြီးလို
ထင်မှတ်ရသည်။ မိဘနှစ်ပါးစလုံး လူ့လောကမှ ထွက်ခွာသွားသောအခ

ဝေသာလီတွင် ညီအစ်မသုံးဖော် ကျန်ရစ်ခဲ့ပါသည်။

ခင်စုလှိုင်။

ခင်စုမြိုင်။

ခင်စုကြိုင်။



သည်အထဲတွင် ခင်စုလှိုင်က အကြီးဆုံး၊ ခင်စုမြိုင်က အလတ်မ၊ အငယ်မလေး ခင်စုကြိုင်ကတော့ အငယ်ဆုံးဖြစ်သလို အဆိုးဆုံး၊ အနွဲ့ဆုံး အမူတုံးမလေးလည်း ဖြစ်သည်။

ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီးတွင် အိမ်ထောင်ဦးစီးအဖြစ် ဆက်လက် တာဝန်ယူခဲ့သည်။ ညီမငယ်နှစ်ယောက်ကို လူလားမြောက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

မနှစ်ကတော့ အလတ်မ ခင်စုမြိုင်က ရုတ်တရက် အိမ်ထောင်ပြုသည်။ ဖေဖေ မေမေ အသက်ထင်ရှားရှိခဲ့စဉ်က ခါးခါးသီးသီး ငြင်းပယ်သဘောမတူခဲ့သော သူမချစ်သူ အညတရ ပန်းချီဆရာလေး မောင်သက်ဦးနှင့်ပဲ ဖြစ်ပါသည်။

ခင်စုလှိုင်သည် ညီမဖြစ်သူ၏ ချစ်ခြင်းကို မခွဲလို။

မောင်သက်ဦးကို ကြည်ကြည်ဖြူဖြူပင် လက်ခံခဲ့သည်။

ဂုဏ်ပကာသနတွေထက် မေတ္တာတရားကို ခင်စုလှိုင်က ပို၍ တန်ဖိုးထားခဲ့သည်။ ထို့ကြောင့်ပင် ဝေသာလီအိမ်ကြီးတွင်း လူသစ်တစ်ယောက် တိုးလာတော့သည်။ လူစိမ်းတစ်ယောက် ဝင်ရောက်လာတော့သည်။

မောင်သက်ဦးပင် ဖြစ်ပါသည်။

မောင်သက်ဦးနှင့် ခင်စုမြိုင်ကို ဝေသာလီအိမ်ကြီးမှာပင် ခင်စုလှိုင်က နေစေခဲ့ပါသည်။

စင်စစ်–

ခင်စုလှိုင်သည် မိဘနှစ်ပါး ကွယ်လွန်ပြီးကတည်းက ဝေသာလီအိမ်ကြီးကို ဦးစီးခဲ့သည်။ ဝေသာလီအိမ်ကြီး၏ အရှင်သခင်မလေး ဖြစ်ခဲ့သည်။ သည်အိမ်ကြီးကို ခင်စုလှိုင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ ငါးနှစ်တိတိ ကြာမြင့်ခဲ့ပါပြီ။

ယခုတော့–

ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီးမှ ထွက်ခွာလိုလှပါပြီ။

ဝေသာလီ အိမ်ကြီးသည် အသွင်သဏ္ဌာန်အားဖြင့် အေးငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



မြွေနေပြားလည်း ထိုအိမ်ကြီးတွင် နှလုံးသွေးပျက်မတတ် တုန်လှုပ်ချောက်ချားနေသူ တစ်ယောက်ရှိပါသည်။ သေခြင်းတရားကို စောင့်ဆိုင်းနေသူ တစ်ယောက်ရှိပါသည်။ သူကတော့–

လှိုင်...

ခင်စုလှိုင်။

ဝေသာလီ အိမ်ကြီး၏ အရှင်သခင်မလေး ခင်စုလှိုင်ပင် ဖြစ်ပါသည်။ လက်တင်ဘာလ ၁၃–ရက်နေ့တွင် ခင်စုလှိုင် သေရတော့မည်။

သေတစ်နေ့။

သို့မဟုတ် ၁၃–ရက် တနင်္ဂနွေနေ့။

သည်အဖြစ်အပျက်ကို ပြန်လည်တွေးတောမိတိုင်း ခင်စုလှိုင်၏ အသည်းနှလုံးတွေ ဖြတ်ကြွေမတတ် တုန်လှုပ်ချောက်ချားရပါသည်။ မေ့မည်ဟု ကြိုးစားသည်။ ဆုံးဖြတ်သည်။ ဖြစ်လိုရာ ဖြစ်စေဟု သိန္နိဋ္ဌာန်ချပါသော်လည်း–

ထိုတစ်ညကိုတော့ ခင်စုလှိုင် မမေ့နိုင်။

(သုံး)

ညသန်းခေါင်တွင် ခင်စုလှိုင်၏ အိပ်ခန်းသို့ မောင်မောင် ရောက်လာသည်။ မောင်မောင့်တစ်ကိုယ်လုံး ချွေးတွေက ရွှဲရွှဲနစ်လို့၊ သူ့ကိုယ်အထက်ပိုင်းတွင် အင်္ကျီဝတ်မထား၊ ကြွားရွားသော ကြွက်သားတွေက ချွေးရောင်ဖြင့် ပြောင်လက်နေသည်။

ပြီးတော့ဝတ်နေကျ တက်ထရက်ဘောင်းဘီ နက်ပြာရောင်ကို သားရေခါးပတ်ကြီးနှင့်ပတ်၍ ဝတ်ဆင်ထားသည်။

"ဟင်... မောင်မောင်၊ ညကြီးမင်းကြီး ဘယ်လိုဖြစ်လာတာလဲ၊ ကြည့်စမ်း ချွေးတွေလဲ ရွှဲနစ်လို့"

ခင်စုလှိုင်သည် ပါးလွှာသော စာခြင်ထောင် မ,၍ သူမခုတင်ဘေးတွင် ငူငူကြီးရပ်နေသော မောင်မောင့်ကို အံ့ဩတကြီး ပြောမိသည်။



မောင်မောင်သည် သူမကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ ခင်စုလှိုင်တစ်ကိုယ်လုံး အေးစက်သွားသည်။ ကြက်သီးဖြန်းဖြန်း ထသွားရသည်။

"မမကို ပစ္စည်းတစ်ခုပေးချင်လို့ မောင် ပြန်လာခဲ့တာပါ မမ"

"ဘာ... ဘာပစ္စည်းများလဲ မောင်မောင်ရယ်"

"မောင့်အသည်းနှလုံးနဲ့ ထပ်တူထပ်မျှ တန်ဖိုးရှိတဲ့ပစ္စည်းပါ"

"ဟင်..."

မောင်မောင်သည် ခုတင်ခေါင်းရင်းတွင် ထိုင်နေသော ခင်စုလှိုင်၏ ခုံးသားကစ်ကစ်ကလေးကို လက်နှစ်ဖက်နှင့် ဆွဲလှည့်၍ ရင်ခွင်ထဲသို့ ဆွဲနှစ်လိုက်သည်။

"အို... မောင်မောင်၊ ဘယ့်နှယ်လုပ်တာလဲ၊ ဖယ်... ဖယ်၊ သွား"

ခင်စုလှိုင်သည် ယောင်ယမ်းပြောဆိုလိုက်ရင်း မောင်မောင့်ကို မော့ကြည့်လိုက်သည်။ မောင်မောင့် မျက်လုံးတွေက လူသေလို အေးစက်နေသည်။

"မောင့်ကို မုန်းသွားပြီလား မမ၊ မောင့်ကို အရင်လို မချစ်နိုင်တော့ဘူး မဟုတ်လားဟင်"

"မ... မမုန်းပါဘူး မောင်မောင်ရယ်၊ မင်းကို မမစုလှိုင် ဘယ်တော့မှ မမုန်းနိုင်ပါဘူးကွယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲ မမ ဟင်"

ခင်စုလှိုင်သည် မောင်မောင်၏ ကျောပြင်ကို သိုင်းဖက်လိုက်သည်။

"အမယ်လေး..."

ခင်စုလှိုင် လန့်၍အော်လိုက်ပါသည်။

မောင်မောင်တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်။

သည်တော့မှ သူ့မျက်နှာကို ခင်စုလှိုင် အသေအချာကြည့်မိသည်။ မောင်မောင့်မျက်နှာတွင် သွေးမရှိ၊ ပကတိ ဖြူရော်နေ၏။ ခင်စုလှိုင်ရင်ဝတွင် သိမ့်ခနဲဖြစ်သွားသည်။ သူ့ကိုလည်း တအားတွန်းဖယ်ပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"မင်း... မင်း မမဆီကို မလာနဲ့တော့၊ မင်း... မင်း ပြန်... ပြန်ပါတော့ မောင်မောင်ရယ်"

ခင်စုလှိုင်အသံက စိုးရွံ့ထစ်ငေါ့လို့နေသည်။ သူ့ကိုလည်း တစ္ဆေသရဲတစ်ကောင်လို ကြောက်ရွံ့စွာ ကြည့်နေမိသည်။

"ပြန်ပါမယ် မမစုရယ်၊ မောင်မောင် ပြန်ပါတော့မယ်၊ ဒါပေမယ့် မပြန်ခင် ပောဒီပစ္စည်းကလေးကိုတော့ မမစုလှိုင်ကို ပြန်ပြီးပေးခဲ့ပါရစေလား"

မောင်မောင်သည် ဆို့နင့်ကြေကွဲစွာပြောရင်း သူ၏ ဘယ်ဘက်လက်သန်းတွင် ဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်ကလေးကို ခင်စုလှိုင်၏ မျက်နှာရှေ့သို့ ထိုးပြလိုက်သည်။

"အို... မလိုချင်ဘူး၊ ဒီလက်စွပ်ဟာ မင်းကို ပေးပြီးသားပဲ မောင်မောင်၊ သွား... သွား မင်း ဒီအခန်းထဲက ထွက်သွား"

"ပြန်မယူလို့ ဘယ်ဖြစ်ပါ့မလဲ မမရယ်၊ ဒီပစ္စည်းဟာ မမရဲ့ အမြတ်နိုးဆုံးပစ္စည်းပဲ မဟုတ်လား၊ ဒါလေးကို ပြန်ပေးဖို့အတွက် မောင် မမဆီကို လာခဲ့တာပဲ၊ အဲ... လက်စွပ်ကတော့ မောင့်လက်နဲ့ အတော့်ကို ကျပ်နေပြီ၊ ချွတ်လို့မရတော့ဘူး"

မောင်မောင်သည် အေးဆေးတည်ငြိမ်စွာပြောရင်း ဘောင်းဘီနောက်အိတ်ထဲမှ မောင်းပြန်ဓားကို ဆွဲထုတ်၍ ခလုတ်ကိုနှိပ်လိုက်သည်။ ဖြောင်းခနဲ အသံနှင့်အတူ သံမဏိဓားသွားက မီးရောင်တွင် တလက်လက်တောက်ပလာသည်။

ထိုအခါ ခင်စုလှိုင်၏ နှလုံးသားတွေ ပြွတ်ကြေသွားတော့မတတ် ခံစားလိုက်ရသည်။ တုန်လှုပ်သွားရသည်။ မောင်မောင်သည် ပတ္တမြားလက်စွပ် ဝတ်ထားသော လက်သန်းလေးကို ထောင်လိုက်သည်။

"အို..."

"ရော့... ယူလေ၊ ဒါ မမ မောင်မောင့်ကို ပေးထားတဲ့ လက်စွပ်၊ ဒီလက်စွပ်ကို ပြန်ယူထား မမ၊ ဒါပေမယ့် မမစုလှိုင်ကို မောင် ဘယ်



တော့မှ မမုန်းဘူး၊ မမကို ဆယ့်သုံးရက်နေ့မှာ မောင် လာခေါ်မယ်၊ အသေအချာ မှတ်ထားနော် မမ၊ ဆယ့်သုံးရက်"

ခင်စုလှိုင်သည် သွေးစွန်းနေသော ပတ္တမြားလက်စွပ်ကို မတုန်မလှုပ် စိုက်ကြည့်နေမိသည်။ သို့သော်လည်း သူမကိုယ်သူမ အသက်မှရှုမိလေခဲ့လား၊ နှလုံးသားတွေ ခုန်နေသေးရဲ့လားဟု ခင်စုလှိုင် မသိခဲ့။

ခင်စုလှိုင်သည် အော်ဟစ်ရန် ကြိုးစားနေသည်။

အသံက လည်ချောင်းဝတွင် တစ်ဆို့နေပြီး တစ်ကိုယ်လုံးလှုပ်၍ ရနေအောင် ဖြစ်နေသည်။

"ကဲ... မောင်သွားမယ်၊ မမ မှတ်ထားနော်၊ ဆယ့်သုံးရက်နေ့မှာ မကို မောင် ပောဒီ ဝေသာလီအိမ်ကြီးက အပြီးအပိုင် လာခေါ်သွားတော့မယ်"

'ဆယ့်သုံးရက်နေ့' တဲ့။

မောင်မောင့်စကားက ခင်စုလှိုင် တစ်ကိုယ်လုံး ဆတ်ဆတ်ခါမျှ တုန်လှုပ်သွားစေသည်။ ချောက်ချားသွားစေသည်။ ခင်စုလှိုင် အသိစိတ်ကို လွှမ်းမိုးသလို ဖြစ်သွားသည်။

"အမယ်လေး... လာကြပါဦး"

ခင်စုလှိုင်သည် မျက်စိပိတ်၍ ငယ်သံပါအောင် ရူးရူးဝါးဝါး အော်ချလိုက်သည်။

ဘယ်အထိ အော်ဟစ်နေသည်ကိုတော့ မသိတတ်၊ သူမ၏ အိပ်ခန်းတံခါးကို အပြင်မှ တဝုန်းဝုန်း ထုရိုက်နေသံ ကြားတော့မှ ခင်စုလှိုင် သတိရလာပါသည်။

"မမစုလှိုင်... မမစုလှိုင်"

အခန်းအပြင်ဘက်မှ ခင်စုမြိုင်၏ အော်သံကို ကြားရသည်။ ခင်စုလှိုင်သည် တစ်ခန်းလုံးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ မောင်မောင်၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့။

အဲ... ခုတင်ခေါင်းရင်းမှ ပြတင်းပေါက်ဖွက်တော့ ပွင့်ဟလို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမစုလှိုင် တံခါးဖွင့်ပါဦး၊ ခင်စုမြိုင်နဲ့ ကိုသက်ပါ"

ခင်စုလှိုင် တံခါးဖွင့်ပေးလိုက်သည်။ သူမ အခန်းထဲသို့ မောင်သက်ဦး နှင့် ခင်စုမြိုင်တို့ အထိတ်တလန့် ဝင်လာကြသည်။

"ဘာဖြစ်လို့ ဒါလောက် ငယ်သံပါအောင် အော်နေရတာလဲ မမစုလှိုင် ဟင်"

ခင်စုမြိုင်က အလောတကြီး မေးသည်။

မောင်သက်ဦးက ပွင့်ဟနေသော ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်နေသည်။

"ဘာမှဖြစ်တာ မဟုတ်ပါဘူး စုမြိုင်ရယ်၊ မမ အိပ်မက်မက်ပြီး ကယောင်ကတမ်းတွေ လန့်အော်မိတာပါ"

"အိပ်မက်... ဟုတ်လား မမစုလှိုင်"

"အင်း... အိပ်မက်၊ အိပ်မက် ဟုတ်လိမ့်မယ် ထင်တာပဲ"

"ဟင်... မမစုလှိုင်ကလဲ၊ အိပ်မက်မဟုတ်ရင် ဘာလဲ"

"အေး... အေး... ဟုတ်တယ်၊ မမစုလှိုင် အိပ်မက်မက်ပြီး ယောင်အော်မိတာ ဖြစ်မှာပါ၊ ကဲ... ကဲ သွားအိပ်ကြတော့"

မောင်သက်ဦးကတော့ သွေးမရှိတော့သလို ဖြူဖွေးနေသော ခင်စုလှိုင်၏ မျက်နှာကို အသေအချာ အကဲခတ်ရင်း ဝင်ပြောသည်။

"မမစုလှိုင် ယောင်တာက တကယ့်ကို အထိတ်တလန့် စူးရှ ဝါးဝါးကြီးဆိုတော့ ကျွန်တော်တို့ လန့်နိုးသွားကြပြီး မမစုလှိုင် အခန်းထဲ ကို သူခိုးဝင်နေပြီထင်တာ၊ အင်း... ညီမလေး မနိုးတာ တော်သေးတာပေါ့ ဒီကောင်မလေးက သိပ်အအိပ်ကြီးတာပဲ"

"ဟုတ်တယ် မောင်သက်ဦး၊ အိပ်မက်က သိပ်ကို ကြောက်စရာ ကောင်းတာပဲကွယ်၊ ဟို ထမင်းလုံးတစ္ဆေခြောက်သလိုမဲ၊ ကဲ... ကဲ သွားကြတော့၊ မင်းတို့လဲ မမအတွက် အနှောင့်အယှက် ဖြစ်နေပြီ"

"လာ... မြိုင်၊ သွားကြစို့"

မောင်သက်ဦးက ခင်စုမြိုင်ကိုခေါ်၍ အခန်းထဲမှ ထွက်သည်။ သည်စဉ်မှာပင် ခင်စုမြိုင်၏အကြည့်က ခုတင်ဘေးသို့ ရောက်



သွားသည်။

သူမ မျက်လုံးတွေ ပြူးသွားသည်။

ခင်စုမြိုင်၏ရင်တွေ လှုပ်ခတ်သွားသည်။

"ဘာ... ဘာဖြစ်တာလဲ မြိုင်"

"သွေးတွေ ကိုသက်၊ သွေးတွေ ခုတင်ဘေးမှာ"

ခင်စုလှိုင်သည် သူမ၏ ခုတင်ဘေးသို့ ထိတ်လန့်တုန်လှုပ်စွာ ကြည့်လိုက်သည်။

သွေး...

နီရဲနေသော သွေးကွက်ကြီး။

"ဘယ်ကလာ သွေးရမှာလဲ စုမြိုင်၊ မမ ညဦးပိုင်းက မောင်တိန် ငင်ထည့်ရင်း မှောက်ကျသွားလို့ပါ"

"မသိပါဘူး မမစုလှိုင်ရယ်၊ စုမြိုင်က ရုတ်တရက် မြင်လိုက်တော့ သွေးတွေထင်မိလို့ပါ၊ ကဲ... လာ ကိုသက်၊ သွားကြစို့"

ခင်စုမြိုင်နှင့် မောင်သက်ဦးတို့ ထွက်သွားသည်နှင့် ခင်စုလှိုင်က အခန်းတံခါးကို ပိတ်လိုက်သည်။

ဝေဒနာသီသည် ပကတိ တိတ်ဆိတ်သွားသည်။

ခင်စုလှိုင်သည် တခဏ ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်တစ်ရပ်ကို ပြန်လည် တွေးတောနေသည်။

လက်သန်းပြတ်တစ်ချောင်း။

ပတ္တမြားလက်စွပ် တစ်ကွင်း။

ပြီးတော့ မောင်... မောင်မောင်။

သည် အနီရွှာရုံမြင်ကွင်းက ခင်စုလှိုင်၏စိတ်ကို ညှို့ယူဖမ်းစားသွား ပြန်သည်။

အိပ်မက်လေလား။

တကယ်ပေလား။

ဒါကိုလည်း ခင်စုလှိုင်တစ်ယောက် တိတိပပ မပြောတတ်ပါချေ။ သို့တစေ မောင်မောင် ပြောသွားသော စကားစုကလေးကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ခင်နုလှိုင် ယုံစားမိပါသည်။ ပကတိ ယုံကြည်မိပါသည်။

"ဆယ့်သုံးရက်နေ့မှာ မောင်မောင် လာခေါ်မယ်"တဲ့။

ခင်စုလှိုင်တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားလေသည်။ နှလုံးသားကို ဆုပ်ညှစ်လိုက်သလို ခံစားလိုက်ရသည်။

မောင်မောင်သည် သူမ၏ 'သေနေ့'ကို အတိအလင်း ပြောကြား သွားပါပကော။

အဘယ်ကြောင့်ဆိုသော် စက်တင်ဘာလ ဆယ့်သုံးရက်နေ့သည် မောင်မောင် သေဆုံးခဲ့သည့် တစ်နှစ်မြောက်သောနေ့ ဖြစ်သောကြော တည်း။

မနှစ်က စက်တင်ဘာလ ဆယ့်သုံးရက်နေ့တွင် ခင်စုလှိုင်၏ ချစ်သူ မောင်မောင်သည် အသေဆိုး သေခဲ့ရသည်ပင် မဟုတ်ပါလား

*

(လေး)

ပြဿနာ၏ အစ–

ဆိုးကျိုးများနှင့် ပတ်သက်နေသော အနိဋ္ဌာရုံအာရုံ၏ အစ သည် ဝေသာလီအိမ်ကြီးသို့ ဘီလူးတစ်ကောင် ရောက်ရှိလာခြင်းမှ စတင်သည် ဆိုရပါလိမ့်မည်။

ထိုနေ့က ကုက္ကိုင်းတွင်ရှိသော ဝေသာလီ အိမ်ကြီးတွင် ခင်စု နှင့် ညီမအငယ်ဆုံးလေး ခင်စုကြိုင်တို့သာ ရှိနေကြသည်။ ခင်စုမြိုင် သူမ၏ခင်ပွန်း ကိုသက်ဦးတို့မှာ အမေပါင်းအသင်းများ လာခေါ်သ ပဲခူးသို့ ဘုရားဖူး လိုက်ပါသွားခဲ့ကြသည်။

ခင်စုလှိုင်သည် ဧည့်ခန်းတွင်းရှိ ပက်လက်ကုလားထိုင်ပေါ် ထိုင် ဟံသာဝတီတိုက်ထုတ် နဝဒေးကြီး၏ ရတုပေါင်းချုပ်ကို ဖတ်ရှုလို့ သည်။ အငယ်လေး ခင်စုကြိုင်ကတော့ သီချင်းကလေး တအေးအေးည ရင်း ဧည့်ခန်းတွင်းရှိ အိမ်ထောင်ပရိဘောဂများကို ကြက်မွေးတစ်ချော ဖြင့် ဖုန်သုတ်နေပါသည်။



"အမယ်... ဘုတ်ဘုတ်က ဒီနေ့ ဘယ်ဆိုးလို့လဲ၊ ဖုန်တွေဘာတွေ သုတ်လို့ပါလား၊ ငါ့ညီမက ဒီလိုကျတော့လဲ လိမ္မာသားပဲ"

ခင်စုလှိုင်သည် စိတ်လိုလက်ရ အလုပ်လုပ်နေသော ပုတ်ကလေးလို သည့် ဆယ်ကျော်အသက်အရွယ် ညီမလေး ခင်စုကြိုင်ကို ချီးမွမ်းမိလိုက် သည်။

ခင်စုလှိုင်ကို နှုတ်ခမ်းစူသွားသည်။

"မမစုလှိုင်ကလဲ၊ ဘုတ်ဘုတ်က အခုမှ လိမ္မာရအောင် ဘယ်တုန်း ကများ မိုက်နေလို့လဲလို့"

"မမိုက်ပါဘူးတဲ့ ဘုတ်ဘုတ်ရဲ့၊ ကဲ... ကဲ ဆက်လုပ်၊ နောက် အပတ် တနင်္ဂနွေနေ့ကျတော့ ဘုတ်ဘုတ်ကို ရုပ်ရှင်ပြမယ်"

"ဟေး... ဒါမှ တို့ မမစုလှိုင်ကွ"

ခင်စုကြိုင်သည် ဝမ်းသာအားရ အော်ဟစ်ရင်း ကလေးငယ်လေး လို ခုန်ဆွခုန်ဆွ လုပ်နေသည်။

သည်အိမ်တွင် သူက အငယ်ဆုံး။

အငယ်ဆုံးမို့ အဆိုးဆုံး၊ အနွဲ့ဆုံး၊ အမူတုံးမလေး ဖြစ်သည်။ ဖေဖေ မေမေ ရှိစဉ်ကပင် 'ဘုတ်ဘုတ်၊ ဘုတ်ဘုတ်'ဟု ချစ်စနိုးခေါ်၍ အရေးပေး အလိုလိုက်ခဲ့ကြသည်။

ခင်စုလှိုင်သည် နဝဒေးရတု ပေါင်းချုပ်မှ 'ပုဂံရွှေစည်းခုံ ဘုရား တိုင်ရတု'ကို ဖတ်ရင်း ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှသော အနော်ရထာ မင်း စတင်တည်ခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကို ဖူးမြော်ရသလို နှလုံးထဲတွင် မြင်ယောင်လာသည်။

ရွှေးဆက်မြတ်စွာ၊ နော်ရထာဟု
သစ္စာလေးဆူ၊ စင်ဖြူအထွဋ်
ပွင့်မည့်နတ်လျှင်၊ မွေတော်တော်ပေါင်း
စွယ်ချောင်းရိုးမြုပ်၊ သင်းကျစ်နဖူး
ရှုမူးသရေ၊ အတွေတွေကို
သောင်းနေဗမ္ဗူ၊ လူတို့ကိုးရာ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ကျွန်းသာထက်၊ သူ့စာသိကြား
မင်းဖျားနှစ်ယောက်၊ တည်ခဲ့မြောက်သည်
မြကျောက်ချပ်လွှာ၊ မုတ္တာရည်ညက်
ရွှေလျက်လွှမ်းခြုံ၊ သမိုက်တုံက
တိမ်မှုန်မလူး၊ ရောဝှန်မြူးမှု
ဟူးဟူးထိန်ထိန်၊ ရှိန်ရှိန်ဝါဝါ
နေခြည်ကာသည်၊ စကြာဆယ့်တစ်ဆင့်တကား။ ။

ထိုစဉ်မှာပင်–

ခင်စုကြိုင်၏ မကျေနပ်သံကြောင့် နဝဒေးကြီး၏ ရတုကိုစိတ်ဝင်စားစွာ ဖတ်နေသော ခင်စုလှိုင်သည် စာအုပ်ကြားတွင် လက်ညှိုးကလေးသွင်းရင်း ခင်စုကြိုင်ကို လှမ်းကြည့်ဖြစ်သည်။

ခင်စုကြိုင်၏ လက်ထဲတွင်တော့ တစ်ထွာတစ်မိုက်ခန့်ရှိသော အရုပ်ကလေးတစ်ခု ရှိနေသည်။

"ဒီဘီလူးရုပ်က အရုပ်ဆိုးလိုက်တာ မမစုလှိုင်ရယ်၊ အစ်ကိုသက်ဦး ဝယ်လာတာတဲ့၊ ဘာလုပ်ဖို့မှန်းလဲ မသိဘူး"

ခင်စုကြိုင်သည် ရေဒီယိုစင်ပေါ်တွင် တင်ထားသော ကြွေသားဖြင့် ပြုလုပ်ထားသည့် အစွယ်ပြူးပြူး ဘီလူးရုပ်ကိုကိုင်ရင်း ပြောသည်။

"ဟဲ့... မောင်သက်ဦး ပစ္စည်းကို သွားမကိုင်နဲ့၊ သူ့ ပန်းချီဆွဲဖို့ ရှေးဟောင်းပစ္စည်း ရောင်းတဲ့ဆိုင်က ရှားရှားပါးပါး ရှာဝယ်လာတာတဲ့"

"ပန်းချီဆွဲဖို့ဆိုရင် သူတို့အခန်းထဲ ယူသွားပါလား၊ ဧည့်ခန်းမှာ ကျက်သရေမရှိလိုက်တာ"

"ပြန်ထားလိုက်စမ်းပါ ဘုတ်ဘုတ်ရယ်၊ မတော်တဆ လွတ်ကျသွားရင် မခက်ပါလား"

ခင်စုကြိုင်က အရုပ်ကလေးကို ပြန်တင်ထားသည်။

ဟုတ်ပါသည်။

ခင်စုကြိုင် ဆိုလာသကဲ့သို့ပင် ဘီလူးအရုပ်ကလေးက အရုပ်ဆိုးလှသည်။ အစွယ်ပြူးပြူးနှင့် ဒူးတစ်ဖက်ထောက်၍ထိုင်ရင်း သန်လျက်ညာအောက်ပခုံးပေါ်တွင် ထမ်းထားသည်။ သည်ဘီလူးရုပ်ကလေးကို မြင်ရလေတိုင်း ခင်စုလှိုင် ရင်တုန်ရလေသည်။



ဘာကြောင့်ရယ်တော့ မသိ။

ခင်စုလှိုင်သည် ရတုပေါင်းချုပ်ကို ဆက်ဖတ်နေသည်။

ကြာတော့ အိပ်ငိုက်လာသည်။ မျက်လုံးတွေက ဝိုးတဝါး ဖြစ်လာသည်။ ကိုင်ထားသောစာအုပ်က လွတ်ကျသွားပြီး အိပ်ပျော်သလို ဖြစ်သွားသည်။

သို့တစေ–

ခင်စုလှိုင်သည် ခင်စုကြိုင်၏ လှုပ်ရှားမှုတွေ အလိုလို မြင်နေရသည်ဟု ထင်နေသည်။ ခင်စုကြိုင်သည် ဧည့်ခန်းနံရံတွင် ချိတ်ထားသော အလှပြင် ပန်းချီကားများကို မမှီတမှီ ကြက်မွေးတစ်ချောင်းဖြင့် ဖုန်ခါနေသည်။

"ချလွမ်း..."

ရေဒီယိုစင်ထောင့်တွင် တင်ထားသော ဘီလူးရုပ်ကလေးမှာ ခင်စုကြိုင်၏ တံတောင်ဆစ်နှင့် တိုက်မိ၍ အောက်သို့ကျသွားပြီး အပိုင်းပိုင်း ကျိုးသွားသည်။

ခင်စုလှိုင်သည် အိမ်တစ်ဝက် နိုးတစ်ဝက်နှင့် အပိုင်းပိုင်းပြတ်သွားသော ဘီလူးရုပ်ကလေးကို မြင်နေရသည်။ သို့တစေ အိပ်ချင်စိတ်က လွှန်လွှန်မင်းမင်း လွှမ်းမိုးနေသဖြင့် ပက်လက်ကုလားထိုင်ပေါ်မှာပင် ဆက်၍ အိပ်ပစ်လိုက်သည်။

ခင်စုလှိုင် နိုးလာတော့ နေဝင်ရီတရော။

ဧည့်ခန်းထဲသို့ အမှောင်ရိပ်က ယှက်သန်းနေပေပြီ။

မောင်သက်ဦးနှင့် ခင်စုမြိုင်တို့မှာ ယခုအချိန်အထိ ပြန်လည်ရောက်ရှိသေးဟန် မတူပါ။

ခင်စုလှိုင်သည် ဧည့်ခန်းထဲမှာ မီးဖိုထဲသို့ ဝင်ခဲ့သည်။ ခင်စုကြိုင်သည် မချက်တတ် ချက်တတ်နှင့် မီးဖိုခန်းထဲတွင် ချက်ပြုတ်နေသည်။

"ဟဲ့... ဘုတ်ဘုတ်၊ ဘာတွေချက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါးမြင်းခေါင်းချဉ်ရည်၊ ရှောက်သီးသုပ်၊ ပြီးတော့ ဝက်သားဟင်းလေး၊ တို့စရာကတော့ မရမ်းသီး ကြွပ်ကြွပ်ကလေးတွေလေ"

ခင်စုလှိုင် သွားတွေကျိန်းသွားသည်။ သွားကျိန်းတာက အရေးကြီး၊ ခင်စုကြိုင်ကိုတွေ့တော့ ဘီလူးရုပ်ကလေးကို သွား၍ အမှတ်ရလိုက်သည်။

"ဘုတ်ဘုတ်"

"ရှင်"

"ဘုတ်ဘုတ် ဘီလူးရုပ်ကလေး ဘယ်ကိုလွှင့်ပစ်လိုက်သလဲ၊ မောင်သက်ဦး ပြန်လာရင်တော့ ဘုတ်ဘုတ်ကို ဆူတော့မှာပဲ၊ သူ အမြတ်တနိုး ဝယ်လာတဲ့ ပစ္စည်းဆိုတာ သိတယ်မဟုတ်လား ဘုတ်ဘုတ်ရယ်"

ခင်စုကြိုင်က နားမလည်သလို မော့ကြည့်သည်။

"ဘီလူးရုပ်ကလေးကို ဘုတ်ဘုတ်က ဘာဖြစ်လို့ လွှင့်ပစ်ရမှာလဲ မမစုလှိုင် ဟင်"

"မမစုလှိုင်ကို မလိမ်နဲ့ ဘုတ်ဘုတ်၊ လိမ်ပြောတာကို မမစုလှိုင် မကြိုက်ဘူးဆိုတာ ဘုတ်ဘုတ် သိတယ်မဟုတ်လား၊ နေ့လယ်တုန်းက ဖုန်သုတ်ရင်း တိုက်ချပစ်လိုက်တာ မမစုလှိုင် မြင်တယ်၊ ဘာလဲ ဘုတ်ဘုတ်က မမစုလှိုင် အိပ်ပျော်နေတယ်ထင်ပြီး ပြောင်လိမ်ဦးမလို့လား"

"ဟင့်အင်း... ဘီလူးရုပ်ကလေးကို ဘုတ်ဘုတ် တိုက်မချပါဘူး မမစုလှိုင်"

ခင်စုလှိုင်သည် သူမကို လိမ်ရကောင်းလားဟု ခင်စုကြိုင်လက်ကို ဆောင့်ဆွဲ၍ ဧည့်ခန်းထဲသို့ ခေါ်ခဲ့သည်။ ဧည့်ခန်းမီးများကို ဖွင့်လိုက်သည်။

"ကဲ... ဟိုမှာ ကြည့်ပါဦး မမစုလှိုင်"

ခင်စုလှိုင် အံ့သြသွားရပါသည်။

အစွယ်ပြူးပြူးနှင့် ဘီလူးရုပ်ကလေးမှာ ရေဒီယိုစင်ပေါ်၌ အစွင့်သား ထိုင်နေဆဲ။ ခင်စုလှိုင်သည် ဘီလူးရုပ်ကလေးအား အသေအချာ ကိုင်ကြည့်သည်။ ကျိုးဖို့နေနေသာသာ အက်ရာလေးမျှပင် မထင်။ ပြော



ရုပ်ကလေးမှာ သူမလက်ထဲတွင် လေးလေးပင်ပင် စီးစီးဖွေးဖွေးပင်။

"အေး... အေး မမစုလှိုင် ဘုတ်ဘုတ် တိုက်ချပစ်လိုက်တယ် ထင်လို့ ပြောမိတာပါကွယ်၊ ကဲ ကဲ ဘာမှမဖြစ်လဲ ပြီးတာပါပဲ၊ မမစုလှိုင် မျက်စိမှားပြီး ပြောမိဆိုမိတာပါ၊ ကဲ... သွားချက်ချည်တော့၊ ဒီနေ့ ဘုတ်ဘုတ်ချက်တဲ့ လက်ရာကောင်းကောင်းကို စားရအောင်၊ ငါ့ညီမလေးက အချက်အပြုတ် သိပ်တော်တာပဲကွ"

ခင်စုလှိုင်သည် ခင်စုကြိုင်ကို ချော့၍လွှတ်လိုက်ရသည်။

သို့တစေ

နည်းနည်းကလေးမှ မကျေနပ်။

နေ့လယ်က သည်ဘီလူးရုပ်ကလေး ကျကွဲသွားသည်ကို အတိအကျ မြင်လိုက်ရလျှက်နှင့် ယခုတော့ အကောင်းပကတိ ပြန်ဖြစ်နေသည်။ နောက်ဆုံးတွင် အိပ်ချင်သည့်စိတ်ကြောင့် မျက်စိမှားတာပဲဟု ဖြေသိမ့်လိုက်ရပါသည်။ သည်အကြောင်းကိုလည်း ဆက်မတွေးမိတော့။

သို့ပေမယ့် နောက်တစ်နေ့တွင် သည်အကြောင်းအရာနှင့် စပ်လျဉ်း၍ တွေးတောရန် ပြဿနာတစ်ခု ပေါ်ပေါက်လာပါသည်။ ညီမဖြစ်သူ ခင်စုမြိုင်သည် သူမအခန်းရှိရာ ဝေဘာလီအိမ်ကြီး၏ အပေါ်ထပ်သို့ ဒေါသတကြီး ရောက်လာပါသည်။

"ဘာဖြစ်လို့လဲ စုမြိုင်၊ မောင်သက်ဦးနဲ့ စကားများလာလို့လား"

"ဘယ်က ဟုတ်ရမှာလဲ မမစုလှိုင်၊ ဘုတ်ဘုတ်ပေါ့"

"ဘုတ်ဘုတ် ဘာဖြစ်လို့လဲ"

"ဧည့်ခန်းကို ဖုန်သုတ်တာလေ၊ MODEL ဆွဲဖို့အတွက် ကိုသက်ဦး ရှားရှားပါးပါး ရှာဝယ်ထားတဲ့ ဘီလူးရုပ်ကလေးကို တိုက်ချပစ်လိုက်တယ်"

"ဟယ်..."

"ဟုတ်တယ် မမစုလှိုင်၊ ဒီကောင်မလေး ဘာပဲနေနေလုပ် သိပ်ရှုပ်တီးရှုပ်တပ် နိုင်တာပဲ"

ခင်စုလှိုင်သည် ဧည့်ခန်းသို့ လျှင်မြန်စွာ ရောက်ရှိသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြည်စိတ်က တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသည်။

ဘီလူးလေး ခေါင်းပြုတ်နေသည်။

ခြေတွေလက်တွေ ကျိုး၍ ကြမ်းပြင်ပေါ်တွင် ကျနေသည်။

မနေ့က မြင်ခဲ့ရသည့် ပုံစံအတိုင်း ဘီလူးကလေးမှာ ကျိုးပဲ့နေ လေပြီတကား။

စင်စစ်

ခင်စုလှိုင်သည် ဘီလူးရုပ်ကလေးကို ခင်စုကြိုင်လက်နှင့် တိုက်မိ၍ အောက်သို့ ကျသွားပြီး သည်ပုံစံအတိုင်း ကျိုးပဲ့သွားခဲ့သည်ကို လွန်ခဲ့သည့် ရက်က တိတိပပ မြင်ခဲ့ရပြီးသား ဖြစ်ပါသည်။

သူမ၏ အသိအာရုံတွင် တင်ကြို၍ မြင်ခဲ့ပြီးမဟုတ်လား။

ယခုတော့ တစ်သဝေမတိမ်း တူညီနေပေပြီ။

အနိဋ္ဌာရုံ အာရုံသည် ခင်စုလှိုင်၏ အသိစိတ်တွင် ကြိုတင်၍ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

*

(ငါး)

အဲသည်နေ့ကစလို့

ဧသာလီအိမ်ကြီးတွင် ဘီလူးခေါင်းပြုတ်ခဲ့သည့်နေ့ကစလို့။

ခင်စုလှိုင်၏ အသိအာရုံတွင် အနိဋ္ဌာရုံမြင်ကွင်းက ကြိုတင်ထင် ဟပ်လို့ သိရှိနေပါသည်။

အစကတော့ ဒါကို တိတိပပ မသိခဲ့။

သူမကိုယ်သူမ မကောင်းမှုနိမိတ်ကို ကြိုတင်မြင်သိနေသည့် အသိစိတ်ရှိနေသည်ကို ခင်စုလှိုင် တတ်တတ်မတ်မတ် မသိခဲ့သေးပါ။

တစ်နေ့

အဲသည်နေ့က စနေနေ့ပေါ့။

ခင်စုလှိုင်သည် ဧသာလီအိမ်ကြီး၏ အပေါ်ထပ်ရှိ သူမအခန်းတွင် ဓိနတ္ထုပကာသနီကို ဖတ်နေသည်။ စင်စစ် သူမအရွယ်သည် ဓိနတ္ထုပကာ



သနီဖတ်ရန် အရွယ်မဟုတ်သေး။ အချစ်၊ အလွမ်း၊ စွန့်စားခန်းကလေးတွေ စိတ်အပန်းပြေစေသည့် ပေါ့ပေါ့ပါးပါး ဝတ္ထုကလေးတွေကို ဖတ်သင့်သည့် အရွယ်။

ခင်စုလှိုင် ငယ်ပါသေးသည်။

သို့ပေမယ့် ကြီးနေသည်။ ညီမငယ်လေးတွေကို မိဘသဖွယ် အုပ်ထိန်းခဲ့ရသဖြင့် သူ့စိတ်က 'ကြီး' နေသည်။ ဧသာလီတွင် ဖေဖေ၊ မေမေတို့ မရှိကြကတည်းက ခင်စုလှိုင်က အစ်မကြီး အမိပမာ အုပ်ထိန်း ခဲ့ရသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် လူကြီးစိတ်ဝင်နေရသည်။ လူကြီး ဆိုလည်း နေသည်။ ဣန္ဒြေကြီး တစ်ခွဲသားနှင့် စကားပြောတတ်သည်။ ညီမလတ်ဖြစ်သူ ခင်စုမြိုင်၏ခင်ပွန်း ကိုသက်ဦးပင်လျှင် သူမထက် အစ်နှစ်လောက် အသက်ကြီးသော်လည်း သူမက မောင်သက်ဦးလို့ပဲ ခေါ်သည်။ ကိုသက်ဦးကလည်း မမစုလှိုင်တဲ့။

အရွယ်က ငယ်ပေမယ့် ဒေါ်ခင်စုလှိုင်ပေါ့။

သည်တော့လည်း ဓိနတ္ထုပကာသနီကို ကိုင်ရတော့တာ။

ခင်စုလှိုင်သည် ကျမ်းစာအုပ်ထူကြီးကိုဖတ်ရင်း ညောင်းညာလာ သဖြင့် ခေါက်ကြောကို ဆန့်လိုက်ပြီး ဖွင့်ထားသော ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်သည်။

တစ်ဖက်ခြံမှ ဖိုးအောင်သည် သူတို့ခြံထဲတွင် ပေါက်နေသော ပိတောက်ပင်ကြီးပေါ်သို့ တက်၍နေသည်။ ဖိုးအောင်သည် အသက်ဆယ့်သုံး နှစ်အရွယ်လောက်ရှိ၍ မျောက်ရှုံးအောင်ဆော့သော သူငယ်လေး ဖြစ်ပါ သည်။

"ဘုရား... ဘုရား၊ ဒီပိတောက်ပင် အမြင့်ကြီးအပေါ်ကို ကြံကြံ ဖန်ဖန် တက်ဆော့ရသတဲ့လား၊ လိမ့်များကျလိုက်မှဖြင့် ဒုက္ခ"

သည်လို တွေးလို့မှ မဆုံးခင် ဖိုးအောင်တက်နေသော ပိတောက် ကိုင်းက ဖြောင်းခနဲ ကျိုးသွားပြီး ဖိုးအောင်တစ်ယောက် အောက်သို့ အွေးခနဲ ကျသွားသည်။

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ခင်စုလှိုင်သည် ယယ်သိပါအောင် အော်လိုက်မိပါသည်။ ဒါပေမယ့် ပိတောက်ပင် အောက်ကိုတော့ မကြည့်ရဲ။

သွေးသံရဲရဲဖြင့် ကျုံးပုံနေသော ဖိုးအောင်ကို ခင်စုလှိုင် မမြင်လိုပါ။

ခင်စုလှိုင်၏ အော်သံကြောင့် အောက်ထပ်မှ အငယ်မလေး ခင်စုကြိုင် ပြေးတက်လာသည်။

"ဘာ... ဘာဖြစ်လို့လဲ မမစုလှိုင်",

ခင်စုကြိုင်က အထိတ်တလန့် မေးသည်။

"ဟိုဘက်ခြံက ဖိုးအောင် ပိတောက်ပင်ပေါ်က လိမ့်ကျသွားတယ် ဘုတ်ဘုတ်"

ခင်စုကြိုင်က ပြတင်းပေါက်မှ ထွက်ကြည့်လိုက်သည်။

"ဘယ်မှာ လိမ့်ကျလို့လဲ မမစုလှိုင်ရဲ့၊ အောက်ကို သူ့ဟာသူ ဆင်းသွားတာပါ၊ လာပါကြည့်စမ်းပါဦး"

ခင်စုလှိုင်သည် ပြတင်းပေါက်မှ အောက်သို့ငုံ့ကြည့်လိုက်ပါသည်။

ပိတောက်ကိုင်းလည်း ကျိုးမကျ။

ဖိုးအောင်လည်း ဘာမှမဖြစ်။

မဖြစ်သည့်အပြင် ပိတောက်ပင်ပေါ်မှဆင်း၍ သီချင်းတစ်ပုဒ်ကို အော်ဆိုရင်း သူ့အိမ်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရသဖြင့် ကိုယ့်မျက်လုံးကိုပင် မယုံကြည်ချင်လောက်အောင် ရှက်သွားမိသည်။

"မမစုလှိုင်က သိပ်ကြောင်တာပဲ၊ ဘာမှန်းလဲမသိဘူး"

"အေးဟယ် အခုတလော မစုလှိုင်လဲ ဘယ်လိုဖြစ်နေမှန်းကို မသိပါဘူး ဘုတ်ဘုတ်ရယ်၊ ဘာတွေ့တွေ့၊ ဘာမြင်မြင် စိုးရိမ်နေမိတာ ချည်းပဲ၊ ဒါနဲ့... ဘုတ်ဘုတ်ရေ၊ မမစုလှိုင် ပုသိမ်ကလာတဲ့ သူငယ်ချင်း တစ်ယောက်အိမ် သွားလည်လိုက်ဦးမယ်၊ မောင်သက်ဦးနဲ့ စုမြိုင်တို့ ရုပ်ရှင်က ပြန်ရောက်ရင် မမစုလှိုင်ကိုမစောင့်နဲ့၊ ထမင်းစားနှင့်ကြလို့ ပြောလိုက်နော် ဘုတ်ဘုတ်"

"ဟုတ်ကဲ့ မမစုလှိုင်"

ခင်စုလှိုင်သည် ပုသိမ်မြို့မှ ခေတ္တအလည်ရောက်ရှိနေသော အချစ်သူငယ်ချင်း ခင်ခင်၏အိမ်သို့ သွားလည်သည်။ စကားကောင်းနေသဖြင့် ညရှစ်နာရီလောက်မှ ဧသာလီသို့ ပြန်ရောက်ခဲ့ပါသည်။



ရောက်လျှင်ရောက်ချင်း ညီမအငယ်ဆုံးလေး ခင်စုကြိုင်ဆီး၍ပြောသော စကားကြောင့် သိမ့်သိမ့်တုန်သွားရပါလေသည်။

"မမစု မမစုလှိုင်"

"ဘာလဲ ဘုတ်ဘုတ်"

"ဟိုဘက်ခြံက ဖိုးအောင်လေ၊ ညနေက ပိတောက်ပင်ပေါ်တက်ပြီး ကိုင်းကန်းသိုက် တက်နှိုက်တာ လိမ့်ကျလို့ စောစောကပဲ ဆေးရုံပို့လိုက်တယ်၊ သေမလား ရှင်မလားတော့ မသိဘူးတဲ့"

*

(ခြောက်)

သည်နေ့ကစပြီး...

ခင်စုလှိုင်သည် နှလုံးတုန်မိပါသည်။ ရင်ခုန်မိပါသည်။

ချောက်ချားနေခဲ့ရပါတော့သည်။

အနိဋ္ဌာရုံအာရုံသည် မဖြစ်မီ တစ်နေ့၊ တစ်ရက်၊ တစ်မနက်၊ တစ်နာရီစော၍ ခင်စုလှိုင်၏ အာရုံတွင် အလိုလို ထင်ဟပ်နေတတ်ပါသည်။ ဒါကို ဖိုးအောင်တစ်ယောက် ပိတောက်ပင်ပေါ်မှကျ၍ ခက်ကျိုး ကျိုးသေသွားခဲ့သည့်နေ့ကစပြီး သူမကိုယ်သူမ သိရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

ပမာအားဖြင့်ဆိုရလျှင် ခင်စုကြိုင်၏ ကျောင်းကြိုကား စက်ယာရင် တက်ကိုင်ဖြုတ်၍ သစ်ပင်နှင့် တိုက်မိသည်ကိုလည်းကောင်း။

ကိုသက်ဦး၏ အကောင်းဆုံးလက်ရာ ပန်းချီကားဖြစ်သော နတ်မိမယ်ကို ပြပွဲသွင်းထားစဉ် ပန်းချီပြခန်း၌ ဖောက်ထွင်းခိုးယူခံရသည်ကို လည်းကောင်း။

မဖြစ်မီကပင် ခင်စုလှိုင်၏ အသိအာရုံတွင် ကြိုတင်၍ မြင်နေခဲ့သည်။ သို့ပေမယ့် ခင်စုလှိုင်က သည်အကြောင်းကို မည်သူ့ကိုမှ မပြောဘဲ သူမစိတ်ထဲတွင်သာ ကျိတ်မှိတ်၍ သိုသိပ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ... ရယ်စရာဖြစ်နေမည်ကိုလည်း ခင်စုလှိုင် စိုးရိမ်မိသည်။

...နေတော့ သည့်အကြောင်းကို တခြားသူများအား မပြောလျှင် ...ယောက်အောင် ဆိုးဆိုးရွားရွား အခြေအနေတစ်ခု ဖြစ်ပေါ်လာခဲ့ပါသည်။

ထိုနေ့ညနေက ဝေသာလီအိမ်ကြီးသို့ အလတ်မ ခင်စုမြိုင်၏ သူငယ်ချင်းနှစ်ယောက်ကို ထမင်းဖိတ်ကျွေးခဲ့သည်။

ကျော်ဝေသက်နှင့် မာဂရက်သောင်း။

သူတို့နှစ်ယောက်မှာ ဇနီးမောင်နှံလောင်းများဖြစ်ပြီး မိဘသဘောတူ စေ့စပ်ကြောင်းလမ်းထားသော ချစ်သူနှစ်ဦးလည်း ဖြစ်ကြသည်။

ညစာ စားပြီးသည်နှင့် သူတို့တစ်တွေ ဧည့်ခန်းတွင် စကားဝိုင်းဖွဲ့၍ ရယ်စရာ မောစရာကလေးများ ရှေးဟောင်းနှောင်းဖြစ်ကလေးများကို ပြောနေကြသည်။ သည့်အထဲတွင် မိကဲကလေး ဘုတ်ဘုတ်အသံ အဆူဆုံး အည်ဆုံး။

ခင်စုလှိုင်ကတော့ ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ဓမ္မပဒကို ဖတ်နေသည်။ နုငယ်လှပသော မျက်နှာကလေးနှင့် မလိုက်ဖက်သော ပါဝါမျက်မှန်ကြီးကိုလည်း တပ်ထားလိုက်သေးသည်။

သူမကိုယ်သူမ လူကြီးကြီးပေါ့။

သည်တော့လည်း ကလေးဝိုင်းကို မဝင်လိုဘူးပေါ့။

ညရှစ်နာရီလောက်တွင် စကားဝိုင်းပြီးသွားသည်။

သူတို့တစ်တွေ ကျော်ဝေသက်နှင့် မာဂရက်သောင်းတို့အား ဝေသာလီအိမ်ကြီး၏ ဆင်ခြင်အောက်သို့တိုင် လိုက်ပို့ကြသည်။ ခင်စုလှိုင်ကလည်း မကောင်းတတ်၍ တံခါးဝသို့တိုင် လိုက်ပါသွားရသည်။

"ကဲ... ထမင်းဖိတ်ကျွေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ၊ မကြာခင် ကျွန်တော်တို့ နှစ်ယောက်ကလဲ ပြန်ကျွေးနိုင်ပါလိမ့်မယ်၊ ကဲ အားလုံးပဲ သွားပြီနော်"

ကျော်ဝေသက်က နှုတ်ဆက်သည်။



ပြီးတော့ ရပ်ထားသော ဖင်မလီယာ ကားဖြူကလေးပေါ်သို့ ...တက်ပြီး တံခါးကို ဒုတ်ခနဲ ဆောင့်ပိတ်လိုက်၏။

'ဒုတ်'

တံခါးပိတ်လိုက်သံနှင့်အတူ ခင်စုလှိုင် နှလုံးသားထဲတွင် ဒုတ်ခနဲ ...သွားသည်။ မျက်လုံးတွေ ပြာဝေသွားသည်။ မူးခနဲ မိုက်ခနဲ ဖြစ်သွား...ဖြင့် လဲကျမသွားစေရန် တံခါးပေါင်ကို မှီထားလိုက်သည်။

"ဟင်... မမစုလှိုင်၊ ဘာ... ဘာဖြစ်လို့လဲ"

"ခေါင်းမူးလို့လား"

"ဘယ်လို ဖြစ်သွားတာလဲ၊ မမစုလှိုင် ဟင်"

ခင်စုမြိုင်၊ ကိုသက်ဦးနှင့် ခင်စုကြိုင်တို့က အကောင်းပကတိ ...နေရာမှ ရုတ်တရက် ယိုင်သွားသော ခင်စုလှိုင်ကို စိုးရိမ်စွာ မေးကြသည်။ ...ကျော်ဝေသက်တို့ကလည်း မထွက်နိုင်သေးဘဲ ခင်စုလှိုင်ကို ကြည့်နေကြသည်။

"မမ မမစုလှိုင် ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် ဒီညတော့ မောင် ...ကျော်ဝေသက်တို့ ဝေသာလီမှာပဲ အိပ်ကြပါလို့ မမစုလှိုင် တောင်းပန်ပါ ...ကွယ်"

"ဘာဖြစ်လို့လဲ မမစုလှိုင်၊ သူတို့က လက်ထပ်ရသေးတာမှ ...တ်ဘဲ၊ ဘယ်သင့်တော်ပါ့မလဲ"

"ဟုတ်တယ် မမစုလှိုင်၊ ကျွန်တော် မာဂရက်ကို ညကိုးနာရီ ...ခင် အိမ်ပြန်ပို့ပေးပါ့မယ်လို့ပြောပြီး ခေါ်လာတာ မမစုလှိုင်ရဲ့ ...က်မှုပဲ အေးအေးဆေးဆေး ညဥ့်နေလာလည်ပါ့မယ်"

ကျော်ဝေသက်က ကားပေါ်မှ ပြောသည်။

"ဟုတ်သားပဲ မမစုလှိုင်ကလဲ"

ဘုတ်ဘုတ်က ထောက်ခံသည်။

ခင်စုလှိုင်၏ မျက်နှာလှလှကလေးမှာ ဆိုးဆိုးရွားရွား ပျက်နေပါ...သည်။

"ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်စလုံး မပြန်ကြပါနဲ့ကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာထဲ အခန်းလွတ်တွေ အများကြီးရှိနေတဲ့ဥစ္စာ၊ ဒီညတော့ မပြန်ကြဖို့ မစုလှိုင် တောင်းပန်ပါရစေကွယ်"

သို့တစေ–

ခင်စုလှိုင်စကားက မအောင်မြင်ခဲ့ပါ။

သူမ အမျိုးမျိုး တားမြစ်သည့်ကြားထဲ ပြန်သွားခဲ့ကြသည်။ ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီး အပေါ်ထပ်ရှိ သူမအခန်းသို့ စိတ်လက်မချမ်းသာစွာ တက်ခဲ့ရသည်။

ပြီးတော့ တံခါးကို အတွင်းကပိတ်၍ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်နေမိသည်။

ည–ကိုးနာရီ။

ဝေသာလီသို့ တယ်လီဖုန်းလာသည်။

ခင်စုမြိုင်က ဖုန်းကိုနားထောင်သည်။ တစ်ဖက်မှပြောစကားကြောင့် ခင်စုမြိုင် မျက်နှာမှာ အလွန်အမင်း ပျက်ယွင်းသွားပြီး တယ်လီဖုန်းကို ဂလောက်ခနဲ ပစ်ချလိုက်မိသည်။

"ဘာဖြစ်လို့လဲ မြိုင်"

"မာဂရက်အိမ်က တယ်လီဖုန်းလာတယ် ကိုသက်၊ ကိုကျော်ဝေသက်နဲ့ မာဂရက်တို့ ကုက္ကိုင်းလမ်းဆုံမှာ ကားချင်းတိုက်မိလို့ နှစ်ယောက်စလုံး ပွဲချင်းပြီး ဆုံးသွားပြီတဲ့"

ခင်စုမြိုင်အသံက တုန်ယင်နေသည်။

ပြီးတော့ 'ဝေသာလီ'အိမ်ကြီး၏ အပေါ်ထပ်သို့ ပြေးတက်၏။ ပိတ်ထားသော အစ်မကြီး ခင်စုလှိုင်၏ တံခါးကိုလည်း အမောတကော တဝုန်းဝုန်းထုသည်။

"မမစုလှိုင်... မမစုလှိုင် တံခါးဖွင့်ပါဦး"

တံခါးပွင့်မလာပါ။

ခင်စုလှိုင်၏ စိတ်မကောင်းစွာ ပြောလိုက်သော စကားသံအချို့သာ အခန်းအပြင်ဘက်သို့ လွင့်လာပါ၏။



"မမကို ဘာမှလာမပြောမနေကြနဲ့၊ အမင်္ဂလာသတင်းတွေကို …လှိုင် မကြားချင်ဘူး စုမြိုင်၊ အခု ကျော်ဝေသက်နဲ့ မာဂရက်သောင်း… ကားတိုက်လို့ သေပြီမဟုတ်လား"

*

…)

"ဒေါ်ခင်စုလှိုင်ရဲ့ အဖြစ်ကတော့ အတော့်ကို အံ့ဩဖို့ကောင်းပါ…၊ ဒါပေမယ့် ကမ္ဘာမှာ ဒီလို အာရုံရတဲ့လူတွေ အများကြီးရှိကြပါ…။ ဒေါ်ခင်စုလှိုင်လဲ ဖတ်ဖူးမှာပေါ့၊ အဲဒါကို (Extrasensory …ception)

E.S.P လို့ခေါ်တယ်။ အင်္ဂလိပ်လိုဆိုတော့–

"(Perception of exter nalevents without the use of … the known senses)လို့ ခေါ်တယ် ဒေါ်စုလှိုင်၊ ဘာပဲဖြစ်ဖြစ်လေ …ခင်စုလှိုင်လို လူမျိုးဟာ တစ်သန်းတစ်ယောက်၊ တစ်သိန်းတစ်ယောက် …လို ကမ္ဘာမှာ အင်မတန်ရှားပါတယ်"

ခင်စုလှိုင်သည် သူမ၏ မိတ်ဆွေဖြစ်သူ Ps ychiatrist စိတ်ရောဂါ …ပါရဂူ တစ်ယောက်နှင့် တိုင်ပင်ကြည့်သောအခါ အထက်ပါအတိုင်း …သင်းပြောပြခဲ့သည်။

"ဟုတ်တယ် ဆရာ၊ ကျွန်မလဲ ကျွန်မကိုယ်ကျွန်မ အတော်…ဩနေပါတယ်၊ ကျွန်မဟာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး …ကာကာ လေးစားတဲ့ လူတစ်ယောက်ပါ၊ ညစဉ်ညတိုင်း ဘယ်လောက်…ဝန်တွေများများ 'ဂုဏ်တော်ကိုးပါး' 'သမ္ဗုဒ္ဓေဂါထာ'ကို အမြဲတမ်း …စိပ်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မ ကြိုတင်ပြီးမြင်တဲ့ အာရုံတွေက …ဘာမှ အာရုံတွေချည်းပဲ ဖြစ်နေတယ် ဆရာရယ်၊ ကျွန်မအာရုံထဲမှာ …ကျိုးတွေကိုပဲ ကြိုတင်မြင်နေခဲ့လို့ ကျွန်မ တစ်နေ့မှ စိတ်မချမ်းသာခဲ့ … ဆရာ"

"ဒါလဲ အမြဲတမ်း ဖြစ်နေလိမ့်မယ်လို့ ဒေါ်စုလှိုင်စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



[illegible]နဲ့၊ တစ်နေ့တော့ အကြောင်းတစ်ခုခုကြောင့် ပျောက်သွား[illegible] ပြီးတော့ ဟို စိတ်တော့မရှိနဲ့နော်၊ ကျွန်တော်က စေတနာနဲ့ အကြံပေးတာပါ၊ ဒေါ်ခင်စုလှိုင်ဟာ အခုမှ အသက်နှစ်ဆယ်ကျော် အစိတ်အတွင်းပဲ ရှိပါသေးတယ်၊ ဒီအရွယ်နဲ့ဆိုရင် လှလှပပ ပျော်ပျော်ပါး ပါး စိတ်အနားပေးပြီး နေသင့်သေးတယ်လို့ ကျွန်တော် ယူဆတယ်လေ အခု ဒေါ်ခင်စုလှိုင်ကို ကျွန်တော် မြင်သလောက်ပြောရရင် ငယ်ငယ်ရွယ် ရွယ်လေးနဲ့ အိမ်ထောင်ဦးစီးဖြစ်နေပြီး နေရာတကာ 'လူကြီး'ဆန်ဆန် အစိုးရိမ် လွန်ကဲတတ်တာကလေးတွေကို တွေ့နေရတယ်၊ ကျွန်တော် ပြောတာ ဟုတ်တယ်မဟုတ်လား ဒေါ်ခင်စုလှိုင်"

"ဟုတ်... ဟုတ်ပါတယ် ဆရာ၊ ဆရာပြောတာတွေ မှန်ပါတယ် ကျွန်မ လက်ခံပါတယ်"

"ပြီးတော့ အရာရာမှာ ငါပဲသိတယ်၊ ငါပဲတတ်တယ်၊ ငါပဲနားလည် တယ်ဆိုတဲ့စိတ်၊ စိုးရိမ်ပူပန်တတ်တဲ့စိတ်ကို ဖျောက်လိုက်ရင် အဲဒီအနီးရှာ အာရုံတွေဟာ အလိုလို ပျောက်သွားမှာပါပဲ၊ ဒြော် ဒါနဲ့ စိတ်တော့မ နဲ့နော်"

"ပြောပါ ဆရာ"

"ဒေါ်ခင်စုလှိုင်လို အင်မတန်လှပတဲ့ အမျိုးသမီးတစ်ယောက်မှာ ချစ်သူတော့ ရှိမှာပေါ့၊ ဒီအရွယ်အထိ ဘာကြောင့် အိမ်ထောင်မပြုသေး တာလဲဟင်"

"ရှိ... ရှိပါတယ် ဆရာရယ်၊ ဒါပေမယ့် အငယ်ဖြစ်တဲ့ ကျွန်မ ညီမလေးတွေကို ငဲ့နေရလို့"

"အဲ... အဲ... အဲဒါကိုပဲ ကျွန်တော် စောစောက ပြောခဲ့တာပေါ့ ဒေါ်ခင်စုလှိုင်၊ ကဲ အခုကော အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား"

ခင်စုလှိုင်သည် မောင်မောင်၏ရုပ်သွင်ကို ပြန်လည်၍ မြင်ယောင် လာသည်။

မောင်မောင်။

ချစ်သော မောင်မောင်။



ဘယ်လိုပင် ဟန်ဆောင်နေစေကာမူ ခင်စုလှိုင် ငိုချင်လာသည်။

"တစ်ခုတော့ရှိတယ် ဒေါ်ခင်စုလှိုင်၊ အိမ်ထောင်ပြုတဲ့ နေရာမှာ [illegible]'ဆိုတာကိုတော့ အလေးအနက်ထားပြီး စဉ်းစားဖို့လိုလိမ့်မယ်၊ [illegible]ဥစ္စာ'တို့ 'ကရဝိတ်'တို့ "ကော်ရီလာ'တို့လို ဟာမျိုးကိုမက်ပြီး အိမ်ထောင်ပြုလိုက်ကြလို့ ရွှေဘုံပေါ်မှာ စံနေရပေမယ့် မေတ္တာမပါလို့ စိတ်မချမ်းမသာ ဖြစ်နေရတဲ့ စုံတွဲတွေ အများကြီးရှိတယ်၊ အိမ်ထောင်ပြု တဲ့အခါမှာ 'ဈေးတွက်' မတွက်ဖို့၊ အရှုံးအမြတ် Debit Credit မတွက် ဖို့ကတော့ အဓိကအချက်ပါပဲ"

"ဆရာရယ်၊ ကျွန်မ ဒီလိုမိန်းမမျိုး မဟုတ်ပါဘူး၊ ရတာမလို ချင်တာမရဆိုတာမျိုးလဲ မဟုတ်ပါဘူး၊ ကျွန်မ 'မေတ္တာ'ကို အလေးအနက် ထားခဲ့ပါတယ်၊ ဒါကြောင့်လဲ မိဘလူကြီးတွေ သဘောမတူတဲ့ အညာရ [illegible]ချိဆရာလေး မောင်သက်ဦးနဲ့ ကျွန်မညီမလေး ခင်စုမြိုင်ကို ကျွန်မ ကိုယ်တိုင် လက်ထပ်ပေးပြီး ဝေသာလီအိမ်ကြီးပေါ် ခေါ်တင်ထားတာသာ ကြည့်တော့"

"ဒေါ်ခင်စုလှိုင်ကို ကျွန်တော် နားလည်ပါတယ် ဒေါ်ခင်စုလှိုင်၊ ကဲ... စိတ်အေးအေးထားပြီးသာ ပြန်ပေတော့"

ခင်စုလှိုင် ပြန်ခဲ့ပါသည်။

စိတ်ကတော့ မအေး။

ပို၍ လေးလာသေးသည်။

မောင်မောင့်အကြောင်းကို စဉ်းစားမိတိုင်း ခင်စုလှိုင် နှလုံးသား [illegible] လေးလာရသည်ချည်း။ မောင်မောင်၊ စုချစ်တဲ့ မောင်မောင်၊ မောင်မောင်က စုလှိုင်ထက် ငယ်သည်။ ဒါပေမယ့် မေတ္တာချင်းတော့ [illegible]သော ငါမသာ အတူတူသာ ဖြစ်ပါသည်။

ဪ မောင်ရယ်။

မင်းနဲ့ခွဲရတာ တစ်နှစ်တောင် ပြည့်တော့မှာပါကလား။

ခင်စုလှိုင်သည် 'ဝေသာလီ'အိမ်ကြီးသို့ ပြန်ရောက်လာပြီး [illegible]ယောက်တည်း အတွေးနယ်ချဲ့နေမိသည်။ မောင်သက်ဦးနှင့် ခင်စုမြိုင်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဇနီးမောင်နှံက ပန်းချီပြပွဲသို့ ထွက်သွားကြသည်။ အပေါ်ဆုံး အ
ပေါက်မလေး ခင်စုကြိုင်ကတော့ ကျောင်း။

ခင်စုလှိုင်သည် သူမအကြောင်းကို ပြန်လည်၍ တွေးတောနေခဲ့မိ
စင်စစ်...

မောင်မောင်က သူမကို လက်ထပ်ဖို့ အကြိမ်ကြိမ်တောင်းဆိ
သည်။ သူမက ငြင်းပယ်၏။ မချစ်လို့တော့ မဟုတ်၊ ချစ်ပါသည
မောင်မောင့်ကို အသည်းနင့်အောင် ချစ်ပါသည်။ သို့ပေမယ့် မောင်မော
လက်ထပ်လိုက်လျှင် ဖေဖေ အမြတ်တနိုး ဆောက်ခဲ့သော 'ဝေသာလီ'အိ
ကြီးနှင့် လူလားမမြောက်သေးသော ညီမလေးတွေကို ပစ်သွားရမည
ဖေဖေသည် မသေမီကတည်းက အတွင်းပစ္စည်း အတော်များမျာ
ရှာဖွေထားခဲ့သဖြင့် သူတို့ညီအစ်မသုံးဖော် ထိုင်စားသော်မှ မကုန်နိုင
သို့တစေ မောင်မောင့်ကို လက်ထပ်လိုက်လျှင် သူ့နောက်
သျှောင်နောက် ဆံထုံးပါ လိုက်ရတော့မည်။ မလိုက်လို့ကလည်း မဖြ
မောင်မောင်က တပ်မတော်က 'လက်ဖတင်နင်'ကလေး။

ဗိုလ်မောင်မောင်နှင့်ရမှ ဗိုလ်မောင်မောင် တာဝန်ကျရာအရပ်
လိုက်၍မနေနိုင်လျှင် ဇနီးကောင်းတစ်ယောက် တာဝန်မကျေပွန်နိုင
ဆရာဝန်နှင့်ရလျှင် ဆရာဝန်ကတော် ဗီသရမည်။

စစ်သားနှင့်ရလျှင် စစ်သားမယား ဗီသရမည်။

စာရေးဆရာနှင့် ရလို့မှ သူ့ဝတ္ထုကလေးကို စေဖန်မပေးနိုင်
လည်း အလကား။

အဲသလို ခံယူထားသည်။

ပြီးတော့–

"ကြည့်စမ်းပါဦးအေ၊ ညီမလေးတွေကိုတော့ ပစ်ထားပြီး သူကတော
လင်ယူသွားလိုက်တာ ကြော့လို့"

ဆိုသော ပတ်ဝန်းကျင်က မေးငေါ့မည်ကို ခင်စုလှိုင် ကြော
သည်။ တစ်ကိုယ်ကောင်းဆန်သည်ဟု အပြောခံရမှာ စိုးရွံ့သည်။

မောင်မောင်နဲ့ နောက်ဆုံးတွေ့တဲ့နေ့က–



ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် ဘုရားဖူးသွားကြသည်။
လေဟာပြင်တွင်ဝင်၍ ဆီချက်ခေါက်ဆွဲ စားသည်။ ကန်တော်ကြီး
အင်းလျား သွားကြသည်။ အင်းလျားတွင် လှေစီးကြရင်း မောင်မောင်က
ပူဆာခဲ့ပြန်သည်။

"လက်ထပ်ကြပါစို့လား မမရယ်"

"အဲဒါကြောင့် မင်းကလေးကို မတွေ့ချင်တာ သိလား၊ တွေ့လိုက်
ရင် တကျိကျိနဲ့ ကလေးမှန့်တောင်းတာ ကျနေတာပဲ"

"ကဲ... အဲသလိုဆို မောင့်ကို မချစ်ဘူးလား"

"ချစ် သိပ်ချစ်တာပေါ့ မောင်မောင်"

"ဒါဖြင့် ဘာလို့ လက်ထပ်ဖို့ ငြင်းနေရတာလဲ မမရယ်၊ မောင့်
ဘဝက စစ်သား၊ စစ်သားဆိုတော့ ချစ်မယားကလေး"

"ဘာ... ဘာ၊ သူများကို မယားလေးဘာလေးနဲ့ ပိုင်စိုးပိုင်နင်း၊
ဟင်းနော် မောင်မောင်"

ခင်စုလှိုင်က မျက်စောင်းလှလှကလေးနဲ့ ထိုးပစ်လိုက်သည်။
သည်တော့လည်း မောင်မောင်က တဟဲဟဲရယ်လို့။

သို့ဖြင့် ကျွန်းသာယာလေးသို့ ရောက်ကြသည်။

မြရောင်စိုနေသည့် တောအုပ်ကလည်း ဝိုင်းဝိုင်းလည်လို့။

အဲသည်တော့မှ ခင်စုလှိုင် မျက်လုံးကြီးတွေ ဝိုင်းသွားရသည်။
အသည်းတွေ အေးသွားရသည်။ သွေးတွေ ဆူဝေသွားရပါသည်။

"ကဲ... ဘယ်တော့ လက်ထပ်မှာလဲ၊ ကမ္ဘာလဆန်းမှလား"

"ဟင်း နော်၊ ဒီကောင်လေး သိပ်ဆိုးတာပဲ၊ ကလေးကျနေတာပဲ"

"ဟုတ်တယ် ခရေးလေးပဲ၊ အနော် ချာတယ် မေမေရှေ့
မုန့်ချားချင်တယ်"

"ဒေါက်..."

ခင်စုလှိုင်က သူ့ခေါင်းကြီးကို ဂုမိတ်ခေါက်ပစ်လိုက်သည်။ ...
မဆွတ်ခင်က ညွှတ်ချင်နေသော စိတ်တွေကိုထိန်း၍ သူ့...
တအားဆွဲပြီး လှေပေါ်ကို ပြန်ခေါ်ခဲ့ရသည်။ ကမ်းသို့ ပြန်...

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ရသည်။

"တစ်နှစ်လောက်တော့ စောင့်လိုက်ပါဦးလား မောင်ရယ်၊ မမကို မောင်မောင် ယုံပါ၊ မောင်မောင်ကလွဲပြီး မမအသည်းမှာ ဘယ်သူ့ကိုမှ နေရာပေးဖို့ မရှိပါဘူးကွယ်၊ တကယ်ပြောတာပါ၊ ရော့ ယောဒါ မမ အမြတ်နိုးဆုံးဖြစ်တဲ့ ပတ္တမြားလက်စွပ်၊ ဒီလက်စွပ်ကလေးကိုမောင်မောင် ဝတ်ထားသမျှ မမဟာမောင်မောင့်အပါးမှာ တစ်ဖဝါးမခွာ လိုက်နေတယ် လို့ပဲ သဘောထား၊ ကြားလား မောင်မောင်"

"ကောင်းပါပြီဗျာ၊ အဲ နောင်နှစ်ကျရင်သာ နောက်နှစ်လို့ထပ်ပြီး ရက်ချိန်းမရွှေ့လိုက်ပါနဲ့"

"မောင်မောင်ကလဲ သိပ်ကိုလောတာပဲ၊ တကတဲမှပဲ၊ မမမှာ ဝေသာလီအိမ်ကြီးနဲ့ လူလားမမြောက်သေးတဲ့ ညီမလေးနှစ်ယောက် ရှိနေ သေးတယ်၊ ဒီတာဝန်တွေက မမခေါင်းပေါ်မှာ"

"ဟာဗျာ... ရှုပ်တယ်၊ အဲဒီအိမ်ကြီးကို မီးရှို့ပစ်လိုက်"

"ဟယ်..."

"ပြီးတော့ မမရဲ့ ညီမနှစ်ယောက်ကိုလဲ သူတို့ကြိုက်တဲ့လူနဲ့ ပေးစားပစ်လိုက်"

"ဟင်..."

"နောက် မောင်နဲ့မမ လက်ထပ်၊ ကလေးတွေတစ်ပြုံကြီးမွေး"

"မွေးကောင်းလေး သိပ်မျိုးကလေး၊ သူ့ဘက်ကျတော့ ယက်တက် လိုက်တာ၊ သိပ်မုန်းဖို့ အားကြီးကောင်း၊ ဟင်း မျက်စောင်းကြီးနဲ့ ထိုးပစ် လိုက်လို့ ပြာဖြစ်သွားမယ်၊ မမက နဂါးမျိုးနော်"

"အောင်မာ မောင့် ဘိုးရဲ့ဘေးရဲ့ ဘင်က မောင်ပေါက်ကျိုင်းရဲ့ မယားညီအစ်ကို တော်သဗျ"

ရယ်သံလှလှကလေးတွေ ဝေစည်လာသည်။

သူ့အပြောကလေးကို သဘောကျစွာ တခစ်ခစ်ရယ်မိသည်။

မောင်မောင်တို့က အဲသလို ဟာသဝါသနာကလေးများလည်း ပြောတတ်သေးသည်။



ကမ်းစပ်ရောက်တော့ မရယ်နိုင်ကြတော့။

လမ်းသရဲသုံးကောင်က မောင်မောင်နှင့် ခင်စုလှိုင်ကို ဝိုင်းရံကြ သည်။ လူငယ်ကလေးတွေ ဖြစ်ကြသော်လည်း ဗလကတော့ မသေးလှ။

သူတို့စကားတွေ၏ အဓိပ္ပာယ်ကို ခင်စုလှိုင်က နားမလည်သော် လည်း မောင်မောင်ကတော့ သိသည်။

"သူ့ငနဲကို ဘေးချိတ်ထားလိုက်စမ်းပါကွာ၊ ရန်စပြီး ကြည့်မနေစမ်း ပါနဲ့၊ ဒီကောင် အေးအေးဆေးဆေး မဖြစ်ဘူးဆိုရင် လက်နက်နဲ့ ချလိုက် ရုံပေါ့၊ ကောင်မလေးကို ရအောင်လုပ်ရအောင်၊ အပျတ်မလေးတော့ မဟုတ်ဘူးကွ"

သူတို့စကားတွေက အဲဒီလို အဓိပ္ပာယ်ရသည်။

ခင်စုလှိုင်သည် မောင်မောင့်မျက်နှာ အရိပ်အကဲကိုကြည့်၍ အဓော် ဒါသထွက်သွားမှန်း ရိပ်စားမိလိုက်သဖြင့် လက်ကို အတင်းဆွဲခေါ်ပါသေး သည်။

လမ်းသရဲသုံးယောက်က သူတို့နှစ်ယောက်ကို ဝိုင်းလိုက်ကြသည်။

"အစ်ကိုတို့ အေးအေးဆေးဆေး သွားပါရစေ ညီလေးတို့ရာ နော်"

မောင်မောင်က တောင်းပန်သေးသည်။ မရ။

တစ်ယောက်က မောင်းပြန်ဓား။

တစ်ဦးက ကြယ်ပုံသဏ္ဌာန် ဖြုလုပ်ထားသော သံမဏိပြားဝိုင်း ကလေး။

တစ်ဦးကတော့ စက်ဘီးချိန်းကြိုး။

သည်လက်နက်သုံးမျိုးကို ကိုယ်စီကိုယ်င ထုတ်လိုက်ကြသော် လည်း မောင်မောင်သည် ဣန္ဒြေတစ်စက်လေးမှ မပျက်၊ ခင်စုလှိုင်ကို မျက်ရိပ်ပြလိုက်သည်။

ခင်စုလှိုင်သည် ရင်တမမဖြင့် အသာခွာပေးလိုက်ရရှာသည်။

"အမယ်လေး"

ခင်စုလှိုင်သည် ကြောက်လန့်တကြား လန့်အော်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်က လက်နက်တွေနှင့် မောင်မောင့်ကိုဝိုင်း၍ တိုက်ခိုက် သတ်ဖြတ်ကြသည်။

ခင်စုလှိုင် မျက်စိပိတ်လိုက်မိသည်။

အိုးခနဲ အင့်ခနဲ အားခနဲအသံတွေ ကြားလိုက်ရပြီး ငြိမ်သွားသည် သည်အထိ ခင်စုလှိုင် မျက်စိမဖွင့်ရဲသေး။

"လာ မမ၊ မောင်တို့ သွားရအောင်"

"ဟင်..."

"သွားစို့လေ"

လမ်းသရဲ သုံးယောက်မှာ မှောက်သူမှောက် ကွေးသူကွေး တစ်ရေးတစ်မော အိပ်နေကြပေပြီ။

"ဒီကောင်တွေလောက်တော့ မောင်က မမှုသေးဘူး မမ မောင်က တပ်ထဲမှာ ဂျူဒို၊ အိုက်ကီဒို၊ တရာတေးတွေကို နောကျေအောင် သင်ထားပြီးသား"

အဲသည်တုန်းကဆိုလျှင် ခင်စုလှိုင် ရင်တုန်လိုက်သည့်ဖြစ်ခြင်း မောင်မောင်ရဲ့ အရည်အချင်းကိုလည်း သိလာသည်။ မောင်မောင် သည် နှလုံးရည်နှင့် ပြည့်စုံသလို လက်ရုံးရည်ကိုလည်း အားကိုးနိုင်သည် ဒါကို ခင်စုလှိုင် သိခဲ့ရပါသည်။

သည်နောက်တော့ မောင်မောင်တစ်ယောက် အမိမြန်မာနိုင်ငံ လာရောက်ကျူးကျော်သော ရန်သူတွေကို တိုက်ခိုက်ရန် မြန်မာပြည် မြောက်ပိုင်းသို့ စစ်ထွက်သွားခဲ့ရပါသည်။

စုလှိုင်မှာတော့ လွမ်းလိုက်ရသည့်ဖြစ်ခြင်း မောင်မောင်ရယ်။

အဲသည်နေ့ကစ၍ ဗိုလ်မောင်မောင်တစ်ယောက် ခင်စုလှိုင်ထံ မရောက်လာတော့ပါ။

အဲသည်နေ့က နောက်ဆုံး။

နောက်ဆုံးတွေ့လိုက်ရခြင်း။

နောက်ဆုံး ကြည်နူးလိုက်ရခြင်းပါပဲ။

မောင်မောင် မရောက်လာသော်ငြားလည်း မောင်မောင့်ကိုယ်



သူ့မိခင်တပ်ရင်းမှ ခေးပို့လိုက်သည့် ကြေးနန်းစာကလေးတစ်စောင် ကတော့ ခင်စုလှိုင်လက်ဝယ်သို့ ရောက်ရှိလာပါသည်။ သူ၏ တပ်ရင်းမှူး သည် မောင်မောင်နှင့် ခင်စုလှိုင်အကြောင်းကို သိထားခဲ့ဟန်တူပါသည်။

ခင်စုလှိုင် (ဒေသာလီ)

ဗိုလ်မောင်မောင်သည် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေရာတွင် ရန်သူ့မိုင်းဗုံးထိ၍ စက်တင်ဘာလ (၁၃) ရက်နေ့က ကျဆုံးသွားခဲ့ကြောင်း ဝမ်းနည်းစွာဖြင့် အကြောင်း ကြားပါသည်။

တပ်ရင်းမှူး

ခ-လ-ရ (——)

တန့်ယန်း။

ခင်စုလှိုင်သည် ကြေးနန်းစာရွက်ကိုကိုင်ရင်း လက်တွေတုန်လာ သည်။ အသည်းတွေ တစ်စစီ တစ်မြွာစီ ဖွဲ့ခြွေခံရသလို ရင်ထဲတွင် နာလာသည်။ ဆို့တက်လာသည်။

"အမယ်လေး... မောင်မောင်ရဲ့"

ဟု တအားဟစ်၍ အားရပါးရ ငိုချလိုက်ချင်ပါသည်။ သို့သော်ငြား စိတ်ကိုထိန်းထား၏။ သည်တော့ ရင်ထဲက ခံစားချက်က ပိုလို့သာ ပြင်းထန်လာရသည်။

မောင်မောင် သေပြီ။

စုလှိုင် အသည်းနှင့်အောင်ချစ်ရတဲ့ မောင်မောင်သည် စုလှိုင်ကို တစ်ယောက်တည်း ပစ်ထားခဲ့လေပြီ။

"ဩော်... မောင်ရယ်၊ မင်းဆန္ဒကလေးမှာ ပြည့်မသွားရရှာလေခြင်း"

ခင်စုလှိုင် ရင်ထုမနာ ဖြစ်မိပါသည်။

အသည်းတွေ ကွဲကြေခဲ့ရပါသည်။

ယခုသော် မောင်မောင် ကျဆုံးခဲ့သည်မှာ တစ်နှစ်ပင်ပြည့်တော့မှာ ပါကလား။

ဒေသာလီသည် မှာတိ တိတ်ဆိတ်ငြိမ်သက်လို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်စုလှိုင်သည် သူမ၏မိတ်ဆွေ စိတ်ရောဂါကု ပါရဂူနှင့် တိုင်ပင်ဆွေးနွေးပြီး ပြန်ရောက်လာသည်။ ကာ မောင်မောင်နှင့် သူမအကြောင်းကို ညှော်ခန်းထဲတွင် ထိုင်၍ စဉ်းစားနေမိခဲ့သည်။

ဩော်... ငါ ဘာတွေစဉ်းစားနေမိပါလိမ့်၊ ဒါတွေဟာ ဖြစ်ပြီးသားတွေပဲ၊ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' လို့ ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့တယ် မဟုတ်လား၊ 'အနိစ္စ' ဘယ်အရာမှ အမြဲမရှိ၊ ထိန်း ထိန်း ခင်စုလှိုင်၊ နင့်စိတ်ကိုထိန်း။

ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီး၏ အပေါ်ထပ်သို့ တက်ခဲ့ပါသည်။ အပေါ်ထပ်သို့ ရောက်သည်နှင့် တစ်အိမ်လုံး သိမ့်ခနဲ လျှောင်လှုပ်သလို ခံစားလိုက်ရသည်။ မျက်လုံးတွေ ပြာဝေသွားသည်။

နံရံတွင် သူမ အမြတ်တနိုး ချိတ်ဆွဲထားသော ပုဂံ၏ ရှေးယဉ်ကျေးမှု အနုပညာလက်ရာများဖြစ်သော သဗ္ဗညု၊ အာနန္ဒာ၊ ရွှေစည်းခုံ၊ ဓမ္မရံကြီး၊ မနူဟာ၊ ကန်တော့ပလ္လင်၊ ဗူးဘုရား ပန်းချီကားချပ်များမှာ သိမ့်သိမ့်ခါသွားသည်။

"ဘုရား... ဘုရား... ဘယ်လိုများဖြစ်တာပါလိမ့်၊ ငါ့စိတ်တွေ ဘယ်လိုဖြစ်လာပါလိမ့်"

ခင်စုလှိုင်သည် နံရံတွင်မှီရင်း မျက်စိကို မှိတ်ထားလိုက်သည်။

အနိစ္စာရုံ အာရုံသည် ခင်စုလှိုင်၏ အသိဉာဏ်တွင် လက်ခံနေရာယူလိုက်သည်။ ပြီးတော့ ပြန်လည်ပျောက်ကွယ်သွားခဲ့၏။

ထိုနေ့ညက ဓုလိုင်လ ခုနစ်ရက်။

နောက်တစ်နေ့ ဇူလိုင်လ ရှစ်ရက်နေ့တွင် ပုဂံမြေငလျင်အကြောင်းကို ခင်စုလှိုင်တစ်ယောက် ရင်သိမ့်တုန်စဖွယ် ကြားသိလိုက်ရပါတော့သည်။

(ရှစ်)

၁၉၇၅-ခု စက်တင်ဘာလ (၁၃) ရက်၊ တနင်္ဂနွေနေ့။

ခင်စုလှိုင်သည် ပြက္ခဒိန်ကို လှမ်းကြည့်လိုက်ပြီး ရင်မောစွာ



သက်ပြင်းချလိုက်မိပါသည်။

သည်ကနေ့ မောင်မောင် လာခေါ်မည့်နေ့။

မောင်မောင် အသေဆိုး သေခဲ့ရသည့် စက်တင်ဘာလ (၁၃) ရက်နေ့။

"ကဲ... မောင်သွားမယ် မမ၊ မှတ်ထားနော်၊ ဆယ့်သုံးရက်နေ့မှာ မကို မောင် ဟော့ဒီ ဝေသာလီအိမ်ကြီးက အပြီးအပိုင် လာခေါ်သွားတော့မယ်"

ညဉ့်သန်းခေါင်တွင် သူမထံသို့ မောင်မောင် ရောက်ရှိလာခဲ့ပြီး သို့ကလို ဆိုသွားခဲ့သည်။

သူ သေသောနေ့တွင် ခင်စုလှိုင်ကို လာခေါ်မတဲ့။

ခင်စုလှိုင်၏ သေနေ့ကို မောင်မောင်က အတိအလင်း ပြောကြားသွားခဲ့ပါသည်။

သေသွားသော ချစ်သူက လာခေါ်နေပြီ။

ခင်စုလှိုင် လိုက်ပါမယ် မောင်မောင်ရယ်၊ အသက်ရှင်စဉ်တုန်းက မောင့်မောင့် အလိုဆန္ဒတွေကို မလိုက်နိုင်တဲ့ မမဟာ သေသွားပြီးတော့မှ လာခေါ်တဲ့ မောင့်မောင့် ဝိညာဉ်နောက်ကို လိုက်ပါတော့မယ်ကွယ်။

သည်အနိဋ္ဌာရုံသည် ခင်စုလှိုင် နောက်ဆုံးမြင်ခဲ့ရသည့် မကောင်းမှုအာရုံပင် ဖြစ်ပါသည်။ ကြိုတင် မြင်သိခဲ့ရသော နောက်ဆုံး အာရုံတစ်ခုလည်း ဖြစ်ပါသည်။

ဝေသာလီတွင် ဘီလူးခေါင်းပြတ်သည်။

မိုးအောင် ဇက်ကျိုး၍ သေသည်။

ညီမ အငယ်ဆုံးလေး ခင်စုကြိုင်၏ ကျောင်းကား လက်ကိုင်ဘီးပြုတ်၍ သစ်ပင်နှင့် ဝင်တိုက်သည်။

ကိုသက်ဦး၏ နှုတ်မိမယ် ပန်းချီကား လူခိုးခံရသည်။

ကျော်ဝေသက်နှင့် မာဂရက်သောင်းတို့ ကားတိုက်၍ ပွဲချင်းပြီး သေသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံ၏ ရှေးဟောင်းအမွေအနှစ်ဖြစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှု လက်ရာများ မြေလျှင်ဒဏ်ကြောင့် မြေခရသည်။

ဒါတွေကို မဖြစ်မီကပင် ခင်စုလှိုင်၏ အသိအာရုံတွင်တင်ကြို၍ မြင်သိနေရ၏။ မြင်သိခဲ့သည့် အတိုင်းလည်း တစ်သဝေမတိမ်း ဖြစ်ခဲ့ပါသည်။

ယခုတစ်ခါ မောင်မောင်က လာခေါ်ဦးမတဲ့။

သည်နေ့ နောက်ဆုံးနေ့ပါကလား။

ခင်စုလှိုင်သည် နံနက်စောစောကပင် ထ၍ ဘုရားဝတ်ပြုသည်။ ပြီးတော့ သူမကိုယ်တိုင် မပြင်စဖူး အလှဆုံးဖြစ်အောင် ပြင်ဆင်ခြယ်သနေသည်။

မောင်သက်ဦး၊ ခင်စုမြိုင်နှင့် ခင်စုကြိုင်တို့ကို သန်လျင်ကျောက်တန်းသို့ စနေနေ့ကပဲညအိပ်အလည် လွှတ်လိုက်သည်။ တစ်နည်းအားဖြင့် မောင်မောင့်နောက်ကို လိုက်ရာတွင် တစ်ဦးတည်း တစ်ယောက်တည်း လွတ်လွတ်လပ်လပ် လိုက်လိုသည်။

ဒါကြောင့်ပင် သူတို့တစ်တွေကို အလိမ္မာနှင့် နှင်လွှတ်လိုက်ခြင်း ဖြစ်သည်။

ခင်စုလှိုင်သည် ဆံပင်ကို နန်းဆန်ဆန် တစ်ပတ်ရစ်ကလေး ထုံးသည်။ မျက်နှာကို အလှဆုံးဖြစ်အောင် ခြယ်သလိုက်သည်။

ချိတ်ထဘီအဝါနှင့် အဝါရောင် ဖော့အင်္ကျီ လက်ပွကလေးကို ဆင်မြန်းလိုက်၏။ ခေါင်းကပန်းကလည်း စကားဝါပန်း။

ပြီးတော့ အမြိတ်အမွှင့်တွေ၊ ရွှေချည်တွေထိုးထားသော ပဝါကြီးကို သိုင်းခြုံလိုက်ပါတော့သည်။

ရွှေစင်လို ဝင်းနေသော ခင်စုလှိုင်၏ အသားအရည်က အဝါနှင့် လိုက်ဖက်လွန်းသည်။

အဝါကို မောင်မောင် မြတ်နိုး၏။

သူ မြတ်နိုးသည့်အရောင်ကိုဝတ်၍ သူ့နောက်ကို လိုက်တော့မည်။



ခင်စုလှိုင်သည် သူမအခန်းထဲတွင်ထိုင်ရင်း မောင်မောင့်ကိုစောင့်သည်။ မလာပါ။

ကြာတော့ နှလုံးသည်းပွတ်တွေ မြုတ်ကြွမတတ် ခံစားနေရသည်။ [...]င့်ရခြင်းတည်းဟူသော အလုပ်ကို မုန်းလာရချေသည်။ သို့မို့ကြောင့် [...]သာလီ အိမ်ကြီး၏ အောက်ထပ်သို့ ဆင်းပါသည်။

ဝေသာလီအိမ်ကြီး၏ ကျွန်းသားတံခါးကြီးမှာ စေ့ထားသည်။ [...]မှုန် အလင်းရောင်က ညှို့ခန်းကို လွှမ်းမိုးထားသည်။

ဝေသာလီ၏ အရှင်သခင်မလေး ခင်စုလှိုင်သည် ညှို့ခန်းကြီး[...]ထဲတွင် ငြိမ်သက်စွာထိုင်ရင်း သေခြင်းတရားကို ရင်တမမဖြင့် စောင့်ကြို[...]နေပါသည်။

နေ့လယ် ဆယ်နာရီ။

တဒင်္ဂခင်မြည်မှာည်းသွားသော တိုင်ကပ်နာရီကြီး၏အသံက နှလုံးသွေးပျက်ဖွယ် ကျယ်လောင်လှပါသည်။ ပြီးတော့ အပ်ကျသံ ကြားရလောက်အောင် ပကတိ တိတ်ဆိတ်ငြိမ်သက်သွားပါလေသည်။

ခင်စုလှိုင်၏ အသက်ရှူသံသဲ့သဲ့သည် အလွန်အမင်း တိတ်ဆိတ်ငြိမ်သက်လွန်းနေသော ညှို့ခန်းဆောင်ထဲတွင် ပျံ့လွင့်နေပါသည်။

"ကျွိ"

ဝေသာလီအိမ်ကြီး၏ ကျွန်းသားတံခါးကြီးမှာ ရှည်လျားစွာမြည်ရင်း တဖြည်းဖြည်း ပွင့်ဟသွားသည်။

သူ...

မောင်မောင်။

စုလှိုင်ချစ်တဲ့ မောင်မောင်။

မောင်မောင့်မျက်နှာက ပြုံးနေသည်။ သူသည် ငြိမ်သက်စွာ[...] နေသော စုလှိုင်ထံ ဖြည်းညင်းလေးပင်စွာ တစ်လှမ်းချင်းလျှောက်လာ[...]သည်။ ခင်စုလှိုင် ထလိုက်သည်။ သူနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ သူမမျက်နှာက ပြုံးနေသည်။ နှလုံးသားက တဒိတ်ဒိတ် ခုန်နေသည်။

www.burmeseclassic.com



"မ...မ"

"မကို လာခေါ်တာလားဟင်"

"အင်း... မမ မောင်နဲ့လိုက်တော့မယ်နော်"

"လိုက်မှာပေါ့ မောင်ရယ်၊ မမ မောင်ခေါ်ရာလိုက်ဖို့ အဆင်သင့်စောင့်နေတာပါ"

ခင်စုလှိုင်သည် သူ့ရင်ခွင်ထဲသို့ ခိုဝင်လိုက်မိသည်။ သူ့လက်ကလည်း ခင်စုလှိုင်ကို တင်းကျပ်စွာ ဖက်ထားပါသည်။

"ဪ ...မောင်ရယ်"

တိုးညင်းညှံ့သက်သော အသံကလေး သဲ့သဲ့သာ ခင်စုလှိုင် နှုတ်ဖျားမှ ထွက်နိုင်ပါတော့သည်။ ပြီးတော့ သူ့ရင်ခွင်ထဲတွင် ပျော့ခွေသွားပါတော့သည်။

၁၉၇၅-ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်။

*

(ကိုး)

ပထမဆုံး အသံတွေကြားရသည်။

စကားပြောသံတွေ၊ ခြေသံတွေ။

သို့တစေ အာရုံ ပီပီပြင်ပြင် မရှိလှ။

ဝိုးတဝါး နိုင်လှသည်။ အိပ်မက်ပမာလို ဖြစ်နေသည်။

တိမ်တိုက် အိအိကြီးထဲတွင် လွင့်မျောနေသလို ခံစားရပါသည်။

"ခံစားမှုတစ်ခု ပြင်းပြင်းထန်ထန် ဖြစ်သွားလို့ မြောသွားတာပါ၊ နှလုံးလေရိုက်တယ်လို့ ပြောပြောနေကြတာမျိုးပေါ့၊ **Heart Failure** ဆိုပါတော့ဗျာ၊ ဒါပေမယ့်ဆေးရုံကို အချိန်မီ ပို့နိုင်ခဲ့လို့ စိုးရိမ်စရာမရှိတော့ပါဘူး၊ နှလုံးခုန်နှုန်း မှန်လာပါပြီ၊ အောက်ဆီဂျင်လဲ ပေးထားပြီပဲ၊ မပူပါနဲ့တော့ ဗိုလ်ကြီးမောင်မောင်"

ဆရာဝန်၏ အသံကို ခင်စုလှိုင် တိတိပပ ကြားလိုက်ရသည်။ ဗိုလ်ကြီး မောင်မောင်တဲ့။



မောင်...

မောင်မောင်။

ခင်စုလှိုင်သည် မျက်လွှာကို ညင်သာစွာ ဖွင့်ကြည့်လိုက်ပါသည်။ မောင်မောင်သည် သူမ၏ ခုတင်ဘေးတွင် ရပ်နေသည်။ ပြီးတော့ သူမ၏ လက်နှစ်ဖက်ကိုလည်း နွေးထွေးစွာ ဆုပ်ကိုင်ထားပါသည်။

"မမ သတိရပြီနော်"

ဟုတ်ပါသည်။ မောင်မောင်ပါပဲ။ သူက ခင်စုလှိုင်ကို ပြုံးရင်းအားရဝမ်းသာ ပြောသည်။

"မောင်"

"မမ"

"မောင် မသေဘူးနော်"

"မသေပါဘူး မမရယ်၊ ဒါကြောင့် ဝေသာလီကို ပြန်လာတာပေါ့၊ မမဟာ မောင့်ရင်ခွင်မှာပဲ ပျော့ခွေပြီး သတိလစ်သွားလို့ ဆေးရုံကို အရေးတကြီး ပို့ခဲ့ရတာပေါ့၊ အခုကော ဘယ်နှယ်နေသေးလဲ ဟင်"

ခင်စုလှိုင် မဖြေပါ။

မေးချင်တာတွေကိုသာ မေးလိုက်မိပါသည်။

"ဒါဖြင့် ရှေ့တန်းမှာ မောင်မောင် ကျဆုံးသွားလို့ ဆိုတာကရော"

"ဒီလို မမရေ၊ တိုက်ပွဲအခြေအနေက အတော်ပြင်းထန်နေတုန်း မောင်မောင်ဟာ တပ်စုတစ်စုကို ဦးဆောင်ပြီး ရန်သူ့နောက်ပိုင်းကို ဝင်တိုက်ဖို့ ဖောက်အထွက်မှာ လုံ့စွပ်ထိုးတိုက်ပွဲတွေ ဖြစ်တဲ့အပြင် ရန်သူ့ မိုင်းဗုံးကိုလဲ နင်းမိခဲ့တယ်"

ခင်စုလှိုင်သည် မောင်မောင့်စကားကို အားရပါးရ နားထောင်နေပါသည်။ မောင်မောင့်အသံက တက်ကြွနေသည်။

"ရန်သူ့အင်အားနဲ့ မောင်တို့ဘက်က အင်အားဟာ ဆယ်ဆပိုတစ်ဆလောက် ကွာပေမယ့် သူတို့ကို အကျအဆုံးများအောင် တိုက်ခိုက်နိုင်ခဲ့တယ်၊ အဲ... မောင့် တပ်စုဟာ မိုင်းဗုံးကိုလဲ နင်းမိရော မောင်လဲ သတိ

www.burmeseclassic.com

www.burmeseclassic.com



နေသွားတယ်၊ တပ်စုတစ်စုလုံးလဲ အချေမှုန်းခံလိုက်ရတယ် မမ၊ မောင် သတိရလာတော့ ခေါင်းမှာ ဒဏ်ရာကြီးနဲ့ ရန်သူ့လက်မှာ သုံ့ပန်းအဖြစ် အဖမ်းခံနေရတာကို တွေ့ရတော့တာပဲ"

"အမယ်လေး မောင်မောင်ရယ်၊ မမ ဝမ်းသာလိုက်တာ၊ မမဆီကို မောင်တို့ တပ်ရင်းမှူးဆီက ကြေးနန်းစာရတော့ မောင် ကျဆုံးသွားပြီလို့ မှတ်ယူလိုက်မိတာ"

"ဟုတ်တယ် မမ၊ မောင့်တပ်ရင်းကလဲ ဒီလိုပဲ ယူဆလိုက်ကြပြီး မမဆီကို ကြေးနန်းပို့ခဲ့ကြတာပေါ့၊ မောင် ရန်သူ့လက်မှာ တစ်နှစ်နီးပါး ကြာခဲ့တယ် မမ၊ သူတို့က မောင့်ကို သတ်မပစ်ဘဲ သူတို့ဘက်ပါလာအောင် အမျိုးမျိုး သိမ်းသွင်းခဲ့တာပေါ့၊ မောင်လဲ သူတို့အလိုကျ မရှိယာယ်နဲ့ နေခဲ့ပြီး အခွင့်သာတာနဲ့ သူတို့စခန်းကို ဖုံးနဲ့ခွဲပြီး ထွက်ပြေးခဲ့တာပဲ မမ"

ခင်စုလှိုင်အပြုံးက တောက်ပလာသည်။

ချစ်သော မောင်မောင်ကိုလည်း ချစ်ရည်ရွှန်းသော အကြည့်ဖြင့် ရွှန်းရွှန်းစားစား ကြည့်နေလိုက်ပါသည်။

"တပ်ရင်းက ခွင့်ရ,ရချင်း မမဆီကို အပြေးလာခဲ့တာပဲ ဆိုပါတော့ မမရယ်၊ ဒီတစ်ခါတော့ မောင်နဲ့အတူ အပြီးလိုက်ခဲ့ရမှာပဲနော်"

ဟုတ်ပါသည်။

မောင်မောင် လာခေါ်မည်ကို ခင်စုလှိုင်၏ အသိအာရုံတွင် ကြိုတင်၍ သိမြင်ခဲ့ရသည်။ ဒါပေမယ့် ခင်စုလှိုင်က ဆိုးကျိုးကို တွေးနေ၏။ မျှော်လင့်ထား၏။

တကယ်ဖြစ်လာသည်က ကောင်းကျိုး။

ခင်စုလှိုင်၏ အသိအာရုံတွင် နောင်အခါ၌ အနိဋ္ဌာရုံတွေ ပေါ်ပေါက်တော့မည် မဟုတ်ပေ။ ဒါကို သူမကိုယ်သူမ စိတ်ချလက်ချ ယုံကြည်မိပါသည်။



"ဘယ်နှယ်လဲ မမ၊ လိုက်မှာလား"

"လိုက်မှာပေါ့ မောင်မောင်ရယ်၊ ဒီတစ်ခါတော့ မောင်မောင့်နောက်ကို မမ အပြီးတိုင် လိုက်ခဲ့ပါတော့မယ်ကွယ်"

"တကယ်"

"ဩော် . . . မောင်မောင်ရယ်၊ တကယ်ပြောတာပါ၊ မမရဲ့ အသည်းထဲ နှလုံးထဲက စကားတွေပါ"

ဆရာဝန် ဆရာမတစ်တွေမှာ သူတို့အနားက ခပ်စောစောကတည်းက ထွက်ခွာသွားခဲ့ကြပါပြီ။ စိတ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ရောဂါကို စိတ်နှင့်ပင် ကုစားခြင်းက အကောင်းဆုံးသော ဆေးမဟုတ်ပါလား။

မောင်မောင့်လက်က သူမ လက်ကလေးကို မချင့်မရဲဆုပ်ညှစ်လိုက်သည်။ သူ့မျက်နှာကြီးကလည်း မှန်းစရာကောင်းလောက်အောင် ပြုံးဖြီးဖြီး ဖြစ်လို့နေသည်။

မောင်မောင်သည်

မနေနိုင်သည့်အဆုံး ခင်စုလှိုင်၏ နှဖူးပြင် ဝင်းဝင်းကလေးကို တစ်နာရီ မိုင်တစ်ရာနှုန်းလောက်နှင့် လှစ်ခနဲ နမ်းလိုက်သည်။

"ဟင်းနော် . . . မောင်မောင် မကဲနဲ့၊ ဒါ ဆေးရုံပေါ်မှာဆိုတာလဲ သတိရဦး"

"ဆင်းဗျာ အခု ဆင်းတော့"

"ဟယ်"

"ပြီးတော့ မောင်နဲ့ တစ်ခါတည်း လိုက်ခဲ့တော့"

"လွန်တာပေါ့ မောင်မောင်ရယ်"

ကြည်နူးစွာ ပြောလိုက်မိသော်လည်း သူ့စကားကို ခင်စုလှိုင် မငြင်းပယ်နိုင်ရက်တော့ပါ။

ဟုတ်ပါသည်။

မောင်မောင့်နောက်ကို လိုက်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ခနီးဆောင်းတစ်ယောက် အနေဖြင့် ရေပူရေချမ်း ကမ်းလှမ်းရ‌ပါ ဦးမည်။

ပြီးတော့…. ပြီးတော့ တိုင်းပြည်၏ ရတနာကလေးများဖြစ်သော ဓောင်မောင်လိုချင်သည့် သားသား၊ မီးမီးကလေးများကိုလည်း–

ဆွေလှိုင်ဦး

* * *


www.burmeseclassic.com

www.burmeseclassic.com



# အလင်းအမှောင် မညီညာသည့် ကမ္ဘာတစ်ဖက်ခြမ်း

## နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)

*"ကမ္ဘာမြေရဲ့ တစ်ဖက်ခြမ်းက လင်းလက်နေရင် အခြားတစ်ဖက် ခြမ်းက မည်းမှောင်နေမယ်ဆိုတာ 'နေ့နဲ့ည'ရဲ့ မမှားနိုင်တဲ့ နိယာမပဲ"*

### *"ကမ္ဘာတစ်ခြမ်း၏ နိဒါန်း"*

"ဟာ... ဟာ... ဟိုမှာကြည့်စမ်း၊ ဟိုမှာ အရှုးမလေး၊ မာရိယာရဲ့ သမီးမဟုတ်လား၊ တောင်နံရံတွေပေါ်ကို ကုပ်တက်ပြီး ဒူဂျန့်ရေတံခွန်ပေါ် ကို မကြောက်မလန့် တွယ်တက်နေတယ်။ မတော်တဆ ပြုတ်ကျလာရင် ဒုက္ခပဲ၊ အသည်းယားဖို့ ကောင်းလိုက်တာ၊ ဒီအရူးမ ရေတံခွန်ပေါ် ဘာတက်လုပ်ပါလိမ့်"

လူတစ်ယောက်က ဘုရားကျောင်းရှေ့ ဒီဇင်ဘာပန်းရုံနံဘေးတွင် ရပ်လျက်မှ အရှေ့ဘက် ကျောက်နံရံကမ်းပါးတစ်တွေဆီ အမှတ်မဲ့ လှမ်းကြည့်မိလိုက်ရင်း အလန့်တကြား အော်ပြောလိုက်ခြင်းဖြစ်သည်။

ထိုလူမှာ 'ဦးဖော်ယမ်လဆိုင်း' ဖြစ်သည်။ သူတို့မိသားစုသည် ယနေ့ တနင်္ဂနွေနေ့ ဖြစ်သောကြောင့် ဆုတောင်းဝတ်ပြုရန် 'ရှင်မိကွေ့လ' ဘုရားကျောင်းသို့ လာခဲ့ကြခြင်းဖြစ်၏။ နံနက် ကိုးနာရီခွဲ ကျော်ကျော်



ရှိပြီဖြစ်သော်လည်း နှင်းမှုန်တွေက မစဲသေး။ နံနက်ခင်းက မှိုင်းပြာနေ သည်။

ဘုရားကျောင်းလေးထဲမှ 'SUNDAY SCHOOL' ဥပုသ်စာဖြေ အလေးငယ်များ၏ ကြည်နူးဖွယ်ရာ 'ဓမ္မသီချင်း'လေးက ယော်လိုဂစ်တာသံ နှင့်အတူ ကျောင်းဝင်းထဲ စီမ့်အံထွက်လာသည်။

ရုတ်တရက် ဦးဖော်ယမ်လဆိုင်း၏ ချောက်ချားစွာနှင့် ဟစ်အော် လိုက်သည့်အသံကြောင့် ဘုရားကျောင်းဝင်း ဗတ်ပတ်လည်၌ ရောက်ရှိ နေကြသည့် အခြားမိသားစုတွေအားလုံး စုရုံးရောက်ရှိလာပြီး သူညွှန်ပြရာ ဆီသို့ အားလုံး လှမ်းမော့ကြည့်လိုက်ကြသည်။

ဟုတ်ပါသည်။ တောင်နံရံ ကျောက်ကမ်းပါးထစ်တွေပေါ်မှာ အမျိုးသမီးလေးတစ်ဦး။ ဂါဝန်လိုလို ဂျပ်ချုပ်အကျီရှည် ပန်းရောင်ဖားဖား နှင့် ဆံပင်တွေက လေထဲမှာလွင့်ပြီး ဝဲနေသည်။ တောင်နံရံကျောက်သား ထစ်တွေပေါ် ကုပ်ကပ်ပြီး ခဲရာခဲဆစ်၊ ကြောက်စိတ်မရှိ တွယ်တက်နေ သည်။ တောင်လေကလည်း တရှဲရှဲမြည်လျက် တိုက်ခတ်နေသည်။ မြင်ကွင်းက အသည်းယားစရာ ကောင်းလှသည်။တောင်ကမ္ဘား အစွန်း တစ်ဖက်တွင်မူ ဒူဂျန့်ရေတံခွန်ကြီးက တဝေါဝေါမြည်ကာ ကြောက်မက် ဖွယ်ရာ တဟုန်ထိုး သွန်ကျနေသည်။ အောက်မှာ ကျောက်ဆောင်တွေနှင့် မန်စီနီ။ မန်စီနီမြစ်က ကြမ်းတမ်းခက်ထန်စွာ စီးဆင်းနေသည်။

"ဟာ... ဟုတ်ပါရဲ့၊ ဘုရားရှင် ကယ်တော်မူပါ၊ အရူးမလေး ဟော ဒူဂျန့်ရေတံခွန်ပေါ် တက်နေပြီ၊ ဗီညာဉ်နတ်ဆိုးတွေ ကောင်မလေး ကို သွေးဆောင်ဖျားယောင်းပြီး ခေါ်သွားပြီထင်ပါရဲ့၊ အမလေးနော် လိမ့်ကျလာမှဖြင့်..."

'မိခင်အသင်း' အတွင်းရေးမှူးဖြစ်သူ 'ဒေါ်ဇက်နန့်ရော်'ကလည်း စိတ်မထိန်းနိုင်စွာ ရင်ဘတ်ကိုဖိပြီး စိုးရိမ်တကြီး အော်ပြောသည်။

"ဒီကလေးမ တော်တော့ကို စိတ်တွေဖောက်ပြန်သွားပြီ ဟော့... ကလေးမ၊ ဟေ့... မတက်နဲ့ လိမ့်ကျမယ်၊ ပြန်ဆင်းလာ"

လူတစ်ယောက်က အော်ပြောသည်။ သို့သော် မလှမ်းကဝေးပြီး

www.burmeseclassic.com

www.burmeseclassic.com



မြင့်ကလည်းမြင့်။ ရေတံခွန်သံ၊ တောင်လေရိုင်းတို့၏ အသံနှင့် သူ့မည်သို့မျှ မကြားနိုင်။ ကြားလည်း သူမကတော့ ဂရုပြုလိမ့်မည်မထင်။

ဘုရားကျောင်းရှေ့မှ ဆုတောင်းဝတ်ပြုရန် လာကြသူမိသားစုတွေအားလုံး အသဲတအေးအေး၊ ရင်တလှပ်လှပ်နှင့် အော်ဟစ်ဟန့်တားနေသည့်ကြားမှပင် သူမသည် တလွင့်လွင့်နှင့် ကျောက်နံရံကမ်းပါးထစ်တွေပေါ် တွယ်တက်၊ ကုတ်ဖွဲ့ကာ ထူးဆန်းအံ့သြဖွယ်ရာ တောင်ကမ်းပါးယံအစွန်း ထိပ်ပေါ်သို့ ရောက်သွားတော့၏။

"ဟွင်... ကြည့်စမ်း၊ ကောင်မလေး ရေတံခွန်ထိပ်ပေါ် ရောက်သွားပြီ၊ ရဲလိုက်တာ"

ရေတံခွန် တောင်ကမ်းပါးစွန်းပေါ်သို့ ကိုးယို့ကားယား ရောက်သွားသော သူမကို အားလုံး အံ့အားသင့်ပြီး မော့ကြည့်နေကြသည်။ ထိုအချိန်တွင် ဘုရားကျောင်းလေးထဲမှ ဥပုသ်စာဖြေကလေးများနှင့် 'ဆန်းအေးစကူး' ဆရာမလေးတို့အဖွဲ့လည်း ပြေးထွက်ပြီး ရောက်ရှိလာကြကာ ရေတံခွန် တောင်ထိပ်ပေါ်က အရူးမလေးကို အံ့သြဘနန်း လှမ်းကြည့်နေကြတော့သည်။

"ဟေး... ရေတံခွန်ပေါ်မှာ အာတေမိနတ်သမီး ရောက်နေတယ်ဟေ့၊ အာတေမိနတ်သမီး၊ အာတေမိနတ်သမီး လာကြည့်ကြဟေ့"

အသေးမလေးတစ်ဦးက သူတို့တိုင်းရင်းသားဘာသာစကားဖြင့်ကလေးတို့သဘာဝ ပျော်ရွှင်မြူးတူးစွာ အော်ဟစ်လိုက်ရာ ကျန်ကလေးများအားလုံးကလည်း ဘာရယ်မသိ သဘောကျပြီး လက်ခုပ်လက်ဝါးတီးလျှက် သံယောင်လိုက်ပြီး အော်ဟစ်ခုန်ပေါက်နေကြတော့သည်။

"ဟေး... အာတေမိနတ်သမီး အာတေမိနတ်သမီး"

ကလေးတွေက သူတို့ကြားဖူးသော ဓမ္မသစ်ကျမ်းစာတစ်ပိုဒ်မှနတ်သမီးတစ်ပါး၏အမည်ကို ရွတ်ဆိုကာ ကြွေးကြော်နေကြ၏။

လူကြီးတွေကတော့ အသည်းတထိတ်ထိတ်နှင့် အန္တရာယ်ချောက်ကမ်းပါးပေါ်မှ အရူးမလေးကို ငေးကြည့်မေ့မျောနေကြသည်။ အောက်မှာက ကြမ်းတမ်းခက်ထန် ဆူပွက်နေသော ကျောက်စွယ်ကျောက်တန်းတွေနှင့်



ရေတံခွန် မြစ်ရိုင်းက ဒလကြမ်း စီးနေသည်။

ရေတံခွန်ကျောက်တန်း ထိပ်ပေါ်မှာတော့ အရူးမလေးက ဆံပင်တွေတလွင့်လွင့် ဂျပ်ခုပ်ဂါဝန်တလွင့်လွင့်နှင့် မြူးကြွနေသည်။

"ဟော့... ကြည့်... ကြည့်၊ တာဇံမ ရေတံခွန်ထဲ ဒိုင်ဗင်ထိုးချတော့မယ် ဟော့... တာဇံကွ"

"တာဇံမဟော့..."

ကလေးတွေအသံ ဆူညံစွာ ပွင့်ထွက်လာပြန်သည်။ ရှေ့တော်ပြေးအတိတ်နိမိတ်လေလား။ အိပ်မက် သူ့ရူးစကား ကလေးစကားဆိုတာမှန်တတ်သည်လေ။ မှန်ပါသည်။ ကလေးတွေ နိမိတ်ဖတ်လိုက်သောအသံများ မစဲလိုက်မီမှာပင် အာတေမိနတ်သမီး အရူးမလေးသည်ဘာစိတ်ကူးပေါက်သည်မသိ၊ ကျောက်ဆောင်ထိပ်ပေါ်၌ရပ်လျှက် ရေတံခွန်အောက်ဘက်ဆီ ငုံ့လှမ်းကြည့်ပြီး လက်နှစ်ဖက် လွှင့်မြှောက်ကာ ရေတံခွန်ကြီးထဲသို့ ရုတ်တရက် ခုန်ချသွားပါတော့သည်။

"ဟာ... ကောင်မလေး ရေတံခွန်ကြီးထဲ ခုန်ချသွားပြီဟေ့၊ လုပ်ကြပါဦး၊ ဟေး... ဖော်ခွန်တို့၊ ဓာခေါင်းတို့ လုပ်ကြပါဦး၊ ဝိုင်းဆယ်ကြပါဦးဟေ့"

မန်ခိန်သူကြီး ဦးဖော်ယမ်လဆိုင်း၏ အသံဝါကြီး ဟိန်းထွက်သွားပါတော့သည်။ လူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ သူကြီးအမိန့်ကြောင့် ရွာခေါင်းဦးဓာခေါင်းနှင့် ယောက်ျားတွေအဖွဲ့ မြစ်အောက်ဓက်သို့ ပြေးဆင်းသွားကြသည်။ ဘုရားကျောင်းဝင်းထဲမှ လူအုပ်နှင့်ကလေးများအားလုံး မြစ်ကမ်းပါးသို့ ဝိုင်းဝန်းလိုက်ပါလာခဲ့ကြသည်။ သူကြီး၏အသံ ပေါ်ထွက်လာပြန်သည်။

"ဟာ... ကောင်မလေး ရေတံခွန်ထဲ မြုပ်သွားပြီထင်တယ်၊ မမြင်ရတော့ဘူး၊ မြစ်ထဲမျောသွားပြီလား မသိ"

ရေကူးကျွမ်းကျင်သူ ဖော်ခွန်နှင့် ယောက်ျားလေးငါးယောက်မြစ်ထဲခုန်ဆင်းသွားကြသည်။ ရေစီးကကြမ်းပြီး ကျောက်ဆောင်တွေထူထပ်နေသည့်ကြားမှ မြစ်အောက်သို့ မျောဆင်းလာကြသည်။ တစ်ငါးပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှ လူတွေက ရင်တထိတ်ထိတ်နှင့် စောင့်စားမျှော်ကြည့်နေကြသည်။ အမျိုးမျိုး သေဖန့်ပြောဆိုနေကြသည်။

"ဟာ... ဟောဟိုမှာ ကောင်မလေး၊ ကျောက်ဆောင်တွေကြားမှာ မျောလာပြီ၊ အသက်မှ ရှိသေးရဲ့လား မသိ"

ရုတ်တရက် အသံတွေပေါ်ထွက်လာသည်။ မှန်ပါသည်။ ဆယ့်ငါးမိနစ်ခန့်ကြာလျှင် ရေတံခွန်ခြေရင်းလှိုင်းစွယ်တွေထဲရှိ ကျောက်စွယ်များကြားမှ ဖျပ်ခနဲအကျိုးရှည် ပန်းရောင်လေးနှင့် အရှုးမလေး၊ ဒလိမ့်ကောက်ကွေး လိမ့်ဆင်းလာသည့် သဏ္ဌာန် ဖြတ်ကနဲ မြင်လိုက်ရသည်။ ပြီးနောက် မြုပ်တစ်လှည့် ပေါ်တစ်လှည့်နှင့် မြစ်ရေစီးကြမ်းကြမ်းထဲ အရှိန်နှင့် လွင့်မျောထွက်လာသည်။

အရှုးမလေး ကံကောင်းသည်ဟု ဆိုရမည်။ ဇော်ခွန်တို့အဖွဲ့၊ အခက်အခဲတွေကြားမှ သက်စွန့်ဆံဖျားနှင့် ကြိုးစားပြီး တာဝအရှုးမကို မြစ်ရေစီးကြမ်းထဲမှ ဝင်ဆွဲဆယ်ယူလာခဲ့ကြကာ ကမ်းစပ်သို့ ဆယ်ယူလာခဲ့ကြသည်။ သို့သော် ရေတွေမွန်းပြီး ကောင်မလေး သတိမေ့နေသည်။ ခေါင်းမှဒဏ်ရာက သွေးတွေစီးကျပြီး မျက်နှာပေါ် စီးကျနေသည်။ ပခုံးနှင့် ဒူးတစ်ဖက်က စုတ်ပြဲပြီး သွေးတွေစိမ့်ထွက်နေ၏။

ဇော်ခွန် အရှုးမကိုထမ်းပြီး ရေတွေအန်ထွက်အောင် ဝိုင်းပြီးပတ်ချာလှည့်ပြေးသည်။ ထို့နောက် မြေပြင်ပေါ်မှောက်ချပြီး ရေတွေအန်ထွက်လာသည်ထိ ပခုံးကို ဖိတွန်းပေးနေသည်။

"ကဲ... ကဲ၊ သူ့ကို ဆေးရုံထမ်းပို့လိုက်ကြ၊ ဆေးရုံပို့မှဖြစ်မယ်၊ ဒဏ်ရာတွေလဲ ရထားတယ်၊ ဆေးရုံမြန်မြန်ရောက်မှဖြစ်မယ်"

အသင်းအုပ်ဆရာ ထန်လျှန်းက ဘုရားကျောင်း ခန်းဆီးလိုက်လာကြိုး ဖြုတ်ယူလာပြီးပေးသည်။ ဦးဇာခေါင်းက လိုက်ကာကြိုးကို ပုခက်ထမ်းစင်လုပ်သည်။ ဝါးတစ်ချောင်းနှင့်လျှိုပြီး အရှုးမလေးကို သူနှင့်ဇော်ခွန်ထမ်းကာ ဆေးရုံသို့ သယ်သွားခဲ့ကြသည်။ ဆေးရုံမှ ဆရာဝန်နှင့် သူနာပြုများက ကြိုးစားပြီး အရှုးမလေး၏ အသက်ကို အချိန်မီကယ်လိုက်နိုင်ကြသည်။ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် အရှုးမ အသက်မသေဘဲ



သတိပြန်ရလာသည်။ ဒဏ်ရာများကို ဆေးကြောပြုစုပေးပြီး အားဆေးနှစ်လုံး ဆက်တိုက်ထိုးပေးလိုက်သဖြင့် သူမ သက်သာသွားသည်။ နေ့ခင်းထမင်းစားသောက်ပြီးချိန်တွင် ပတ်တီးစည်းပေးထားသည့် ဒဏ်ရာတွေနှင့် သူမ လန်းဆန်းနေသည်။

နံဘေးမှတစ်ချိန်လုံး အရှုးမလေးကို အစအဆုံးစောင့်ကြည့်ပြီး မြင်တွေ့ကြားသိနေခဲ့သည့် အငြိမ်းစားကျောင်းဆရာမကြီး 'ဒေါ်မာဂရက်ဂျူး' က သူမ၏ ခုတင်ဆီကူးလာကာ ကရုဏာဖြင့်မေးသည်။

"သမီးရယ်၊ ကျေးဇူးတော်ကြောင့် မသေကောင်းမပျောက်ကောင်းကွယ်၊ ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကို ဒီလိုလုပ်ရတာလဲ ကလေးရယ်၊ ခင်းစိတ်တွေကို ကြည်လင်အောင်ထားပါကွယ် နော်၊ စိတ်မကောင်းစရာတွေ မတွေးနဲ့ ဟုတ်လား"

ဒေါ်မာဂရက်ဂျူးက မေတ္တာရားကြီးမားစွာဖြင့် နှစ်သိမ့်၏။ စိတ်ဝေဒနာ ခံစားနေရရှာသူလေးအပေါ် သနားခြင်းကြီးစွာ ဖျောင်းဖျရှာသည်။ ကောင်မလေးက မျက်လုံးနက်လေးတွေ တဖျတ်ဖျတ်ခတ်ပြီး ရယ်မောနေရင်းက စိတ်လိုလက်ရ ပြန်ပြောသည်။

"ကျွန်မ သိပါတယ် အန်တီ၊ ကျွန်မက ကျွန်မကို ခွဲသွားတဲ့ အဖေ့ကို လိုက်ရှာတာပါ၊ အဖေကလေ ကျွန်မကိုထားပြီး ဒူးဂျန်ရေအိုင်ထဲမှာ ရွှေကျောက်ငါးကြင်းတွေ သွားဖမ်းနေတာ ပြန်မလာတာကြာလှပြီ၊ ဒါကြောင့် ကျွန်မ လိုက်သွားတာ၊ အဖေက ရေအိုင်ထဲကနေ လှမ်းခေါ်လို့လေ၊ အဟင်း... ဟင်း အဲဒီရေအိုင်ကြီးထဲမှာ ဟိုးအရင်က ကျွန်မနဲ့အဖေ အမြဲတမ်း ရေကူးပြီး ငါးတွေလိုက်ဖမ်းခဲ့ကြတာလေ အန်တီရဲ့၊ ပျော်စရာကြီးပေါ့"

အရှုးမလေးက စဉ်းစားပြီး ဆွေးဆွေးမြေ့မြေ့နှင့် ပြန်ပြောသည်။ ပြီးနောက် အိပ်ယာပေါ် လှဲချလိုက်ကာ ညှိုးငယ်စွာနှင့်—

"အဖေရယ်... ကျွန်မကို လာခေါ်ပါတော့နော်၊ ကျွန်မ မောလှပြီ" ဟု ဆိုကာ တသိမ့်သိမ့်ရှိုက်ငိုနေသည်။ ဒေါ်မာဂရက်က ခေါင်းကိုခါယမ်းလိုက်ပြီးလျှင်—

www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေက ကောင်းကင်ဘုံကို ရောက်နေရှာပြီ ကလေးရယ်"ဟု ညည်းတွားလိုက်သည်။

"ဒါဆို ကျွန်မလည်း ကောင်းကင်ဘုံကို လိုက်သွားမှာပေါ့ အန်တီရဲ့"ဟု အရူးမလေးက မျက်ရည်ကို လက်ဖမိုးနှင့်သုတ်ပြီး နှုတ်ခမ်းလေးစူကာ အားကျမခံ ပြန်ပြောသည်။ ဒေါ်မာဂရက် သက်ပြင်းချပြီး သူ့ခုတင်ဆီ ပြန်လာခဲ့သည်။

ဆေးရုံပေါ်မှာ တစ်နေ့တာသမီး အရူးမလေး သုံးလေးရက်စန့်နေပြီး ရွာမှ သူမ၏ အန်တီနူးရ်နှင့် ရွာခေါင်းဦးဇာခေါင်းတို့ လာခေါ်သဖြင့် မန်ခိုန်ကြိုးတံတားနားက သူမ၏ အိမ်လေးဆီ ပျော်ရွှင်ကြည်နူးစွာနှင့် ပြန်လာခဲ့တော့သည်။

ကြိုးတံတားလေးအောက်က မန်ခိုန်ချောင်းလေးကတော့ သိမ့်မွေ့ ညင်သာပြီး ချယ်ရီပွင့်တွေ လွှမ်းဆွတ်ဖွယ်ရာ ဆင်မြန်းထားလျှက် သူမကို စောင့်ကြိုနေသည်။

*

(၁)

ဆည်းဆာ၏ အသွေးက တဖြည်းဖြည်း မှိန်ဖျော့ကျလာသည်။ ကောင်းကင်ပြင်၏ အနားသတ်နံ့ရံသည် ရှက်သွေးဖြာနေသည့် သတို့သမီးလေး ပါးပြင်အရောင်လို ပန်းနုရောင် ပြေပြေသမ်းနေ၏။

ညနေရိုင်း မှုန်ပြာပြာလေးသည်လည်း နေဝင်ရီတရောဘက်ဆီသို့ ပျော်ဝင်လာနေသည်။

မြစိမ်းရင့်ရင့် 'မန်ခိုန်' ချောင်းလေးတစ်ဖက်တွင်မူ မြူတွေဖရိုဖရဲ လွင့်ပျံနေပြီ၊ ထင်းရှူးတောတန်းလေးက မှိုင်းမှုန်သွားလေသည်။

'**RUTH** နန်းဝတ်ရည်'သည် အိမ်ရှေ့ပြတင်းပေါက်သံတိုင်တွေကို လက်နှစ်ဖက်နှင့် ညှစ်ဆုပ်ထားလျက် တောင်ကျရေစိမ့်စိမ်းချောင်းလေးဆီ ငေးမျှော်ကြည့်နေသည်။ ဆံပင်ညှိနက် ရှည်ရှည်တွေက သူမမျက်နှာဆင်စွယ်ရောင်ပေါ် ဖွာဝဲအုပ်ပြန့်ကျနေသည်။



သို့သော် နန်းဝတ်ရည်၏ မျက်ဝန်းပြာလေးတွေက ဆွေးနင့်နေဟန်ရီဝေလဲ့နေ၏။

မန်ခိုန်တောင်ကျချောင်းလေးသည်လည်း၊ ဆည်းဆာ၏ အသွေးကြောင့် စိမ်းတောက်နေကာ မြောက်ဖျားနားဆီမှ လွင့်ကြွေကျလာသည့် ချယ်ရီပွင့် ပန်းနုသွေးတွေကို သယ်ဆောင်ပြီး ညင်သာရွေ့ရွေ့ စီးမျောသွားနေသည်။

သည်တစ်ဒင်္ဂတွင် ဆင်စွယ်ရောင် မျက်နှာနုလေး၊ မှိုင်းမှုန်သွားသည်။ နန်းဝတ်ရည် ကြေကွဲလွမ်းနင့်စွာ သက်ပြင်းမောလေးတစ်ခု ရှိုက်ချလိုက်ပါသည်။

မန်ခိုန်တောင်ကျချောင်းလေးပေါ်ရှိ 'ကြိုးတံတား'နီကျင်ကျင်လေးကလည်း နန်းဝတ်ရည်၏စိတ်ကို မရိုးမရွှဖြစ်အောင် မြောက်ပြန်လေရူးစိမ်းစိမ်းတွေထဲ မသိမသာ ယိမ်းနွဲ့ပြနေသည်က ခက်သည်။

"ကြိုးတံတားလေးရယ်၊ နင် ငါ့ကို ရင်ဖိုအောင် မကျီစယ်နေပါနဲ့တယ်၊ ငါ့အဖေကို မျှော်နေတာ လည်ပင်းတောင်ရှည်လှရောမယ်၊ အဖေကလည်းကွယ်၊ မပေါ်လာနိုင်လိုက်တာ ကြာလှပြီရော၊ ငါ ရင်ခုန်လှပြီဟယ်"

နန်းဝတ်ရည် နှလုံးသားထဲမှာ စိတ္တဇဂီတသံ နွေးနွေးလေးတွေ နူးညံ့စွာ လှိုင်းခတ်လွင့်မျောလာသည်။ မသိစိတ် သိစိတ်တွေ ဝိရောဓိဆန်လာသည်။ အတိတ်ရောင်စုံ ပန်းချီတွေနှင့် ပစ္စုပ္ပန်အနေအထားတွေကို အာရုံမှာ ဝိုးတဝါး ရောယှက်ပြီး မပြတ်မသား ခံစားနေရသလိုရှိသည်။ ထို့ကြောင့် ကြိုးတံတားလေးကို နန်းဝတ်ရည် အသနားခံ တိုင်တည်လိုက်ရသည်မဲဖြစ်သည်။

မှန်ပါသည်။

နန်းဝတ်ရည်၏ အာရုံက ကြေးနီရောင် ကြိုးတံတားအိုလေးဆီကိုသာ မသိစိတ်နှင့် စူးစိုက်လွင့်မျောနေသည်။

"ခါတိုင်း ဒီအချိန်လောက်ဆိုရင် အဖေ ကြိုးတံတား နီနီလေးပေါ်မှာ ဝါးပလိုင်းလေးလွယ်ပြီး ခေါင်ရည်ခပ်ထွေထွေနဲ့ တံတားပေါ်က

www.burmeseclassic.com

www.burmeseclassic.com



*ယိမ်းတိမ်း ယိမ်းတိမ်းလျှောက်လာနေတာ မြင်ရပြီ။ ကျောင်းဆရာ့ဘဝ* တစ်လျှောက်လုံး အဖေ မြတ်မြတ်နိုးနိုးနဲ့ ဝတ်လာတဲ့ မီးခိုးရောင်တိုက်ပုံ အင်္ကျီ ညစ်ထေးထေးပေါ်မှာ ကချင်လွယ်အိတ်စိမ်းလေးကို ပခုံးတစ်ဘက်က လွယ်လို့။ ပြီးတော့ မီးပေါက်ရာတွေ ဗလပွနဲ့ ဖြူမွဲမွဲ ကျောင်းစိမ်းလုံချည် တိုတိုကလည်း အဖေ့ဆံပင် ဖြူကျဲကျဲတွေနဲ့အတူ လေထဲမှာ လွင့်ဖျံပြီး လိုက်ပါလာတဲ့ ပုံသဏ္ဌာန်ကို မြင်ရပြီပေါ့၊ ခုတော့ အဖေ့ကို ဘယ်နတ်ဆိုးတွေက ဖမ်းစားပြီး ညှိုးထားပါလိမ့်၊ ခုထိတောင် အဖေက ပေါ်မလာသေးဘူး၊ နေတောင်ဝင်သွားပြီ"

တမ်းတစိတ်တွေ နန်းဝတ်ရည့် ရင်ထဲက ရုန်းကန်ပွင့်ထွက်လာသည်။ သည်လို ဆည်းဆာရောင်ရုံ လှလှတွေ၊ အိမ်ရှေ့က မန်ကျည်းချောင်းလေးနှင့် ကြိုးတံတားနီနီလေး၏ ပတ်ဝန်းကျင်တစ်ဝိုက်မှာ လွင့်ကျလာတိုင်း သည်အပူမ်ချိန်လေးမှာ အဖေ့ကိုမျှော်ရတာ အမြဲပဲပေါ့ သိလား။

အခုလည်း အဖေ့အလာကို မျှော်ရလွန်းလို့ နန်းဝတ်ရည်စိတ်တောင်တိုချင်လာပြီ။ ပြောရင်း စိတ်ထဲက ငိုချင်လာသည်။ နန်းဝတ်ရည် စိတ်တွေ မထိန်းနိုင်တော့ပြီလေ။ နန်းဝတ်ရည် ဝမ်းနည်းသွား၏။ ချက်ချင်း မျက်ရည်စတွေ ဆင်စွယ်ရောင် မျက်နှာနပေါ် ပြိုဆင်းစီးကျလာတော့သည်။ တောင်ကျချောင်းလေးနှစ်ခု ပန်းနုရောင်မျါးပြင်ပေါ် တာလိမ့်လိမ့်မွေးကျသွား၏။ နန်းဝတ်ရည် ဝမ်းပမ်းတနည်း ရှိုက်ငိုနေပါသည်။ ရှိုက်... ရှိုက်ငိုနေသည်။

သည်အချိန် တစ်ဒင်္ဂလေးမှာပဲ။ မြောက်လေစိမ်းတွေကြားထဲမှ ရုတ်တရက် လွင့်မြောက်ထွက်လာသည့် သံစဉ်လှိုင်းလေးတစ်ခုကို နန်းဝတ်ရည်စိတ်ထဲ ကြားလိုက်ရသည်ဟု ထင်သည်။

ဟိုအဝေး ခပ်လှမ်းလှမ်းဆီမှ လှမ်းခေါ်နေသံဖြစ်သည်။

"ရှသ်... ရေ၊ အပါးပြန်လာပြီဝေး၊ အပါးကို လာကြိုပါဦး"

နန်းဝတ်ရည်၏ အာရုံထဲသို့ လွင့်ဝင်လာသည်။ ဤအသံသည် နန်းဝတ်ရည်၏ အသည်းနှလုံးထဲတွင် အချိုမြိန်ဆုံး အသာယာဆုံးဂီတသံစဉ်ဖြစ်သည်။ တစ်လောကလုံးတွင် မည်သည့်အရာတွေနှင့်မှ နန်းဝတ်ရည် မလဲနိုင်ပါပြီ။



နန်းဝတ်ရည် ချက်ချင်းသိသည်။ ဒါ အဖေ့အသံပဲလေ။ တောင်ပေါ်သံဝဲဝဲနှင့် ခေါင်ရည်သင်းသင်းလေးတွေ ပျော်ဝင်ဖျော်စပ်ထားသည့် အဖေ့ရင်ထဲက ဖိတ်စင်ထွက်လာသည့် အကြင်နာလှိုင်းခတ်သံတွေဖြစ်သည်။ အစစ်ပဲပေါ့။

နန်းဝတ်ရည် လန့်တုန်သွားပြီး ကပျာကယာ မျက်ရည်တွေကို သုတ်လိုက်သည်။

"ရှသ်... အပါးပြန်လာပြီ၊ ဒီမှာ လာကြိုဦးလေ"

အဖေ့အသံက မန်ကျည်းချောင်းလေးတစ်ဖက်မှ ထပ်ဆင့်လွင့်ပေါ်လာသည်။

သံတိုင်တွေကိုဆုပ်ပြီး ဓမ်းသာအားရနှင့် အပြင်ကိုလှမ်းကြည့်လိုက်သည်။ ရင်ထဲမှာ တအားပျော်သွားသည်။ ကြိုးတံတားနီကျင်ကျင်လေးက ဆည်းဆာရောင် ဝါဝါလေးနှင့် မြူတွေကြားမှာ မနွဲ့တနွဲ့ ယိမ်းနေသည်။ နန်းဝတ်ရည် မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ရုတ်တရက် ကြိုးတံတားတစ်ဖက်ထိပ်တွင် လူရိပ်သဏ္ဌာန်တစ်ခု မှုန်ဝေ့မှုန်တွေထဲ၌ ဝိုးတဝါး ပေါ်လာသည်။ ယိမ်းတိယိမ်းတိုင်လေး လျှောက်လာနေသည်။ ပခုံးတစ်ဖက်မှာ ပလိုင်းတစ်လုံးလွယ်ထားသည်။ ဆံပင်တွေနှင့် လုံချည်စက လေထဲမှာလွင့်လို့။ ဟာ... အဖေ၊ အဖေပြန်လာပြီ။

"အပါး... အပါးရေ၊ ရှသ်လာပြီ... ဟေး"

နန်းဝတ်ရည် အသံကုန်ဟစ်ပြီး အိမ်ပေါ်မှ ဖိနပ်မပါ ဘာမပါနှင့် ဝမ်းသာအားရ ခုန်ဆင်းပြီး ကြိုးတံတားဆီ ပြေးထွက်သွားသည်။ အင်္ကျီက ဒီးယိုဖားလျား ထဘီအစုတ်အပြဲနှင့် ဆံပင်တွေကလည်း မွှာလန်ကြဲလို့ လေထဲ လွင့်ဖျံဝဲပါသွားသည်။

နန်းဝတ်ရည် ငယ်စဉ်ထဲ သည်ကြိုးတံတားပေါ် ပြေးလာကြိုးမျှင်းနေသည်မို့ ကျွမ်းကျင်နေပြီလေ။ နန်းဝတ်ရည် ကြိုးတံတား အိပုံအိပုံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်က အစွေးဆီ ဒရယ်ပေါက်မလေးတစ်ကောင်လို ကြည်နူးလှိုက်ဖိုစွာ ခုန်ပေါက်ပြေးလာခဲ့သည်။

အဖေကလည်း ကြိုးတံတား မှိုဖက်ထိပ်ကနေ လက်နှစ်ဖက်မြှောက်ပြီး အပျော်ဝဲတွေနှင့် ယိမ်းကလျက် လှမ်းလာနေတာကို နှန်းဝတ်ရည် မြင်ရသည်။

အဖေ့ပလိုင်းထဲမှာ နှန်းဝတ်ရည်အတွက် နှန်းဝတ်ရည်ကြိုက်သော ဆတ်သားခြောက်ကြော်နှင့် ကောက်ညှင်းပေါင်း။ သို့မဟုတ်လည်း ခေါပုပ်ကြော်နှင့် သားရေပွကြော်။ တစ်ခုခုတော့ ပါလာတတ်မြဲဖြစ်ပါသည်။ ပြီးနောက် နှန်းဝတ်ရည် စွဲလန်းနှစ်သက် မြတ်နိုးသော တောင်ဇလပ်ပန်းနီနီတွေနှင့် တောနှင်းဆီရိုင်း နီနီရဲရဲတွေကို အမြဲခူးလာပေးလေ့ရှိသည်လေ။

နှန်းဝတ်ရည် စိတ်ထဲက သိနေသည်ပဲပေါ့။

ထုံးစံအတိုင်း အဖေ့ကို နှန်းဝတ်ရည် ပြေးဖက်ပြီး ပွေ့ကြိုလိုက်မည်ပေါ့။ အဖေကလည်း သူမကို အဲရယ်ပွင့်တွေ ဖြန့်ကျဲပြီး သူမဆံပင်တွေပေါ် နဖူးနှင့် မျက်နှာတစ်ပြင်လုံးပေါ် အနမ်းမိုးတွေ ကြမ်းကြမ်းလေး ရွာချပစ်တတ်သည်ပဲ မဟုတ်လား။ သည်လို သားအဖနှစ်ဦး ချစ်အကဲပိုကြပုံလေးကိုပင် နှန်းဝတ်ရည် စိတ်ထဲကစွဲသည်။ မြတ်နိုးဂုဏ်ယူခဲ့သည်မို့လည်း–

ညှို့ချိုမြသော စွဲလန်းမှု အာရုံတွေနှင့် နှန်းဝတ်ရည်လွင့်မြောက်ပြေးလာခဲ့သည်။ ဆုံနေကျ ကြိုးတံတား အလယ်ခေါင်လောက် မရောက်မီလေးမှာ သူတို့သားအဖ ဆုံမိကြသည်။ နှန်းဝတ်ရည်ရင်ထဲ ကြည်နူးဝမ်းသာစိတ်တွေ ဖိုက်လှုံလွှန်ကဲစွာနှင့် သူ့အဖေရင်ခွင်ထဲ အားရပါးရလေးခုန်လွှားပြီး ပြေးပွေ့ဝင်လိုက်သည်။ တစ်ဆက်တည်း မြူမှုန်တွေ လွင့်နေသည့် ကြိုးတံတားပေါ်မှာ နှန်းဝတ်ရည်၏ သံစဉ်စူးစူးလေးက ပေါက်ကွဲပွင့်ထွက် တုန်ခါသွားရသည်။

"အပါး... ရေ..."



သို့သော် နှန်းဝတ်ရည် တစ်ကိုယ်လုံး လေဟာနယ်တစ်ခုထဲကို ဖြတ်ဝင်သွားသလို လွင့်မြောက်ထွက်သွားပြီးနောက် ကြိုးတံတား အိမ့်မွဲမွဲသားပေါ် ဝုန်းကနဲ ပြန်ကျလာသည်။ အမှန်တော့ ကြိုးတံတားပေါ်မှာ ဘာမှည်သူမျှမရှိ၊ နတ္ထိ။

အမှန်ပါပဲ၊ နှန်းဝတ်ရည် စိတ္တဇအိပ်မက် လှလှလေးတွေက ဘီမ်တိုက်တစ်ခုလို ကျေမွပျက်စီးသွားသည်။ ကြိုးတံတားနီနီလေးပေါ်သို့ နှန်းဝတ်ရည် ကိုယ့်ယို့ကားယားနှင့် လေးဘက်ထောက် ပုံမှောက်ပန်းပျက်လေး လဲကျသွားသည်။ မချိမြိန်တော့သည့် စိတ်အာရုံတွေ ပြိုကွဲပြန့်ကျဲကုန်သည်။

"ဟင်... အပါး... အပါးလည်း မဟုတ်ပါလား အပါးရေ...၊ ဒီ... အပါးဘယ်မှာလဲ၊ အပါးရယ် သမီးရှိသ်ကို လာခေါ်ပါဦး၊ အဟင့်... ဟင့်"

လွှမ်းနှင့်သီးစွာ တမ်းတရင်း နှန်းဝတ်ရည် ကြိုးတံတားပေါ်မှာ ဆမ်းပန်းတနည်း ရှိုက်ငိုကြွေးနေရှာသည်။ တသိမ့်သိမ့် နှန်းဝတ်ရည် ရှိုက်ငိုနေပါသည်။

အော် သနားစရာ နှန်းဝတ်ရည်ခမြာ တစ်ယောက်တည်းရယ်ပါလား။ မန်စိန်ချောင်းလေးပေါ်ရှိ ကြေးနီရောင် ကြိုးတံတားအိုလေးပေါ်မှ ထိုင်ဝေဒနာသည်မလေး နှန်းဝတ်ရည်အပေါ်သို့ နှင်းမြူနှင့် အမှောင်ထုက ဖြိုကျလာနေသည်။

နှန်းဝတ်ရည်၏ ရှိုက်သံနှင့် တမ်းတကဗျာလေးတစ်ပုဒ်က သဲ့သဲ့ လွင့်နေဆဲရှိ၏။

"အပါး... အပါးရယ်၊ ရှသ်ဆီပြန်လာပါတော့နော်။ ရှသ်... ချမ်းလှပါပြီ အပါးရယ်"

အလင်းအမှောင် မညီမညာသည့် ကမ္ဘာတစ်ဖက်ခြမ်းမှာတော့ ယခုရာ အမှောင်ထုက စိုးမိုးလာချေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com



(၂)

ငေ်စစ် 'ရုသ်နန်းဝတ်ရည်'ဆိုသည့် 'တောင်ဇလပ်ပန်းရိုင်းလေး တစ်ပွင့်'၏ လူ့ဘဝသို့ ရောက်လာသော ဘဝခရီးအစက ဘယ်လို ကဗျာမဆန်ခဲ့သော်လည်း စွန့်စားခန်းများနှင့် ရင်ဖိုဖွယ်ကောင်းလှသည့် ဘုရားသခင် ဖန်ဆင်းခဲ့သော ဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းလေးတစ်ပု အဖြစ်ကား စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

ရုသ် (RUTH)၏ မိခင် "မာရီယာနူးရ်"သည် ငွါးငွါးစွင့်စွင့် ပွင့်နေသည့် ခရမ်းရင့် မြင်းခွာပန်း (VIOLETS) တစ်ပွင့်လိုလှပြ သူတို့၏ တောင်တန်းသူ မိန်းမပျိုလေးများ တပ်သိနားလည်အပ်သော 'မိခင်လောင်း' စိတ်သတ္တိများနှင့်လည်း တတ်ကျွမ်းပြည့်စုံသူဖြစ်သည်။

ရုသ်၏အဖေ 'ဘရန်ဆိုင်း'ကလည်း ကျားပေါက်တစ်ကောင်လ ရဲရင့်ပြီး တောကျွဲရိုင်းတစ်ကောင်ကို သတ်ပုတ်အနိုင်ရခဲ့သည့် တောင်ပေ သားခေတ်ပညာတတ် လူရည်သန့်တစ်ဦးဖြစ်သည်။ ဘရန်ဆိုင်း 'မြ ကြီးနား၊ တက္ကသိုလ်'မှ 'သိပ္ပံဘွဲ့' ရခဲ့ပြီးနောက် သူ့မြို့က တောင်ပေါ်သာ ကလေးများကို ပညာတတ် လူငယ်တွေဖြစ်လာစေရန် 'မူလတန်းပြ ကျောင်းဆရာလေး ဝင်လုပ်ခဲ့သည်။ နောက်တစ်နှစ် တောင်ဇလပ်ပန်းတေ ရဲရဲပွင့်နေချိန်မှာတော့ ကျောင်းဆရာလေး ဘရန်ဆိုင်းသည် သူ့ချစ်သူ မိုင်အိုလက်ပန်းလေး 'မာရီယာ'နှင့် သူတို့ဘာသာထုံးစံအတိုင်း 'ဘုရား ကျောင်း' ဖြူဖြူလေးထဲမှာ သန့်ရှင်းသော လက်ထပ်ပွဲလေးကို ကျင်းပ လုပ်ခဲ့ကာ 'နွားနောက်ငါးကောင်စား' မင်္ဂလာပွဲအဖြစ် ပျော်ရွှင်စွာ ဂုဏ်ယူနိုင်ခဲ့သည်။

တိုက်ဆိုင်လွန်းစွာ နောက်တစ်နှစ် သည်လိုအချိန်။ 'ပီဒေါင် တောင်စွယ် 'ခရိုင်ဘွမ်တောင်တန်း' တစ်လျှောက်၌ တောင်ဇလပ်ပန်းတေ တစ်တောင်လုံး နီဈေးပြီး ရဲရဲတောက်ပွင့်နေချိန်ဖြစ်သည်။

ထိုအချိန်တွင် မာရီယာသည် ကိုယ်ဝန် နေ့စေ့လစေ့ကြီးမှ ဘရန်ဆိုင်း စာသင်ကျောင်းသို့ သွားနေစဉ် သူမ၏အစ်မ 'အယ်လ်ဂျာနူး အလစ်တွင် ခရိန်ဘွမ်တောင်တန်းဘက်ဆီ တစ်ယောက်တည်း ပလိုင်

ခင်လုံးနှင့် တောရှန်းလိုက်ခဲ့သည်။ 'တောရှန်း'သည်ဆိုသည်မှာ အလွန် ခန့်ဖိုးကြီးပြီး ဈေးကြီးသည့် 'သစ်ခွနက်'နှင့် 'သစ်မွေး' ရှာခြင်းဖြစ်ပါ သည်။ ထိုစဉ်က သစ်မွေးသည် သိန်းချီတန်သည့် ရက္ခဗေဒ ရတနာပစ္စည်း တစ်မျိုးဖြစ်သည်။

မာရီယာသည် တောင်ပေါ်သူပီပီ သတ္တိရှိပြီး ရဲရင့်စွန့်စားတတ်သူ ဖြစ်သည်။ ရုပ်လှသကဲ့သို့ပင် ချမ်းသာကြွယ်ဝချင်သော အတွင်းစိတ်တန် ခက မာရီယာရင်ထဲ စွဲနေသည်။ ထို့ကြောင့် မာရီယာသည် ဘရန်ဆိုင်း သိအောင် 'သစ်မွေးအိပ်မက်' အတွက် ခရိန်ဘွမ်တောင်တန်းဆီ အကြိမ်ကြိမ် ခွင့်သာတိုင်း စွန့်စားထွက်ခဲ့သည်။

မာရီယာနည်းတူ ဇန်ခိန်။ အင်ဂျန်းယန်၊ အင်ဆွပ်ရွမ်၊ ပွန်လွမ် ဘွမ်၊ ဆွမ်ပရာဘွမ်မှ လူတွေသည်လည်း သစ်ခွနက်နှင့် သစ်မွေးအိပ်မက် များအတွက် နက်ရှိုင်းသော တောတောင်များအတွင်း စွန့်စားခန်းထွက်ကြ ၏။

ထိုနေ့ညနေ အမှောင်မသမ်း တသမ်းအချိန်လောက်တွင် ဘရန်ဆိုင်း သည် သူ့အိမ်နှင့် နှစ်မိုင်သာသာ သုံးမိုင်လောက်ဝေးသော စာသင်ကျောင်း လေးဆီမှ ခေါင်ရည်ပလိုင်းနှင့် တောကြက်သုံးကောင်ထမ်းကာ ထင်းရှူး တောလေးထဲမှ ဖြတ်ပြန်လာခဲ့သည်။ မန်ခိန်ချောင်းလေး တစ်ဖက်သို့ ရောက်လာသည်တွင်–

"မာရီယာရေ ဟေး မာရီယာ"

ဘရန်ဆိုင်းအသံက ပျော်ရွှင်ကြည်နူးမှု အပိုင်းအစတွေ လွင့်မျံနေ သည်။ သူ ကြိုးတံတားလေးပေါ် ဖြတ်လျှောက်လာရင်း မာရီယာ၏ အရိပ်အယောင်ကို လှမ်းမျှော်ကြည့်လိုက်သည်။ ခါတိုင်းဆိုလျှင် သူ့အသံ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် စက္ကန့်ပိုင်းလေးအတွင်း ထင်းရှူးသာ ခြံတံရှည် အိမ်မြင့်လေးပေါ်က အိမ်ရှေ့ဝရံတာ လက်ရမ်းပေါ်တွင်အနီ ရောင်ဂါဝန်ရှည်လေး တလွင့်လွင့်နှင့် မာရီယာ ပြေးထွက်လာတတ်သည်ကို မြင်ရပြီမဟုတ်ပါလား။

ပြီးတော့– "အစ်ကို ဘရန်ဆိုင်းရေး"ဟု လှမ်းအော်ယမ်းပြလျှက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်နှုတ်ဆက်တတ်သည့် မာရိယာ၏ ချိုမွှေးသော အသံလေးက ချောင်းရေစီးသံလေးတွေပေါ်က ပျံ့ဝဲလာတတ်သည် မဟုတ်လား။

ခုတော့ ဘာသံမှလည်းမကြား။ ဘရန်ဆိုင်းရင်ထဲ အပူငွေ့လေး တစ်ခု ဖြတ်စီးသွား၏။ မာရိယာ မွေးဖွားခါနီးမို့ ပင်ပန်းပြီး အိပ်ပျော်နေသလား မသိ။

"မာရိယာ မွေးများမွေးဖွားသွားပြီလား"

သူ့စိတ်ထဲမတင်မကျ တွေးလိုက်မိပြီး စိတ်ပူသွားသည်။ ကြ… တံတား အိပ်ပွဲလေးပေါ် အပြေးအလွှားလေး လှမ်းလာခဲ့သည်။ သူ… အိမ်ရှေ့ရောက်ရောက်ချင်း စိတ်ပူပြီး လှမ်းခေါ်လိုက်သည်။ တစ်ခုခုတော့ မှားနေပြီထင်သည်။

"မာရိယာ မာရိယာ… အစ်မ အယ်လ်ဂျာ"

သူ့အသံဆုံးသည်နှင့် အယ်လ်ဂျာနူး၏ အိမ်ထဲက ပြေးထွက်လာ… သည်။ အယ်လ်ဂျာ မျက်နှာက တအံ့တသြနှင့် ပျက်ယွင်းနေသည်။

"ဟယ်… ဘရန်၊ နင် ပြန်ရောက်လာပြီလား၊ မာရိယာ မနက်… စားပြီးထဲက ထွက်သွားတာ၊ ခုထိပြန်မရောက်လာသေးလို့၊ ငါလည်း စိတ်ပူနေတယ်ကော ဝေ"

"သူ ဘယ်ထွက်သွားတာလဲ၊ ကိုယ်ဝန်ကြီး နေ့စေ့လစေ့နဲ့… ဘယ်မှမသွားပါနဲ့ ဆိုတာ မှားထားရက်နဲ့ဟာကို"

ဘရန်ဆိုင်း အရမ်းစိတ်ပူသွား၏။

"အေးလေ၊ ငါလဲ သူ့ကိုပြောတယ်၊ ဒါပေမယ့် ငါ ခဏ… ရေတံခွန်ဘက်သွားပြီး အဝတ်လျှော်နေတုန်း ပြန်လာတော့ သူ မရှိတော့… သူ ခရိန့်ဘွမ် တောင်ပေါ်တက်သွားတာလား၊ တောထဲမှာ ဗိုက်နာနေ… တော့ အခက်ပဲ"

"ဟာ… ဟုတ်တယ်၊ ဒါဆို မဖြစ်ဘူး၊ မှောင်တောင်မှောင်လာ… ကျွန်တော် မာရိယာကို ချက်ချင်းလိုက်ရှာမှဖြစ်မယ်၊ တောထဲမှာ သူ… ယောက်တည်း ကလေးမွေးနေရင် ဘယ်လိုလုပ်မလဲ"

ဘရန်ဆိုင်း ခေါင်းရည်ပဂိုင်းနှင့် ကြက်သုံးကောင်ကို မြေကြီး…



…ချလိုက်ပြီး အိမ်ခြေရင်းက မြင်းဇောင်းဆီ ဖျတ်ကနဲလှမ်းထွက်သွား၏။

"အေး ဟုတ်တယ်ကော၊ ဘရန့်၊ ခဏ ခဏ နင်တစ်ယောက်တည်း …ဖြစ်ဘူး၊ လူစုပြီး လိုက်ရှာမှ၊ တောကနက်တယ်၊ ညကြီးဆိုတော့ …လူများမှဖြစ်မယ်"

အယ်လ်ဂျာနူးရိုက ဝရံတာက ပြေးဆင်းလာပြီး အိမ်ခေါင်းရင်း…ာ ကြိုးနှင့်ဆိုင်းချည်ထားသည့် ကြေးမောင်းကြီးကို တဒူဒူထုလိုက်၏။ …မြင့်များနှင့် မှောင်ရိပ်သမ်းစ ညနေဒါန်းလေးထဲတွင် ငြိမ်သက်နေသည့် …မန်ခိန်ရွာလေးသည် ချက်ချင်းမောင်းသံက တဒူဒူလွှမ်းထွက်လာသည်။

"ဒူ… ဒူ… ဒူ…"

မကြာမီ ရွာထဲမှ ရွာသူရွာသားတွေ တစ်ယောက်ပြီးတစ်ယောက် …ဘောင်ကမ်းပါးယံကြား၊ ထင်းရှူးပင်တွေကြားမှ ပေါ်ထွက်လာကြ၏။ …ရွာတွင် ရွာသူကြီး၊ ရွာခေါင်းနှင့် ကျောင်းဆရာအိမ်တွင် ကြေးမောင်း …တစ်လုံးစီ၊ ရွာလုံးစံအရ ရှိရသည်။ အရေးအကြောင်းရှိ၍ တစ်အိမ်အိမ်က …အခင်းထုလျှင် တစ်အိမ်တစ်ယောက် မောင်းသံကြားသည့်နေရာသို့ …ချက်ချင်းလာရောက်ပြီး စုဝေးကြရသည်။ ယင်းမှာ ဤတောင်တန်းဒေသ၏ …ဓလေ့စရာဓလေ့တစ်ခုဖြစ်၏။

ယခုလည်း ချက်ချင်း ဘရန်ဆိုင်း အိမ်ပတ်လည်သို့ မန်ခိန်ရွာ…သားများ စုဝေးရောက်ရှိလာကြသည်၊ ဘရန်ဆိုင်းက သူ့မြင်းနက်ကြီး …'ဂျန်း' ကို ဆွဲပြီး အိမ်ရှေ့ထွက်လာသည်။

"မာရိယာ မနက်ထဲက ခရိန့်ဘွမ်တောင်ပေါ် ထွက်သွားတာ ပြန်မရောက်လာလို့ ကိုယ်ဝန်ကြီးနဲ့ တောင်ပေါ်မှာ ဗိုက်နာနေရင် ဒုက္ခပဲ၊ …ဒါ ဘရန့် စိတ်ပူပြီး လိုက်ရှာမလို့ လူစုတာ"ဟု အယ်လ်ဂျာနူးရိုက …ဆိုပြီးရှင်းပြလိုက်သည်။ မန်ခိန်တစ်ရွာလုံးက ကျောင်းဆရာလေး ဘရန်…ဆိုင်းကို ချစ်သည်။ သူ့ကို ကြည်ညိုလေးစားသလို မာရိယာကိုလည်း …တစ်ရွာလုံးက ချစ်ခင်တန်ဖိုးထားကြသည်။ ပြီးနောက် တောင်ပေါ်သား…တွေ၏ ဓလေ့ထုံးစံအတိုင်း စည်းရုံးညီညွတ်မှုလည်းရှိသည်။ ရွာ…သားသတ္တိ…ရှိသူတွေလည်း ဖြစ်ကြပြီး အားလုံး ယောကျ်ားမိန်းမ၊ တောကျွမ်းသူတွေ

www.burmeseclassic.com



လည်း ဖြစ်ကြသည်။

"လိုက်ရှာမယ်၊ မာရီယာကို မတွေ့တွေ့အောင် တို့ရှာမယ်၊ မပူနဲ့ ဘုရန်ဆိုင်း၊ ခုချက်ချင်း တို့ မင်းနဲ့လိုက်မယ်ဟေ့"

အားလုံး တက်ကြွစွာဖြင့် သူတို့ ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်လိုက်ကြသည်။ ထို့နောက် မြင်းစီးသူနှစ်ဆယ်ခန့်လောက်နှင့် ခြေလျင်လိုက်ကြမည့် ယောက်ျားသုံးဆယ်ကျော်တို့က ဓား၊ လှံ၊ လေး၊ မြှား၊ တူးမီးသေနတ်များနှင့် မီးတုတ်တွေ ကိုင်ဆောင်ကြပြီး မန်ခိန်ချောင်းကိုဖြတ်ကာ ခရိန်ဘွမ်တောင်ကြောဘက်ဆီ အပြင်းနှင်လာခဲ့ကြသည်။

*

ထိုသို့ မန်ခိန်ကမ်းဖူးလေး၏ ဆည်းဆာရင့် အမှောင်သမ်းချိန်တွင် ထိတ်လန့်စိုးရိမ်စရာ အဖြစ်အပျက်တစ်ခုနှင့် ကြုံကြိုက်နေချိန်။ ဘုရန်ဆိုင်း သူ၏ စာသင်ကျောင်းလေးထဲမှ ကလေးများနှင့်အတူ ကျောင်းလွှတ်ပြီး လှမ်းထွက်လာချိန်၊ ယင်း ဆည်းဆာချိန်နှင့် တစ်ချိန်တည်းမှာ–

မာရီယာသည် ခရိန်ဘွမ်တောင်၏ နက်ရှိုင်းသော တောတွင်းတ နေရာသို့ ရောက်ရှိနေတော့သည်။ သစ်ပင်ကြီးတွေက ထူထပ်နေသဖြင့် နေရောင်က မှုန်ဖျော့ဖျော့သာ ကျန်တော့၏။ နှင်းတွေကလည်း ဖွဲဖွဲ ဆင်းနေကာ တစ်တောလုံး စိမ့်ချမ်းနေသည်။

မာရီယာသည် ခါးဆက် အဖြူရောင်ဂါဝန်ရှည် ပွပွကြီး ဆံပင်ကို ကျစ်ဆံမြီးကျစ်ထားပြီး ပလိုင်းကို ကျောပိုးလျှက် ကြိုး နဖူးတွင် သိုင်းထား၏။ သူမ၏ ပလိုင်းထဲတွင် ကောက်ညှင်းမီးတော အရက်ပုလင်း၊ နနွင်းခါးမှုန့်ဝါးဖူး၊ ဝါးနီးခွေ၊ ပိတ်နီစတစ်ပိုင်း၊ ကွ ဓားတစ်လက်၊ နွယ်ကြိုး၊ ဓာတ်မီးခြစ်၊ မှန်မီးအိမ်နှင့် ကောက်ညှင်းထ တစ်ထုပ်၊ စသည်ဖြင့် လိုအပ်သမျှ ပစ္စည်းများ သူမ အရံသင့်ထည့် လာခဲ့သည်။

မာရီယာသည် တောင်ကမ်းပါးယံကျွေ့လေးတစ်ခုအရောက် လှ



အတက်လိုက်တွင် မမျှော်လင့်ဘဲ တောင်သစ်ခွနီ ရဲရဲတွေကို ဖျတ်ကနဲ လှမ်းမြင်လိုက်ရသည်။ နေဝင်ကာနီး အပြန်ခရီးလေးမှာ သူမ အရှိန်းကို အံ့ဩဝမ်းသာသွားသည်။ ထိုသစ်ခွနီများသည် ရှားပါးလှသော အဖိုးတန် သစ်ခွမျိုးဖြစ်သည်။ သစ်ခွနက်လိုပင် ဈေးကောင်းရ၏။ မာရီယာ လှမ်းကြည့်လိုက်တော့ တောင်ကမ်းပါးယံ ကျောက်စွန်းအဖျားလေးပေါ်မှာ အပ်ပြီးပွင့်နေသော သစ်ခွနီရဲရဲလေးတွေကို မြင်လိုက်ရသည်။

မာရီယာ အရှိန်းပျော်သွားသည်။ ကောင်းကင်တမန်တွေ သူမကို သမ်းညွှန်လိုက်သည်ထင်သည်။ ဤတောင်ကမ်းပါးလောက်တော့ မာရီယာ အချော့ပေါ့။ မာရီယာ အပျိုဘဝက သစ်ပင်မြင့်တွေပေါ် တောင် အသာလေး ခုန်းလွှားတက်ခဲ့သည်ပဲ။ ရှုတ်တရက် သစ်ခွနီတွေ မြင်လိုက်တော့ မာရီယာ မပေါ့မပါးနှင့် သူမ၏ ဗိုက်ကနေ့စေ့လစေ့ကိုယ်ဝန်ကိုပင် မေ့သွားတော့သည်။

မာရီယာ တောင်ကမ်းပါးပေါ် ကျားသစ်မလေးတစ်ကောင်လို လှမ်းတက်သွားပြီး သစ်ကိုင်းတစ်ခုကို လှမ်းခိုကာ သစ်ခွနီပွင့်တွေနှင့် အခေါက်တွေကို ဓားနှင့်ထိုးကော်ချလိုက်သည်။ သစ်ခွပွင့်တွေနှင့် သစ်ဖုတ်ကို ရင်ထဲမွေ့ပြီး တောင်ကမ်းပါးပေါ်မှ ပြန်အဆင်းတွင် သစ်ခွဖောဖြုံ့မေ့ပြီး မြေပြင်ပေါ် လွှားဆင်းလိုက်ရာ ခါးထဲမျက်ကနဲ ဖြစ်သွားသည်။

မာရီယာ သစ်ခွနီတွေကို ပလိုင်းထဲ ပြောင်းထည့်လိုက်သည်။ ဗိုက်ထဲက နာလာသည်။ ကလေးက ဗိုက်ထဲမှ ရုန်းကန်လှုပ်ရှားလာသည်။ ဗိုက်ကလည်း စစ်ကနဲ စစ်ကနဲ တိုက်လာသည်။ မာရီယာ နားလည်လိုက်ပြီ။ နေလည်းဝင်တော့မည်။ မည်သည့်နည်းနှင့်မျှ သူမ အိမ်ရောက်နိုင်တော့မည် မဟုတ်။ ခရိန်ဘွမ်တောင်ကြောနှင့် မန်ခိန်ရွာက ကိုးမိုင်သာသာ ကွာလှမ်းသေးသည်။

မာရီယာ ခြေလှမ်းသုံးလေးလှမ်း လှမ်းကြည့်၏။ ဗိုက်က အရှိန်း နာလာသည်။ နည်းနည်းတော့ စိုးရိမ်ထိတ်လန့်သွားသည်။ သို့သော် တောင်ပေါ်သူမို့ သွေးကတော့မနည်း။ သတ္တိတော့ရှိသည်။ သူမ အားတင်းလိုက်ပြီး ဝတ်ဝန်းကျင်ကို ဝေ့ပတ်ကြည့်လိုက်သည်။ အားလုံးကို ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ သူမ အသင့်ပြင်လိုက်သည်။ ဤတွင်–

"ဟာ... ဟိုရှေ့နားမှာ ဂူပေါက်တစ်ခု"

မာရီယာ ရင်ထဲက ဘုရားသခင်ကို ကျေးဇူးတင်လိုက်ပါသည်။ ချက်ချင်းပဲ မာရီယာ မြေပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ပြီး ဆုတောင်းလိုက်သည်။

"ကိုယ်တော် ကျွန်မကို ဤနေရာတွင် သန္ဓေသားကို မွေးဖွားနိုင်ရန် ပြင်ဆင်ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါတယ်၊ ကျွန်မ၏ ငှဲညှာသနားတော်မူ၍ ဤဂူပေါက်ထဲတွင် လုံခြုံစွာ မွေးဖွားနိုင်ရန် ခွန်အားသတ္တိများ ပေးတော်မူပါ အဘဘုရားသခင်"

မာရီယာ စိတ်ချယုံကြည်စွာဖြင့် စိတ်ကိုတင်းပြီး ထရပ်လိုက်သည်။ ဗိုက်က တအားနာကျင်လာသည်။ မာရီယာ အံကြိတ်ပြီး ခါးကို လက်တစ်ဖက်ဖြင့်ထောက်ကာ ခြေလှမ်းတွေကို ရွှေ့သည်။ တောင်စောင်းပေါ်ကို အားခဲပြီး တရွေ့ရွေ့ လှမ်းတက်သည်။

"အား... ကျွတ်... ကျွတ်... ဘုရားသခင်၊ သမီးနဲ့အတူ ရှိတော်မူပါ"

စိတ်ထဲက ဘုရားကို အာရုံပြုရင်း ဂူပေါက်ရှိရာ တောင်စောင်းပေါ်သို့ မာရီယာ လေးဘက်ထောက် တွားတက်လာခဲ့သည်။ သူမတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး ချွေးတွေရွှဲနေသည်။ ဗိုက်ထဲက မခံမရပ်နိုင်အောင် နာလာသည်။

"ဟာ... အား... အိုး...၊ ကိုယ်တော် ကျွန်မကို ကယ်ပါ"

မာရီယာ လူးလိမ့်တွန့်လိမ်ရင်း ဂူပေါက်ဝကို ရောက်လာသည်။ ဂူက လူလေးငါးယောက် ဝင်သာရုံကျယ်သည်။ မှောင်စပျိုးပြီဖြစ်၍ အတွင်းသို့ မမြင်ရတော့။ မှောင်မဲနေသည်။ မာရီယာ ဂူထဲသို့ လေးဘက်ထောက်ဝင်ပြီး လှိုဏ်ဂူဝ ကျောက်နံရံကို ကျောနှင့် ကြိုးစားမှီလိုက်ပြီး ရှေ့ကျောပေါ်က ပလိုင်းကို ဆွဲဖြုတ်ချလိုက်သည်။

ဗိုက်ထဲက မီးတောင်ပေါက်ကွဲတော့မလို နာကျင်နေသော်လည်း သတ္တိနှင့် ယုံကြည်ခြင်းက ပြင်းထန်နေသဖြင့် စိတ်ဓာတ်က အားလုံးကို



လွှမ်းမိုးထားကာ ခွန်အားတွေ ရုန်းထွက်လာသည်။ မသိစိတ်ထဲမှ ခွန်အားနှင့် သတ္တိများကို မာရီယာက အသုံးချလိုက်၏။

အလင်းရောင်သည် မှုန်မွှားရေးရေးသာရှိတော့၏။ ပထမဦးဆုံး အမှောင်ထုကို တိုက်ဖျက်ရန် ပလိုင်းထဲမှ မှန်မီးအိမ်နှင့် ဓာတ်မီးခြစ်ကို ခမ်းယူပြီး မီးထွန်းလိုက်သည်။ ထို့နောက် အနီးအနား ဂူပေါက်ဝ တော်ဝန်းကျင်မှ ထင်းစ၊ သစ်တုံး၊ သစ်ကိုင်းများကို လိုက်ကောက်စုပြီး မီးဖိုလိုက်သည်။ မကြာမီ ဂူပေါက်ဝသည် မီးပုံကြီးမှ မီးတောက်မီးလျှံကြီးဖြင့် လင်းထိန်သွားတော့၏။ တောကောင်များရန်လည်း စိတ်ချရပြီ။

မာရီယာ အားတက်သွားတော့သည်။ ယခုတစ်ပတ်နှစ်ပတ် အတွင်း၌ သူမက အမြော်အမြင်ကြီးစွာနှင့် ပလိုင်းထဲမှ ဘယ်သွားသွား ယူဆောင်လာသည့် မီးနေသည့်သုံး ပစ္စည်းများထဲမှ ကောက်ညှင်းအရက်ကို တစ်ငုံသောက်ပြီး မြက်ခြောက်များပေါ်တွင် အဝတ်စတစ်ခုကို ခင်းသည်။ ပြီးနောက် သူမ ဂူနံရံကိုမှီကာ သန္ဓေသားကို ဖွားမြင်ရန် စိတ်ဓာတ်တွေကို စုစည်းလိုက်သည်။ မိနစ်နှစ်ဆယ်ခန့် မာရီယာ အပြင်းအတန် ဝေဒနာတွေ ခံစားလိုက်ရ၏။ ထို့နောက် မာရီယာ ရင်သွေးငယ်ကို မမွှတာအတိုင်း မွေးဖွားလိုက်နိုင်ခဲ့သည်။ ခေတ္တမျှ သူမ အမောဖြေ အနားယူပြီးလျှင် ကလေးငယ် နီတာရဲ မွေးကင်းစလေးကို နှီးကြောဖြင့် အချုဖြတ်ပြီး၊ ချက်ကြိုးချည်ကာ ကောက်ယူလိုက်၏။ ထို့နောက် သူမ၏ သမီးလေးကို ပိတ်စနီဖြင့် ပွတ်သုတ်ကာ အနီးထုပ်လိုက်ပြီး ရင်ခွင်ထဲပွေ့ထားလိုက်သည်။

"အို... အဖေ ကိုယ်တော်ကို ကျေးဇူးတင်ပါ၏" ဟု မာရီယာ ရင်ထဲက ဆုတောင်းလိုက်ပြီးလျှင် ကောက်ညှင်းအရက်နှင့် နနွင်းခါးမှုန့်ကို သောက်ချပြီးနောက် ပလိုင်းထဲမှ ငွမ်းစောင်ပါးကို ထုတ်ယူကာ မီးပုံအနီး၌ လှဲချလျက် နွေးထွေးစွာ မီးလှုံနေလိုက်သည်။

ထိုအချိန်တွင် အဝေးခပ်လှမ်းလှမ်းဆီမှ အမှောင်ယံညလွှာထုကို ဖောက်ထွင်းလျက် 'အိုးဝေ အိုးဝေ' ဆိုသည့် ညအိပ်တန်းတက်မည့် ဒေါင်းဖိုတွန်သံလေးတစ်ခုက သာယာချမ်းမြေ့စွာ ခရိန်ဘွမ် တောအုပ်ထဲ ပျံ့ထွက်သွားပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဓားလမ်းနွမ်းလျစွာနှင့် မာရိယာ အိပ်ပျော်လုလု အချိန် ... ။

"မာရိယာ... မာရိယာ ရေ..."

အပြင်တွင် နှင်းတွေဖွဲဖွဲကျလျှက်၊ အမှောင်ထုထဲမှ လှိုင်းရိုက်လွင့်မျောလာသော ခေါ်သံတစ်ခု။ မမြော်လင့်ဘဲ သဲ့သဲ့ထွက်ပေါ်လာသည်။

"မာရိယာရေ မင်း ဘယ်နေရာ ရောက်နေလဲ၊ တို့ လိုက်ရှာနေတယ် မာရိယာ"

မာရိယာ ဖျတ်ကနဲ လူးလွန့်လာသည်။ နို့ကို တပြွတ်ပြွတ်စုပ်နေရှာသော သူမ၏ သမီးငယ်လေးကို ရင်ထဲပွေ့လိုက်ပြီး ဖြည်းညှင်းစွာ အားယူထလိုက်သည်။ အနီးတွင် သူမ စုပုံထားသည့် ထင်းစအချို့ကို မီးပုံထဲ ဖြည့်လိုက်သည်။ တဖြည်းဖြည်း မီးအရှိန်မြင့်တက်လာပြီး ဂူပတ်ဝန်းကျင်တစ်ဝိုက် လင်းထိန်လာသည်။ နွေးလည်း ပိုနွေးလာသည်။

"မာရိယာ... မာရိယာ"

မာရိယာ ပြတ်သားစွာ ကြားလိုက်ရသည်။ တောင်ခြေရင်းနားတစ်ဝိုက်မှ ပျံ့လွင့်လာသည့် ဘရန်ဆိုင်း၏အသံ အစစ်ပဲဖြစ်သည်။ ရွာမှ ဘရန်ဆိုင်းတို့ လိုက်လာကြပြီ။ မာရိယာတစ်ကိုယ်လုံး သွေးတွေ တက်ကြွသွားသည်။ ခွန်အားတွေ ပြည့်လျှမ်းသွား၏။

"အစ်ကိုဘရန်ဆိုင်းရေ... မာရိယာ ဒီမှာဟေး"

မာရိယာ့နှုတ်မှ အသံလှိုင်းတွေ တုံ့ပြန်မြူးကြွစွာ လွင့်မျောသွားလေသည်။ ထိုအချိန်လေးတင်ပင် အံ့ဩစရာ ဆန်းစလဝန်းသည် ရုတ်တရက် ခရိန်ဘွမ်တောင်ကြော အနောက်ဘက်ဆီမှ လွင့်မြောက်တက်လာသည်။

မကြာမီ တောင်အောက်ဘက် သစ်ပင်တွေကြားမှ မြင်းသံ၊ လူသံနှင့် မီးတုတ်မှ မီးရောင်တွေပေါ်လာပြီး ဘရန်ဆိုင်းတို့အဖွဲ့ လရောင်အောက်မှာ ပေါ်လာသည်။

"ဟော... ဟိုတောင်စောင်းက လိုဏ်ဂူရှေ့မှာ မီးပုံကြီးနဲ့ မာရိယာ ဖြစ်မှာပဲ၊ မာရိယာ... မာရိယာ"

"အစ်ကိုဘရန်ဆိုင်း..."



ဘရန်ဆိုင်းနှင့် မာရိယာတို့နှစ်ဦး၏ နှုတ်ဆက်လှမ်းခေါ်သံတွေ၊ နှင်းမှုန်ထဲက လရောင်အောက်မှာ ကြည်နူးစွာ ထွက်ပေါ်လာသည်။ မကြာမီ ဘရန်ဆိုင်းတို့အဖွဲ့ တောင်စောင်းပေါ် မြေးတက်လာကြပြီး လိုဏ်ဂူရှေ့မှ မီးပုံကြီးပတ်လည်တွင် ဝိုင်းအုံလိုက်ကြသည်။ သူတို့မျက်နှာပေါ်မှာ သောကတွေ ကင်းစင်ပြီး ပျော်ရွှင်ကြည်နူးမှုတွေနှင့် ရွှန်းလက်သွားတော့သည်။

"မာရိယာ..."

ဘရန်ဆိုင်း မြင်းပေါ်မှ ခုန်ဆင်းပြီး မီးပုံနံဘေးမှ မာရိယာဆီ ပြေးသွားကာ မာရိယာ ရင်ခွင်ထဲမှ အနီးထုပ်နီနီလေးနှင့် ရစ်ထွေးထားသော ကလေးငယ်လေးကို ပွေ့ချီလိုက်သည်။ သူ အားလုံးကို မေ့သွားသည်။ သူ့အသံတွေ တုန်နေသည်။

"မာရိယာ သမီးလေးလားဟင်"

"ဟုတ်တယ်အစ်ကို သမီးလေး"

"အို... ဝမ်းသာလိုက်တာ မာရိယာ၊ သမီးလေးကို RUTH လို့ မှည့်မယ်နော်"

"အင်း RUTH နန်းဝတ်ရည်လို့ ပေးမယ်နော်"

ဘရန်ဆိုင်း ခေါင်းညိတ်ပြလိုက်ပြီး မာရိယာကို လက်တစ်ဖက်နှင့် ယုယစွာ ထွေးပွေ့လိုက်သည်။ ထိုအချိန်လေးတွင် မာရိယာ၏ နှလုံးသားသည် ပြည့်ဖုံလျှက် မန်ခိန်မြစ်လို အေးမြကြည်လင်သည့် အချစ်မြစ်လေးတစ်စင်း စီးဆင်းသွားနေသည်။

ခရိန်ဘွမ် တောအုပ်လေးကလည်း ဤတဒင်္ဂဝယ် တောပန်းရနံ့တွေနှင့် စိမ့်သင်းပျံ့နေသည်ဟု မာရိယာ့ရင်မှာ ခံစားနေမိသည်။

*

(၃)

သို့သော် ရှသ်တို့ မိသားစုဘဝလေးက မြန်မကြာညီ နေဝင်သွားခဲ့သည်။ ဆိုးဝါးသော ကံကြမ္မာ၊ သို့မဟုတ်၊ ဘုရားသခင်၏ စီရင်ချက်က

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လွန်းလှသည်ဟု ဆိုရလိမ့်မည်။ ရှသ်၏ မိခင် မာရီယာသည် ရုတ်တရက် 'ခန္ဓာကိုယ်အနှံ့ သွေးဆိပ်တက်ပြီး' ရှသ် 'ခုနစ်လသမီး' အရွယ်မှာ ဝမ်းနည်းကြေကွဲဖွယ်ရာ 'ဘုရားသခင်၏ ခေါ်တော်မူခြင်း'ကို ခံခဲ့ရရှာပါသည်။

ထိုအချိန်ကစပြီး ဘာရန်ဆိုင်းသည် သူ့သမီး နီတာရဲလေးကို နို့ဗူးတစ်ဖက်နှင့် ပိုးမွေးသလို မွေးခဲ့ရရှာသည်။ မိခင်လည်းသူ၊ ဖခင်လည်း သူပင် ဖြစ်ခဲ့ရသည်။ ကြမ်းတမ်းစွာ သူ့သမီးအတွက် သူ့ဘဝခရီးကို ဖြတ်သန်းခဲ့ရသည်။ ဘုရားကျောင်းသွားလည်း အတူတူ၊ ငါးဖမ်းသွားလည်း အတူတူ၊ စာသင်ကျောင်းသို့ သွားတော့လည်း အတူတူ၊ သူ့သမီးကို ချီပိုးကာ မန်ခိန်ချောင်းပေါ်က ကြိုးတံတားလေးအပေါ် အကြိမ်ကြိမ် ဖြတ်သန်းရင်း သူ့သမီးအပေါ် အချစ်တွေ ပုံအောပေးခဲ့ရှာသည်။

ဘာရန်ဆိုင်း အမဲလိုက်သွားသည့်အခါနှင့် တောင်ယာသွားသည့် အချိန်မှလွဲပြီး သူ့သမီးကို သူနှင့် ဘယ်တော့မှမခွဲ။ တစ်ခါတစ်ရံ သူ့ မြင်းကြီး 'ဂျန်း'၏ ကျောပေါ် သူ့သမီးကိုတင်ပြီး မန်ခိန်တောတန်းလေး ထဲ သစ်ခွရှာ၊ တောကြက်ပစ်၊ ရေကူး၊ လျှောက်လည်ခဲ့ကြသည်။ ထိုအချိန်မျိုး၌ သူ့သမီးရှသ်၏ ကြည်နူးဖွယ်ကောင်းသော 'တေးသီချင်း' လေးတွေက သူ့နှလုံးသားကို ရစ်ပတ်နွေးထွေး မိန်းမောသွားစေခဲ့သည်။

ရှသ် ခုနစ်တန်းကို ထူးချွန်စွာ အောင်ခဲ့ပြီးနောက် အသင်းအုပ်ဆရာတန်လျှမ်းနှင့် တိုင်ပင်ပြီး ဘာရန်ဆိုင်း သူ့သမီးကို မြစ်ကြီးနားက သာသနာ့ပြု အမျိုးသမီးဘော်ဒါတစ်ခုသို့ ပို့ခဲ့သည်။ သူ့သမီး မျက်နှာ မငယ်ရအောင်၊ ဘာရန်ဆိုင်း သူ့မြင်းကြီး ဂျန်းနှင့် ခရိန်ဘွမ် တောထဲဝင်ပြီး သဲကြီးမဲကြီး 'မုဆိုး' လုပ်တော့သည်။ တောကောင်ကြီးတွေရှာပစ်ပြီး သက်စွန့်ဆံဖျား ငွေရှာခဲ့တော့သည်။ အန္တရာယ်တွေကြားက သူ့သမီး ပညာရေးကို ဘာရန်ဆိုင်းတိုက်ပွဲဝင်ခဲ့သည်။ ထို့ပြင်မက ဆေးဖက်ဝင် အဖိုးတန်သစ်မြစ်၊ သစ်ဥ၊ သစ်သီးတွေပါ ဘာရန်ဆိုင်း ရှာဖွေဝယ်ရောင်းချပြီး သူ့သမီးရှသ်ကို 'မြစ်ကြီးနားကောလိပ်'သို့ ကျောင်းဆက်ထားနိုင်ခဲ့သည်။



သည်ကြားထဲမှာ ခြောက်လတစ်ကြိမ် သူ ငွေတွေပိုက်၊ အစားအသောက်တွေ၊ ကြော်လှော်ချက်ပြုတ်ပြီး သူ့သမီး တက္ကသိုလ်ကျောင်းသူကြီးကို အိပ်မက်အလွမ်းတွေနှင့် အတိုးချကာ မမောမပမ်း သွားတွေ့ရှာသည်။ ထုံးစံအတိုင်း ကျောင်းဝင်းထဲက 'မလိခ' ကန်တင်းလေးမှာ သားအဖနှစ်ဦး ဆုံတွေ့ပြီး အချစ်လွန်ဆွဲပွဲလေး နွှဲကြသည်။

"အပါး ရွာမှာ အပါးတစ်ယောက်တည်း ကျန်းမာရေး ဂရုစိုက်နော်။ ရှသ် မရှိဘူးဆိုပြီး လွမ်းတယ်၊ အောက်မေ့တယ်ဆိုပြီးတော့ ခေါင်ရေတွေပဲ အရမ်းသောက်မနေနဲ့ဦး၊ ပြီးတော့ ညညဆိုလည်း ရွာထဲလျှောက်လည်ပြီး လူပျိုလိုက်လှည့်မနေနဲ့ဦးနော် သိလား အပါး"

သူ့သမီးက သူ့ကို မခို့တယို့ မျက်လုံးတွေနှင့် သွေးတိုးစမ်းသလို စ,တော့ ဘာရန်ဆိုင်း မွေ့မွေ့ရယ်သည်။

"အို... အပါး ဒီကိစ္စတွေ စိတ်တောင်မကူးမိပါဘူး။ ငါ့သမီး ဘွဲ့မြန်မြန်ရဖို့ပဲ အပါးခေါင်းထဲမှာရှိတယ်။ အပါးလေ ဒီတစ်သက် သမီးကလွဲပြီး ဘယ်သူ့ကိုမှ ချစ်ဖို့မကြိုးစားဘူး၊ စိတ်ချ၊ အပါး ဘယ်မိန်းမမှ စိတ်မဝင်စားဘူး၊ ယုံပါသမီးရဲ့"

သည်လိုဆိုတော့လည်း ရှသ် စိတ်မကောင်းဖြစ်သွားသည်။ သူမ၏ အပါး၊ သူမအပေါ် ဘယ်လောက်ထိချစ်မှန်း ရှသ် နားလည်သည်။ ရှသ် ရှုန်းရှုန်းလေး အပါးကို ပြန်စိုက်ကြည့်ပြီး ကြည်နူးစွာ ပြုံးပြလိုက်သည်။

"အပါးကို သမီး စ,တာပါ အပါးရဲ့၊ ယုံပါတယ်၊ တကယ်လို့ အပါး နောက်မိန်းမ ထပ်ယူလဲ ရှသ်ကတော့ အပါးကို ချစ်နေမှာပါ၊ သမီးကတော့ ဘွဲ့ရပြီးရင် အပါးကို လုပ်ကျွေးဦးမယ်၊ သမီးနှလုံးသားထဲမှာလဲ အပါးကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး"

ချိုမွေးသင်းပျံ့နေသော အချစ်ရနံ့များက လွင့်ပျံ့နေသည်။ ဘာရန်ဆိုင်းရင်ထဲမှာ ခါကာဘိုရာဇီ တောင်ထိပ်က နှင်းခဲတွေ ပြိုအိကျဆင်းလာသလို အေးမြစွာ ခံစားလိုက်ရသည်။ သူတို့သားအဖ နှစ်ဦး၏ အကြားမှာ ဘယ်တော့မှ အချစ်တွေ မပြိုကွဲနိုင်ဟုလည်း ယုံကြည်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အချစ်ဆိုတာ အင်မတန် စွမ်းအားကြီးသည့် တန်ခိုးသတ္တိတွေနှင့် ပြည့်စုံမှန်း ဘရန်ဆိုင်း ကြိုတင်စဉ်းစားမိလျှင်တော့ ဤသို့ ရင်နာဖွယ်အဖြစ်မျိုးနှင့် သူတွေ့ကြုံရင်ဆိုင်ရလိမ့်မှာ ဘယ်ထင်မှာလဲ။

ခုတော့ သူ့အိပ်မက်တွေ မန်ခိန်မြစ်ထဲ မျောပါသွားပြီ။ ဟုတ်ပါသည်။ ရှသ်ကို စာတန်နတ်ဆိုးက သူ့ရင်ခွင်ထဲမှ ဖြားယောင်းသွေးဆောင် ခေါ်ယူသွားခဲ့သည် မဟုတ်လား။

မြစ်ကြီးနားကောလိပ်မှ ရှသ် ဒုတိယနှစ်ကို အောင်မြင်ပြီး သူမသဘောနှင့် သူမ ရွတ်ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့သည်။ ပြီးနောက် နှစ်နှစ်လုံးလုံး မန်ခိန်သို့ ပြန်မလာတော့ဘဲ သချာဘာသာနှင့် ရှသ် ဘွဲ့ရခဲ့သည်။ တစ်လခွဲလောက်ပဲကြာသည်၊ ရှသ် သူမ၏ ပင်ကိုယ် စွမ်းရည်နှင့် ထက်မြက်မှုကြောင့် ပုဂ္ဂလိက ဘဏ်တစ်ခုတွင် အငယ်တန်း ဒုမန်နေဂျာရာထူး ရရှိခဲ့သည်။

အပါး...

ဘုရားသခင် ကျေးဇူးတော်နဲ့ သမီး ပထမဦးဆုံးရရှိတဲ့ ဘဏ်လခ 'အဦးသီး'ကို အပါးဆီ ရှသ် အချစ်များစွာ၊ အနမ်းများစွာနဲ့ ပို့လိုက်တယ်၊ အပါး ကျန်းမာပါစေ။

'အပါးချစ်တဲ့ သမီး'

ရှသ် (နန်းဝတ်ရှည်)

စာတိုလေးတစ်ခုနှင့် ငွေတစ်ထပ်၊ ဘရန်ဆိုင်းဆီသို့ စာတိုက်မှ ရောက်လာသည်။ ဘရန်ဆိုင်း မျက်ရည်တွေဝဲပြီး ရင်ထဲမှာ ဆို့ငင်တင်းကျပ်နေသည်။ မည်သို့ဆိုစေ ဘရန်ဆိုင်း သူ့သမီးအပေါ် ထားရှိသည့် အချစ်များက တစ်စက်လေးမှ မယိုယွင်း။ သမီး သူ့အပေါ် မစိမ်းကားသေးပါလားဟု သူ ဖြေသိမ့်နိုင်ခဲ့သည်။ ဝမ်းလည်းသာသည်။

တနင်္ဂနွေနေ့ ဘုရားကျောင်းတက်တော့ ဘရန်ဆိုင်း ထိုငွေတွေအားလုံး ဘုရားကျောင်းသို့ လှူလိုက်သည်။ ထိုည သူ ခေါင်းရေမှုံမှုံနှင့် အိပ်မက်ထဲမှာ သမီးနှင့် သူ 'ဂျန်း'ကိုစီးပြီး မန်ခိန်မြစ်ထဲ လျှောက်မြေးနေသည်။



ထိုစာသည် ရှသ်ထံမှ နောက်ဆုံးစာဖြစ်သည်။ ထို့နောက်တော့ ရှသ်ထံမှ ဘာအဆက်အသွယ်မှ မရတော့။ ဘရန်ဆိုင်း အိပ်မက်ဆိုးတွေနှင့် ရှုံးမတတ် ခံစားခဲ့ရသည်။ သူ့စာသင်ကျောင်းလေးနှင့် ခေါင်းရေတို့သာ သူ့ဘဝ၏ မပြောင်းလဲသည့် ထာဝရအဖော်မွန်များ ဖြစ်နေခဲ့သည်။ ဘရန်ဆိုင်း ရန်ကုန်မြို့တော်ကြီးဆီ လိုက်သွားပြီး သူ့သမီး မစိမ်းကားလေးကို ရှာတွေ့ချင်စိတ် တစ်ခါတစ်ခါတော့ ရင်ထဲက ရုန်းကြွထွက်လာသည်။

သို့သော် သူ့တပည့်ကျောင်းသားလေးတွေကို ရက်စက်စွာ ပစ်ထားခဲ့နိုင်ဖို့ သူ့နှလုံးသားက လက်မခံ။ သူ့သမီးအပေါ်ထားသည့် အချစ်တွေကို နေ့စဉ် ခေါင်းရေနှင့် စတေးပစ်လိုက်သည်။

ခြောက်လလောက်ကြာတော့ မန်ခိန်ကနေ ရန်ကုန် 'မွေတက္ကသိုလ်'သို့သွားပြီး ကျမ်းစာသင်တန်း တက်နေသည့် 'ဘင်ဂျမင်' ရွာကို ခေတ္တ ပြန်လာသည်။ သူနှင့်အတူ ဘရန်ဆိုင်းအတွက် ဝမ်းသာစရာသတင်းတစ်ခု ပါလာသည်။ တခြားမဟုတ်။ ဘရန်ဆိုင်း၏သမီး RUTH ရှသ် နန်းဝတ်ရှည်သည် 'သူဌေးမလေး' တစ်ဦး ဖြစ်နေသည်ဆိုသော သတင်းပဲ ဖြစ်သည်။

ဘရန်ဆိုင်း တစ်ကိုယ်လုံး တုန်ခါသွား၏။ သူ အရမ်းအံ့ဩနေသည်။ သူ့နှလုံးသားတွေ ကြေမွပျက်စီးသွားသလို ခံစားလိုက်ရသည်။ သူ ဝမ်းမသာနိုင်ပါ။ သည်သတင်း မမှန်ပါစေနဲ့ဟု သူ့ရင်ထဲက ဆုတောင်းလိုက်မိသည်။ အမှန်ပါပဲ။

သူ့သမီးလေးသည် သိပ်ကို နုနယ်ငယ်ရွယ်လွန်းပါသေးသည်။ သူ သိပ်ကို နုမျောသည်။ ဤမျှ အချိန်တိုအတောအတွင်းလေးတွင် ရှသ် အလွန်ချမ်းသာသွားသည်ဟု ဆိုခြင်းမှာ တစ်ခုခုတော့ မှားယွင်းနေပြီဟု ဘရန်ဆိုင်း နားလည်လိုက်သည်။

ရှသ် ချမ်းသာသွားလို့ ဘုရားသခင်နှင့် ဝေးကွာသွားပြီလား။ သို့တည်းမဟုတ် မန်ခိန်ချောင်းနှင့် ကြိုးတံတားလေးတို့များ စိမ်းကားပစ်

www.burmeseclassic.com



ခွာသွားပြီလား။ ဘရန်ဆိုင်း ရင်ထဲမှာ ဝေဒနာတွေ လောင်မြိုက်နေသည်။ သောကငွေ့တွေ၊ မျှော်လင့်ကြေကွဲမှုတွေ ရင်မှာပိုက်လျက် ဘရန်ဆိုင်း သမီးအပေါ် ချစ်ဇောတွေဝေပြီးလျှင် ဒီဇင်ဘာ ခရစ္စမတ်ကျောင်းပိတ်ရက်လေးအတွင်း ရန်ကုန်သို့ ဆင်းလာခဲ့တော့သည်။

ရန်ကုန်ရောက်တော့ အင်းစိန်နဲ့သာကုန်းက နှစ်ချင်းအသင်းတော်မှ 'ယုံကြည်သူ' ညီအစ်ကိုတစ်ဦး၏ အိမ်မှာ အဝတ်အစားအိတ်ကိုချပြီး မြို့ထဲ လိုင်းကားစီးလျက် လာခဲ့သည်။ ဘင်ဂျမင်းညွှန်ပြလိုက်သည့် 'လိပ်စာ'အညွှန်းနှင့် သူ့သမီး မကြာခဏ လာတတ်သည်ဆိုသော ကမ်းနားလမ်းရှိ ဟိုတယ်ကြီးကို ဘရန်ဆိုင်း မမောမပမ်း လိုက်ရှာခဲ့သည်။

မှောင်ရီပျိုးချိန်လေးမှာ မာကျူရီမီးရောင်စုံတွေ ထိန်လင်းနေသည့် ထိုဟိုတယ်ကြီးရှေ့သို့ ဘရန်ဆိုင်း ရောက်လာသည်။ မွဲညစ်ညစ် ကချင်လုံချည် ဖို့ယို့ဖားလျား၊ မီးခိုးရောင်တိုက်ပုံအကျီ နွမ်းနွမ်းနှင့် ခေါင်းပေါ်မှာ ဆံပင်ရှည်နွယ်နွယ်တွေ ဖွာလန်ကျဲနေသော တောင်ပေါ်သား တောကျောင်းဆရာ ဘရန်ဆိုင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ယောင်နနဖြစ်နေဆဲ။

ဟိုတယ်ကြီး၏ ခမ်းနားမှုကိုကြည့်ပြီး သူ သိမ်ငယ်ကြောက်လန့်ကာ ရှို့တွန့်တွန့် ဖြစ်နေစဉ် သူ့နံဘေးမှ အမှတ်မထင် နောက်ဆုံးပေါ် မော်ဒယ်ကားသစ် အနီရဲရဲကြီးတစ်စင်းက ဝေါကနဲ ထိုးဝင်လာပြီး ဟိုတယ်ထဲသို့ ချိုးကွေ့ဝင်သွားသည်။

ဖျတ်ကနဲ စက္ကန့်ပိုင်းလေးအတွင်း အမှတ်မထင် သူ ကားနောက်ခန်းထဲမှ နတ်သမီးလေးတစ်ပါး၏ စံပယ်ပွင့်မျက်နှာလေးကို လှမ်းတွေ့လိုက်ရသည်။ ဘရန်ဆိုင်း ရင်ထဲမှာ ဒုဂျွန်ရေတံခွန်ကြီး ဝေါကနဲ ပြိုဆင်းသွားသလို ခံစားလိုက်ရသည်။

"ဟင်... ရှသ်... ရှသ်၊ ဟာ... ငါ့သမီး ရှသ်ပါလား"

ဘရန်ဆိုင်း ရင်ထဲက အံ့သြမှုတွေ ရုန်းကန်ပွင့်ထွက်သွား၏။ အထဲပဲ လိုက်ဝင်သွားရမလား။ လှမ်းပြီးတော့ အော်ခေါ်ရမလား။ သူ ချီတုံချတုံ ဖြစ်နေဆဲမှာပင် ဟိုတယ်ဂိတ်ပေါက်ဝ၌ နက်ပြာရောင် ယူနီ



ဖောင်းဝတ်စုံနှင့် ဟိုတယ်ဝန်ထမ်းလေးတစ်ဦး ဘွားခနဲ ရောက်လာသည်။ အသားဖြူဖြူ မျက်နှာလေးထောင့်ကျကျနှင့် ကရင်အမျိုးသား ဖြစ်ဟန်တူသော လုံခြုံရေးဝန်ထမ်းလေးက သူ့အနီးသို့ လှမ်းလာပြီး–

"ဗြော်... ဦးလေး၊ ကျွန်တော် ဘာကူညီရမလဲ၊ ဦးလေး ဘယ်သူနဲ့ တွေ့ချင်လို့လဲ၊ ကျွန်တော် ဒီဟိုတယ်က လုံခြုံရေးဝန်ထမ်းပါ"

ဟုဆိုသည်။ သူ့မျက်နှာကလည်း ဖြူးချိုဖော်ရွေမှုတွေ လင်းလက်နေသည်။ ဘရန်ဆိုင်း ဝမ်းသာသွားသည်။

"ဗြော်... ဦးလေး ဟို... စောစောက ဝင်သွားတဲ့ ကားနီနီကြီးထဲက ကလေးမလေးက ဟို ဦးတို့မြို့က ရှသ်လား မသိဘူး၊ အဲဒါ..."

ဘရန်ဆိုင်း သူ့သမီး သိမ်ငယ်သွားမည် စိုးသဖြင့် စကားကို ထိန်းသိမ်းပြီး ပြောနေရသောကြောင့် ထစ်ငေါ့နေသည်။ သူ့အသံ မဆုံးသေးခင်မှာပင် ထိုလူရွယ်လေးက–

"အာ... ဟုတ်တယ်ဦးလေး အဲဒါ ရှသ်ပဲ၊ နာမည် အပြည့်အစုံက 'ရှသ်နန်းဝတ်ရည်'တဲ့၊ သူက ဒီဟိုတယ်ပိုင်ရှင်သူဌေးရဲ့ ဇနီးလေး၊ ဦးလေးက သူ့ကို သိလား"

ဘရန်ဆိုင်းရင်ထဲမှာ အနုမြူဗုံးကြီးတစ်လုံး ပေါက်ကွဲသွားသည်။ သူ့နားကိုပင် သူ မယုံ။ တစ်ကိုယ်လုံး သွေးကြောတွေ ဆူပွက်သွားသလား ထင်ရသည်။

"ဟင်... သူဌေးရဲ့ဇနီး ဟုတ်လား"

သူ အရမ်းကို ထိခိုက်ကြေကွဲသွားသည်။

"ဟုတ်တယ် ဦးလေး၊ အဲဒါ ကျွန်တော်တို့ရဲ့ သူဌေးကတော် အသစ်လေးပဲ"

ဘရန်ဆိုင်း နှလုံးသားတွေ ပွင့်ထွက်ကုန်သည်။ သူ့အရိုးချဉ်ဆီဆူ ကျဉ်စိမ့်သွားမတတ် 'အသစ်လေး... အသစ်လေး... အသစ်လေး' ဟူသည့် အသံတွေက လှိုင်းဂယက်တွေထပြီး လွင့်ဖောက်ထွက်သွား၏။ သူ အရမ်းရှက်ပြီး ဒေါသတွေ ပေါက်ကွဲသွားသည်။ သို့သော် သူ့ဒေါသတွေကို ချက်ချင်း ပြန်ထိန်းထားလိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါဆို... မင်း ဦးကို တစ်ခုကူညီပါလားကွယ်နော်"

"ဟုတ်ကဲ့ဦး ပြောပါ"

"အော်... ဦးက ဟို... မန်ခိန်ကပါ။ အဲ... အဲ... ရှသ်ရဲ့ ဆ ဆရာပါကွယ်၊ အဲ... သူ့ကို မင်းတို့ရဲ့ သူဌေးမ ရှသ်ကို မန်ခိန်က ကျောင်းဆရာလာတယ်၊ ခဏတွေ့ချင်တယ်လို့ သွားပြောပေးပါ"

"ဟုတ်... ဟုတ်ကဲ့ဦး၊ အဲ... ဆရာ"

"အော်... ဟို၊ တခြားလူတွေ မသိပါစေနဲ့နော်၊ တိုးတိုးလေး ပြောပေးပါ"

"ဟုတ်..."

ရိုးသားသည့် ဟိုတယ်ဝန်ထမ်းလေးက ထူးဆန်းသည့် မျက်လုံးတို တွေကို အတွေးတွေနှင့် သယ်ယူသွားပြီး သူ့ရှေ့မှ လျင်မြန်စွာ ထွက်သွား တော့၏။

ဘရန်ဆိုင်း သိပ်အကြာကြီး မစောင့်လိုက်ရ။ မိနစ်ပိုင်းလေးအတွင်း မှာပင် လုံခြုံရေးဝန်ထမ်း လူငယ်လေးနှင့်အတူ သူ့နံဘေးမှ ရှသ် ကြော့ ကြော့လေး လှမ်းထွက်လိုက်ပါလာသည်။ ကျောက်စိမ်းနုရောင် ဂါ ဖားဖားကြီးနှင့် ခေါက်မြင့်လေဒီရှူး ဖြူဖြူလေးကို စီးထားကာ ရှသ်၏ ကိုယ်လုံး စိန့်ထည်တွေ ဆင်မြန်းထားသောကြောင့် မာကျူရီမီးရောင်အောက် ပွင့်လက်တောက်ပနေပါသည်။

ဘရန်ဆိုင်းသည် သူ့သမီး၊ ကောင်းကင်တာမန် နတ်သမီးလေး တစ်ဦး ဘွားကနဲ မိုးပေါ်ကကျလာသည်နှင့်တူသည့် ရှသ်ကိုငေးစိုက်ကြည့် ပြီး အသက်ရှူရန်ပင် မေ့နေသည်။

သူ့ဆီ ဦးတည်လာနေသည့် ရှသ် သူ့ကိုလှမ်းမြင်လိုက်သည်နှင့် ဖျတ်ကနဲ ချက်ချင်း မျက်နှာလေးပျက်သွားသည်။ ရှသ် သူ့နံဘေးက ဝန်ထမ်းလေးကို လှည့်ကြည့်လိုက်ပြီး မလုံမလဲနှင့်။

"စောပုလဲ၊ မင်း ဒီနားကပဲ စောင့်နေ၊ ကိုယ့်ကိုမေးရင် ကိုယ် ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေတယ်၊ လာခဲ့မယ်၊ အထဲကပဲစောင့်နေ ပါလို့ ပြောလိုက် ကြားလား"



"ဟုတ်ကဲ့ မမ"

စောပုလဲ၊ ဟိုတယ်အဝင်ဝ တံခါးပေါက်ရှေ့တွင် ရပ်ကျန်နေခဲ့ သည်။ ရှသ်က ဘရန်ဆိုင်း ရပ်နေသည့် ဟိုတယ်ဂိတ်တံခါးရှေ့ ထင်းရှူး ပင်ပေါက်လေးဆီ လျှောက်လာခဲ့၏။

"ဟာ... အပါး၊ ဘာလို့ ဒီဟိုတယ်ကို လိုက်လာရတာလဲ၊ ဒုက္ခပဲ၊ သမီးတော့ အရှက်ကွဲတော့မှာပဲ"

ရှသ်က ဆီးပြီး သူ့ကို မျက်နှာလေး စူအောင့်အောင့်နှင့် ရန်တွေ့ တော့လေး ခပ်ညည်းညည်း ဆိုလိုက်သည်။ ဘရန်ဆိုင်း အမောဆို့ သွားသည်။ အဖေကို တွေ့တွေ့ချင်း အပစ်တွေတင်ပြီး မာန်မဲလိုက်သည့် သမီး၏ စိမ်းကားသံတွေကြောင့် ဘရန်ဆိုင်း မျက်နှာက အရှက်တရားနှင့် နောင်တလှိုင်းတွေ ဖုံးလွှမ်းလျက် ရှင့်ရော်သွားပါတော့သည်။

"အော်... အပါး သမီးဆီလိုက်လာလို့ သမီး အရှက်ကွဲမယ်၊ ဟုတ်လား ရှသ်၊ ရက်စက်လိုက်တာနော်၊ ဘယ်လိုပြောလိုက်တာလဲ ဟင်"

ဘရန်ဆိုင်း၏အသံ တိုးသဲ့တုန်ရီလျက် ဆို့ဆို့နင့်နင့်ကြေကွဲနေသည်။ သို့သော် ရှသ်ကတော့ ဘယ်လိုမှ ခံစားလိုက်ရပုံမပေါ်။ မသိမသာ မဲ့ပြုံး လေးတစ်ချက် ပြုံးလိုက်ကာ နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။

"ကျွတ်... ဟာ... အပါးကလည်း အဲဒါကြောင့်ပြောတာ၊ မမိုက် ပါဘူးကွာ၊ ရှသ်က ဒီမှာ အဖေရော အမေရော မရှိတော့ဘူးလို့ လိမ်ထား တာ အပါးရဲ့၊ ဒါကြောင့် သမီးကို သူက အရမ်းသနားသွားပြီး ညှတ်သွားတာလေ၊ အပါးရဲ့ ဟီး...၊ ဒါကြောင့် ဟို... အပါး လိုက်လာ တာ အဖေဆိုတာ သိသွားရင် သမီး အရှက်ကွဲမှာစိုးလို့"

ဘရန်ဆိုင်း မချိတင်ကဲစွာနှင့် မဲ့နှုန်းနှုန်းလေး ပြုံးလိုက်သည်။ သူ နားလည်ပြီ။ ပြီးတော့ သူ့သမီး ရှသ်၏ နှလုံးသားကိုလည်း သူ မြင်တွေ့လိုက်ပြီဖြစ်သည်။

"ပြီးတော့ ရှသ်ရဲ့အဖေဟာ တိုးတောင်တန်းပေါ်က တောသား၊ မူလတန်းပြ ကျောင်းဆရာဆိုတာကို သမီးလူသိသွားရင် သူ သမီးကို

www.burmeseclassic.com

www.burmeseclassic.com



အထင်သေးသွားမှာ စိုးရိမ်နေတယ် ဆိုပါတော့။ ဟုတ်တယ် မဟုတ်လား ရှသ်၊ ကောင်းပါပြီ၊ အပါး နားလည်ပါပြီ၊ ကဲ... အပါးသွားမယ်၊ အပါး သမီးကို အရမ်းတွေ့ချင်လို့ မိုင်ပေါင်းများစွာကနေ လာခဲ့တာ၊ အခုသမီးကို တွေ့ရပြီ၊ အပါး ဝမ်းသာကျေနပ်တယ်၊ သမီးကို ဘုရားသခင် ကောင်းချီး ပေးပါစေ၊ အပါး နှုတ်ဆက်ခဲ့တယ်၊ သွားမယ်"

ဘရန်ဆိုင်း သူ့သမီးကို ရိုဝေစွာ တစ်ချက်စိုက်ကြည့်ပြီး ခြေလှမ်းရှန် ဟာန်ပြင်လိုက်သည်။ သူ့အသည်းတွေ တစ်စစီကြွေမွပျက်စီးသွားပြီ။

"အပါး... ဘယ်မှာတည်းလဲ၊ မနက်ဖြန် သမီး လာတွေ့မယ်၊ အပါးအတွက် ငွေတွေလဲ ရှသ် ယူလာမယ်နော်"

ဘရန်ဆိုင်း ငွေ့ငွေ့ပြုံးပြီး ခေါင်းကိုခါယမ်းလိုက်သည်။

"အပါးအတွက် ငွေမလိုဘူး သမီး၊ ကျေးဇူးတင်တယ် ရှသ်၊ သမီး ပင်ပန်းပါ့မယ်၊ မလာနဲ့တော့၊ အပါး ဒီည ရထားနဲ့ပဲ ပြန်တော့မယ် အော်... ဒါနဲ့ ဒီမှာ..."

ဘရန်ဆိုင်း သူ့တိုက်ပုံအင်္ကျီထဲက လက်ကိုင်ပုဝါ အခေါက်လေး ကို ထုတ်ယူလိုက်ပြီး ပုဝါခေါက်လေးထဲမှ ပစ္စည်းလေးတစ်ခုကို ဖွင့်ပြ လိုက်သည်။ ရွှေနှင့်ကွင်းထားသည့် ကျောက်စိမ်းလက်စွပ်လေး တစ်ကွင်း။ သူ ရှသ်ကို ကမ်းပေးသည်။

"ရော့... သမီးအတွက် အပါး မြစ်ကြီးနားက ဝယ်လာတာ"

ရှသ် လက်ကိုလှမ်းယူပြီး လက်ဖဝါးပေါ် တင်ပေးလိုက်သည်။ ရှသ် ကြောင်ငေးပြီး လက်စွပ်လေးကို လှမ်းငုံ့ကြည့်နေဆဲ သူ ဖျတ်ကနဲ လှည့်ပြီး လှမ်းထွက်လာခဲ့သည်။

"အပါး"

ဘရန်ဆိုင်း နောက်ကျောမှ တိုးညက်ညင်သာစွာ လွင့်လာသည့် ရှသ်၏ အသံလှိုင်းလေး။ သူ နောက်လှည့်မကြည့်တော့၊ ဟိုတယ်ဂိတ် တံခါးပေါက်မှ တရွေ့ရွေ့ ကျောခိုင်းလှမ်းထွက်လာခဲ့သည်။

ရန်ကုန်၏ ချစ်စရာ မြူညဦးလေးက မှုန်မှုန်လေး ဖြာကျနေသည်။

*



(၄)

ထိုနည်းတူစွာ ရှသ်၏ ဘဝသည်လည်း အလင်းအမှောင် မညီ ညာသည့် ကမ္ဘာသေတစ်ခြမ်းမျှသာ ဖြစ်ပါသည်။

စင်စစ် ရှသ်သည် မီးလျှံနှာ 'သန်းကြွယ်သူဌေး' တစ်ဦး၏ မထင်မရှား သည့် ကတ္တီပါပိတ်ကား နောက်ကွယ်မှ အရံမင်းသမီး 'မယောသီ' အမည်ခံ သူဌေးကတော်လေးတစ်ဦးမျှသာ ဖြစ်ပါသည်။ တကယ့် ခင်းပွဲစိုးပွဲ၊ ဆိပ်တန်းဧည့်ခံပွဲတွေကိုတော့ တရားဝင် သူမ ယှဉ်တွဲတက်ရောက် နိုင်ခွင့်တော့ မရှိပါ။

တိုက်တစ်လုံး ကားတစ်စီး၊ စိန်တစ်ဆင်ဆာနှင့် အိမ်ဖော်အခြွေ အရံ သုံးဦးတပ်ဆင်ထားသော ဖန်ပေါင်းချောင်လေးတစ်ခုထဲမှ ရုပ်သေး ခင်းသမီးလေးတစ်ဦးသာလျှင် ဖြစ်ပါတော့သည်၊

ရင်နာစရာတော့ ကောင်းသည်။ ရှင်းရှင်းဆိုရလျှင် ရှသ်ဆိုသည့် နတ်သမီးလေးသည် သန်းကြွယ်သူဌေးတစ်ဦး၏ ဇိမ်ခံစက်ရုပ်လေးတစ် ရုပ် အဆင့်သာလျှင် ရှိပါသည်။

ဤသို့ဖြင့် နတ်သမီးလေး ရှသ်သည် စိန်တစ်ဆင်ဆာနှင့် ထိုက် တန်အောင် သန်းကြွယ် 'စိန့်' သူဌေးကို ကပြအသုံးတော်ခံရင်း တစ်နှစ် ကျော်ခန့်အကြာတွင် သားဦးရတော့ ရင်သွေးငယ်လေးကို ဘုရားသခင်က 'အမှတ်မထင်' လက်ဆောင်ပေးခဲ့ပါလေတော့သည်။

သို့သော် ထိုရှသ်၏ သားငယ်လေး၌ 'အက်ပီလက်ပ်ဆီး' (Epilepsy)ခေါ် 'တက်တတ်သည့် ဦးနှောက်ရောဂါတစ်မျိုး' စွဲကပ်ပါလာ သည်မို့ ရှသ်ခမျာ ရူးမတတ် ရင်နာကြေကွဲရရှာသည်။ သူမ၏သားငယ်လေး ထိုရောဂါ ခံစားရ၍ 'တက်'သည့်အခါ တစ်ကိုယ်လုံး တွန့်တက်ကောက် ကွေးပြီး မျက်ဖြူလန်သွားတတ်သည်။ အရွယ်နှင့်မလိုက်အောင် သနားစရာ ခံစားရရှာသည်။ရှသ် မကြည့်ရက် မမြင်ရက်ပါ။ ဆရာဝန်တွေ ပြနေခဲ့ ပြီ။ သို့သော် ရောဂါက မသက်သာ။ သားငယ်လေး သုံးလနားအရွယ် ထိ မကြာခဏ 'တက်'တတ်သည်။ ရှသ် မျက်ရည်စက်လက်နှင့် မီးခင် ဒုက္ခတွေ ဖင်လယ်ဝေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်ထက် ပိုဆိုးသည်က သူမ အထင်ကြီး ကိုးကွယ်ခဲ့သော သူမ၏ ကောရာဇ် စိန့်ဘူဇွေးကြီးက ရင်သွေးလေးရပြီးမှ အကြောင်းတွေ အမျိုးမျိုးပြပြီး သူမကို ရှောင်ရှားစိမ်းကားနေရက်သည်။ ရှသ်တစ်ယောက် ရောဂါသည် ရင်သွေးငယ်ကို ထွေးပိုက်ရင်း ဘုရားသခင်ကိုသာ အကြိမ်ကြိမ် ဆုတောင်းခဲ့သည်။

တစ်ည ရှသ် ဘုရားသခင်ကို ဆုတောင်းရင်း ဖျတ်ကနဲ သူမ၏ အပါးကို စိတ်ထဲမှ မြင်ယောင်လာပြီး သတိရလိုက်သည်။

ပိဒေါင်တောထဲမှာ သူတို့သားအဖနှစ်ဦး မျှစ်စို့တွေချိုးပြီး ပြန်လာခဲ့ကြစဉ်ကဖြစ်သည်။ ရှသ်အသက်က ဆယ်ကျော်သက်ရွယ်လေးပဲ ရှိဦးမည်။ သို့သော် အရွယ်နှင့်မမျှအောင် ရှသ်က ကျားမျိုပေါက်မလေး တစ်ကောင်လို ကျန်းမာသန့်စွမ်း၏။

မျှစ်စို့ပလိုင်းကို သူမအဖေနည်းတူ ရှသ်က ကျောထက်မှာပိုးပြီး ထမ်းပြန်လာခဲ့သည်။

“ကြည့်စမ်း၊ အပါးသမီးက အရမ်းကို ကျန်းမာသန်စွမ်းတာပဲ၊ ကျားမျိုပေါက်မလေး ကျနေတာပဲ၊ ကျန်းမာမှာပေါ့၊ သမီးငယ်ငယ် သုံးလေးလသမီး အရွယ်က သူငယ်နာ အကြောတက်ရောဂါနဲ့ ခဏခဏ တက်လို့လေ၊ အပါး တောထဲမှာ လင့်စင်ထောင်ပြီး ကျားသွားပစ်ခဲ့ရ တယ်ကော၊ အဲဒီကျားသွေးနဲ့ ကျားစွယ်ကို သွေးတိုက်လို့ ကျားသွေးတင် ပြီး ဝဖြိုးလာတာပဲ၊ ဟော... ခုတော့ ကျားသွေးနဲ့ ကျားစွယ်သောက်ပြီး အပါးသမီး ကျားပေါက်မလေး ဖြစ်နေပြီဟေ့”

ထိုစဉ်က တောလမ်းတစ်လျှောက် အပါးပေါ့ပါးမြူးကြွစွာပြောလာခဲ့ သည့် စကားတွေကို ရှသ်နားမှာ တစီမ့်စီမ့် ပြန်ကြားယောင်လာသည်။ ရှသ် တစ်ညလုံး အိပ်မပျော်နိုင်တော့။ နောက်တစ်နေ့မနက် ချက်ချင်းပဲ ရှသ် သူမ၏ သားလေးဓေဒနာကို ကယ်တင်ဖို့ သူမ၏ အပါးကို ကျားသွေးနှင့် ကျားစွယ် အမြန်ရှာပို့ပေးရန် အားကိုးတကြီး ကြေးနန်း ရိုက်မှာကြားလိုက်သည်။

မိဘမေတ္တာကား မည်မျှကြီးမားလေစွ။ သို့သော် ထိုစဉ်ကမူ ရှသ်



…ည် သားဓေဖြင့် ဖခင်၏ ချစ်ခြင်းမေတ္တာ နက်ရှိုင်းမှုတွေကို မရိပ်မိ …သိရှိခဲ့ချေ။

တစ်လမျှအကြာတွင် ဖဝံဂေလိဆရာ ‘ဘင်ဂျမင်’၊ ရှသ်ထံသို့ …က်ဆိုက်မြိုက်မြိုက် သတင်းမေးပြီး ရောက်လာသည်။ သူမ ဖခင်ထံမှ …တင်းကောင်း ချစ်ခြင်းမေတ္တာနှင့်အတူ ကျားသွေးတစ်ပုလင်းနှင့် ကျားစွယ် …ချောင်းလည်း ပါလာခဲ့သည်။ သို့သော် ရှသ် နှလုံးသားတွေ ကြေကွဲ …ားရသည်။ ရှသ် ကျားသွေးပုလင်းနှင့် ကျားစွယ်နှစ်ချောင်းကို ရင်ထဲမွေ့ …ီး ရှိုက်ငိုကြွေးနေမိသည်။

ဆရာဘင်ဂျမင်က အံ့ဩခြင်း စိတ်မကောင်းဖြစ်ခြင်းတို့ဖြင့် …ယ်အား ကရုဏာသက်စွာ မေးသည်။

“ရှသ် မင်း ဘာဖြစ်လို့ ငိုတာလဲဟင်၊ မင်းအပါးက မင်းကို …လွန်ချစ်တာ၊ ဒါကြောင့် မင်းဆီက သူ ကြေးနန်းရတာနဲ့ ချက်ချင်းပဲ …ူ ညတိုင်းတောထဲသွားပြီး ကျားကို မရရအောင် သတ်ယူခဲ့ပြီး ဆရာ့ကို …ကျားသွေးနဲ့ ကျားစွယ်တွေ မင်းဆီ အမြန်လာပို့ခိုင်းပေးတာ”

ရှသ် မျက်ရည်တွေနှင့် ဆရာဘင်ဂျမင်ကို ဖြည်းညှင်းစွာ မော့ကြည့် …ပြီး–

“ဟုတ်ပါတယ် ဆရာ၊ ဆရာ့ကိုလဲ ကျေးဇူးတင်ပါတယ်၊ အပါးရဲ့ …ကြီးမားလှတဲ့ ချစ်ခြင်းမေတ္တာကို သိရလို့လဲ ဘုရားသခင်ကို ကျေးဇူး …တင်ပါတယ်၊ ဒါကြောင့် ဘုရားသခင်က အပါးကို ပစ်ပယ်ထားတဲ့ …သမီးမိုက် ကျွန်မကို ဒဏ်ခတ်လိုက်တာ ထင်တယ် ဆရာ”

“ရှသ် မင်း ဘာကိုဆိုလိုတာလဲ”

“ဘာကြောင့်လဲဆိုတော့ ရှသ်ဟာ အပါးရဲ့ ချစ်ခြင်းမေတ္တာနဲ့ …ထိုက်တန်တဲ့ သမီးမို့ ဘုရားသခင်က သမီးရဲ့ ရင်သွေးလေးကို ပြန်ရုပ် …သိမ်းသွားလိုက်ပြီလေ၊ ဟုတ်တယ် ဆရာ၊ ရှသ်ရဲ့သားလေး ဆုံးသွားခဲ့တာ …နေ့ဆို ဆယ်ရက်တိတိ ရှိပြီ၊ အပါးပို့လိုက်တဲ့ ဒီဆေးတွေဟာ ကျွန်မနဲ့ …ထိုက်တန်ပါဘူး၊ အော်... ဆရာ အပါး... အပါးကော နေကောင်းလား …ဆရာ၊ သူ ရှသ်ကို စိတ်ဆိုးသွားတယ်ထင်တယ်၊ အပါး ဘာဖြစ်လို့ ရှသ်

www.burmeseclassic.com



ဆီ ချိန်တိုင်လောတာလဲ”

ဆရာဘင်ဂျမင် မသိမသာ မျက်နှာပျက်ယွင်းသွားပြီး ချက်ချင်း တည်ငြိမ်စွာ ပြန်ထိန်းလိုက်သည်။

“ရှသ်အပေါ်က ရှသ်ကို အရမ်းချစ်တာကွယ့်၊ ဘယ်တော့မှ စိုးမဆိုးပါဘူး၊ သူက ကျောင်းတစ်ဖက်နဲ့ဆိုတော့ မအားဘူးလေ၊ ဒါကြောင့် သူ့ကိုယ်စား ဆရာ လာခဲ့တာ၊ စိတ်မကောင်း ဘာမှမဖြစ်နဲ့ ရှသ်ရယ် ဘုရားသခင်က မင်းအသက်ကို အကောင်းဆုံး ပြင်ဆင်ပေးပါလိမ့်မယ်”

“ကျေးဇူးတင်ပါတယ် ဆရာ”

ဆရာဘင်ဂျမင်က ရှသ်အတွက် ဆုတောင်းပေးပြီး ပြန်သွားသည်။

ရှသ် ထိုနေ့တစ်နေ့လုံး ဝမ်းနည်းယူကြုံးမရဖြစ်ပြီး အပါးကို လွမ်းလွမ်းဆွတ်ဆွတ် သတိရနေသည်။ သူမ၏ ရင်ခွင်တွင်းမှ ရင်သွေးလေး လွင့်ပါးပျောက်ဆုံးသွားတော့မှပင် ရှသ်သည် ဖခင်၏ မေတ္တာတရားနှင့် သန့်စင်သော ချစ်ခြင်းများကို ငတ်မွတ်စွာ တမ်းတနေမိတော့သည်။

*

ရှသ် ကြေကွဲခြင်း နောင်တများနှင့်အတူ အိပ်မပျော်သည့်ညတွေကို စိတ်ငြိမ်ဆေးများကို (ဆရာဝန်ညွှန်ကြားသည့်အတိုင်း) သောက်ပြီး ဖြတ်သန်းခဲ့ရ၏။ သို့သော် စိတ်သောက လှိုင်းများကမူ သူမ့ကို နှုန်းညွှန်းစွာ ဖိစီးလွှမ်းမိုးခဲ့၏။

ရှသ်သည် သူမ၏ ရင်သွေးလေးအတွက် နှလုံးသားတွေ ထိခိုက်ကြေကွဲ ပျက်စီးခဲ့ရပြီး သူမ၏ ဖခင်ကို လွမ်းဆွတ်ခြင်းများစွာနှင့် စေဒနာ အိပ်မက်ဆိုးတွေ တောက်လောင်နေဆဲဝယ် ရှသ်သည် သူမ၏ဘဝကို လှပအောင် ချယ်မှုန်းဖန်ဆင်းပေးခဲ့သည့် သူမ၏ နတ်သား သူမထက် အသက်တစ်ပြန်ကြီးသည့် သူမဘဝ၏ ကတ္တီပါကားချပ်၊ ကန့်လန့်ကာရှေ့မှ စိန့်သူဌေး၏ စိမ်းကားဖောက်ပြန်နေမှုများကို မသတိစွာ ကြားသိနေခဲ့ရ၏။

နောက်ဆုံး၌ ရှသ် ရင်ပွင့်ပေါက်ကွဲသွား၏။ မခံစားနိုင်တော့သည့်



အဆုံး ရှသ်၊ သူ့လျှို့ဝှက်ဟဲန်းဖုန်းကို လှမ်းဆက်လိုက်သည်။ သို့သော် သူမ၏ မျှော်လင့်ချက်များကို ကဗျာမဆန်သော အသံတစ်ခုက အကျည်းတန်စွာ ဖျက်ဆီးပစ်လိုက်ပါသည်။

“ယခု လူကြီးမင်းခေါ်ဆိုနေသော ဖုန်းနံပါတ်သည် ဖုန်းဧရိယာ အပြင်ဘက်သို့ ရောက်ရှိနေ၍သော်လည်းကောင်း၊ စက်ပိတ်ထား၍သော် လည်းကောင်း ခေါ်၍မရပါရှင်”

တယ်လီဖုန်းမှ အလိုအလျောက် ပြန်ကြားလာသည့်အသံက ရှသ်သွေးတွေကို ပေါက်ကွဲသွားစေခဲ့သည်။

ရှသ် ဖုန်းကို ဒေါသကြီးစွာ ဆောင့်ပိတ်လိုက်ပြီး နာကျည်းစိတ် ချမ်းမြေ့စွာ ချောက်ကပ်ကပ် ရယ်လိုက်၏။ ထို့နောက် အနက်ရောင် အနောက်တိုင်းဝတ်စုံ တစ်စုံကို သေသေအေးစွာ ဆွဲယူဝတ်လျက် ကျားစွယ်နှစ်စွယ် ဆွဲထားသည့် ရွှေဆွဲကြိုးကို လည်တိုင်တွင် ဆွဲလိုက်သည်။ ပြီးနောက် ကျားသွေးပုလင်းကိုဖွင့်ပြီး ရှသ် အငမ်းမရ မော့သောက်ချလိုက်သည်။

ရှသ် အပြုအမူတွေက ထူးဆန်းနေသည်။

တစ်ဆက်တည်း သူမ၏ ဟဲန်းဖုန်းဖြင့် လျှို့ဝှက်နံပါတ်တစ်ခုကို လှည့်လိုက်သည်။ ပြီး သူမ၏ ညာလက်မှ ရွှေရောင်အိုမီဂါနာရီလေးကို ငုံ့ကြည့်သည်။ ည ကိုးနာရီခွဲရှိပြီ။

“အေး မရှသ်ပါ၊ ဟုတ်တယ်၊ မင်းဆော့စ် အခု ဘယ်မှာလဲ၊ ဟိုတယ်မှာ ဟုတ်လား၊ ဘယ်က ကပြားမလဲ၊ အေး ဟုတ်ပြီ၊ ဒါဆိုရပြီ၊ ကျေးဇူးပဲ၊ မင်း သိပ်တော်တယ်၊ အိုကေ... ဂွတ်နိုက်”

ရှသ် အင်မတန် ကြောက်စရာကောင်းသည့် မဲ့ပြုံးလေးတစ်ပွင့် ဖန်ဆင်းလိုက်၏။ ဖုန်းကိုပိတ်လိုက်သည်။ သူ့လျှို့ဝှက်လူယုံတော်၊ စိန့်သူဌေး၏ မားစီးဒီးစ်ကား ဒရိုင်ဘာဆီမှ ထိပ်တန်းလျှို့ဝှက်သတင်း ဖြစ်သည်။

ရှသ် ငြိမ်သက်နေသည်ဟူ ကျနပ်သွားသည်။ သူမကိုယ်ထဲမှာ ကျားသွေးတွေ ရွှဲနစ်သွားပြီဖြစ်သည်။ သူမကို စိန့်သူဌေးပေးထားသော လိုင်စင်နှင့် ပစ္စတိုသေနတ်ကို ထုတ်ယူပြီး သူမနောက်ကျော ခါးကြားထဲသို့ ထိုးသွင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်းရဲ့ခလေး ရှသ် ချစ်စိတ်ပိရောမိတွေနှင့် မသိစိတ် အိုစိတ်တွေ ထောက်လောင်လျက် ပါဂျဲရိုးကား နီနီလေးကို အရှိန်ပြင်းစွာ မောင်းထွက်လာခဲ့သည်။ ကားကို ဟိုတယ်ထဲ မောင်းဝင်လာခဲ့ပြီး ပေါ်တီကိုအောက် တံခါးပေါက်ရှေ့မှာ ထိုးရပ်လိုက်သည်။ ရှသ် ကားပေါ်ကဆင်းပြီး ဣန္ဒြေရရ လှမ်းဝင်လာခဲ့သည်။ ဟိုတယ်မန်နေဂျာက ရှသ်ကို တစ်ချက် လှမ်းကြည့်ပြီး အံ့သြနေသလို ငေးကြည့်နေသည်။

ရှသ် ဓာတ်လှေကားနှင့် အပေါ်ဆုံးအထပ်သို့ တက်လာခဲ့သည်။ အပေါ်ဆုံးအထပ်တွင် ဟိုတယ်ပိုင်ရှင် ဘောဇ်၏ နတ်စည်းစိမ်တမျှ အရာရာ ပြည့်စုံသည့် အလွန်အလွန် လှပခမ်းနားသော သီးသန့်နားနေခန်း တစ်ခန်းရှိသည်။ ထိုအခန်းထဲတွင် နတ်သမီးလေးတစ်ပါးနှင့် သူဖိမ်ယူနေ သည်တဲ့။

ရှသ် စိတ်ထဲက ပြုံးလိုက်သဖြင့် သူမမျက်လုံးလေးတွေ စိန်ပွင့် လေးတွေလို စိမ်းလက်တောက်ပသွားလေသည်။ သူမ ဓာတ်လှေကားထဲ က လှမ်းထွက်လိုက်ပြီး နတ်စည်းစိမ်ခန်းရှိရာ လျှောက်လာခဲ့သည်။ တံခါးပေါက်ရှေ့တွင် ရပ်လိုက်ပြီး သူမ၏ ကုတ်အင်္ကျီအတွင်းအိတ်ထဲမှာ ထည့်ယူလာခဲ့သော ဘောဇ်၏သော့တူ (သူမကို ဘောဇ်က အရင်က ချစ်မြတ်နိုးစွာ ပေးထားခဲ့သည်) Gold Key ကို ထုတ်ယူလျက် ဖြည်းညှင်းစွာ လှည့်ဖွင့်လိုက်သည်။

ရှသ် ကျွန်းတံခါးကို တွန်းဟလိုက်ပြီး ပိုးလိုက်ကာဝန်းရောင်ကြီး ကို ခွဲဖယ်၍ အတွင်းသို့ ဖျတ်ကနဲ လှမ်းဝင်လာခဲ့သည်။ အစိမ်းရောင် ဆိုဖာတစ်လုံးပေါ် ရှသ် ရုတ်တရက် ထိုင်ချလိုက်ပြီး ဒူးနှစ်ချောင်းကို ထပ်တင်လိုက်သည့် အချိန်လေးတွင် စိန့်သူဌေး ဘောဇ်နှင့် သူ၏ နတ်သမီးလေးတို့ နှစ်ဦး အလန့်တကြား ဖရိုဖရဲ ဖြစ်သွားသည်။

"ဩော်... အခုမှ ဓာတ်လှမ်းက စတုန်းပဲ ရှိသေးတာကိုး၊ အဟုပ်း... ဟင်း၊ ဆောရီးပဲမစ္စတာစိန့်၊ ကျွန်မ ရှင်နဲ့ စာရင်းရှင်းဖို့လာတာ"

နတ်သမီးလေးက ခုတင်နောက်ဘက်က နံရံကို မှီကပ်ထိုင်ပြီး



မျက်လုံးတွေ အံ့သြပိုင်းစက်နေသည်။ ဘောဇ်က ဘာမှသိပ်မထူးဆန်းသလို ဣန္ဒြေရရ ထရပ်လိုက်ပြီး ရှသ်ကို မျက်နှာချင်းဆိုင် မှုန်တေတေ ငေးစိုက်ကြည့်လိုက်သည်။

"ဟေ့ မင်းနဲ့ ငါ ဘာစာရင်းမှရှင်းဖို့ မလိုဘူး၊ မင်း ငါမခေါ်ဘဲနဲ့ ဒီဆီလာစရာလဲ မလိုဘူး၊ This is my Hotel, this is my business. မင်း ပြောစရာရှိရင် ငါ့မန်နေဂျာတွေ၊ ငါ့ရှေ့နေတွေရှိတယ်၊ သူတို့နဲ့ အဆင့်ပြောလို့ရတယ်၊ မင်းကို ငါ အားလုံး ပြည့်ပြည့်စုံစုံ ထားပေးထား တာပဲ၊ ဘာလိုသေးလဲ၊ မင်း ဒီကိုလာပြီး ဘာမှ ငါ့ကိုနှောင့်ယှက်ဖို့ မလိုဘူး၊ ဒါ ငါ့ကိုယ်ပိုင်သီးသန့်အခန်း၊ ငါကြိုက်တာ ငါလုပ်နိုင်တယ်"

သူ့အသုံးအနှုန်းတွေက ရိုင်းပြခက်ထန်နေသလို သူ့အမူအယာ များကလည်း ငါ မိလျံနာဆိုပြီး မာနတွေနှင့် ရင့်သီးမောက်မာလွန်းနေ သည်က ထင်ရှားသည်။ ရှသ် သူ့ကို စိမ်းစိမ်းစိုက်ကြည့်ပြီး ကြက်သီး အဖွယ်ရာ ခြောက်သွေ့သွေ့ ရယ်သည်။

"အဟား... ဟား... ဟား၊ သိပ်သဘောကျသွားပြီကွာ၊ ဟုတ် တယ်၊ ရှင်လည်း ရှင်ကြိုက်တာ လုပ်နိုင်သလို ရှသ်ကလည်း ရှသ်ကြိုက် တာ လုပ်နိုင်တဲ့ အခွင့်အရေးရှိတယ်ဆိုတာ ရှင် မမေ့နဲ့၊ ဒီမှာ ရှသ်ဆိုတာ ရှင် တွေ့ခဲ့ဖူးတဲ့ ခပ်ပျော့ပျော့ ခပ်ညံ့ညံ့တွေ မိန်းမမျိုးထဲက မဟုတ်ဘူး၊ ရှင့်စည်းစိမ်တွေ ဖုံပေးထားတိုင်း ရှင်ထားချင်သလိုနေမယ့် မိန်းမစားမျိုး မဟုတ်ဘူး၊ သိလား ရှင် နှောင်တာမရချင်ရင် ဒါ နောက်ဆုံးအကြိမ်ပဲ၊ ကျွန်တော် လိမ္မာပါပြီ ရှသ်လို့ ရှင် သစ္စာဆိုရဲလား၊ ဒါမှမဟုတ်ရင်တော့ ရှသ်က ရှင့် ဖျက်ဆီးခဲ့တဲ့ မိန်းကလေးတွေအားလုံးရဲ့ ကိုယ်စား ကျွန်မ တရားစီရင်ရလိမ့်မယ်၊ ရှင် ကြိုက်တဲ့လမ်းရွေး ဒါပဲ"

"ဘာကွ... မင်းကများ မလောက်လေး မလောက်စား၊ ငါ့ကို လာခြိမ်းခြောက်တာလား၊ သွားစမ်းပါ၊ ငါ ဂရုမစိုက်ဘူး၊ မင်း ခုချက်ချင်း ငါ့အခန်းထဲက ထွက်သွား၊ မင်း မသွားရင် ငါ မင်းကို လည်ပင်းညှစ်ပြီး ဒီဟိုတယ်ပေါ်က ပစ်ချလိုက်မိလိမ့်မယ်"

မီလျံနာစိန့်သူဌေး ဒေါသလှိုင်းတွေ ဆူထွက်လာကာ ရှသ်ဆီလှမ်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရှသ် ဖြူးဖြူးလေး သူ့ကိုစိုက်ကြည့်နေလျက်က ဖျတ်ကနဲ သူမ၏ ညာလက်ကို ခါးနောက်ကျောဆီ လျှိုသွင်းလိုက်ကာ လက်ကို ပြန်ဆွဲထုတ်ပြီး ရှေ့ကိုတန်းဆန့်ထုတ်လိုက်သည်။

ရှသ်လက်ထဲမှာ သေမင်းတမန် ပစ္စတိုလ်သေနတ်။ မဲနက်တောက် ပြောင်နေသည့် သေနတ်ပြောင်းဝက စိန့်နတ်သား၏ ဘယ်ဘက်ရင်အုံ ဆီ ထိုးချိန်ပြီးသား ဖြစ်နေသည်။

စိန့်နတ်သား ရှသ်ရှေ့ ငါးလှမ်းအကွာခန့်လောက်၌ သူ့ခြေလှမ်း ကို ဆတ်ကနဲ ရပ်လိုက်သည်။ သူ အံ့အားသင့်လျက် အနည်းငယ်မှ တုန်လှုပ်သွား၏။

"မင်း... ရှသ်... ရှသ်၊ ဒါ ဘာလုပ်တာလဲ"

သူ ထစ်တစ်ငေါ့ငေါ့နှင့် အသံတွေတုန်ခါနေသည်။

"အဟင်း ဟင်း၊ ရှင်က ရှသ်ကို လျှော့တွက်ခဲ့တာကိုး၊ ရှင်မြင် တဲ့အတိုင်းပဲလေ၊ ဘာလဲ ရှင်က ကျွန်မ ရုပ်ရှင်လာရိုက်နေတယ်ထင်လို့ လား၊ ကျွန်မ အကယ်ဒမီမင်းသမီး မဟုတ်ဘူး၊ သရုပ်ဆောင်နေတာလဲ မဟုတ်ဘူး၊ ကျွန်မက ဆုံးဖြတ်ပြီးရင် ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်ရဲတယ်၊ လုပ်ရဲရင်လဲ ခံရဲတယ်ရှင့် မှတ်ထား ကဲ"

စိန့်နတ်သား အံ့သြထိတ်လန့်ပြီး ကြောင်ငေးရပ်ကြည့်နေဆဲမှာပင် ရှသ်သည် စိမ်းလက်နေသော အကြည့်အေးစက်နေသော အပြုံးပွင့်လေး တစ်ပွင့်နှင့်အတူ သူမ၏ လက်ညှိုးကို သေနတ်မောင်းကွင်းထဲမှ အံလေး တစ်ချက်ကြိတ်ပြီး ညှစ်ချလိုက်သည်။

"ဒိုင်း..."

ပြင်းထန်သော ယမ်းအားပေါက်ကွဲမှုက နတ်စည်းစိမ်အခန်းလေး ထဲ၌ ဟိန်းထွက်သွားပါသည်။ စိန့်သူဌေး ဘယ်ဘက်ရင်အုံတွင် သွေးကွက် တစ်ကွက် ပွင့်ထွက်သွားပြီး ကြမ်းပြင်ပေါ်အရှိန်နှင့် နောက်ပြန်လန်ကျ သွား၏။ စိန့်နတ်သား၏ မျက်လုံးနှစ်လုံးက ပွင့်လျက်သား ခေါင်းကင်ကို မျှော်ကြည့်နေသည်။

"အား..."



အခန်းနံရံကိုမှီလျက် ကြောက်လန့်တုန်လှုပ်နေသည့် နတ်သမီးလေး ဆီမှ သွေးပျက်ချောက်ချားစွာနှင့် ဟစ်အော်လိုက်သော အသံက လှပသော အခန်းလေးကို ဖျက်ဆီးလိုက်သလို အကျည်းတန်သွားပါသည်။

အနက်ရောင်ဝတ်စုံနှင့် ကျားရဲမလေး ရှသ်ကမူ သွေးအေးအေးနှင့် ဆိုင်ရာမပျက်။ နူးညံ့သိမ်မွေ့၊ အတွေးရခက်သော အပြုံးစိမ်းတစ်ပွင့်ကို ဆင်မြန်းထားပါသည်။

*

(၅)

တရားရုံးက ရှသ်ကို ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ရှသ် ကျေနပ်စွာခံယူခဲ့သည်။ ခြောက်လ ခန့်အကြာတွင် သူမ ပြစ်ဒဏ်ကျနေသောထောင်သို့ ရှသ်၏အန်တီ အယ်လ်ဂျာနူးရ်ထောင်ဝင်စာ လာတွေ့သည်။ ရှသ်က တည်ငြိမ်စွာပင် အန်တီ အယ်လ်ဂျာကို အပြုံးနုလေးနှင့် ရင်ဆိုင်တွေ့ဆုံခဲ့သည်။

"ရှသ် အန်တီ အယ်လ်ဂျာကို ခွင့်လွှတ်ပါ၊ အခုမှလာတွေ့ရတယ်၊ ရှသ် အမှုကို သတင်းစာထဲမှာ ပါလာတာ အန်တီ ဖတ်ရတာ သိပ်မကြာ သေးဘူး၊ ပြီးခဲ့တဲ့လကမှ မြစ်ကြီးနားကိုလာရင်း ဒေါ်ဇက်နန်ရော်နဲ့တွေ့လို့ သိခဲ့ရတာကော။ ရှသ်နေကောင်းအောင် နေနော်။ ဘာမှမပူပါနဲ့ သမီးရယ်၊ သမီးကို အန်တီတို့ အမြဲဆုတောင်းပေးနေမယ်၊ ဘုရားသခင်ကလည်း သမီးကို စောင့်ရှောက်တော်မူပါလိမ့်မယ်၊ ရှသ် ဘာမှအားမငယ်နဲ့နော်"

"အားမငယ်ပါဘူး အန်တီ၊ သမီး ကျေနပ်စွာခံယူမယ်၊ အခု အန်တီရှသ်ကို လာတွေ့တာလဲ ကျေးဇူးတင်ပါတယ်၊ ဘုရားသခင်ထံမှာ လည်း သမီးအပြစ်တွေကို ဝန်ချတောင်းပန်ပြီး ပေးသမျှ အပြစ်တွေခံယူလို့ ရှသ် ခွန်အားတွေစုစည်းထားပါတယ်၊ အပေါ်းကတော့ ရှသ်ကို အားကြီး စိတ်ဆိုးနေမှာပဲနော် အန်တီ၊ အပေါ်းကို ပြောလိုက်ပါ၊ ရှသ် ဒီထောင်က ပြန်ထွက်လာရင် အပေါ်းဆီ အပြီးပြန်လာခဲ့တော့မယ်၊ ပြီးရင် အပေါ်းကျောင်း မှာပဲ ဆရာမလေးလုပ်ပြီး အပေါ်းနဲ့ တစ်သက်လုံး အတူနေတော့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကို ခွင့်လွှတ်ပါလို့ ပြောပေးပါနော် အန်တီအယ်လ်ဂျာနော်”

ရှင်က သနားစဖွယ် တောင်းပန်စကားတွေဆိုတော့ အယ်လ်ဂျာနှုတ်ခမ်းများ ရင်ထဲမှာ ဆို့ပြီး မျက်ရည်တွေ ပါးပြင်ပေါ်မှာ စီးကျလာသည်။ ရှင့်ကိုစကားတွေ ပြန်မပြောနိုင်အောင် နှလုံးသားမှာ နာကျင်စွာခံစားရသည်။ ရှင်ကို ဘုရားရှင် ကောင်းချီးပေးတော်မူပါ။ ဤပြစ်ဒဏ်မှလည်း အလျင်အမြန် ကင်းလွတ်ပါစေဟုသာ အကြိမ်ကြိမ် ဆုတောင်းပေးပြီး ရှင်အတွက် ယူလာသည့် စားစရာစစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးပြီးနောက် ကျမ်းစာအုပ်လေးတစ်အုပ်တို့ကို ပေးအပ်ခဲ့ပြီး အယ်လ်ဂျာ ပြန်သွားခဲ့သည်။

ရှင် ဆုတောင်းပြည့်ခဲ့သည်ဟု ဆိုရမည်။ ရှင် အင်မတန် ကံကောင်းသွား၏။ ထောင်ထဲတွင် ရှင် သုံးနှစ်ကျော်သာနေရပြီး လျှော့ရက်နှင့် နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်တို့ တိုက်ဆိုင်ကာ ရှင်ထောင်မှ အပြီးအပိုင် လွတ်လာခဲ့သည်။

သူမထောင်မှ လွတ်သည့်နေ့က ဆရာဘင်ဂျမင်က ထောင်ဗူးဝတွင် ကားနှင့် အဆင်သင့်လာရောက်ကြိုဆိုနေသည်။

ရှင် နန်းဝတ်ရည်က ဘာကိုမှ စဉ်းစားတွေဝေမနေတော့ဘဲ သူမ၏ အပါးကို လွမ်းမင်းစွာ တွေ့ချင်ဇောတစ်ခုတည်းဖြင့် မန်ခိန်ချောင်းလေးနှင့် ကြိုးတံတားလေးဆီ ဒုန်းစိုင်းပြန်လာခဲ့တော့သည်။

*

တိုက်ဆိုင်လွန်းစွာ တောင်ဇလပ်ပန်းတွေက တစ်တောလုံး နေရာအနှံ့ နီရဲတောက်ပ၍နေသည်။

ရှင် ထင်းရှူးတောတန်းလေးထဲ ကျောပိုးအိတ်လေးလွယ်ပြီး အိမ်သို့ ဝမ်းသာအားရ ပြေးလာခဲ့သည်။ မန်ခိန်ချောင်းလေးက ဆည်းဆာအရောင်လေးအောက်မှာ လွင့်မျောနေသည်။ ကြိုးတံတားလေးကလည်း လေထဲမှာ နွဲ့နေသည်။ ရှင် သူမ၏ ခြေတံရှည်ထင်းရှူးသား အိမ်လေးရှေ့သို့ ရောက်လာသည်။



“အပါး... အန်တီအယ်လ်ဂျာ ရှင်ပြန်လာပြီ”

ရှင်အသံက လွင့်မြူးနေသည်။ သို့သော် အိမ်လေးက ငြိမ်သက်တိတ်ဆိတ်နေသည်။ ဘယ်သူမှ ထွက်မလာ။ ရှင် စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ သူမ၏ အပါး ကျောင်းကပြန်မရောက်သေးဘူး ထင်ပါရဲ့။ အပါး ဘယ်မှာခေါင်းရှေမူးပြီး လဲနေသလဲမသိ။ စိုးရိမ်သွားသည်။

“အန်တီအယ်လ်ဂျာရေ... အန်တီ...”

“ဝေး... လာပြီ၊ ဘယ်သူလဲ ဇွေး”

အယ်လ်ဂျာနှုတ်ရဲအသံ လွင့်မြောက်ထွက်လာသည်။ ခဏကြာလျှင် အိမ်ထဲမှ ထွက်လာပြီး ဝရံတာတွင် လာရပ်သည်။ နောက်ဖေးခြံထဲမှာ ဝက်စာကျွေးနေသဖြင့် ယခုမှ အိမ်ပေါ်တက်လာခြင်းဖြစ်၏။ သူမ ဝရံတာပေါ်မှ လှမ်းကြည့်ပြီး ရှင်ကို ဖြုန်းကနဲ တွေ့လိုက်ရသဖြင့် သူမ အလန့်တကြား ဖြစ်သွားသည်။

“ဟင်... ရှင် သမီး၊ ဘုရားသခင်၊ ရှင် ပြန်လာပြီလား”

ဝမ်းသာအားရနှင့် အယ်လ်ဂျာ ဝရံတာပေါ်မှ ပြေးလွှားဆင်းလာခဲ့သည်။

“ရှင်”

“အန်တီ”

နှစ်ဦးသား ပွေ့ဖက်လိုက်ကြသည်။ အယ်လ်ဂျာ မျက်နှာပေါ်မှာ မျက်ရည်တွေ စိုရွှဲသွား၏။

“သမီး ပြန်လွတ်လာပြီလား၊ ဘုရားရှင်၊ ကျေးဇူးတင်ပါတယ်”

“ဟုတ်တယ် အန်တီ၊ ရှင် ဘုရားသခင် ကျေးဇူးတော်နဲ့ လွတ်ငြိမ်းချမ်းသာခွင့် ရလာခဲ့တယ်၊ ဒါနဲ့ အပါးရောဟင်၊ အပါးကို အရမ်းပဲ ရှင် လွမ်းလွန်းလို့ တအားကို တွေ့ချင်နေခဲ့တာ၊ အပါး ကျောင်းကပြန်မရောက်သေးဘူးလား၊ နေကောင်းဝင်တော့မယ်၊ ဘယ်သွားနေတာလဲ၊ အပါး နေမကောင်းလို့ အိပ်နေတာလားဟင်၊ အန်တီရဲ့ ပြောပါဦး အပါးရော”

အယ်လ်ဂျာ သူမ၏ လက်တွေကို ရှင်ပခုံးပေါ်မှ ဖြည်းညှင်းစွာပြန်ချထားလိုက်ပြီး ရှင်မျက်နှာကို ကြင်နာစွာ မှုန်မှုန်ပျပျပြန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



“[illegible]... အပါးလေ... ဟို...၊ ဘုရားကျောင်း အနောက်ဘက်မှာ [illegible]”

တိုးဖွညင်သာစွာ သူမ ပြန်ပြောလိုက်သည်။

“ဘုရားကျောင်း နောက်ဘက်မှာ ဟာ... အပါးကလည်း ဒီ အချိန်ကြီး ဘာသွားလုပ်နေတာလဲ၊ အဲဒီနားမှာ အပါး တောင်ယာလည်း မရှိပါဘူး၊ ဘယ်အချိန် ပြန်လာမှာလဲ၊ ရှသ် အပါးကို တွေ့ချင်လို့ပြေး လိုက်သွားမယ်”

“ဒါဆိုလဲ အန်တီ လိုက်ပို့ပေးမယ်လေ လာ”

ညှိုးငယ်စွာ ပြန်ပြောပြီး အယ်လ်ဂျာ ရှသ်လက်ကို ဆွဲယူကာ မန်ခိန်ကျောင်းလေးပေါက် ကြိုးတံတားလေးကို နှစ်ဦးသား ဖြတ်ကူးလာကြသည်။ ရှသ် ခြေလှမ်းတွေက သွက်လက်နေသည်။ ထင်းရှူးတောအုပ် စိမ်းညို့ညို့ထဲ ဖြတ်ဝင်လာခဲ့ကြသည်။ ဘုရားကျောင်း အနောက်ဘက် ချယ်ရီတောတန်းလေးဆီ သူတို့ ရောက်လာကြသည်။

“ဟင်...”

ရှသ်က ချယ်ရီပင်တွေကြားထဲမှ သချိုင်းအုတ်ဂူလေးတွေဆီ လှမ်းကြည့်လိုက်ကာ စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ရှသ် အယ်လ်ဂျာ ကို ဖျတ်ကနဲ လှည့်ကြည့်သည်။

“အန်တီ အပါးက ဘယ်မှာလဲ”

ရှသ် အထိတ်တလန့်လေး ပြန်မေးသည်။ အယ်လ်ဂျာခေါင်းငုံ့ နေရာမှ သက်ပြင်းတစ်ချက် ရှိုက်ချလိုက်ပြီး ရှသ်ကို အုတ်ဂူလေးတွေရှိရာ သချိုင်းဆီ လက်ညှိုးညွှန်ပြလိုက်သည်။ အုတ်ဂူရောင်စုံလေးတွေက လက်ဝါးကပ်တိုင် ဖြူဖြူလေးတွေနှင့် ဆည်းဆာမှုန်ဝါးဝါးအောက်မှာ ကြေကွဲလွမ်းဆွတ်ဖွယ် ကောင်းနေသည်။

“ဟိုးဘက် အစွန်က အုတ်ဂူစိမ်းစိမ်းလေးဟာ ရှသ်ရဲ့အပါး အုတ်ဂူလေးပဲလေ”

“ဟင်... ဟုတ်လား၊ အပါး... အပါးရယ်”



ရှသ် ရှိုက်ငင်စွာ ဆိုလိုက်ရင်း အုတ်ဂူစိမ်းစိမ်းလေးဆီ အိပ်မက် ထဲ လမ်းလျှောက်သွားနေသလို တရွေ့ရွေ့လှမ်းသွား၏။ အယ်လ်ဂျာက နောက်မှ ဖြည်းညှင်းစွာ လိုက်လာသည်။

ရှသ် အုတ်ဂူရှေ့မှာ ရပ်လိုက်သည်။

“ဂျီဘရန်ဆိုင်း”

အသက် (၄၉) နှစ်

(၁၅-၉-၁၉၈၆) ခရစ်တော်၌ အိပ်ပျော်သည်။

ရှသ် အုတ်ဂူပေါ်က စာတမ်းကို ဖတ်ကြည့်ပြီး ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။ ရှသ် ဆို့နင့်ကြေကွဲစွာ အုတ်ဂူကို စိုက် ကြည့်နေသည်။ သူမရင်တစ်ခုလုံး ကြေမွသွား၏။

“အန်တီရယ်... အပါး ဘယ်လိုဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့ ရှသ်ကို အသိမပေးခဲ့တာလဲ”

ရှသ် ကြေမွအက်ကွဲစွာနှင့် မော့ကြည့်ပြီးမေးသည်။

“ရှသ် အပါးက ရှသ် စိတ်ထိခိုက်မှာစိုးလို့ အသိမပေးပါနဲ့ဆိုပြီး အန်တီ့ကို သူ မဆုံးခင်လေးမှာ ကတိတောင်းပြီး မှာသွားခဲ့လို့ပါ”

“အပါး ဘယ်လိုဆုံးတာလဲ”

“သမီးဆီက ကြေးနန်းရတော့ သူ သမီးကို အရမ်းစိတ်ပူပြီး သမီး သားလေးအတွက် ဘရန် ညတိုင်း တောထဲသွားပြီး လင့်စင်ထိုးပြီး ကျားသွားပစ်တယ်လေ၊ တစ်ည ကျားတစ်ကောင်ကို သူ သေနတ်နဲ့ပစ် လိုက်တာ သေပြီမှတ်လို့ အနားသွားလိုက်တော့ ကျားက မသေသေးဘဲ သူ့ကို ခုန်အုပ်တယ်တဲ့၊ သူနဲ့ကျား တစ်ယောက်တစ်ပြန် သတ်ပုတ်ကြပြီး ကျားကို သူ့ဓားမြှောင်နဲ့ အတင်းဝင်ထိုးလို့ ကျား သေသွားတယ်၊ သူလဲ ကျားကုတ်ထားတဲ့ ဒဏ်ရာတွေနဲ့ တောထဲလဲပြီး မေ့နေတယ်လေ။ မနက်မိုးလင်းထိ သူ ပြန်မလာလို့ ရွာကလူတွေ စိတ်ပူပြီး ဦးဆေခါင်းတို့ လိုက်သွားတော့မှ သူ တောစပ်မှာ ကျားသွေးပုလင်းနဲ့ ကျားမွှယ်နှစ်ချောင်း ကို လက်ထဲမှာဆုပ်ပြီး မေ့လဲနေတာ တွေ့ကြတယ်။ ဒါနဲ့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံခေါ်လာခဲ့ကြတာပဲ။ ဆေးရုံမှာ ဆရာဝန်က သူ့ကို ဆေးထိုးပေး
ပြန်သတိရလာတယ်၊ ဒါပေမယ့် သူ့မှာရထားတဲ့ ဒဏ်ရာတွေနဲ့ တစ်ည
တောထဲမှာ မေ့ပြီး သွေးလွန်နေတာမို့ သူ သိပ်ကြာကြာမနေရတော့
ဆိုတာသိလို့ အန်တီ့ကို သူခေါ်ပြီး ရှသ်ဆီ ကျားစွယ်နဲ့သွေးကို ချက်ခ
ပို့ပေးဖို့မှာရင်း သူ အန်တီ့လက်ပေါ်မှာ ဆုံးခဲ့တယ် ရှသ်”

“အပါးရယ် ရှသ်ကို အသက်ပေးပြီး ချစ်ခဲ့တယ်နော်၊ အပါး
ရှသ် ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး၊ ရှသ်ကို ခွင့်လွှတ်ပါ အပါးရ
ရှသ် နှလုံးသားတွေ ကြေကွဲပြီး ရှသ် ရူးရတော့မယ် အပါးရယ်”

ရှသ် တိုးမှုညင်သာစွာ ရှိုက်ငင်ရင်း အုတ်ဂူပေါ် မှောက်ချလျ
တသိမ့်သိမ့် ငိုကြွေးနေရှာသည်။

ဆည်းဆာနု မှုန်မှုန်လေးထဲ၌ ချယ်ရီပွင့်တွေက လွင့်ဝဲကြွေက
သည်။

*

## *“ကမ္ဘာတစ်ခြမ်း၏နိဂုံး”*

ရှသ်သည် အိမ်ရှေ့ပြတင်းပေါက် သံတိုင်တွေကို လက်နှစ်ဖက်
ဆုပ်ညှစ်ထားလျက် တောင်ကျရေ စိမ်းစိမ်းချောင်းလေးဆီ ငေးမျှော်ကြ
နေသည်။ ဆံပင် ညိုနက်ရှည်ရှည်တွေက သူမ မျက်နှာဆင်စွယ်ရောင်
ဖွာဝဲအုပ်ပြန့်ကျနေသည်။

သို့သော် ရှသ် နန်းဝတ်ရည်၏ မျက်ဝန်းပြာလေးတွေက ဆွေး
နေဟန် ရည်ဝေလဲ့နေ၏။

ရှသ် နန်းဝတ်ရည်၏ နှလုံးသားထဲမှာ စိတ္တဇဂီတသံ နွေးနွေး
တွေနှင့်အတူ ‘ဓမ္မတေးသီချင်း’ တစ်ပုဒ်က နူးညံ့စွာ လှိုင်းခတ်လွင့်မျော
နေသည်။

*“ငြိမ်သက်ခြင်းမြစ်လို ကျွန်ုပ်ကို လမ်းပြသည်၊*
*ဝမ်းနည်းခြင်းပင်လယ် လှိုင်းလိမ့်တိုး*



*ကိုယ်တော် ကျွန်ုပ်အား သင်သောအရာများသည်၊*
*ကောင်းပေသည်၊ ကောင်းပေသည်၊ ဝိညာဉ်ဖို့၊*
*ကောင်းပေသည်၊ ဝိညာဉ်ဖို့၊*
*ကောင်းပေသည်၊ ကောင်းပေသည် ဝိညာဉ်ဖို့”*

နန်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဟင်းမျိုးကြီး၏တစ်ကျော့ပြန်

## မောင်မြင့်မား (ဘိုကလေး)

စိုင်းရော်က ရေဖူး၊ ရိကျွာ၊ တိုလီမိုလီ ပစ္စည်းများနှင့် သူကြိုက်သော ဆေးပေါ့လိပ်များပါမကျန် စစ်လွယ်အိတ်ထဲကို ထိုးထည့်နေသည်။ ရွာခေါင်းကြီးထဲမှ တောင်းထားသော တူမီးသေနတ်ကြီးကတော့ ပြောင်လက်နေသည်။ ထိုအချိန်တွင် အနားသို့ အဲညယ်က ရောက်လာသည်။ သူ့မျက်နှာမကောင်း။

"စိုင်းရော် ဂရုစိုက်နော်၊ ညနေလဲ အရောက်ပြန်လာ"

"အေးပါ"

"ဘာကောင်ရရ တစ်ကောင်ကောင်ရရင် တော်ရောပေါ့ဟာ"

"တောဝက်ကော ချေ (ဂျီ)ကော အရမ်းပေါတယ်လား၊ ညတုန်းကတောင် ချေ (ဂျီ) ဟောက်သံတွေ ကြားရတယ် မဟုတ်လား၊ တစ်ကောင်ကောင်ရရင်တော့ ချက်ပြီး ရွာကလူကြီးတွေ ထမင်းကျွေးရအောင်နော်"

"အင်းပေါ့"

တဲရှေ့သို့ ဘိုသီဘတ်ဆံနှင့် သေနတ်တစ်လက်ထမ်းထားသော အသက်ခပ်ကြီးကြီး လူတစ်ယောက် ရောက်လာသည်။ တဲအတွင်းသို့ ခေါင်းငုံ့ကြည့်လိုက်ကာ–

"စိုင်းရော် ပြီးပြီလားဟေ့"



"ပြီးပြီအဘ၊ လာပြီ လာပြီ"

"လာကွာ အချိန်ရှိတုန်း သွားရအောင်"

စိုင်းရော်က တဲရှေ့ကိုအရောက်တွင် အဲညယ်က အပြေးကလေး ...င်းလာရင်း စိုင်းရော်လက်မောင်းကို ကိုင်လိုက်ကာ–

"စိုင်းရော်ဂရုစိုက်နော်၊ စောစောလည်းပြန်ခဲ့"

"အေးပါ"

တကယ်တော့ စိုင်းရော်နှင့် အဲညယ်တို့သည် ညားကာစ ဇနီးမောင်နှံ ...သည်။ စိုင်းရော်နှင့် အဲညယ်တို့၏ မိဘအစဉ်အဆက်က တောင်ယာလုပ် ...င် စားသောက်ကြသူများ ဖြစ်ကြသည်။ လူငယ်သဘာဝ ချစ်ခင်နှစ်သက် ...သည်မှာ ကြာပြီဖြစ်၍ လွန်ခဲ့သော တစ်ပတ်လောက်ကပင် လူကြီးစုံရာနှင့် ...စပ်ကာ အိမ်ထောင်ပြုခဲ့ကြသည်။ သို့သော် ဒေသဓလေ့ထုံးစံအရ ...ရွာလူကြီးများကို မင်္ဂလာထမင်း ဖိတ်ကျွေးရမည်ဖြစ်သည်။ ထမင်း ...ကျွေးရာတွင် တောကောင်သားများဖြစ်သည့် ဒရယ်၊ ချေ (ဂျီ)၊ ...တ်၊ တောဝက်သားများကို ဟင်းလျာအဖြစ် ကျွေးရမည်ဖြစ်သည်။

ကိုယ်တိုင်ပစ်၍ရသည့် တောကောင်ဖြစ်စေ၊ အခြားလူပစ်၍ရသည့် တောကောင်ကို ဆန်၊ ပြောင်းတို့ဖြင့်လဲ၍ရသည့် တောကောင်ဖြစ်စေ ဟင်းလျာအဖြစ် ကျွေးရမည့် ဓလေ့ဖြစ်သည်။ စိုင်းရော်က တောင်ယာ ...ပ်ကိုင်သော်လည်း တောပစ်ဝါသနာပါသည်။ မုဆိုးကြီးမဟုတ်သော်လည်း ရွာခံမုဆိုးများနှင့် မကြာခဏ တောပစ်ထွက်တတ်သောကြောင့် တော အတွေ့အကြုံတော့ အတော်ရနေပြီဖြစ်သည်။

ထို့ကြောင့် စိုင်းရော်က မင်္ဂလာထမင်းကို ကိုယ်တိုင်ပစ်၍ရသော တောကောင်သားနှင့် ကျွေးချင်သောကြောင့် ရွာခံမုဆိုးကြီး ဦးထန်းနှင့် တောပစ်ထွက်ရန် စီစဉ်ထားခြင်းဖြစ်သည်။ တောင်ယာများထဲသို့ အုပ်လိုက် ...င်ဝင်လာတတ်သော တောဝက်များနှင့် ညဘက်တွင် ချေ (ဂျီ) ဟောက် ...သံများကို စိုင်းရော်တို့ တဲမှ အတိုင်းသားကြားနေရသောကြောင့် ဦးထန်း ...လည်း တောင်ယာအလုပ်နှင့် အလုပ်ရှုပ်နေ၍ တောပစ်မထွက်ရသည် မှာ ကြာပြီဖြစ်၍ စိုင်းရော်နှင့် တွဲမိကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲညယ်တောစပ်အထိ လိုက်ပို့မယ်နော်"

"အဲညယ်ရယ်… နင်ကလဲ တို့ကို ကလေးကျနေတာပဲ"

"အဲညယ်တစ်ယောက်တည်း ချင်းလို့ပါ"

"နင်ပြန်တော့ တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ကျားမောင်ကို အဖော်ခေါ်ခဲ့မယ်လေ"

ကျားမောင်က အိမ်ခွေးဆိုပေမယ့် အင်းစပ်ဖြစ်သည်။ အကောင်ထွားသည်။ တော်ရုံ ချေ (ဆိတ်) တို့ ဒရယ်တို့လောက်ကို ကျားမောင်က မကြောက်။ တောဝက်တော့ ကြောက်သည်။ စိုင်းရော်နှင့် တောပစ်ထွက်ရင်း ဝက်အပက်ခံရဖူးသောကြောင့်ဖြစ်သည်။

"အေး ဒါဆိုလဲပြီးတာပဲ၊ တောစပ်နဲ့ တဲက ဝေးလို့ပါဟာ"

ဦးထန်းနှင့် စိုင်းရော်က အထုပ်အပိုးကိုယ်စီ၊ သေနတ်ကိုယ်စီ လွယ်ကာ ရှေ့ကသွားသည်။ အဲညယ်နှင့် ကျားမောင်က နောက်ကလိုက်သည်။ အဲညယ်တို့ တဲနှင့် တောစပ်က တစ်မိုင်လောက်ဝေးသည်။ ကိုင်းတောကြီးကို ဖြတ်ရသည်။ ကိုင်းတောကြီးက လူတစ်ယောက်အရပ်ထက် ပိုမြင့်သည်။ ထင်းခုတ်သွားသော လူများ လမ်းလုပ်ထားသော လမ်းအတိုင်း လမ်းရှင်းစရာမလိုဘဲ စိုင်းရော်တို့ ကိုင်းတောကို ဖြတ်လာပြီး တောစပ်ကို ရောက်လာကြသည်။ စိုင်းရော်က–

"အဲညယ် ပြန်တော့၊ တို့လဲတောထဲဝင်တော့မယ်"

အဲညယ်က လက်ပြကာ နောက်သို့ပြန်လှည့်သွားသည်။ ကျားမောင်က သူပါ တောထဲသို့ လိုက်ရမည်ထင်၍ ခုန်ပေါက်ပြေးလွှားက ပျော်နေသည်။ စိုင်းရော်က အဲညယ် ပြန်သွားရာဆီသို့ ရပ်ကြည့်နေသည်။ အဲညယ် ကိုင်းတောထဲသို့ ကိုက် ၁၀၀လောက်အရောက်တွင် 'ဝေါင်း' ဟူသော အသံကြီးကို ပဲ့တင်သံနှင့်အတူ ကြားလိုက်ရပြီး ကိုင်းတောထဲမှ လှိုင်းလုံးကြီး ရွေ့လာသလို ကိုင်းပင်များ လှုပ်ရမ်းသွားကာ အဝါနှင့် အနက်စင်း သတ္တဝါကြီးတစ်ကောင်က အဲညယ်ကို ခုန်အုပ်လိုက်တော့သည်။

"ဟာ"



စိုင်းရော်ကော ဦးထန်းပါ ထိုမြင်ကွင်းကို အစအဆုံး အတိုင်းသား မြင်နေကြရသည်။ အဖြစ်အပျက်က စက္ကန့်ပိုင်းလောက်သာ ရှိမည်။ သတ္တဝါကြီးက အဲညယ်ကို ကိုက်ဆွဲကာ ကိုင်းတောထဲသို့ ဝင်သွားတော့သည်။ စိုင်းရော်တို့ နှစ်ယောက်လုံး ပထမတော့ ကြောင်ကြည့်နေရာမှ သတိပြန်ဝင်လာကာ ကိုင်းတောထဲသို့ နှစ်ယောက်လုံး အပြေးအလွှား ဝင်လာခဲ့တော့သည်။ စိုင်းရော်က သွေးရှူးသွေးတန်းဖြင့် ကိုင်းတောထဲကို ထိုးကာလိုက်သည်။ အစအနပင် မမြင်ရတော့။ စိုင်းရော် လဲကျသွားကာ ချုံးပွဲချငိုတော့သည်။

*

လဟာယ်ရွာမှ ရွာခေါင်းကြီးအိမ်ရှေ့တွင် ပတ်ဝန်းကျင်ရွာများမှ ရွာသားများ စုရုံးရောက်နေကြသည်။ ရွာသားများက တစ်ယောက်တစ်ပေါက်စီ ဆူညံစွာ ပြောဆိုနေကြသည်။ ရွာခေါင်းကြီးက–

"ခဏစောင့်ကြဦး၊ ငါ မုဆိုးကို လှည်းနဲ့ခေါ်ခိုင်းထားတယ်"

ရွာသားများအထဲတွင် စိုင်းရော်လည်း ပါသည်။ စိုင်းရော်က ထောင့်တစ်ထောင့်တွင် ထိုင်ကာငိုင်နေသည်။ ခဏအကြာတွင် လှည်းတစ်စီး ရောက်လာသည်။ လှည်းပေါ်တွင် ဗလကောင်းကောင်း နှုတ်ခမ်းမွေးထားကားနှင့် လူကြီးတစ်ယောက် ပါလာသည်။ ထိုလူကြီးကို ရွာခေါင်းကြီးက ခရီးဦးကြိုပြုကာ အိမ်ထဲကို ခေါ်လာသည်။ ဗလကောင်းကောင်း လူကြီး မုဆိုးကြီး ဦးခမ်းထောင်ဖြစ်သည်။ ရွာခေါင်းကြီးက–

"ဦးခမ်းထောင် တစ်ဆိတ်တော့ ကူညီပါဦးဗျာ၊ ပတ်ဝန်းကျင်ရွာတွေတော့ ထင်းခုတ်ဝါးခုတ်တောင် မလုပ်ရဲကြတော့ဘူး၊ အခုရောက်နေကြတဲ့ ရွာသားတွေကတော့ ကျွဲပျောက်တဲ့လူနဲ့ ဆိတ်ပျောက်တဲ့လူနဲ့ လူပျောက်တဲ့လူနဲ့ စိုင်းရော်ဆိုတဲ့ လူငယ်လေးဆိုရင် ညားကာစ သူ့မိန်းမကို သူ့ရှေ့မှာ ဟင်းမျိုးကြီးက ဆွဲသွားတာ ကိုယ်တိုင်မြင်လိုက်ရလို့ အခံမကြေဖြစ်နေတယ်၊ ရွာသားတွေပြောတဲ့အတိုင်းဆိုရင် ကျွဲက ၄ ကောင်၊ ဆိတ်က ၂ ကောင်၊ ကလေးတစ်ယောက်နဲ့ မိန်းမတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အဆွဲခံလိုက်ရတယ်”

“ရွာခေါင်းကြီး အဲဒါတွေအားလုံး ဟင်းမျိုးကြီးက ဆွဲသွားတယ်ဆိုတာ သေချာရဲ့လား”

“သေချာပါတယ် ဦးခမ်းထောင်၊ အားလုံးကလည်း တစ်ညီတစ်ညွတ်တည်း ဒီအတိုင်း ပြောကြပါတယ်”

“ဒါဆိုရင်တော့ ရွာခေါင်းကြီးကို ကျွန်တော် ကူညီပါ့မယ်၊ ဒါထက် အရင်က ဒီနယ်မှာ ဟင်းမျိုးရှိတယ်လို့ မကြားမိပါဘူးဗျာ၊ ဒီလိုမျိုးလဲ ကြုံဖူးလို့လား”

“ကျုပ်လဲ အဲဒါကြောင့် အံ့ဩနေတာပေါ့ ဦးခမ်းထောင်၊ ကျုပ် ဒီရွာသားပဲ၊ ဒီနယ်မှာ နေလာတာလဲ ကြာပါပြီ၊ တောထဲမှာ ထင်းခုတ်ဝါးခုတ်သွားတဲ့ လူတွေသာ ကျားဟိန်းသံကြားတာတို့ ဖြတ်သွားဖြတ်လာ တွေ့ဖူးတာတို့ပဲ ကြားရတာ၊ မုဆိုးတောင် ဟင်းမျိုးကို ဖမ်းမိတာဆိုတာ ကျုပ် ငယ်ငယ်ကပဲ တွေ့ဖူးတယ်၊ ဒီအချိန်ထိ တစ်ခါမှ မကြုံဖူးသေးဘူး”

“ဒီလိုရှိတယ် ရွာခေါင်းကြီး၊ ကျွန်တော်တို့ မုဆိုးတွေ ကျား (ဟင်းမျိုး)ကို တကူးတကန့် ပစ်လေ့ပစ်ထ မရှိပါဘူး။ တောထဲမှာ ရင်ဆိုင်တွေ့ပြီး သူက ကိုယ့်ကိုရန်မူမှ ရန်ကိုကာကွယ်ရင်း ပစ်ရတာတို့၊ အခုလိုမျိုး လူတွေရဲ့ နယ်ပယ်ကို ကျူးကျော်လာပြီး ဒုက္ခပေးတယ်ဆိုမှ ပစ်ရတာမျိုးပါ။ တောထဲမှာဆိုရင် သူတို့ကလည်း မုဆိုး ကျွန်တော်တို့ကလည်း မုဆိုးဆိုတော့ မုဆိုးချင်း ရှောင်ကြပါတယ်၊ အခုလို ရွာတွေကို ဒုက္ခပေး၊ ကျွဲနွား၊ လူတွေကို ဒုက္ခပေးတာကတော့ ကျားပျို ကျားပေါက်တွေတော့ ဟုတ်မယ်မထင်ဘူး၊ ကျားအိုတွေသာ ဖြစ်နိုင်တယ်၊ ကျား (ဟင်းမျိုး) တွေက အသက်ကြီးလို့ အိုလာရင် မျက်စိကမကောင်း၊ ဖျတ်လတ်မှုလည်း နည်းလာတော့ သားကောင်တွေကို အရင်ကလို ဖမ်းဆီးနိုင်မှု မရှိတော့ဘူး။ အဲဒီအခါမှာ လွယ်လွယ်ကူကူရတဲ့ လူတွေရဲ့ အိမ်မွေးတိရစ္ဆာန်ဖြစ်တဲ့ ကျွဲတို့၊ နွားတို့၊ ဝက်တို့၊ ဆိတ်တို့ကို ဝင်ဆွဲတော့တာပေါ့၊ တစ်ဆင့်တက်ပြီး ကျွဲတွေနွားတွေ ဝင်ဆွဲဖို့ အခွင့်အရေး မရရင် အလွယ်ကူဆုံးရတဲ့ လူကိုဆွဲတော့တာပေါ့ဗျာ၊ လူသားစားမိတဲ့



ဟင်းမျိုးက အရသာတွေ့သွားရင် နောက်ဆို လူကိုပဲ ဆွဲချင်တော့တာပေါ့၊ အဲဒါကြောင့် အခု ဒုက္ခပေးနေတဲ့ ကျား (ဟင်းမျိုး) ဟာ ကျားအိုကြီးပဲ ဖြစ်ဖို့များပါတယ်၊ တောမုဆိုးက လူတွေကို ဒုက္ခပေးတာဆိုတော့ သူတို့ တစပြီး စည်းဖောက်တယ်လို့ ပြောလို့ရတာပေါ့ ရွာခေါင်းကြီးရယ်၊ အဲဒီ အိစ္စကို ကျွန်တော့်တာဝန်ပဲ ထားလိုက်ပါ၊ တစ်ခုတော့ရှိတယ်၊ သတ္တိကောင်းတဲ့ ရွာသား ၄၊ ၅ ယောက်တော့ ကျွန်တော့်အတွက် အကူအညီပေးဖို့ ခေါ်ပေးပါ”

“စိတ်ချ၊ ဦးခမ်းထောင် လိုတာသာပြော၊ စားရေးသောက်ရေးလဲ မပူနဲ့၊ ဦးခမ်းထောင် အိမ်မှာတည်းပြီး အစီအစဉ်သာ လုပ်ပေတော့၊ ကျုပ်တပည့်လေး ဖိုးခွားလဲရှိတယ်၊ လိုသလိုသာခိုင်း”

ဦးခမ်းထောင်က ကျွဲ၊ ဆိတ်၊ ကလေးနှင့် မိန်းမတစ်ယောက် ဟင်းမျိုးကြီး အစားခံလိုက်ရသော နိုင်းရော်အပါအဝင် ကာယကံရှင် ရွာသားများကို ခေါ်လိုက်ကာ အခြေအနေကို စုံစမ်းကြည့်လိုက်သည်။ အနီးစပ်ဆုံး မနေ့ကတင် နိုင်းနွားကြီး အဆွဲခံလိုက်ရသော ထရော်ရွာသားတစ်ယောက်အား-

“ခင်ဗျားနွားကြီးကို မနေ့က ဘယ်အချိန်က ဆွဲသွားတာလဲ”

“ညက ၁၂ နာရီလောက်မှာ နွားတဲထဲက နွားတွေ တဝုန်းဝုန်းတဒိုင်းဒိုင်းအပြင် နှာမှုတ်သံတွေရော ကြားရလို့ ကျွန်တော် မီးခွက်ထွန်းပြီး နွားတဲဘက်ကို ထွက်လာတော့ ‘ဟဲ’ ကနဲ အသံကြီးနဲ့အတူ နွားတစ်ကောင်ရဲ့ ငယ်သံပါအောင် အော်လိုက်တဲ့အသံကြီး ကြားရတော့ ကျွန်တော်လည်း လန့်ပြီး ရှေ့မတိုးရဲဘဲ မီးခွက်ကြီးကိုင်ပြီး ကြောင်နေတုန်း နိုင်းနွားကြီးတို့ ဒရွတ်တိုက်ဆွဲသွားတဲ့ အဝါနဲ့အနက်စင်း အကောင်ကြီးကို လှမ်းမြင်လိုက်ရတယ်၊ အော်သံတွေကြားလို့ ပတ်ဝန်းကျင်တဲတွေက ရွာသားတွေရောက်လာတော့ မီးတုတ်တွေထွန်း၊ သံပုံးတွေတီးပြီး လိုက်ကြပေမယ့် မမိလိုက်တော့ပါဘူး၊ သွေးစက်တွေက ဝက်သိုးမြောင်တောဘက်ဆီကို ပြနေတော့ သဘက်ကြီး မလိုက်ရဲကြတာနဲ့ မနက်မိုးလင်းမှ လူစုပြီး လိုက်ကြတော့ ရွာတနေ (၂) မိုင်လောက်ဝေးတဲ့ တောထဲမှာ ဖင်တစ်ပိုင်းကျန်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းနွားကြီးကို တွေ့လိုက်ရတယ်"

"အဲဒီတော့..."

"ဒီနွားကြီးကို အားကိုးပြီး စားနေရတော့ စိတ်မကောင်းတာနဲ့ ဒီအတိုင်းထားပြီး ပြန်လာခဲ့ရတယ်"

"ဟာ... အဲဒါကောင်းတယ်"

အနားတွင် နားထောင်နေသော ရွာခေါင်းကြီးက–

"ဘာဖြစ်လို့ ကောင်းတာလဲ ဦးခမ်းထောင်"

"ဩော် ခင်ဗျားတို့ ပတ်ဝန်းကျင်က ရွာသားတွေက ဒုက္ခပေးနေတဲ့ ဒီဟင်းမျိုးကြီးကို ဒီကောင်ကြီးက ကာဆိုးပြီး ကျွန်တော်တို့က ကုံကောင်းရင် ဒီည ဒီကောင်ကြီးကို ဖမ်းနိုင်မယ်လို့ပြောတာပါ"

"သေချာလှချည်လား ဦးခမ်းထောင်"

"ကျွန်တော့် မှဆိုးအတွေ့အကြုံအရ သေချာတယ်ထင်လို့ ပြောတာပါ၊ ဒါထက် စောစောက နွားသေကောင်ရှိတဲ့ ဝက်သိုးမြောင်က ဒီရွာကနေ ဝေးဝေးလား"

"တစ်နာရီလောက်တော့ ပြင်းပြင်းလျှောက်ရမယ်၊ ဘာဖြစ်လို့လဲ"

"ဟင်းမျိုးကြီးကို လင့်ထိုးပြီးပစ်မယ်"

"ဒါဆိုရင် လင့်ဆောက်ဖို့ လူလိုမှာပေါ့"

"လိုတယ်၊ နောက်ပြီး လင့်ပေါ်မှာနေဖို့ သတ္တိကောင်းကောင်း နှစ်ယောက်လောက်လဲလိုတယ်"

"ဘယ်တော့သွားမှာလဲ"

"အချိန်ရှိတုန်း အခုပဲသွားချင်တယ်၊ ကျွန်တော့်အတွက် လိုတဲ့ ပစ္စည်းမစ္စယတွေလဲ ရွာခေါင်းကြီးပဲ အခုစီစဉ်ပေးနိုင်မလား"

"ရတယ်၊ လိုတာသာပြော"

ရွာခေါင်းကြီးနှင့် ဦးခမ်းထောင်က ခေါင်းချင်းဆိုင်လိုက်ကြကာ ဦးခမ်းထောင်က လိုအပ်တာတွေ ရွာခေါင်းကြီးထံမှယူပြီး ကျော့ပိုးအိတ်ထဲကို ထိုးထည့်လိုက်သည်။ နောက် ရွာခေါင်းကြီးအား ဦးခမ်းထောင်က တစ်စုံတစ်ခုကို ပြောလိုက်သောအခါ ရွာခေါင်းကြီးက တအံ့တသြဖြင့်



နားထောင်ပြီး ရွာသား ၃၊ ၄ ယောက်ကို ချက်ချင်းခေါ်လိုက်ကာ ဦးခမ်းထောင်၏ အစီအစဉ်အတိုင်း မှာလိုက်ပြီး–

"ကဲ မင်းတို့က လှည်းတစ်စီးနဲ့ အရင်သွား၊ ရောက်ရင် လင့်ကို အရင်ဆောက်ထား၊ နောက်ပြီး မှာတဲ့အတိုင်း လုပ်ထားကြဟုတ်လား၊ နောက်က လှည်းတစ်စီးနဲ့ တို့လိုက်ခဲ့မယ်"

ရွာသားများ လှည်းတစ်စီးနှင့် ထွက်သွားပြီးနောက် ဦးခမ်းထောင် က–

"လင့်ပေါ်မှာနေဖို့ ကျွန်တော်နဲ့ သတ္တိကောင်းကောင်း လူငယ်နှစ်ယောက်လိုမယ် ရွာခေါင်းကြီး"

ထိုအခါ အနားတွင် ငြိမ်၍ထိုင်နားထောင်နေသော ဖိုးချွားက–

"မှဆိုးကြီး ကျွန်တော် လိုက်ရင်ရမလား"

အသက် (၂၀) ပင် မပြည့်သေးသော အသားဖြူဖြူနှင့် နုနယ်လှသော ဖိုးချွားကို ဦးခမ်းထောင်က ကြည့်ကာ–

"ဟေ... မင်းက ငါနဲ့လိုက်မလို့၊ ဖြစ်ပါ့မလား"

ရွာခေါင်းကြီးက ပြုံးသည်။ ပြီးမှ–

"ဦးခမ်းထောင် ကျုပ်တပည့် ဖိုးချွားက ငယ်ပေမယ့် သတ္တိကောင်းတယ်၊ မနှစ်က တောဝက်တွေ လယ်တွေ၊ တောင်ယာတွေကို ဒုက္ခပေးတုန်းက တောဝက်ကို ရင်ဆိုင်ပြီး လှံနဲ့ထိုးလာတဲ့ကောင်၊ တောထဲမှာ ဝါးခုတ်သွားရင်လဲ ချေ(ဂျီ) တို့ ဒရယ်တို့ကို လှံတစ်ချောင်းနဲ့ ရအောင် ဟင်းစားရှာတတ်တဲ့ကောင်ဗျ၊ ကဲ ကဲ ဒီလိုလုပ်ပါ ဦးခမ်းထောင်၊ ဒီည လင့်ပေါ်မှာ ဦးခမ်းထောင်နဲ့ အဖော်အဖြစ် ကျုပ်နဲ့ ဖိုးချွားလိုက်မယ်၊ ကျုပ်လဲ စိတ်ဝင်စားလို့ပါ၊ နောက်ပြီး ကျုပ်ဆီမှာလဲ နှစ်လုံးပြူးတစ်လက် ရှိပါတယ်၊ မှဆိုးမလုပ်ပေမယ့် ကျုပ် သေနတ်ကောင်းကောင်း ပစ်တတ်ပါတယ်"

"ဒါဆိုလဲ လိုက်ခဲ့ပါ ရွာခေါင်းကြီး၊ အတွေ့အကြုံလဲ ရတာပေါ့"

ဦးခမ်းထောင်တို့ လှည်းတစ်စီးနှင့် တောင်ယာများကို ဖြတ်ကျော်လာကာ ရေမရှိသော သဲချောင်းကလေးတစ်ခု အရောက်တွင် ဦးခမ်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်က လှည်းကို အရှဉ်ခိုင်းကာ သဲပေါ်သို့ ဆင်းကြည့်လိုက်ရင်း

"ဟင်းစားကောင် ခြေရာတွေလဲ ပွနေတာပဲဗျို့၊ နောက်ပြီး ဟင်းမျိုးကြီး ခြေရာလဲ တွေ့ရတယ်"

ရွာခေါင်းကြီးက–

"ဟင်းမျိုးကြီးခြေရာက ဘယ်ဟာလဲဗျ"

"ဟိုဘက်က ခြေရာတွေက ချေ(ဂျီ)နဲ့ ဆတ်ခြေရာတွေ ဒီဘက်က လက်ဝါးလောက် ခြေရာကြီးက ဟင်းမျိုးကြီးခြေရာပဲ"

သဲချောင်းကလေးကိုဖြတ်ပြီး ကြိမ်တောသို့အဝင်တွင် လှည်းလမ်းကြောင်းအတိုင်း ကမူးရှူးထိုးဖြင့် လှည်းရှိရာ တည့်တည့်သို့ ပြေးဝင်လာသော သားကောင်တစ်ကောင်ကို တွေ့လိုက်ကြရသည်။ ရွာခေါင်းကြီးက လျှင်မြန်စွာနှင့် နှစ်လုံးပြူးကြီးကို ထိုးချိန်လိုက်သည်။ ဦးခမ်းထောင်ကလည်း သွက်လက်စွာနှင့် ရွာခေါင်းကြီး၏ သေနတ်ပြောင်းကို အောက်သို့ဆွဲချလိုက်သည်။

"ရွာခေါင်းကြီး မလုပ်နဲ့၊ ကျွန်တော်တို့ ရည်ရွယ်ချက်တွေ ပျက်ကုန်လိမ့်မယ်၊ အပြန်မှကြုံရင် ပစ်ကြတာပေါ့၊ လမ်းမှာက ဟင်းမျိုးကြီးခြေရာတွေလဲ တွေ့ထားတော့ ဒီကောင်ကြီး ဒီတစ်ဝိုက်မှာ ကျက်စားနေတာ သေချာတယ်၊ အခုနေ သေနတ်သံကြားသွားရင် ရိပ်မိပြီး နွားသေကောင်ရှိတဲ့ နေရာကို ပြန်မလာဘဲနေဦးမယ်၊ ကျွန်တော်တို့လာရင်းကိစ္စက ဟင်းမျိုးကြီးကိစ္စပဲ မဟုတ်လား"

"ဟုတ်တယ်၊ ဦးခမ်းထောင် ပြောတာ မှန်ပါတယ်၊ မှုဆိုးနဲ့ ... မိပြီး ကျူပ်လဲ လက်ယားလာလို့ပါ"

တောထဲကို တဖြည်းဖြည်း ဝင်လာသည်နှင့်အမျှ ဝါးတော ကြိမ်တော၊ သစ်အယ်ပင်၊ ညန်ပင်၊ မြရာပင်၊ ဥနဲပင်၊ သျှိသျှားပင်များက ရှုပ်ယှက်ခတ်နေသည်။ တစ်ချို့နေရာများ၌ လှည်းလမ်းကြောင်းပင် ပျောက်နေအောင် အပင်များက ရှုပ်နေသည်။ လှည်းဆရာက လမ်းသိသောကြောင့်သာ ပင် တော်တော့သည်။

ခပ်လှမ်းလှမ်းရှိ တယ်ပင်ကြီးအောက်တွင် လူ ၄၊ ၅ ယောက်



အလုပ်ရှုပ်နေကြသည်ကို မြင်လိုက်သည်နှင့် လင့်ထိုးထားသည့် နေရာကို ရောက်ပြီမှန်း ဦးခမ်းထောင် သဘောပေါက်လိုက်သည်။ လှည်းကို တစ်နေရာတွင်ရပ်ကာ တယ်ပင်ကြီးအောက်ကို လျှောက်လာကြသည်။ တယ်ပင်တို့ သဘာဝအတိုင်း သစ်ရွက်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အမြင့်ပေ (၂၀) လောက်ရှိ ခွကြားတစ်နေရာတွင် ဝါးများ၊ ကြိမ်များနှင့် အခိုင်အခန့် ဆောက်ထားသော (၉၀) ရာခိုင်နှုန်းခန့် ပြီးနေသည့် လင့်ကို တွေ့လိုက်ရသည်။

"ရွာခေါင်းကြီးတပည့်တွေက တော်တယ်ဗျို့၊ ပါးစပ်နဲ့ ခန့်မှန်းပြောလိုက်ရုံနဲ့ ကျွန်တော့်အကြိုက်ကို ရအောင်ဆောက်ထားတာပဲ၊ တက်ဖို့လှေကားက သစ်ပင်နောက်အကွယ်မှာထင်တယ်၊ နွားသေကောင်က ဘယ်နားမှာလဲ"

ရွာသားတစ်ယောက်က ဦးခမ်းထောင်တို့ကို လိုက်ပြသည်။ တယ်ပင်နှင့် ကိုက် (၅၀) အကွာလောက်ရှိ ဝါးရုံအစပ်ကလေးမှာဖြစ်သည်။ အနားရောက်သည်နှင့် ယင်မမဲရိုင်း အကောင်ကြီးများက ဝေါကနဲ ထပျံသွားကြသည်။ နွားသေကောင်က အောက်ပိုင်းတစ်ပိုင်းလုံး မရှိတော့။ ကိုက်ဝါးမရသည့် ပေါင်ရိုးနှင့် ခြေထောက်များသာ ရှိနေသေးသည်။ ရွာခေါင်းကြီးနှင့် ဦးခမ်းထောင်က နွားသေကြီးကို ကြည့်ကာ ဘာမှမထူးခြားသော်လည်း ဖိုးခွားက နွားသေကြီးကို အထူးဆန်းသဖွယ် ကြည့်နေသည်။ အထူးအဆန်းဖြစ်နေရသည့် အကြောင်းက ဟင်းမျိုးကြီး ကိုက်ထား၍ လည်ပင်းမှ တသွင်သွင်စီးကျထားသော သွေးများက မြေပြင်ပေါ်တွင် အိုင်ထွန်းကာ ခြောက်သွေ့နေ၍ ဖင်တစ်ပိုင်းမရှိတော့သော နွားသေကောင်ကြီးအား မျက်နှာတွင် သနပ်ခါးများ ဖုံနေအောင် လူးပေးထားသည့်အပြင် ဦးချိုနှစ်ချောင်းတွင်လည်း တောပန်းများ ဝေနေအောင် ပန်ဆေးထားခြင်း ဖြစ်သည်။

ဦးခမ်းထောင်က နွားသေနေရာမှရပ်ကာ လင့်ဆီသို့မှန်းကြည့်လိုက်သည်။ မြင်ကွင်းက ရှင်းနေသည်။ လင့်ပေါ်မှ ကြည့်လိုက်လျှင် နွားသေကောင်ကြီးကို အဆီးအတားမရှိ မြင်ရမည်ဖြစ်သော်လည်း

www.burmeseclassic.com



နွားသေကောင်နေရာမှ ကြည့်ပါက တယ်ပင်၏ ထူထပ်လှသော အရွက်များကြောင့် လင့်ကို မြင်ရမည်မဟုတ်ပေ။

"ရှာခေါင်းကြီးတပည့်တွေကိုတော့ ထပ်ပြီးချီးကျူးရမလို ဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ ဦးခမ်းထောင်"

"လင့်ဆောက်ဖို့ နေရာယူထားတဲ့ နေရာကလဲ အရမ်းကောင်းနေလို့ကဲ ရှာခေါင်းကြီး တောမြောက်ရအောင် ကျွန်တော် မှာထားတာထက် ထုတ်လိုက်တော့"

ဦးခမ်းထောင်က တယ်ပင်ကြီးအောက်တွင် လက်ဖက်၊ ကွမ်းယာနှင့် ဝမ်းတွင်းသားဟင်း တစ်ပန်းကန်ချကာ သူလုပ်လေ့ လုပ်ထရှိသည့် အစဉ်အလာအတိုင်း တတွတ်တွတ် ရွတ်နေပြန်တော့သည်။ ထိုအချိန်တွင် လင့်ဆောက်ခြင်းကိစ္စလည်း အားလုံးပြီးသွားပြီဖြစ်သည်။ ဦးခမ်းထောင်က–

"ကဲ... အားလုံးပြန်ကြတော့၊ မိုးမချုပ်မီ ဟင်းမျိုးကြီး ဝင်လာရင်တော့ ကျုပ်တို့မှာ လက်နှိပ်မီးရော မီးတုတ်တွေရော ပါလာတယ်။ စောစောပြန်ရောက်မှာပဲ၊ ညဥ့်နက်မှ ဝင်လာရင်တော့ ခင်ဗျားတို့အားလုံး မနက်စောစော ရောက်အောင်လာကြ၊ ကျုပ်တို့ ဒီည လင့်ပေါ်မှာပဲ အိပ်တော့မယ်"

ရွာသားများ လှည်းနှစ်စီးနှင့် ပြန်သွားကြပြီးနောက် ဦးခမ်းထောင်၊ ရှာခေါင်းကြီးနှင့် ဖိုးခွားတို့ သုံးယောက် လင့်ပေါ်သို့တက်လာကြသည်။ နေအတော်စောင်းနေပြီဖြစ်သည်။ ညနေခင်း၏ လေနုအေးက တယ်ပင်၏ အရွက်များကို တဖျပ်ဖျပ် လှုပ်ခတ်သွားလိုက်သည်။ လင့်ပေါ်တွင် အကျအနထိုင်ကာ ဦးခမ်းထောင်နှင့် ရှာခေါင်းကြီးက သစ်ရွက်ကြီး သစ်ရွက်ကြားမှနေ၍ နွားသေကောင်ရှိရာသို့ ချောင်းကြည့်လိုက်ကြသည်။ မြင်ကွင်းက ရှင်းလင်းလှသည်။ နွားသေကောင်၏ ဖြူဖွေးနေသော မျက်နှာကို ထင်ထင်ရှားရှား မြင်နေရသည်။ ပြီးမှ ဦးခမ်းထောင်က သူ့တူမီးကြီးကို သစ်ရွက်ကြားမှထုတ်၍ ပစ်ကွင်းရွေးနေသလို ရှာခေါင်းကြီးကလည်း နှစ်လုံးပြူးသေနတ်ကို တချိန်ချိန်နှင့် လုပ်နေသည်။



"ရှာခေါင်းကြီး ဟင်းမျိုးကြီးလာရင် ကျွန်တော်က ပစ်ဆိုမှ ပစ်နော်"

"စိတ်ချပါ ဦးခမ်းထောင်"

ဖိုးခွားက လင့်စင်၏ ထောင့်တစ်ထောင့်တွင် ကုတ်ကုတ်ကလေးထိုင်နေသည်။ လက်ထဲတွင်တော့ အသွားတစ်တောင်ခန့်ရှိ လှံကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

သစ်ရွက်၊ သစ်ခက်များအကြားမှ မြင်နေရသော အဖြာရောင်တောင်းကင်ကြီးက တဖြည်းဖြည်း နီညိုရောင်ပြောင်းလာသည်။ အိပ်တန်းတက်နေကြသော ကျေးငှက်များ၏ အသံက တစ်တောလုံး ဆူညံနေသည်။ မှောင်ရီသန်းလုပြီ။ လင့်စင်ပေါ်တွင် သုံးယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြဆဲ။ ထိုအချိန်တွင်–

"စီ... စီ... စီ... စီ"

"ရှာခေါင်းကြီး ဟင်းမျိုးကြီး ဝင်လာတော့မယ် သတိထား"

ရှဥ့်များ၏ တစီစီနှင့် စုတ်သပ်သံများ ထွက်ပေါ်လာပြီးနောက် 'ခေါင်း'ကနဲ ကျားဟိန်းသံကြီးက ပဲ့တင်သံနှင့် တစ်တောလုံး ဆူညံသွားတော့သည်။ ဝါးတောဘက်မှ ဝေါဝေါဟူသော တောတိုးသံနှင့်အတူ ဝါးရုံတစ်ခုကိုကျော်၍ လွှားကနဲကျလာသော အဝါနှင့်အနက်စင်း ဟင်းမျိုးကြီးကို မှုန်ပျပျအလင်းရောင်နှင့် မြင်လိုက်ကြရသည်။ လွှားကနဲကျလာသော နေရာတွင်ခေတ္တငြိမ်ကာ ဟင်းမျိုးကြီးက အကဲခတ်နေဟန်ရှိသည်။

ပထမ လင့်စင်ရှိရာသို့ ခေါင်းတည်နေရာမှ ဝဲဘက်သို့စောင်းကာ နွားသေကောင်ရှိရာဘက်သို့ တစ်လှမ်းချင်း လျှောက်လာပြီး 'ဂရား'ဟု တစ်ချက်အော်လိုက်ပြန်သည်။ ဆောင့်ကြောင့်အနေအထားသို့ ပြောင်းသွားသည်။ ဦးခမ်းထောင်က ရှာခေါင်းကြီးကို အချက်ပြလိုက်သည်နှင့် သေနတ်နှစ်လက်မှ သေနတ်သံများက တစ်ပြိုင်နက် ထွက်သွားသည်။

ရှာခေါင်းကြီး၏ သေနတ်ကျည် မှန်ချက်ကိုတော့မသိ၊ ဦးခမ်းထောင်ကတော့ သူ့လက်ကို သူယုံသည်။ ခလုတ်ကို ဆွဲလိုက်တော့ ညည်းကစီးနင့်နေသော အရသာကို သူ ခံစားလိုက်ရသည်။ ထို့ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ခွဲလိုက်ပြီး စက္ကန့်ပိုင်းအတွင်း ဟင်းမျိုးကြီးက အပေါ်သို့ ငါးပေ
လောက်အထိ မြောက်တက်သွားကာ ဗုံးကနဲ ပြန်ကျလာပြီး ဝါးရုံမှဝါးပင်
များကို ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်ကာ တကျွတ်ကျွတ် ကိုက်ဝါးနေ
ပြန်တော့သည်။

ဝါးရုံထဲတွင် ငါးမိနစ်လောက်အထိ ဖြောင်းဆန်နေပြီးမှ တဖြည်း
ဖြည်း ငြိမ်သက်သွားကာ အသံပျောက်သွားသည်။ ထိုအခါကျမှ ဦးခမ်း
ထောင်တို့ သုံးယောက်သား ပါလာသော မီတုတ်များကိုရှို့ကာ လင့်ပေါ်မှ
ဆင်းလာကြသည်။ ဦးခမ်းထောင် တွက်သည့်အတိုင်းပင် ဟင်းမျိုးကြီးက
ကျားအိုကြီးဖြစ်သည်။ ထို့အပြင် ဟင်းမျိုးကြီး၏ ဝဲဘက် တင်ပါးတွင်
ချိုင့်ဝင်ပြီး အသားသေနေပြီဖြစ်သည့် ဒဏ်ရာဟောင်း တစ်ခုကိုလည်း
တွေ့လိုက်ကြရသည်။

"ကဲ… ရွာခေါင်းကြီး ကျွန်တော့်တာဝန် ကျေပါတယ်နော်"

"ကျေပါတယ် ဦးခမ်းထောင်၊ ရွာရောက်ရင်တော့ ဦးခမ်းထောင်ကို
ဂုဏ်ပြုရမှာပဲ"

"ကဲ အချိန်ကတော့ ကိုးလို့ကန့်လန့် ဖြစ်နေပြီ၊ အခုပြန်ရင်
အန္တရာယ်များတယ်၊ နောက် ဟင်းမျိုးကြီးကိုလဲ တခြားတောကောင်တွေ
ဝင်စားသွားနိုင်တယ်၊ မနက်ကျမှာပဲ ပြန်ကြတာပေါ့ဗျာ၊ မကောင်းဘူးလား
တစ်ယောက်တစ်လှည့်စီ အိပ်ကြတာပေါ့။ စားစရာရိက္ခာတွေရော ရေဘူးရော
ပါလာတယ်"

ဦးခမ်းထောင်တို့ လင့်စင်ပေါ် အရောက်တွင် ခပ်ဝေးဝေး
လှည်းသံနှင့် လူသံများကို ကြားလိုက်ကြရသည်။ အသံများက တဖြည်းဖြည်း
နီးလာကာ လင့်ထိုးထားသော တယ်ပင်ကြီးနားရောက်မှ ညနေက
ပြန်သွားသော ရွာသားများဖြစ်ကြောင်း သိလိုက်ရ၍ ဦးခမ်းထောင်တို့
ဝမ်းသာသွားကြသည်။

ကျားသေ (ဟင်းမျိုး)ကြီးကို လှည်းပေါ်သို့တင်ကာ ရွာခေါင်းကြီး
အိမ်သို့ ချီတက်သွားကြသော ရွာသားများ၏ ဝမ်းသာပျော်ရွှင်မှု အသံများ
သည် တစ်တောလုံး ဆူညံသွားတော့သည်။ ဗတ်ဝန်းကျင်ရွာများကလည်း



သတင်းကြားသောကြောင့် ညတွင်းချင်း ရောက်လာကြကာ ရွာခေါင်းကြီး
အိမ်တွင် တစ်ညလုံး ဆူညံနေတော့သည်။

*

"စောဂျိမ်း… စောဂျိမ်း ဇာတ်လမ်းထဲကအတိုင်း နွားကြီးကြီးကို
သနပ်ခါးလိမ်းပြီး ပန်းပန်ပေးတာ ဘာသဘောလဲ"

"ဟင်းမျိုးကြီးစားထားတဲ့ နွားသေကောင်ကြီးဆီကို ဟင်းမျိုးကြီး
မဖြစ်မနေ ပြန်လာအောင် လုပ်တဲ့နည်းလို့ ထင်တာပဲ"

"ဟင်းမျိုးကြီးတွေရဲ့ သဘာဝက သူစားထားပြီးတဲ့ အစာကို
နောက်တစ်ကြိမ် လာစားတာ သူ့ထုံးစံပဲလေ၊ သနပ်ခါးလိမ်းပြီး ပန်းပန်
ပေးတာနဲ့ မဆိုင်ဘူးထင်တယ်"

"ကျော်စိုး မင်းတွေးသလို ငါလဲ တွေးဖူးတယ်၊ တစ်ခါတလေ
ဟင်းမျိုးဆိုတဲ့ အကောင်မျိုးက ပါးနပ်လွန်းလို့ သူ့အတွက် အန္တရာယ်
ရှိမယ်ထင်ရင် မလာဘူးကွ၊ မလာတဲ့အပြင် သူ့ကိုချောင်းတဲ့ တိုမုဆိုးတွေ
ကိုတောင် သူက ပြန်ချောင်းတတ်တာ မင်း ကြားဖူးမှာပေါ့၊ အခုအစီအစဉ်က
ဟင်းမျိုးကြီး လာကိုလာရမယ်ဆိုတဲ့ အစီအစဉ်ပဲ၊ ဘယ်လိုအဓိပ္ပာယ်
ဆိုတာတော့ ငါလဲ ရှင်းမပြတတ်ဘူး၊ ကိုယ်တွေ့မို့လို့သာ ယုံလိုက်ရတာ"

စောဂျိမ်းရဲ့ မှဆိုးဖော် ကျော်စိုးရော တင်ဝင်းပါ စောဂျိမ်း
ပြောပြသော မကြားဖူးသည့် ဇာတ်လမ်းကို ခေါင်းတညိတ်ညိတ် လုပ်နေကြ
ရင်း ရေးစရာ ဇာတ်လမ်းတစ်ပုဒ် ခေါင်းထဲမှာရနေပြီဖြစ်သော
တင်ဝင်းက–

"ဒီဇာတ်လမ်းမှာ ဆရာစောဂျိမ်းက ကိုယ်တွေ့ဆိုတော့ ဘယ်နေရာ
မှာ ပါလိုက်တာလဲ"

"ဗိုးချွားဆိုတာ ငါပဲလေ"

"ဪ…"

မောင်မြင့်မား (ဘိုကလေး)

* * *

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အဝါရောင်လှိုင်း

## ညီညီနိုင်

ညည်ဓာတ်လမ်းက ထူးဆန်းတဲ့ ကြောင်ဝါတစ်ကောင် မိုးဇော် နောက်ကို လိုက်ခဲ့ရာက စခဲ့တယ် ဆိုရမှာပါပဲ။

ကြောင်က အသက်ကြီးနေပေမယ့် ပိန်ညှောင့်ညှောင်ကလေးရယ်။

ဒါပေမဲ့ ရောမ မျက်လုံးကြီးတွေက လမ်းဘေးဓာတ်တိုင် မီးရောင် ဟပ်ပြီး အရောင်တဖျပ်ဖျပ် တောက်ပနေလေရဲ့။

မိုးဇော်ဟာ လျှောင်စိန်ရဲ့ ဂျင်ဝိုင်းမှာ ဖြူခါပြာခါကျပြီး ပြန်လာ ရာက စိတ်ညစ်ညစ်နှင့် ချစ်ကောင်းရဲ့ ထွက်ပေါက်သီချင်းကို လေချွန်ပြီး ညည်းလာတဲ့အချိန်ပေါ့။

လမ်းထောင့်မှာ ငုတ်တုပ်လေးထိုင်နေတဲ့ ကြောင်ဝါကြီးက မီးညှောင် မီးညှောင်နဲ့ အသံပြုလိုက်တယ်လေ။

သူက အမှတ်တမဲ့ လှမ်းကြည့်မိလိုက်ရာက ညှောင်ညှောင်အသံ ပေးရင်း သူ့နောက်က ကောက်ကောက်ပါအောင် လိုက်လာတော့တာ ကလား။

ကြောင်ဝါကြီးက သူ့ခြေထောက်ကြားမှာ တိုးဝင်ရင်း ပွတ်သီးပွတ် သပ်လုပ်ပြီး အစာတောင်းသလို မိတ်ဖွဲ့သလို လုပ်လာရာက သူ လမ်း သွားရ ခက်လောက်အောင် ဖြစ်ခဲ့တယ်။



မိုးဇော် နည်းနည်းစိတ်တိုသွားတာ အမှန်ပဲ။

"မင်းကွာ ကြောင်နက်တစ်ကောင်သာဆိုရင်တော့ မင်းကိုငါ အိမ်ခေါ်သွားမှာပဲ၊ ခုတော့ မင်းကို ငါ လိုချင်စရာမရှိဘူး၊ စိတ်ညစ်ရတဲ့ အထဲ လိုက်မရှုပ်နဲ့ သွားကွာ"

မိုးဇော်က ပြောမိပြောရာ ပြောလိုက်ပြီး ကန်မယ့်ဟန်ပြင်လိုက် မိတယ်။

ကြောင်ဝါကြီးခမျာရဲ့ မျက်လုံးတွေထဲမှာ အားငယ်ဝမ်းနည်းသွား တဲ့ အရိပ်အယောင်တွေ ဖွေးဖွေးလက်သွားရာက သူ့ကို တစ်ချက်မော့ ကြည့်တယ်။ ဒါပေမဲ့ ကြောင်ဝါကြီးက ရပ်မကျန်ခဲ့ဘဲ သူ့နောက် ဆက် လိုက်မယ့်ပုံစံ။

တကယ့်တကယ်အနေနဲ့ မိုးဇော် မရက်စက်နိုင်ပါဘူး။ အယူသီး တယ်။ အတိတ်နိမိတ်တွေကို ယုံတယ်လေ။

လောလောဆယ်တောင် သူ့ဂျာကင်အင်္ကျီ အတွင်းခံထဲမှာ မျောက် လက်သည်းတစ်စကို ကံကောင်းပြီး လာဘ်ခေါ်တဲ့ အဆောင်လက်ဖွဲ့ အနေနဲ့ ထည့်ချုပ်ထားတာရှိသေး။

သူ ဂျင်တွေဖဲတွေ ဘယ်လောက်ပဲရှုံးရှုံး၊ စွန့်မစ်ဖို့ နည်းနည်းမှ မကြံမိတာဘဲကြည့်တော့။

*ခုလဲ ဒီကြောင်ဟာ လောင်းကစားသမားတွေအကြိုက် အနက်ရောင်* မဖြစ်တဲ့တိုင်အောင် သူ့နောက်ကို တန်းလိုက်နေတာ အကြောင်းရှိရ မယ်လို့ ယူဆလိုက်မိတယ်။

ဒီလိုနဲ့ ဒီကြောင်က အကျိုးပေးမယ်မပေးဘူး၊ သူ့အတွက် ကံဆိုးကံကောင်း စမ်းကြည့်လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုပါတော့။

မိုးဇော် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်ရာက ခုတလော ကံခေနေမှုတွေ ကို စိမ်ခေါ်တဲ့အနေနဲ့ ခြောက်ကပ်ကပ် ရယ်ပစ်လိုက်သလို။

"ကဲကဲ ကိုရွှေဝါ၊ မင်း ဒီလောက်တောင် ဆန္ဒရှိရင်လဲ ငါ့နောက် လိုက်ခဲ့ပေတော့၊ မရှိအတူ ငတ်အတူပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



မိုးဇော် ပြောင်ချော်ချော် ပြောလိုက်တဲ့စကားကို ကြောင်ကြီးက နားလည်သလိုလိုဖြင့် မြူးကြွသွက်လက်စွာ ကပ်ပါလာပါလေရော။

*

မိုးဇော်က တစ်ယောက်တည်းသမား။

စားတော့ ထမင်းဆိုင်၊ သောက်တော့ ရေအိုးစင်၊ နေတာကတော့ ရပ်ကွက်အစွန် ကားဂိုဒေါင်ဟောင်းတစ်လုံး၏ အပေါ်ထပ် ထပ်မိုးလေးမှာ။

ဒါပေမဲ့ တစ်ချိန်တုန်းကတော့ မိုးဇော်ဆိုတာ တိုက်နှင့်၊ ကားနှင့်၊ မယားလှလှလေးနှင့်။

လောင်းကစားကို မက်မိရာမှ ဘဝပျက်ခဲ့ရသလို အထီးကျန်အဖြစ်ဆိုး ကြုံရပြီး ခုလို ချောင်ကြိုချောင်ကြား ကပ်ရပ်နေရတဲ့ အခြေအနေ။

လောလောဆယ် သူ့မှာ ချမ်းသာတာဆိုလို့ ဂိုဒေါင်နှင့်တစ်လုံးလို့ ပြောရမတတ် ကြွက်တွေ။

သူ့ခြေရင်းက ညောင်နေတဲ့ ကြောင်ဝါကြီးကို ဂိုဒေါင်တံခါးသော့ဖွင့်ရင်းမှာ သူ ပြောလိုက်မိတယ်။

“ဒီညတော့ ငါ့ခများ ဥပုသ်စောင့်ပြီး ရေသောက်ဗိုက်မှောက်အိပ်ရမယ့်ကိန်းပဲကွ၊ မင်းကိုလဲ ဘာမှကျွေးနိုင်မှာ မဟုတ်ဘူး၊ အေး မင်းအစွမ်းနဲ့မင်း ကြွက်တွေသာ ဖမ်းစားပေတော့ ကြောင်ကြီးရေ”

သူ့စကားအဆုံး တံခါးအဖွင့် ကြောင်ဝါကြီးက ဂိုဒေါင်အမှောင်ထဲ လှစ်ခနဲ တိုးဝင်သွားရာက ဘာပြောကောင်းမလဲ ဝုန်းဒိုင်းကြဲ။

မိုးဇော် ထပ်မိုးလှေကားလေးကို စမ်းတက်ခဲ့တယ်။

ဂက်စ်မီးခြစ်နဲ့ ကွပ်ပျစ်ခေါင်းရင်းက ဖယောင်းတိုင်ယူထွန်းလိုက်တဲ့အချိန်မှာ ဘသားချောက အောက်ထပ်မှာ တကျွတ်ကျွတ်ဝါးပြီး ကျန်ခဲ့တာကလား။

မိုးဇော် လက်ကျန်ဆေးပေါ့လိပ်တို ကောက်ဖွာရင်း ငုတ်တုတ်မှိုင်နေမိပါပေါ့။

မနက်ဖြန်ဆိုတဲ့ အနာဂတ်က သူ့အတွက် ပျောက်ဆုံးနေပါပြီလေ။



အဝတ်အစား သေတ္တာထဲမှာ အဝတ်ကောင်းအစားကောင်းရယ်လို့ မရှိတော့တာနဲ့အမျှ ဗိုက်ဆာဆိုတာကလဲ တစ်ရာပင် မပြည့်တတ်တော့။

ရှေ့ဆက် ဘယ်လိုစခန်းသွားမလဲ။

ပေါင်စရာ နှံစရာရယ်လို့လဲ ဘာမှမရှိ။

ချေးငှားရမယ့်လူတွေကော မသိ။

ခေါင်းငုပါတယ်ဆိုပြီး ဇွတ်မှိတ်အိပ်မယ်လုပ်တော့ လားလား ကြောင်မင်းသားကြီးက သူ့ခြေရင်းမှာ။

တစ်ကိုယ်လုံးလဲ ညစ်ပတ်ပေကျံလို့ ကြွက်မွေးတွေတောင် ပါးစပ်မှာ ကပ်နေလား မဆိုနိုင်။

မိုးဇော် ရွံရှာစက်ဆုပ်မိသလို ကန်ချမယ်ကြံလိုက်မိသေး။

သို့ပေမယ့် သူ့ကိုစိုက်ကြည့်ပြီး ညောင်လိုက်တဲ့ ကြောင်ကြီးအသံနဲ့ ဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေကြောင့် သနားသွားမိသလိုလို၊ ကျေးဇူးစိမ့်ရင်ဖိုသွားမိသလိုလို။

အေးကွာ နေပါစေတော့၊ မင်းနဲ့ငါ ခိုကိုးရာမဲ့ ဘဝတူချင်း အေးအေးဆေးပဲ အိပ်လိုက်ပါတော့။

နောက်ပြီး ကြောင်ဆိုတာက တနင်္လာနံ။

တနင်္လာဆိုတော့ ငွေနံပေါ့။

ဒီကောင်ကြီးကို ခေါ်လာမိတာ ငါ့အတွက် အတိတ်ကောင်း နမိတ်ကောင်းနဲ့ ကံကောင်းခြင်း အထိမ်းအမှတ်ပါပဲ။

မိုးဇော် ခြင်ထောင်ချ၊ ဖယောင်းတိုင်မီးသတ်ပြီး ခေါင်းချအိပ်လိုက်ပါရော။

*

အဖြစ်က အိပ်မက်လိုလို တကယ်လိုလိုပါ။

သူ ကြောင်ကြီးကို စိတ်ချွဲပြီး အိပ်မက်ထဲမှာ ကြောင်ကျွေးဖို့ ဈေးက ငါးတွေ သွားဝယ်လာမိတယ်ဆိုပါတော့။

အမြန် ဈေးထောင့်တစ်နေရာအရောက်—

www.burmeseclassic.com

www.burmeseclassic.com



"မိုးဖော် ငါညီ နေပါဦး"

ခေါ်သံကြားရာ လှည့်ကြည့်လိုက်တော့ သနပ်ခါးရောင် တိုက်ပုံ ခပ်စုတ်စုတ်၊ လုံချည်အဝါကွက်၊ ခေါင်းစုပ်ဖွား၊ နှုတ်ခမ်းမွေးစစ၊ အရုပ် ဆိုးဆိုး လူကြီးတစ်ယောက်–

"ဘယ်နဲ့ ငါဘယ်သူလဲ မင်း မသိတော့ဘူးလား"

"အေးဗျာ၊ ကျွန်တော် သိပ်မမှတ်မိတော့တာ ခွင့်လွှတ်ပါ"

"ရပါတယ်လေ၊ ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်လိုက်ရင် သတိရ လာမှာပါ၊ ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီမယ် မင်းအခု ရေခါးနေတယ် မဟုတ်လား"

ထိုပုဂ္ဂိုလ်က ရယ်ကျဲကျဲအပြုံးနဲ့ သူ့ကို ဖမ်းမေးလိုက်ရင်း တစ်ဆက် တည်း–

"အရင်လို ဝီစကီလေးဘာလေး မဟုတ်ချင်ဘူးလား သူငယ်ချင်း၊ မင်းကသာ မေ့ချင်မေ့မယ်၊ ငါကတော့ မင်းကျေးဇူးကို မမေ့ပါဘူးကွာ၊ ငါ ဒုက္ခရောက်နေတုန်း မင်း ထမင်းကျွေးပြီး ငွေငါးဆယ်ပေးသွားတာ လေ၊ ခု ငါ တောနေတယ်ကွ၊ ရော့ ဟောဒီမှာ ငါးရာ၊ မင်းကျေးဇူးကို အချေးပြန်ဆပ်တယ် မှတ်လိုက်ပေါ့ မိုးဖော်ရာ"

မိုးဖော် အံ့အားသင့်နေတုန်းမှာပဲ အဲဒီလူက ငါးရာတန်အဟောင်း လေးတစ်ရွက် လက်ထဲထည့်ပေးခဲ့ပြီး ချာခနဲ လှည့်ထွက်သွားတော့တာ ကလား။

ငါးရာတန် အဟောင်းလေးကို ကိုင်လျက်သားက ဝမ်းနည်းရမလို ဝမ်းသာရမလို မိုးဖော် ကျန်ရစ်ခဲ့ရတယ်ပေါ့။

ဒီမှာတွင် အိပ်မက်က တစ်ခန်းရပ်။

မိုးလင်းလို့ အိပ်ရာကနိုးတော့ မိုးဖော်တစ်ယောက် တကယ်များ လားဆိုပြီး သူ့လက်ထဲ လိုက်ရှာကြည့်မိပါသေးရဲ့။

ငါးရာမတွေ့မိပေမယ့် ခလောပြီးနှပ်နေတဲ့ ခြေရင်းက ကြောင် ဝါကြီးကို တွေ့လိုက်ရပါတယ်။

သူနှင့် ရှေ့ဆင့်နောက်ဆင့်ပဲ ကြောင်ဝါကြီးက နိုးလာပြီး ညောင်



ဆံပေးရင်း သူ့ခြေဖမိုးကို လာပွတ်တယ်လေ။

မနက်ကျမှ ကြောင်ဝါရုပ်ကို သတိထားကြည့်မိတော့ အိပ်မက် ထဲကလူကို ပြန်အမှတ်ရလိုက်ရတော့တာပဲ။

ကျီးတိုးကျဲတဲ နှုတ်ခမ်းမွေး၊ မျက်လုံးခပ်ပြူးပြူး၊ အရုပ်ဆိုးဆိုး၊ ကြောင်ဝါရုပ်နှင့် အိပ်မက်ထဲက လူမျက်နှာက တစ်ထပ်တည်းနီးပါး။

ဒါနဲ့အမျှ ဖျတ်ခနဲ အသိဝင်လာပုံက လက်စသပ်တော့ သူ။

သူဆိုတာက တခြားမဟုတ်။ လျှောင်စိန့်ရဲ့ ဂျပ်ဝိုင်းမှာ မကြာခဏ ဆုံတတ်လို့ မျက်မှန်းတန်းခဲ့ရတဲ့ ကိုကျောက်ခဲပေပဲ။

တစ်ခါက ကိုကျောက်ခဲကို ငွေငါးဆယ် ပေးခဲ့မိတာပဲ အမှန်။

ဒီနောက် ဘာကြာလိုက်မှာလဲ။ ကိုကျောက်ခဲတစ်ယောက် ဈေးထိပ် မှာ ကားတိုက်ခံရပြီး သေသွားရတာလေ။

တချို့က တမင်တကာ အတိုက်ခံခဲ့တာတဲ့။

အို ဘာပဲဖြစ်ဖြစ် ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် ဆက်ကြုံ လာရတဲ့ အဖြစ်တွေက မယုံနိုင်စရာ အံ့ဩစရာတွေချည်း။

အဲဒီမနက်က သူ ဈေးထဲသွား၊ မုန့်ဟင်းခါး အကြွေးစား၊ လက် ဖက်ရည်သောက်ပြီး ကြောင်ဝါအတွက် ရက်လွန်ငါးသဲချိတ်တစ်ဆယ်သား ဝယ်ခဲ့တာက ပြန်အလာ။

ဈေးထိပ် ပလက်ဖောင်းတစ်နေရာအရောက် လေပြင်းတစ်ချက် ဆော့လိုက်ရာမှ ပလတ်စတစ် အထုပ်လေးတစ်ထုပ် သူ့ခြေသလုံးနား လာကျလို့ ကြည့်လိုက်တော့ အထဲမှာ ငါးရာတန်လေးတစ်ရွက်၊ အသစ် စက်စက် ငါးရာတန်လေး။

ဈေးဝယ်တစ်ယောက် ကျကျန်ခဲ့တာ ထင်ပါရဲ့။

သေချာတာကတော့ အိပ်မက်အတိုင်း ဖြစ်လာတာပါ။

ဒီထက်ထူးဆန်းပုံက အဲဒီငါးရာတန်ကိုရင်းပြီး ဒေါ်တုတ်ဖေတို့ ဝိုင်းသွားထိုင်လိုက်ရာက ညဝက်မကျိုးခင် ဝိုင်းလုံးကျွတ်နိုင်လို့သုံးသောင်း လောက် ပိုက်ပြန်ခဲ့ရတာပါပဲ။

*

www.burmeseclassic.com



နောက်တစ်နေ့ညနေ လျှောင်စိန်ရဲ့ တိတ်တိတ်ပုန်းဂျင်ဝိုင်းမှာ မိုးဇော်တို့ ရွှေလက်ထိ ဘုရင်ကြီးကိုဖြစ်လို့။ ကြက်ဆိုကြက်၊ ဝက်ဆိုဝက်၊ ငါးရှဉ့်ဆို ငါးရှဉ့်။

ကစားဖော် ကစားဖက်တွေသာမက လျှောင်စိန်ကိုယ်တိုင်လဲ ဖျား။

"ကိုယ့်လူ တယ်ဟုတ်နေပါလား"

"ဟုတ်ရမှာပေါ့၊ ကံထလာပြီလေ၊ ဒီတော့ ကုန်ခဲ့သမျှ ဆတိုးနဲ့ စားမယ်၊ ဝါးမယ်လေဗျာ ကဲ ဟောဒီမှာ ကြက်တိန်ညင်လေး၊ ရော်လိုက်ပါဦး"

မိုးဇော်က ကြိုးတောင်မထိုး။ ဖြောင်ချည်းပဲထိုးခဲ့တာပါ။

လောင်းကစားလောက၊ လောင်းကစားသမားဘဝဆိုတာက ဒီနေ့ခွေး၊ နက်ဖြန်သူ့ခွေး၊ ကြွေတစ်လက် ကြက်တစ်ခုန်ဆိုတဲ့အတိုင်း ထိုတစ်ရက်တည်း မိုးဇော် သိန်းချီရလိုက်တယ် ဆိုပါတော့။

နောက်ရက်တွေမှာလဲ ထို့ထက်မက သိန်းပေါ်သိန်းထပ်လို့။

နေ့ချင်းညချင်း ရက်ပိုင်းအတွင်း ရွှေနှင့်ငွေနှင့် ပြိုးပြိုးပြောင်ပြောင် ထိုးထိုးထောင်ထောင်လေး ဖြစ်လာပါပြီ။

သူ့အဖို့ ရှုံးမွဲမရှိ၊ သရေမပါ။ နိုင်ပွဲဆက် သရဖူဆောင်းခဲ့ခြင်းသာ ရှိခဲ့တာပါ။

ဒါနဲ့အမျှ ကြောင်ဝါကြီးကို လာဘ်ကောင်ကြီးအဖြစ် ယုယမြတ်နိုး တန်ဖိုးထားကာ ပြုစုစောင့်ရှောက်ခဲ့တယ်။

နွားနို့၊ ပုစွန်ခြောက်၊ သားငါး လိုလေသေးမရှိ ရှယ်ကျွေးခဲ့တယ်လေ။

ရွှေဝါလို့ခေါ်ပြီး အိပ်ဖို့အတွက် ကလေးမွေ့ရာလေးပင် ဝယ်ပေးခဲ့တယ်ပေါ့။

သူက ရွှေဝါကို သူ့ချစ်ရဲဘော် အဖော်မွန်အဖြစ် မြှောက်စားခဲ့သလို တလေးတစားနဲ့ တိုင်ပင်တာ၊ စကားပြောတာတွေလဲ လုပ်ပါရဲ့။ ဟုတ်ပါတယ်။



အဖော်မရှိတဲ့ သူ့ဘဝမှာ ရွှေဝါဟာ တကယ့်အဖော်ကြီးပါပဲ။ သူ ဘာပြောပြော သူပြောသမျှကို ငြိမ်ပြီးနားရွက်စွင့်ထားတတ်တယ်။

တစ်နေ့တခြား သူ့အပေါ် သံယောဇဉ်ကြီးလာတာနဲ့အမျှ သူ အပြင်ထွက်တော့မယ်ဆိုရင် အားငယ်တဲ့မျက်လုံးရွဲကြီးနှင့် စိုက်ကြည့်ထားလေ့ရှိပြီး တညောင်ညောင်နှင့် နှုတ်ဆက်နေကျ။

ဒီကြားထဲကပဲ ရွှေဝါဟာ တသွေးတမွေးနဲ့ ဝဖီးလာတယ်။ ဖီးဆို အစားကောင်း အနေကောင်းတွေ ရခဲ့ရတာကိုး။ အခုဆို မိုးဇော်ဟာ ဂိုဒေါင်ထပ်ခိုးကျဉ်းကလေးပေါ်ကနေ လမ်းထဲက တိုက်ခံအိမ်ကို ပြောင်းနေခဲ့ပြီလေ။

တီဗီနဲ့၊ ဆိုဖာနဲ့၊ ရေခဲသေတ္တာနဲ့။

မိုးဇော်တစ်ယောက် ကားပြန်မစီးသေးပေမယ့် ဟွန်ဒါတဘုတ်ဘုတ်နဲ့။ ဟင်န်းဖုန်းတွေ ဘာတွေနဲ့။

ငွေ သိန်းရာဂဏန်းလောက် လက်ကိုင်ရှိနေတဲ့ အနေအထား။

ဂျင်လောကမှာ မိုးဇော်ဆိုရင် ဖျား။

အထူးသဖြင့် အနယ်ခံဖြစ်တဲ့ ကြက်နဲ့ ငါးရှဉ့်ကို မိုးဇော် အောပြီဆိုရင် နောက်က လိုက်ထိုးကြတာနဲ့ ဒိုင်အမြှတ်။

ဒီလိုနဲ့ ဂျင်မင်းသားလေး မိုးဇော် မိုးဇော်လို့တောင် တိုင်းပြည်က မျှော် အဲ အဲ ဂျင်လောကက ခေါ်ခဲ့ရတဲ့အဆင့်။

"ကေန္တတော့ မိုးဇော်တို့မှာ တစ်ခုကောင်းတော့ ရှိနေပြီထင်ပ"

"ဘိုးတော်တွေ၊ မယ်တော်တွေ တွေ့ထားရင်လဲ တို့ အားကိုးပရစေကွာ"

"အဆောင်လေးဘာလေးရှိရင် ပြောစမ်းပါ၊ ဈေးမဆစ်ပါဘူး၊ ဘယ်နှစ်သိန်းပဲဖြစ်ဖြစ်"

ဝိုင်းကျပ်သမျှ မိုးဇော်ကတော့ ဖိုက်ဖိုက်ဖိုက်ခဲလျက်သား ပြုံးလို့သာနေခဲ့မိရဲ့။

သူ့မှာ ရွှေဝါရှိနေတဲ့အကြောင်း ဘယ်သူ့ကိုမှ ဖွင့်မပြော။ ယောင်လို့မှ မဟ။ ယုတ်စွအဆုံး လူသိကုန်မှာစိုးလို့ သူ့အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်ဆောင် ခေါ်မလာ။ ရွှေဝါဆိုတာ သူ့ရဲ့ အထူးထိပ်တန်း လျှို့ဝှက်ချက် မဟုတ်လား။

ဒါပေမယ့်

*

ဒါပေမယ့် လူဆိုတာက ဖောက်ပြန်တတ်တဲ့ သတ္တဝါ။ ငွေဆို တာကတော့ လူကို ဖောက်ပြန်စေတဲ့ ကြားခံကြီယာတစ်မျိုး၊ မိုးဇော်ဆိုတဲ့ကောင်ရော ဘာအားနဲ့ထုထားတာမို့တုန်း။

'မွဲ'နေတုန်းက 'ကုပ်'နေပေမယ့် 'ဖော'လာပြီဆိုတော့လဲ 'ဆောင်'ချင်လာတာ သဘာဝ။

ဘဝင်က မိုးထက်မြင့်ပြီး ခြေထောက်နှင့်မြေကြီး လွတ်ချင်ချင်။ ကျော်နီလမ်းလျှောက်တင်မက ဈေးကြီးလှပါတယ်ဆိုတဲ့ ဒင်ပဲလ်တို့ ရှိုင်ရယ်ဆလုတို့အထိ တက်ကိုင်လာတယ်။

ဘယ်ဟိုတယ်က ပိုကောင်းသလဲ၊ ဘယ်နိုက်ကလပ်မှာ ဘာရှိသလဲဆိုတာတွေသာ ဦးစားပေး စဉ်းစားလာမိပါရော။

အထူးသဖြင့် ငွေယားလေးတွေ လက်ကိုင်ရှိလာသူတို့ထုံးစံ မြာချင်လာတာပေါ့။ သူ့ဗွန်ဒါနောက်မှာ တစ်နေ့တစ်ယောက်ဆိုသလို ရောင်စုံမကလေးတွေ ပါလာတတ်ပါပြီ။

ဒီအထဲကမှ ချို(ခေါ်) အိဇာဆိုတဲ့ မိန်းမချောလေး။

မိုးဇော်အသည်းကို ကိုင်လှုပ်ရုံမက အရည်ပျော်အောင် ကြွေစေခဲ့တယ်ပေါ့။

ကြွေရအောင်လဲ ဇွေ့ဖူးသမျှထဲမှာ အလှဆုံး၊ အနွဲ့ဆုံး၊ အချွဲတတ်ဆုံး။

အသက်ကလဲ ၂၀ ဝန်းကျင်ရယ်။

ဖြူဝင်းတဲ့အသား၊ လှိုင်းတွန့်ကေသာ၊ ကော့ညွတ်မျက်တောင်၊ ရွှန်းလဲ့မျက်ဝန်းစြာ၊ ပန်းပွင့်နှုတ်ခမ်း၊ ပါးချိုင့်ပြုံးလေးတစ်စုံ၊ ဆင်စွယ်ပန်းပုကိုယ်လုံး၊ ကဲ့ ဘာတစ်ခုမှ ပစ်ရက်စရာမရှိ။



ဒီကြားထဲက ဂီတဆန်ဆန် အပြောစကားလေးတွေနှင့် မာယာနှောင်ကြိုးလေးတွေ ပေါင်းလိုက်တော့ မိုးဇော်တစ်ယောက် မင့်ကူအိမ်ထဲက ခြင်လေးတစ်ကောင်ဘဝ။ တစ်နည်း ရူးသွပ်မူးဝေနေရပါပြီ။

နှစ်ရက်လား တည်းခိုခန်းမှာ အတူနေလိုက်ရတဲ့နောက် အိဇာရဲ့ ခြေတော်ရင်း ဝပ်ဆင်းလျက်သား။ မှန်ပ မဖုရား ဖြစ်သွားရပါလေရော လား။

ဒီလိုနဲ့ မချိုအိဇာက အိမ်လိုက်လည်ချင်တယ်ဆိုတော့ နှစ်ခွန်းမပြောလိုက်ရ။ ဒါတင်ဘယ်ကပါ့မလဲ။ သူ ဂျဝ်မင်းသားအဖြစ် အောင့်မွဲခံအနိုင်ရတဲ့ အဆောင်လက်ဖွဲ့ကို ပြမယ်လို့တောင် ကတိအဆစ်ပေးလို့ မိတ်ခေါ်ခဲ့မိတဲ့အဖြစ်။

ဟွန်ဒါလေးနှင့် မိုးဇော်ရဲ့အိမ်ကို သန်းခေါင်ယံအချိန်မှာ ရောက်သွားတော့ ဧည့်ခန်းရဲ့ ခေတ်မီလှပတဲ့ အဆောင်အယောင်တွေက အိဇာကို ပီတိဖြစ်ပြီး ပျော်သွားစေတာ တကယ်။

ဒါပေမယ့် ဆိုဖာပေါ်ခွေနေရာက အိဇာကိုမြင်လိုက်တဲ့ ရွှေဝါကြီးကတော့ ခွီးခန် မာန်ဖီပြီး ထလာပါရော။

ရွှေဝါကိုမြင်လိုက်တဲ့ အိဇာလဲ အလန့်တကြားနှင့် ထအော်မိတဲ့အထိ။

"ကိုဇော် ကိုဇော် လုပ်ပါဦး၊ ကိုဇော့်ကြောင်က ကြောက်စရာကြီး၊ ချို့ကို ရန်မူမယ်ထင်တယ်"

"မဟုတ်ပါဘူး ချိုရယ်၊ ဖြုန်းခနဲ မျက်နှာစိမ်းနေလို့ သူလဲ လန့်သွားတာ ဖြစ်ပါလိမ့်မယ်"

"အို... ချိုကြောက်တယ်၊ ကိုဇော့်ကြောင်က မရိုးဘူး၊ မကောင်းဆိုးဝါးဆန်တဲ့ ကြောင်စုန်းကြီး၊ ချို ဒီမှာမနေရဲတော့ဘူး၊ ချိုပြန်မယ် ချို့ကိုပြန်ပို့"

"ဟာကွာ ချိုကလဲ၊ ကိုဇော်တစ်ယောက်လုံး ရှိနေသားပဲဟာ၊ ဘာမှ ကြောက်စရာမရှိပါဘူး၊ ရွှေဝါကြီးကလဲ လိမ္မာပါတယ်ကွာ မိမိမိ"

မိုးဇော်တစ်ယောက် အိဇာနှင့် ရွှေဝါကြားမှာ ဗျာများသွားရပါတော့

www.burmeseclassic.com

www.burmeseclassic.com



တယ်။

အိစာကတော့ ဆွေးပျက်ချောက်ချားနေလျက်က ငိုတောင်ငိုနေပါပြီ။

ရွှေဝါကြီးကလဲ ဒေါထနေသလို မျက်လုံးတွေ မီးဝင်းဝင်းတောက်လို့၊ သူတို့ကို စူးစူးဝါးဝါး စားမတတ် ဝါးမတတ် ကြည့်နေတာကိုး။

မိုးဇော် အိစာကို ပခုံးနှစ်ဖက်ကိုင် ချော့မိတယ်ပေါ့။

"ချိုရယ် မငိုပါနဲ့ တိတ်ပါ၊ ချို ငိုတော့ ကိုဇော် ဘာလုပ်ရမှန်းမသိတော့ဘူး"

"ဘာလုပ်ရမှာလဲ၊ ဒီကြောင်ကြီးရှိနေရင် ချို နေရဲမှာမဟုတ်ဘူးသွား ကိုဇော့်ကြောင်ကြီးကို တစ်နေရာရာ သွားပစ်လိုက်၊ မပစ်ရင်တော့ ချို ပြန်မယ်"

အိစာက ရှန်းထပြီး တံခါးဝကို တာစူလိုက်ပါတယ်။

မိုးဇော် မွန်ထူသွားရာက ဘာမှမစဉ်းစားနိုင်တော့ဘူး၊ ရုတ်တရက်ဆင်ခြင်ဉာဏ်လွတ်သွားသလို ဆိုဖာပေါ်က ကြောင်ကြီးရွှေဝါနား ဖျတ်ခနဲ ကပ်သွားတော့တာပဲ။

ပြီးတော့ ကုပ်ကနေ မိမိရရ ဖမ်းကိုင်လိုက်ရာက–

"ကဲ ချို ဘယ်မှမသွားနဲ့၊ ကိုပြန်လာတဲ့အထိစောင့်နေ၊ ခုချက်ချင်း ပြန်လာမယ်"

ကမန်းကတမ်းမှာခဲ့ပြီး ဖွင့်ထားတဲ့ တံခါးက ပြေးထွက်ခဲ့တယ်။

ရွှေဝါကြီးဟာ လည်မျိုကို အပိုင်ဆုပ်ဖမ်းခံထားရာက မလှုပ်သာမရုန်းသာ ငြိမ်လျက်သားလေး တွဲလောင်းပါလာပေမယ့် အသားတွေဆတ်ဆတ်တုန်လို့။

မိုးဇော် လူသူကင်းမဲ့နေတဲ့ သန်းခေါင်ယံလမ်းကို ကြောင်တန်းလန်းဆွဲပြီး တရကြမ်း တစ်ဟုန်ထိုး ဖြတ်ပြေးခဲ့တယ်။

သူပြေးတဲ့နေရာကို သူသိတယ်။

လမ်းထိပ်က တူးမြောင်းကြီးရှိရာကိုပေါ့။

ခဏအတွင်းပဲ သူ တူးမြောင်းတံတားပေါ် ရောက်သွားတယ်။



နောက် ဘာမပြောညာမပြော ကြောင်ကြီးရွှေဝါကို တူးမြောင်းထဲပစ်ထည့်လိုက်တော့တာပါပဲ။

*

လွန်ပြီးမှ မှားမှန်းသိကြစမြဲ။

နောင်တဆိုတာလဲ စောစောမလာတတ်ဘူးလေ။

အဲဒီညက အိစာနှင့် ပြန်တွေ့ရပေမယ့် မိုးဇော် မပျော်နိုင်တော့ပါ။

သူဟာ မပြစ်မှားသင့်သူအပေါ်မှာ မလုပ်သင့်တဲ့အလုပ် ကျူးလွန်မိပါရောလားဆိုတဲ့အသိနဲ့အတူ တန်ပြန်ဒဏ်ခံရတော့မှာ ကြောက်တဲ့စိတ်တွေ ဖိစီးနေခဲ့ရပြီး ရင်လေးနေရပါတော့တယ်။

"ဘယ်လိုဖြစ်သွားရတာလဲ ကိုဇော်၊ ထမင်းခုနစ်လ မစားရတဲ့ရုပ်မျိုးနဲ့ ညှိုးကျသွားလိုက်တာ"

"ကို မှားသွားပြီ ချို၊ ရွှေဝါဟာ ကိုယ့်ကျေးဇူးရှင်၊ ကိုယ့်ရဲ့အဆောင်၊ လာဘ်ကောင်ကွ၊ ကိုတော့ တစ်ခုခုဖြစ်တော့မယ်"

မိုးဇော် ရွှေဝါနဲ့စတွေ့ရပုံကအစ ကံထလာတဲ့အကြောင်းတွေ ပြောပြလိုက်တယ်။

"အဓိပ္ပာယ်မရှိတာတွေ ကိုဇော်ရယ်၊ ဒီလောက်လဲ အယူသီးပြီး အစွဲသန်မနေစမ်းပါနဲ့၊ ကြောင်ဟာကြောင်ပေါ့၊ အမှန်စင်စစ် ကိုဇော့်ကြောင်ဟာ လာဘ်ကောင်မဟုတ်ပါဘူး၊ မကောင်းဆိုးဝါး၊ သူမရှိတော့ ဘာဖြစ်ဦးမှာလဲ၊ ပိုတောင်ကောင်းဦးမယ်၊ မယုံရင် မနက်ဖြန်ည စမ်းကြည့်"

ကြည့်လိုက်သလေ။

နောက်တစ်နေ့ည ပိုတယ်ကြီးတစ်ခုရဲ့ နာမည်ကျော်ဝိုင်းမှာ မိုးဇော် ရှုံးလိုက်တာမှ ဝက်ဝက်ကွဲ။

နောက်နေ့ နောက်နေ့တွေကျတော့ကော အခြေအနေကနာလန်မထူနိုင်။ ပိုတောင်ဆိုးသေး။ ရှုံးလေမဲလေ၊ မဲလေရှုံးလေ။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်သမားဘဝကို ဖဲသမားထက် ကြောက်စရာကောင်းပြီး အတက်အကျ မြန်သလားမမေးနဲ့။

တစ်ပတ်အတွင်း ညစဉ် သိန်းတွေဆယ်ဂဏန်းချီရှုံးတဲ့နောက် ဘာကျန်ဦးတော့မှာလဲ။ ဒီအတွင်းမှာ ဝိုင်းကို သက်ဆိုင်ရာက ဝင်ဖမ်းတာ အမိခံလိုက်ရသေး။ လူလွတ်ရှန်းခဲ့လို့ ကံကောင်း။

လက်စွပ်တွေ၊ နာရီတွေ၊ ဟွန်ဒါတွေ၊ တီဗွီတွေ ကုန်ပြီဆိုတော့လည်း အိဇာလဲ အနားမသီတော့။

မိုက်နောင်တကို ရင်မှာပိုက်ပြီး မှိုင်တွေချခဲ့ရသူကတော့ မိုးဇော်သူ ဘာဆက်လုပ်ရပါ့။

သူ့ကို ဘယ်သူလာကယ်ဦးမှာပါလိမ့်။

ရေဆဲဝစ်ချလိုက်ရုံနှင့် ရွှေဝါ သေချင်မှ သေဦးမယ်ဆိုတာပါပဲ။

ပြီးတော့ ကြောင်ဆိုတာ ကိုးဘဝရှိတယ် ဆိုသမှတ်လား။ ကြောင်ဆိုတာ အသက်ပြင်းတယ်၊ လျင်တယ်။ ဒီတော့ ရေကူးပြီး အသက်ရှင်လွတ်မြောက်နိုင်သေးတယ်လေ။

တစ်ည တူးမြောင်းစပ်ကို သူ ရောက်သွားတယ်။

ရွှေဝါကို တွေ့လိုတွေ့ငြား ရှာမိတာပါ။

ဒါပေမယ့် တသွင်သွင်စီးနေတဲ့ မြောင်းရေတွေကလွဲလို့ ရွှေဝါကြီးရဲ့ အရိပ်အယောင် အစအနလေးတောင် မတွေ့။

သူစိတ်ဓာတ်ကျသွားပြီး အဲဒီညက ဖျားတောင်ဖျားရဲ့။

ပြီးတော့ အိပ်မက်ဆိုးတွေ အဆက်မပြတ် ညတိုင်းမက်တာပဲ။ မက်လိုက်တိုင်း ကိုကျောက်ခဲ မျက်နှာနှင့် ကြောင်ကြီးရွှေဝါက ဖြိုးဖြိုးဖြိုးသွားအဖြစ်သား။ စင်စစ်တော့ တခွီးခွီးအသံကြီးနှင့် မာန်ဖီနေတဲ့အဖြစ်။

သူ့အိပ်မက်က လန့်နိုးတော့ မီးညောင်မီးညောင်ဆိုတဲ့ အသံတွေကြားလိုက်ရသလိုလို။

"ရွှေဝါကြီးရယ် ငါ့ကို ခွင့်လွှတ်ပါကွာ၊ ငါ တောင်းပန်ပါတယ်"

သူ တောင်းပန်မှုကို ရွှေဝါကြီး နားလည်လိမ့်မယ်အထင်၊ ခွင့်လွှတ်လိမ့်မယ် မျှော်လင့်ချက်ဖြင့် ဝိုင်းတွေထဲ ဝင်မိပြန်ရော။



ဒါပေမယ့် အစလောက်သာနိုင်ပြီး အဆုံးကျတော့ ရှုံးနေကျ ရှုံးရတာပါပဲ။

*

မိုးဇော် လမ်းဘေးပြန်ရောက်ရသလို လူလဲ ပိန်ချုံးဖုန်းဖုန်းကျခဲ့ရပါပြီ။

စိတ်ဓာတ်တွေကကျ၊ အိပ်ရေးတွေကပျက်၊ ကျန်းမာရေး ထိခိုက်ခဲ့ရတာပဲ ဆိုပါတော့။

ဒီလိုနဲ့ တစ်ည ထူးထူးဆန်းဆန်း စဖြစ်လာပုံက အိမ်အပြန်လမ်း ပန်းခြံတစ်ခုကိုဖြတ်ရင်းက ကြောင်သံကြားလိုက်ရခြင်း။

ဟာ ရွှေဝါမှ ရွှေဝါအစစ်၊ သူက သွေးရူးသွေးတန်းနှင့် လိုက်ရှာရင်း နောက်ဆုံး မြက်ခင်းတွေကြား လေးဖက်တွားပြီး ချုံတိုးနေတဲ့အဖြစ်။

ဒီထက်ဆိုးတာက သူ့ပါးစပ်က ကြောင်ခေါ်သံပေးရင်းက ကြောင်တစ်ကောင်လို အော်နေမိခြင်း။

မီးညောင် မီးညောင်။

သတိရလိုက်ရာမှ သူ ကုန်းရုန်းထမိတယ်လေ။ ဒါပေမယ့် မြက်ခင်းတွေက ဆွဲထားသလို ဖြုန်းခနဲထလို့မရဘဲ လေးဖက်ပြေးနေမိလျက်သား။

နောက်ဆုံးကျမှ အရှိန်ရပြီး မတ်တပ်ထနိုင်သလို အိမ်အရောက် မနားတမ်း ပြန်ပြေးခဲ့မိတာ ဆိုပါတော့။

အိမ်ရောက်တော့ အမောဆို့ပြီး အိပ်ရာပေါ် တုံးခနဲ လဲကျသွားရတာကလား။

နောက်တစ်နေ့ ညမိုးချုပ်တဲ့အထိ အိပ်ရာထဲ ခွေနေမိတဲ့ မိုးဇော်။

တစ်ကိုယ်လုံး ပူခြစ်ပြီး ခြေတွေလက်တွေ ယားနေမိရဲ့။

ရေချိုးဖို့လဲ သတိမရ။

အိပ်ရာကထပြီး မှန်ရှေ့သွားရပ်ကြည့်မိတဲ့အခါ ဘုရားဘုရား သူ့ မျက်နှာက အသားဝါစွဲနေသလို ဝါထိန်နေပါပေါ့လား။

လက်တွေကြည့်လိုက်တော့လည်း ဟာ ပကတိသူ့လက်သည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တိုဝင်နေပြီး ကြောင်လက်သည်းတွေလို ချွန်ချွန်ကောက်ကောက် လက်သည်းတွေ ထွက်နေသလို။

ငါ မျက်စိမှားမှားရော့သလား။ အိပ်မက်မက်နေတာလား။ မှန်... စမ်းကြည့်ရင်းက သတိလစ်သလို ဖြစ်သွားပြီး မှန်ပြင်ကို လက်နှစ်ဖက်... အားရပါးရ ကုပ်ခြစ်မိနေပါရော။

နောက် အဝတ်အစားလဲမယ်ဆိုပြီး ဗီရိုကိုဖွင့်လိုက်မိရာက စိတ်... ဖောက်သွားသလို ဗီရိုထဲက အဝတ်အစားတွေကို လက်နှင့်ယက်ထုတ်မိ... ပါပေါ့။ မဖြစ်သေးပါဘူး။ ငါတော့ အဖျားကြီးတာနဲ့ ငန်းဖမ်းနေ... ထင်ပါရဲ့။

ထမင်းစားခန်းထဲ ဝင်ပြေးတယ်၊ ကြောင်အိမ်ပေါ်က လက်ကျ... ဘာရန်ဒီပုလင်းလေးကို လှမ်းယူလိုက်တယ်။

ကတုန်ကယင်နဲ့မို့ ပုလင်းက လွတ်ကျသွားတယ်။ ကြမ်းခင်းပေါ်... ကျလို့ ကွဲတော့မကွဲဘူး။

သူ ကုန်းကောက်ရင်းက ကြောင်တစ်ကောင်လို ရှေ့လက်နှစ်ဖက်... ယက် ကစားနေတာ ပြန်သိလိုက်ရပြန်တယ်။ သူ အရက်ပုလင်းကိုဖွင့်ပြီး... အငမ်းမရ မော့သောက်လိုက်တယ်။

အပူပေါ် အပူဆင့်လိုက်လို့လားမသိဘူး။ ရင်ထဲက အဖျားအ... သက်သာသွားတယ်။ ဒါပေမယ့် ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ မောနေဆဲ။

ဖျတ်ခနဲ မီးပြတ်သွားတယ်။

သူ ကြောက်သွားတယ်။ ဘာလုပ်ရမှန်း မသိဘူး။

တစ်ခုဆန်းတာက မှောင်ကြီးမည်းကြီးထဲမှာ မြင်ကွင်းကို အရှင်း... အထင်းသား မြင်နေရတာပဲ။

အမှောင်ကို အခွင့်ကောင်းယူပြီး ကြွက်တစ်ကောင်က ကြောင်... ပေါ်က စားပွဲပေါ် ခုန်ကူးလိုက်တာ တန်းမြင်လိုက်တယ်။

ဘာ ဘယ်လိုဖြစ်သွားတယ်မသိဘူး။

သူတစ်ကိုယ်လုံး လေထဲမြောက်တက်သွားရာက ကြွက်ကို ... အုပ်မိလျက်သား။



နောက် တကျွိကျွိနဲ့ မသေမရှင်ဖြစ်နေတဲ့ကြွက်ကို သူ အစိမ်းလိုက် ကိုက်စားလိုက်မိတယ်။ ဒီတုန်းမှာပဲ မီးပြန်လင်းလာတယ်။

ဒီတော့ သူ့လက်ထဲ ကြွက်သေကြီး တန်းလန်းကိုင်ထားတာတွေ့ပြီး ရွံရှာရှာနဲ့ လန့်ပြီး လွှင့်ပစ်လိုက်မိတယ်။

သူ လူစိတ်ပြန်ပေါက်လာတယ်ဆိုရမှာပဲ။ မတ်တပ်ထပြီး ရေချိုးခန်းဆီကို ဒယီးဒယိုင်နဲ့ လျှောက်လာမိတယ်။

ဆိုဖာပေါ် ကိုယ်ပစ်လက်ပစ် ပစ်ထိုင်ပြီး အမောဖြေနေလိုက်မိတယ်။

ငါ ဘာတွေဖြစ်နေတာလဲ။ ကယောင်ကတမ်းတွေနဲ့ ရူးများရူးသွားပလား။

တွေးရင်းက သူ့လက်တွေကို အမှတ်တမဲ့ ကြည့်လိုက်တဲ့အခါမတော့–

“အမလေး” ထအော်မိမတတ်။

သူ့လက်ခုံတွေပေါ်မှာ အဝါရောင် အမွေးနုနုလေးတွေ ပေါက်နေပါကလား။

ဒါတင်မက သူ့မှာရှိတဲ့ ပကတိ လက်သည်းတွေပျောက်ပြီး ကြောင်လက်သည်းတွေဖြစ်နေတာ အသေအချာ တွေ့လိုက်ရပါတော့တယ်။

သို့ပေမယ့် စိတ်ထင်တာလား၊ တကယ်လား၊ သူ ဝေခွဲမရ။ အတိအကျ မဆုံးဖြတ်နိုင်။

ဒီအချိန်မှာပဲ သူ့နားထဲသို့ ဟိုအဝေးကြီးဆီက ကြောင်အော်သံ တိုးဝင်လာသယောင်ယောင်။

“မီးညှောင် မီးညှောင်”

“ရွှေဝါ ငါ့အဖြစ်ဆိုးကို ရွှေဝါကြီးမှပဲ ကယ်နိုင်တော့မှာပဲ”

ဒီအသိနဲ့ မိုးဇော် အိမ်ပြင်ကို ဒရောသောပါး ပြေးထွက်လာခဲ့တယ်။

လူသူကင်းမဲ့နေတဲ့ လမ်းပေါ်မှာ သူတစ်ယောက်တည်း အိပ်မက်ယောင်ပြီး ထလျှောက်နေတဲ့လူလို သုတ်ခြေတင်နေခဲ့တော့ပါ။

ဒီနောက်တော့ ဈေးမြောင်းစပ်ကို ရောက်ခဲ့ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူရောက်ချိန်မှာ ဘာအသံမှ မကြားတော့ပါဘူး။

တူးမြောင်းထဲက ရေတွေကလဲ ပကတိ ငြိမ်သက်နေလေရဲ့။

သူ ငြိမ်သက်နေတဲ့ ရေပြင်ကို လှမ်းကြည့်လိုက်တယ်။ ဘာမှမမြင်ရဘူး။

ဒါပေမယ့် ရွှေဝါကြီး ဒီနေရာမှာ ရှိနေမယ်လို့ သူ အတပ်သိနေသလိုပဲ။

မဖြစ်ဘူး။ ရွှေဝါကြီးကို ကိုယ်တိုင်တွေ့ပြီး တောင်းပန်မှ ငါ့ဒီငရဲဝင့်ကြွေးက လွတ်တော့မှာပဲ။

မိုးဇော် ရေညှိတွေတက်နေတဲ့ တူးမြောင်းနံရံကို တုံတုံချိချိနဲ့ ကုပ်ကပ်တွယ်ဆင်းခဲ့ရာက ရေထဲရောက်သွားတယ်။

ပြီးတော့ ရေလယ်ကို တိုးဝင်သွားတယ်။

တူးမြောင်းတစ်လျှောက် ဒူးဆစ်လောက်နက်တဲ့ ရေထဲမှာ ကြောင်ကြီးရွှေဝါကို လိုက်ရှာနေမိတယ်။ ပါးစပ်ကလည်း–

"ရွှေဝါ၊ ရွှေဝါရေ မီမီ မီမီ" လို့ ခေါ်ရင်းနဲ့–

"ဟောဟိုမှာ ရွှေဝါတွေ့ပြီ"

သူ့ရှေ့ တစ်ကိုက်လောက်အကွာမှာ ကြောင်ဝါကြီးကို သူ လှမ်းမြင်လိုက်ပါတယ်။

ဒါပေမယ့် သူ့လက်နှစ်ဖက်က သူ့ကိုယ်သူသာ ပိုက်လျက်သား မိလိုက်ရပါတယ်။


ဒီနောက်တော့ ရောမ ကြောင်ကြီးရွှေဝါဟာ ငြိမ်သက်နေတဲ့ မှန်ရေပြင်ထဲက ခွီး ဆို ဘွားခနဲ ဖောက်ထွက်လာရာက မိုးဇော်ကို ရှေ့လက်နှစ်ဖက်နှင့် ဖမ်းချုပ်၊ ဆွဲညှပ်ပြီး ရေထဲဆွဲနှစ်လိုက်ပါရောလား။

"အား"

"မီးညောင်"

ညီညီနိုင်

* * *



www.burmeseclassic.com

www.burmeseclassic.com



# စုံထောက်ရန်ပိုင်နှင့် နှစ်လောင်းပြိုင်အမှု

တိုးထက်

(၁)

"အိုင်ဆေးရေ အလောင်းတွေတွေ့ရတာ မမြင်ရက် မရှုရက်စရာပါလားဗျာ"

အိုင်ပီ ဦးဒီပါက ကြမ်းပြင်ပေါ်ဝယ် လဲကျသေဆုံးလျက်ရှိသည့် အလောင်းနှစ်လောင်းကိုကြည့်ရာမှ စုံထောက်ရန်ပိုင်အား လှမ်း၍ပြောလိုက်ခြင်းဖြစ်၏။ စုံထောက်ရန်ပိုင်က 'ဂလေစီယာ' စီးကရက်ကိုခဲလျက်သားဖြင့်–

"ဟုတ်တာပေါ့ အိုင်ပီ၊ နားထင်ကို သေနတ်နဲ့ တေ့ပြုတ်ထားတဲ့ဆိုတော့ ဦးနှောက်တွေ ပြန့်ကျဲထွက်ကျပြီး သွေးအလူးလူးနဲ့ ဘယ်မှာလာပြီး ကြည့်ရက်စရာ ရှိပါတော့မလဲခင်ဗျာ"

ဟူ၍ ပြန်ပြောလိုက်လေသည်။ ထို့နောက် စုံထောက်ရန်ပိုင်က အလောင်းနှစ်လောင်း လဲကျနေသည်ကို အသေအချာ စစ်ဆေးကြည့်ရှုနေလေသည်။ သေဆုံးနေသည့် အမျိုးသားကြီး၏အလောင်းမှာ အရှေ့ဘက်သို့ခေါင်းပြုကာ၊ အမျိုးသမီးကြီး၏အလောင်းမှာ အနောက်ဘက်သို့ခေါင်းပြုကာ လဲကျသေဆုံးလျက် ရှိနေကြလေသည်။



အမျိုးသားကြီး၏အလောင်းဘေးဝယ် (၃၈) ဘို့ ခြောက်လုံးပြူးသေနတ်တစ်လက်ကို တွေ့ရှိရသည်။ စုံထောက်ရန်ပိုင်က သေနတ်ကို သက်ကိုင်ပဝါဖြင့်အုပ်၍ ကိုင်တွယ်စစ်ဆေးကြည့်ရှုနေရင်း–

"အိုင်ပီ ဒီသေနတ်က ဦးမင်းဒင် လိုင်စင်စောင်ပြီးကိုင်တဲ့ သေနတ်ဆင်ပါရဲ့ခင်ဗျာ"

ဟူ၍ ပြောလိုက်သည်တွင် အနားတွင် လက်ပိုက်ကာရပ်လျက်ရှိသော ဗဟန်းဂါတ်တဲမှ ဌာနအုပ်မှူးလေးက–

"ဟုတ်ပါတယ် ဆရာကိုရန်ပိုင်"

ဟူ၍ ဝင်ပြောလိုက်လေသည်။

သည်မနက်ပိုင်းက အင်းစိန် စီအိုင်ဒီရုံးကြီးသို့ ဗဟန်းဂါတ်တဲမှ 'မနော်မြိုင်' ခြံကြီးထဲတွင် လင်မယားနှစ်ယောက်တို့ ကိုယ့်ကိုယ်ကို သတ်၍ သေဆုံးသွားကြကြောင်း လှမ်း၍အကြောင်းကြားခဲ့သည်။ စုံထောက်မင်းကြီးက ထိုအမှုမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်နိုင်ကြောင်း ကောက်ချက်ချကာ စီအိုင်ဒီ၏ အကျော်အမော်ဖြစ်သည့် စုံထောက်ရန်ပိုင်အား အကြောင်းရင်း စုံစမ်းစစ်ဆေးရန်အတွက် တာဝန်ပေး စေလွှတ်လိုက်ခြင်းဖြစ်၏။ စုံထောက်ရန်ပိုင်၏လက်တွဲဖော် အိုင်ပီကြီး ဦးဒီပါလည်း လိုက်ပါလာခဲ့လေသည်။

'မနော်မြိုင်'အိမ်ကြီးမှာ လွန်စွာကြီးကျယ်ခန်းနားစွာဖြင့် ဆောက်လုပ်ထားသော နှစ်ဆောင်ပြိုင်အိမ်ကြီး ဖြစ်လေသည်။ 'မနော်မြိုင်'၏ပိုင်ရှင်မှာ သူဌေးကြီးဦးမင်းဒင်နှင့် ဒေါ်မြမြနွယ် လင်မယားနှစ်ယောက်တို့ဖြစ်ကြသည်။ ဦးမင်းဒင်ရော ဒေါ်မြမြနွယ်ပါ အသက် ငါးဆယ်ခန့်ရှိကြပြီဖြစ်သည်။

ဦးမင်းဒင်မှာ 'မင်းဒင်' သွင်းကုန်ထုတ်ကုန် ကုမ္ပဏီဟူသောအမည်နာမဖြင့် ဆူးလေဘုရားလမ်းမကြီးပေါ်ဝယ် ရုံးခန်းဖွင့်လှစ်ထားခဲ့လေသည်။ ယခု အခင်းဖြစ်သည့်နေရာမှာ 'မနော်မြိုင်'အိမ်ကြီးပေါ်တွင် မဟုတ်ဘဲ အိမ်ကြီး၏ နောက်ဘက်တွင် သီးသန့်ဆောက်လုပ်ထားသည့် ဘိုတဲသဖွယ် ဘန်ဂလိုလေးထဲတွင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘန်ဂလိုလေးထဲတွင် ဦးမင်းခင်၏ အိမ်သူအိမ်သားများ စုရုံးကာ ရောက်ရှိနေကြသည်။ သူတို့က စုံထောက်ရန်ပိုင်၏ လုပ်ပုံကိုင်ပုံများကို အကဲခတ်ကြည့်ရှုနေကြလေသည်။

စုံထောက်ရန်ပိုင်မှာ ဦးမင်းခင်၏အလောင်းဘေးဝယ် ဒူးထောက်၍ ထိုင်ချလိုက်ကာ အလောင်းအား ချစ်သူ၏မျက်နှာအား ကြည့်ရှုနေသကဲ့သို့ မရွှေ့မရှား စိမ်ပြေနပြေ ကြည့်ရှုလျက်ရှိနေလေသည်။ ထို့နောက် အင်္ကျီအိတ်ကပ်ထဲမှ အလွန်အားကောင်းလှသည့် မှန်ဘီလူးလေးကို ထုတ်ယူ၍ ဦးမင်းခင်၏အလောင်းအား ပိုက်စိပ်တိုက် ကြည့်ရှုလျက် ရှိနေလေသည်။ အားရအောင်ကြည့်ရှုပြီးသည်တွင် ဒေါ်မြမြနွယ်၏ အလောင်းဘေးသို့ သွားကာ ဒူးထောက်၍ ထိုင်ချလိုက်ပြန်သည်။ သူမသည် ညာဘက်သို့ တစ်စောင်းလဲကျ၍ သေဆုံးနေခြင်းဖြစ်၏။ မျက်လုံးတစ်ဖက်မှာ ပွင့်လျက်သားဖြင့် ရှိ၏။ ပါးစပ်လည်း အနည်းငယ်ဟ၍နေလေသည်။

အိုင်ပီ ဦးဒီပါက ဆေးတံကို ပါးစပ်မှ ဆွဲချွတ်ယူလိုက်ပြီးနောက်–

"အင်း ဒီလူတွေ အဖန်ငါးရာ ငါးကမ္ဘာဆိုတာကို မကြောက်ကြဘူး ထင်ပါရဲ့ဗျာ၊ ကြံကြံဖန်ဖန် လင်မယားနှစ်ယောက်စလုံး စိတ်တူကိုယ်တူ 'ဆူဆိုက်' လုပ်ရတယ်လို့ဗျာ"

ဟူ၍ စိတ်မကောင်းစွာဖြင့် ရေရွတ်လိုက်သည်တွင် စုံထောက်ရန်ပိုင်က အသာမတ်တပ်ထ၍ ရပ်လိုက်ပြီး ခေါင်းကို ရမ်းခါ၍ပြလိုက်ရာက–

"နိုး နိုး အိုင်ပီ၊ နော့ ဆူဆိုက်"

"ဘယ်လို ကိုရန်ပိုင်ရဲ့"

"ဦးမင်းခင်တို့လင်မယား ကိုယ့်ကိုယ်ကို ခြောက်လုံးပြူးနဲ့ပစ်ပြီး သတ်သေသွားတာ မဟုတ်ဘူးခင်ဗျ၊ သူတို့ဟာ တစ်စုံတစ်ယောက်ရဲ့ လုပ်ကြံခြင်းကို ခံလိုက်ကြရတာပါ"

"ဟင်"

"ဟာ"

"အလို ဘယ့်နှယ် ..."

ဦးမင်းခင်၏ အိမ်သူအိမ်သားများထံမှ အာမေဍိတ်သံများ ထွက်ပေါ်လာကြလေသည်။ အိမ်သူအိမ်သားဟုဆိုသော်လည်း ဦးမင်းခင်တို့မှာ သားသမီးထွန်းကားခြင်း မရှိခဲ့ပါချေ။

ထို့ကြောင့် ဦးမင်းခင်ဘက်မှတော်စပ်သည့် တူတော်မောင်တစ်ယောက်နှင့် ဒေါ်မြမြနွယ်၏ အဒေါ်ဝမ်းကွဲတော်စပ်သည့် အသက်ခြောက်ဆယ်ကျော်အဘွားကြီး တစ်ယောက်တို့ကို ခေါ်ဆောင်ထားခဲ့ကြလေသည်။ ကျန်သောသူများမှာ မာလီနှင့် ထမင်းချက်တို့ဖြစ်ကြလေသည်။

ဦးမင်းခင်၏တူမှာ အသက်သုံးဆယ်ခန့်ရှိကာ အသားဖြူဖြူ ရုပ်ဖြောင့်ဖြောင့်နှင့် ဖြစ်သည်။ သူ၏နာမည်က ခင်မင်းမောင်ဟု ခေါ်သည်။ ရန်ကုန်ယူနီဗာစတီမှ ဘွဲ့ရရှိပြီး ဦးမင်းခင်၏ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ပေးနေသူ ဖြစ်လေသည်။

စုံထောက်ရန်ပိုင်က စီးကရက်ကို ပါးလျသည့်နှုတ်ခမ်းတွင်တေ့ကာ မီးခြစ်ကို ထောက်ခနဲ ခြစ်၍ မီးညှိလိုက်ပြီးနောက်–

"လူသတ်သမားဟာ အတော်ဉာဏ်များတယ် အိုင်ပီရဲ့၊ သူက ဦးမင်းခင်တို့လင်မယားကို သတ်သေသွားကြတဲ့ပုံစံမျိုး လုပ်ထားခဲ့တာ၊ ဒါပေမဲ့ ဦးရယ် ဦးမင်းခင်နဲ့ ဒေါ်မြမြနွယ်တို့ဟာ ကိုယ့်ကိုယ်ကို သတ်သေခဲ့ရိုးမှန်တယ်ဆိုရင် အခုလိုမျိုးပုံစံကြီး လဲကျဖို့မရှိဘူးခင်ဗျ ... ၊ အားချင်းယှဉ်ရက်သား၊ ခေါင်းချင်းဆိုင်ရက်သားပဲ ရှိရမယ်လေ၊ အခုဟာက အလောင်းတွေကို ရွှေ့ထားခဲ့တာပဲ၊ ကျွန်တော် နှစ်လောင်းပြိုင်သတ်သေတဲ့အမှုတွေ ကြုံဖူးခဲ့ပါတယ်၊ အခု ဦးမင်းခင်တို့လို ပုံစံမျိုးမဟုတ်ပါဘူး၊ ပြီးတော့လဲ ဦးမင်းခင်တို့မှာ သတ်သေလောက်တဲ့ကိစ္စမျိုးလဲ မရှိနိုင်ပါဘူး အိုင်ပီ၊ ဒါကြောင့် ဒီကေ့စ်ဟာ မားဒါးကေ့စ်လို့ ပြောရတာပါ"

"သေချာရယ်လား ကိုရန်ပိုင်"

"ဒက်ရှူးဝါးပါ အိုင်ပီ"

စုံထောက်ရန်ပိုင်က ပုခုံးတစ်ဖက်ကို အသာတွန့်၍ပြလိုက်ပြီးနောက် ဘန်ဂလိုလေး၏ ပြတင်းပေါက်ဆီသို့ တဒေါက်ဒေါက်ဖြင့် လျှောက်သွားလိုက်လေသည်။ ပြတင်းပေါက်မှ မှန်ကွဲအစအနများသည် ကြမ်းပြင်ပေါ်ဝယ် ကျဲပြန့်လျက်ရှိ၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှန်က ဘာ့ကြောင့် ကွဲသွားရတာလဲ၊ ဘယ်သူရိုက်ခွဲလိုက်တာလဲ"

ဘန်ဂလိုလေးထဲတွင်ရှိသည့် လူများဘက်သို့လှည့်ကာ စူးစိုက်ကြည့်ရင်းဖြင့် စုံထောက်ရန်ပိုင်က မေးလိုက်လေသည်။ ထိုအခါ သူတို့အုပ်စုများထဲမှ ဇင်မင်းမောင်က ရှေ့သို့ထွက်လာပြီးလျှင်–

"ကျွန်တော်ခွဲလိုက်တာပါ ဆရာ"

"ဩော် ဟုတ်လား၊ ဘာ့ကြောင့်ခွဲလိုက်ရတာလဲကွ၊ မင်းက ဘယ်သူလဲ"

စုံထောက်ရန်ပိုင်က စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိသည်။ ပြီးတော့ ဇင်မင်းမောင်ဆိုသော လူချောလေးအား တစ်ချက်စူးစိုက်၍ကြည့်လိုက်၏။

"ကျွန်တော်က ဦးမင်းဒင်ရဲ့တူ ဇင်မင်းမောင်ပါ"

"ဩော်"

"မှန်ကိုရိုက်ခွဲရတာက ဦးလေးတို့က ဘန်ဂလိုတံခါးကို ဂျက်ထိုးပြီးပိတ်ထားတာကြောင့် ကျွန်တော် ပြေးလာခဲ့ပါတယ်၊ တံခါးကို တွန်းဖွင့်ကြည့်တော့ ဖွင့်လို့မရတာကြောင့် ပြတင်းပေါက်မှန်ကို ရိုက်ခွဲပြီး ဝင်ခဲ့ရတာပါ၊ အထဲရောက်တော့ ဦးလေးရော အဒေါ်ရော အခုလို လဲကျသေဆုံးနေကြတာကို တွေ့ရတော့တာပါပဲခင်ဗျာ၊ ကြည့်ရတာ နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကို သတ်သေသွားကြတယ်လို့ ထင်တာပါပဲခင်ဗျာ"

စုံထောက်ရန်ပိုင်က ဇင်မင်းမောင်အား ပြုံးစစဖြင့် လှမ်းကြည့်လိုက်ရာက–

"မဟုတ်ဘူးကွ ဇင်မင်းမောင်၊ ဦးမင်းဒင်တို့လင်မယား အသတ်ခံလိုက်ရတာ"

"မဖြစ်နိုင်တာခင်ဗျာ ... "

စုံထောက်ရန်ပိုင်က ဇင်မင်းမောင်အား စကားပြန်၍မပြောတော့ဘဲ ဗဟန်းဂါတ်မှ ပုလိပ်လေးများအား အလောင်းများကို ဆေးရုံသို့ ပို့ဆောင်ခိုင်းလိုက်တော့သည်။ ထို့နောက် ဦးမင်းဒင်၏အိမ်တွင် နေထိုင်ကြသည့် လူများအား တစ်ဦးစီ စစ်ဆေးမေးမြန်းလျက် ရှိနေလေသည်။



"အဘွားရဲ့နာမည်က"

"ဒေါ်လှလှပါ"

"သေဆုံးသွားတဲ့ ဒေါ်မြမြနွယ်နဲ့ ဘယ်လိုတော်စပ်လဲခင်ဗျ"

"အဘွားရဲ့ တူမဆိုပါတော့ကွယ်"

စုံထောက်ရန်ပိုင်က စီးကရက်တစ်လိပ်ထုတ်ယူလိုက်ရင်း–

"ဒီအိမ်ကိုရောက်တာ ကြာပြီလားခင်ဗျ"

"သုံးလေးနှစ်လောက်တော့ ရှိပြီကွဲ့"

"ဦးမင်းဒင်တို့လင်မယား ကတောက်ကဆတွေ ဖြစ်တတ်ကြပါသလား"

"တစ်ခါတစ်ရံတော့ လင်မယား စကားများကြတာရှိပါရဲ့၊ ဒါပေမဲ့ ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ကြပါဘူး၊ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိကြပါတယ်ကွယ်"

"ဒီနေ့မနက် ဖြစ်ရပ်လေးကို ပြောပြပါဦး အဘွား"

"အင်း ... မနက်အစောကြီးကွဲ့၊ ငါးနာရီသာသာလောက်ပဲ ရှိဦးမယ်ထင်ရဲ့၊ ဘန်ဂလိုဘက်ဆီက သေနတ်သံနှစ်ချက်ကြားလိုက်ရတာကြောင့် အဘွားလဲ ကမန်းကတန်း ပြေးဆင်းလာခဲ့ပါတယ်၊ ဘန်ဂလိုလေးထဲမှာ မောင်ဇင်းမင်းမောင် ရောက်နှင့်နေတာ တွေ့ရှိရပြီး သူက 'အဘွား ဦးလေးတို့လင်မယား ကိုယ့်ကိုယ်ကို သေနတ်နဲ့ပစ်သတ်ပြီး သေဆုံးသွားကြပြီလို့ ဆီးပြောတာပါပဲကွယ်"

စုံထောက်ရန်ပိုင် မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး–

"ဒါနဲ့ခင်ဗျ ... ဦးမင်းဒင်တို့လင်မယားက အိမ်ကြီးပေါ်မှာမနေဘဲ ဘာကြောင့် ဘန်ဂလိုလေးထဲ ရောက်နေကြတာလဲခင်ဗျ"

"သူတို့က တစ်ခါတစ်ခါ အဲဒီ ဗိုလ်တဲလေးထဲမှာ သွားသွားပြီး စကားပြော တိုင်ပင်တတ်ကြတယ်ကွဲ့"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျေးဇူးတင်ပါတယ် အဘွား"

ထို့နောက် စုံထောက်ရန်ပိုင်သည် ထမင်းချက်အဒေါ်ကြီးနှင့် မာလီကုလားတို့ကို ဆက်လက်စစ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီခင်ဗျာ၊ ဦးမင်းဒင်တို့ သေဆုံးရမှုဟာ လူသတ်မှု ဖြစ်ပါတယ်၊ ဒါကြောင့် အဲဒီလူသတ်တရားခံကို ကျွန်တော်က ဖော်ထုတ် ပေးမှာ ဖြစ်ပါတယ်"

ပြောရင်းဖြင့် စုံထောက်ရန်ပိုင်က မှန်ကွဲအစအနများအား လိုက်ထ ၍ကောက်ကာ အဝတ်စတစ်ခုထဲတွင်ထည့်၍ ချည်နှောင်လိုက်သည်။

"ဟောဒီ တရားခံဖမ်းတဲ့နည်းကို ကျွန်တော် စကော့တလန် ယာဒ်က သင်ကြားတတ်မြောက်ခဲ့တာ ဖြစ်ပါတယ်၊ ဒီမှန်ကွဲတွေကို ဒီ တစ်ညထားပြီး နောက်တစ်နေ့ရောက်တာနဲ့ ထုတ်ယူပြီး ဆက်စပ်ကြည့် လိုက်မယ်ဆိုရင် လူသတ်သမားရဲ့ ရုပ်သွင်ထင်ဟပ်နေတာ မြင်တွေ့ကြ မှာ ဖြစ်ပါတယ်၊ ထူးခြားဆန်းကြယ်လှတဲ့ မှော်အတတ်ပညာတစ်ခုပေ ခင်ဗျာ"

မှန်ကွဲစအထုပ်လေးအား ဘန်ဂလိုထဲရှိ ဘီရိုပေါ်တွင် စုံထောက် ရန်ပိုင် တင်ထားလိုက်သည်။ ထို့နောက် အိုင်ပီဦးဒီပါအား ပြန်ကြရန် ပြောဆိုကာ အော်စတင်ကားလေးကိုမောင်းနှင်၍ လာခဲ့လေသည်။ ကား မောင်းလာရာမှ–

"အမှုက သိပ်ရှင်းနေတယ် အိုင်ပီ"

"ဟုတ်လား ကိုရန်ပိုင်"

"ဒါပေမဲ့ သက်သေသက်ကာယနဲ့ ပြသနိုင်ဖို့အတွက် ကျွန်တော့် ရဲ့စိတ်ပညာဆန်တဲ့ လှည့်ကွက်တစ်ခုကို ဖန်တီးခဲ့တာပဲ အိုင်ပီ၊ ဒီည ကျွန်တော်တို့ တရားခံကို သွားဖမ်းကြရမယ် အိုင်ပီ"

"ကောင်းတယ် ကိုရန်ပိုင်"

"ဒါဖြင့် အိုင်ပီ ကျွန်တော့်ကို ဦးမင်းဒင်ရဲ့ ကုမ္ပဏီရုံးခန်းရှေ့ ချပေးပြီး ပြန်ပေတော့ခင်ဗျာ၊ ည ရှစ်နာရီလောက်မှ ပြန်တွေ့ကြတာပေါ့"

"ဟုတ်ပြီ ကိုရန်ပိုင်"

စုံထောက်ရန်ပိုင်သည် 'မင်းဒင် သွင်းကုန်ထုတ်ကုန်' ကုမ္ပဏီရှေ့ ရောက်သည်တွင် ကားပေါ်မှ ဆင်းနေရစ်ခဲ့တော့သည်။

*



(၂)

ဘန်ဂလိုလေးသည် မှောင်မည်းမည်းဖြင့် ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေလေသည်။ အချိန်မှာ ညဆယ်နာရီခန့် ရှိပြီဖြစ်သည်။ မိုးတစ်ဖျောက် ဖျောက်ဖြင့် ကျလျက်ရှိ၏။

ဘန်ဂလိုလေးထဲတွင် လူနှစ်ယောက် ရောက်ရှိလျက်ရှိကြ၏။ အိုင်ပီဦးဒီပါနှင့် စုံထောက်ရန်ပိုင်တို့ ဖြစ်ကြလေသည်။

"လာမှလာပါ့မလား ကိုရန်ပိုင်"

"ကျွန်တော့်တွက်ကိန်းမှန်ခဲ့ရင် သူ ရောက်လာမှာ အသေအချာပါ အိုင်ပီ...၊ ဟော... ခြေသံကြားတယ် အိုင်ပီ ရှူး... တိုးတိုး"

အပြင်ဘက်မှနေ၍ ဘန်ဂလိုလေးဆီသို့ လူတစ်ယောက် လျှောက် လာနေသည့် ခြေသံ။ ထို့နောက် ဘန်ဂလိုတံခါးကို အသာတွန်းဖွင့်ပြီး ဝင်ရောက်လာသည်။

ဗီရိုပေါ်တွင်တင်ထားသည့် မှန်ကွဲအထုပ်လေးအား လှမ်း၍အယူ လိုက်တွင် စုံထောက်ရန်ပိုင်က အခန်းမီးခလုတ်ကို ချောက်ခနဲဖွင့်လိုက် လေသည်။

"ဟင်"

မီးရောင်အောက်ဝယ် မှန်ကွဲထုပ်လေးကိုင်ကာ ရှုံ့မှုကြီးရပ်လျက် ရှိသော ဇင်မင်းမောင်–

စုံထောက်ရန်ပိုင်က ဇင်မင်းမောင်အား သွက်လက်စွာဖြင့် လက်ထိပ် ခတ်လိုက်လေသည်။

"ခင်ဗျား ဒါ ဘာလုပ်တာလဲ"

"ဖမ်းလိုက်တာလေ၊ ဦးမင်းဒင်တို့လင်မယားကိုသတ်မှုနဲ့ မင်းကို ဖမ်းလိုက်တာ ဇင်မင်းမောင်၊ ရှင်းရဲ့လား"

"ဗျာ"

"ဗျာ မနေနဲ့ ဇင်မင်းမောင်၊ တကယ်တော့ ငါဟာ ဒီလိုခေတ် ဇာတ်ဆင်ရေးလုပ်ခဲ့တာပဲ ဇင်မင်းမောင်၊ ဒီမှန်ကွဲတွေကို စုပြီး နောက်တစ် နေ့မှာ လူသတ်သမားရဲ့ပုံစံ ပေါ်လာမယ်ဆိုတာကိုလေ အဲဒီမှာ တကယ်

www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားဖြစ်တဲ့ မင်းဟာ စိုးရိမ်စိတ်တွေဝင်လာပြီး ဒီမှန်ကွဲတွေ စုထည့်ထားတဲ့အထုပ်လေးကို ဖျောက်ဖျက်ပစ်ဖို့ မင်း ဝင်ယူခဲ့တာပဲ ဇင်မင်းမောင်... ဘယ့်နှယ့်လဲကွ... ယောက်ျားပဲကွာ..."

ဇင်မင်းမောင် ခေါင်းအောက်သို့ ငုံ့ထားလျက်ရှိသည်။ စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက်ကို ဖွာရှိုက်လိုက်ရင်း–

"မင်းကို ငါလေ့လာကြည့်တဲ့အခါမှာ မင်းဟာ လမ်းမတော်ဘက်က လောင်းကစားဝိုင်းတွေမှာ အကော်ကြီး ရှုံးခဲ့တယ်ဆိုတာတွေ သိလာခဲ့ရတယ်... ပြီးတော့ အကြွေးတွေကလဲ လည်ပင်းမြုပ်မတတ် ဖြစ်နေပြီလေ၊ အဲဒီမှာ မင်းဟာ မင်းရဲ့ဦးလေး ဦးမင်းဒင်တို့လင်မယားကို ရှင်းပ ဖို့ အကြံရခဲ့တာပေါ့၊ သူတို့မရှိရင် ကျန်ခဲ့တဲ့ပစ္စည်းတွေအားလုံး မင်းရမယ် မဟုတ်လားကွ၊ မင်းမို့ ရက်ရက်စက်စက် ဇင်မင်းမောင်ရယ်... ကိုယ့်ဦးလေးနဲ့ အဒေါ်ကို သေနတ်နဲ့ပစ်သတ်ရတယ်လို့ကွာ"

ဇင်မင်းမောင်သည် မျက်လွှာတစ်ချက်ပင့်၍ ကြည့်လိုက်ပြီးနောက်–

"ဆရာပြောတာတွေ အမှန်တွေချည်းပါပဲ ခင်ဗျာ၊ ဟုတ်ပါတယ်၊ ကျွန်တော် ဦးလေးတို့လင်မယားကို သေနတ်နဲ့ပစ်သတ်ခဲ့တာပါ"

"ဒီလိုမှပေါ့ ဇင်မင်းမောင်ရယ်"

ထို့နောက် ဇင်မင်းမောင်အား စုံထောက်ရန်ပိုင်နှင့် အိုင်ပီဦးဒီပ တို့က ဖမ်းဆီးခေါ်ဆောင်သွားကြပါတော့သတည်း။

*

တိုးထက်



www.burmeseclassic.com



# ကြက်ခွပ်ပွဲ

## မောင်ညိုမှိုင်း (သန်လျင်)

[၁]

တစ်နေ့နံနက်ပိုင်းဖြစ်သည်။ ကျွန်တော့် အိမ်သို့ အသက်(ငှ အရွယ်ခန့်ရှိ အမေအိုကြီးတစ်ဦး ရောက်ရှိလာသည်။ နာမည်က ဒေါ်ရှ ငြိမ်းမယ် တဲ့။ အသားညိုညိုခန့်ခန့် ကျန်းကျန်းမာမာ။ အမေကြီးအပြောအ သူမသည် ကျိုက်အင်းကျေးရွာမှာ နေသည်ဟု ဆိုသည်။ ဆိုရလျှင် အမေကြီးသည် ကျွန်တော် သူရဇ္ဇမဂ္ဂဇင်းမှာ လစဉ်ရေးသားနေသ ဂန္ထိရစတ္တုများ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်သည်။ စာဖတ်ပြီး လွ တွေ့ချင်သဖြင့် သန်လျင်သား စာရေးဆရာ မင်းကြည်လှိုင်ထံ စုံစမ်းပြီ ရောက်လာခဲ့ကြောင်း ပြောပြသည်။ ကျွန်တော်က အမေကြီးအ လေးစားစွာဖြင့် လိုအပ်သော ညှော်ဝတ်များကိုပြုကာ လာရင်းကိ အကြောင်းကို မေးလိုက်သည်။

"ကျွန်တော် အမေ့ကို ဘာများ အကူအညီပေးရမလဲ အမေ"

"အခြားမဟုတ်ပါဘူး သား။ရယ်၊ အမေက သားရဲ့ စာဖတ်ပရိသ ပါ၊ သားရေးနေတဲ့ ဂမ္ဘီရမဂ္ဂဇင်း၊ ရောင်ခြည်မဂ္ဂဇင်း၊ သူရဇ္ဇမဂ္ဂဇင်းများ ပရဝိဉာဉ်လောကသားများနဲ့ မမျှော်လင့်ဘဲဆုံဖြစ်ကြတဲ့ ရေးသားချ တွေကို ဖတ်မိပြီး သားကို အမိပ်တွေ့ချင်နေတာပါ၊ တွေ့ချင်ရတဲ့ အ



အကြောင်းကတော့ သား စာရေးဆရာကြီး စိတ်ဝင်စားမယ်လို့ထင်တဲ့ အမေတို့ငယ်စဉ်က ရွာမှာ အုံသြဖို့ကောင်းအောင် ကြုံရတဲ့ ပရဝိဉာဉ်လောက ဖြစ်စဉ်တစ်ခုကို ပြောပြချင်လို့ပါ၊ သား စာရေးဆရာကြီး စိတ်ဝင်စား နိုင်ပါ့မလား"

ကျွန်တော် စိတ်ဝင်စားပါသည်။ ကျွန်တော်တို့ ဂမ္ဘီရစာရေးဆရာ များသည် အများအားဖြင့် ကိုယ့်အတွေ့အကြုံ၊ ကိုယ်တွေ့အဖြစ်အပျက် များကို ရေးသားလေ့ရှိပါသည်။ သို့သော် ရေးစရာခေါင်းပါးလာလျှင် အခြားသူများရဲ့ အတွေ့အကြုံ အဖြစ်အပျက်များကို နားထောင်၍ လိုအပ် သလို ဇာတ်လမ်းဇာတ်ကွက် ပြန်ဆင်၍ ရေးသားရပါသည်။ ယခုလည်း ကျွန်တော် ဝတ္ထုဇာတ်လမ်း လိုအပ်နေသည့်အခိုက် ဆိုက်ဆိုက်မြိုက်မြိုက် ကြားနာရမည်ဆိုသောအခါ ကျွန်တော့်အပြင် ဝမ်းသာနိုင်မည့်သူ ဘယ်သူ များ ရှိနိုင်ပါအံ့နည်း။ သို့နှင့် ကျွန်တော်က လိုလိုလားလား လက်ခံလိုက် သောအခါ အမေကြီး ဒေါ်ရှင်ငြိမ်းမယ်က အောက်ဖော်ပြပါ ထူးဆန်းသော ဇာတ်ကြောင်းကို နောက်ကြောင်းပြန်၍ ပြောပြခဲ့လေသည်။

*

[၂]

အမေတို့ရဲ့ရွာနာမည်က 'မချစ်စု'တဲ့ သားရဲ့။ အိမ်ခြေ(၅၀)ကျော် ရှိ တယ်။ အနီးအနားမှာ ကျိုက်အင်းကျေးရွာ၊ ပျဉ်ထောင်ကျောင်းကျေးရွာ၊ လက်ယက်စမ်းကျေးရွာ၊ ဘုရားကုန်းကျေးရွာနဲ့ ရွှေညောင်ပင်ကျေးရွာတို့ ရှိတယ်။ ဖြစ်တာက လွတ်လပ်ရေးရပြီး နောက်တစ်နှစ်က ။ ဖြစ်တာရယ်။ အမေတို့ မချစ်စုကျေးရွာမှာ မိကျွမ်းဆိုတဲ့ မိန်းကလေးတစ်ဦး ရှိတယ်။ အသားညိုညို တုတ်တုတ်ခိုင်ခိုင်၊ ကြမ်းကြမ်းတမ်းတမ်းပဲ။ မိတော့ ညီရျောပေါ့။ တောတက်၊ မျှစ်ချိုး၊ ခါးခုတ်၊ ကောက်စိုက်၊ ဖျိုးနုတ် အလုပ်မျိုးစုံ လုပ်သမို့ ကျန်းမာသန်စွမ်းတယ်။ မိ ရဲ့ အထူးခြားဆုံး

www.burmeseclassic.com

www.burmeseclassic.com



စွမ်းဆောင်ရည်က ရွာမှာ မိန်းကလေးချင်း ကြက်ဖခွပ်တမ်းကစားရင် သူ့ကို ဘယ်သူမှ နိုင်အောင် မကစားနိုင်တဲ့ အရည်အချင်းပဲ။ ကြက်ဖခွပ် သိပ်တော်တယ်။ အမောလည်း လုံ့ပါတော်။ ရွာမှာက ညဘက် အပျို၊ လူပျို၊ ကလေးသူငယ်စုံရင် ကြက်ဖခွပ်တမ်း၊ ထုပ်စည်းတိုးတမ်း၊ ရွှေစွန်ညို လုပ်တမ်းတို့၊ ရွှေတံခါးကြီး ဖွင့်ပါဦးတို့ ညစဉ် ကစားနည်းမျိုးစုံ ကိုယ့်အစုနဲ့ ကိုယ် ကစားကြတယ်ကွယ့်။

ညကိုးနာရီ ဆယ်နာရီ အိမ်ကလူကြီးတွေ အသံပေးမှ လူစုခွဲကြတာရယ်။ သူငယ်ချင်းချင်းလည်း အရမ်းချစ်ကြတယ်။ ကောက်ညှင်းပေါင်း တစ်ထုပ်ပါလာရင် အားလုံး ဝေစားကြတာ။ အလှူမင်္ဂလာဆောင်ရှိရင်လည်း အားလုံး ဝိုင်းလုပ် ဝိုင်းစား၊ ကွမ်းတောင်ပန်းတောင်ကိုင် အပျိုရံ၊ လူပျိုရံလုပ်ကြတာရယ်ကိုးကွယ့်။

မိဂျမ်းနဲ့ ပြိုင်ကြက်ဖခွပ်တဲ့ ခွဲကောင်းလှပါတယ်ဆိုတဲ့ မိန်းကလေး မှန်သမျှ ရေရှည်ကျရင် လျှာထွက်အမောဆို့ ခြေကုန်လက်ပန်းကျပြီး တွဲယူရတဲ့ဘဝကို ရောက်တာချည်းပဲ။ ဘယ်လိုပါရမီလည်း မသိဘူး။ မိဂျမ်းကို ရွာနီးချုပ်စပ်က ကြက်ခွပ်ကောင်းတယ်ဆိုတဲ့ မိန်းမတွေတောင် ဖြုံရတယ်။

တစ်နှစ်ပေါ့။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အိုးစည်ဒိုးပတ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ထုပ်စည်းတိုးပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ မြို့ပေါ်မှာ သွားယှဉ်ပြိုင်ရမည့်အကြောင်း သူကြီးက ဘာစ်ရွာလုံးကို ဆင့်တယ်။ မကြာခင် အမေတို့ မချစ်စုရွာမှာ လူရွေးပွဲလုပ်တယ်။ ထုံးစံအတိုင်းပဲပေါ့ ကြက်ဖခွပ်ပြိုင်ပွဲမှာ မိဂျမ်းပဲ ဗိုလ်စွဲခဲ့တယ်။

ကုန်ကုန်ပြောရရင် သန်လျင်မြို့ပေါ်မှာ ပထမဦးဆုံး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရွာပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံ အမျိုးသမီးကြက်ဖခွပ်ပြိုင်ပွဲမှာ မချစ်စုကျေးရွာက မိဂျမ်း ဗိုလ်စွဲပြီး ဆုတော်ငွေ တစ်ဆယ်ကျပ်နဲ့ ပင်နီတစ်အုပ် ရခဲ့တယ်။ အိုးစည်ပြိုင်ပွဲမှာ ဆေးလုံးကြီးကျေးရွာက ကိုကျော်ခင်တို့၊ ကိုသာဟန်တို့ ညီအစ်ကိုအဖွဲ့က ပထမဆုရတယ်။ အဲဒီခေတ်က ငွေတစ်ဆယ်ကျပ်ဆိုတာ နည်းတာမဟုတ်ဘူးနော်။ လက်ဖက် အချိုပန်းကန်



ပြားလောက် ဘိန်းမုန့်တစ်ချပ်မှ ဆယ်ပြားပဲ ပေးရတယ်။ လက်ဖက်ရည် အချိုတစ်ခွက် တစ်မတ်။ ငါးသေတ္တာဗူးကြီးတစ်ဗူးကို တစ်ကျပ် ဆယ့်ငါးပြား။ ဆီတစ်ဆယ်သားကို ပြားလေးဆယ်။ ကုလားဆိုင်မှာ သွားဝယ်ရင် ပဲကြီးလှော် လက်တစ်ဆုပ် အလကားရသေးသကွယ့်။

အဲ... အဲဒီအချိန်ကစပြီး ရွာထဲလည်း ငါးရောင်းရတဲ့ မိဂျမ်း၊ မြို့ကျော်၊ ရပ်ကျော်၊ ရွာကျော်ဖြစ်သွားပြီး နောင်နှစ်တွေလည်း သူ့ချည်းပဲ ကြက်ဖခွပ်ပြိုင်ပွဲမှာ ဆုရတာချည်းပဲဟေ့။ ရွာကလည်း ဝမ်းသာ၊ အမျိုးတွေကလည်း ဝမ်းသာ။ ဆုယူတဲ့နေ့ကများ။ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ ပုဂ္ဂိုလ်ကြီးက မိဂျမ်းလက်ကိုဆွဲပြီး နှုတ်ဆက်နေပုံများကွယ်... တကယ့်ကို ဂုဏ်ယူစရာပါပဲကွယ်။ မိဂျမ်း နာမည်ကျော်လာတော့ ကာလသားလောကမှာ ရေပန်းစားလာခဲ့တယ်။ ကြိုက်သူ ပိုးသူတွေကလည်း အများကြီးပဲ။ မောင်သွေးရင့်ဆိုတဲ့ လူရွယ်တစ်ဦးက မိဂျမ်းကိုမရရင် သူ့ကိုယ်သူ သတ်သေမယ် ဘာညာနဲ့ ကြိမ်းဝါး ကြုံးဝါး လုပ်သေးသကွယ့်။ ဒါပေမဲ့ မိဂျမ်းက အချစ်ရေးကို အာရုံမစိုက်ဘူး။ ဘယ်လိုပြောရမလဲ။ ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ်နေချင်သူဆိုတော့ ဘယ်သူမှ ချဉ်းကပ်လို့ မရခဲ့ကြဘူး။

*

[၃]

ဒီလိုနဲ့ နှစ်နှစ်ဆက်တိုက် ဆုယူပြီးချိန်။

တစ်ညမှာ ထူးဆန်းတဲ့ အိပ်မက်တစ်ခုကို မိဂျမ်း မက်ခဲ့တယ်။ အိပ်မက်ထဲမှာ မိဂျမ်းနဲ့ ရွယ်တူ လုံးတူ မိန်းမရွယ်တစ်ဦး မိဂျမ်းထံကို လာနေတယ်။ အဲဒီအချိန်မှာ မိဂျမ်းက ဆန်ဆေးနေချိန်ကွဲ့။ ဝင်လာတဲ့ မိန်းမက အသားဖြူဖြူ။ ဆံပင်ရှည်ကို ခါးအထိ ဖြန့်ချလို့။ ဘယ်ဘက်ပါးပေါ်မှာ စပယ်တင်မှဲ့နဲ့။ လည်ပင်းပေါ်မှာလည်း အလွန်လှတဲ့ ပုလဲလည်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကုံးကိုလည်း တွေ့ရတယ်။ ခေါင်းပေါ်မှာလည်း ဆောင်တော်ကူးပန်းတွေကလည်း ဝေနေအောင်ပန်ထားရဲ့။ အိပ်မက်ထဲမှာ ဘာပြောတယ်မှတ်လို့တုန်း။

"မဂျမ်းလားဟင်"

"ဟုတ်ပါတယ်... ဘာကိစ္စရှိလို့လဲ ညည်းက ဘယ်သူလဲ"

"တို့နာမည်က မတိုးတဲ့၊ နေတော့ ရွှေညောင်ပင်ကျေးရွာမှာပါ"

"အခု မတိုးက ဘာကိစ္စရှိလို့ ကျွန်မဆီ လာတာလဲ"

"မဂျမ်းက ကြက်ဖခွပ်ပြိုင်ပွဲ ကစားပွဲမှာ နာမည်ကြီးလွန်းလို့ တစ်ခါလောက်များ အပျော်ကစားကြည့်ချင်လို့ပါ"

ချည့်သည့် မတိုးက မဂျမ်းဆန်ဆေးနေတဲ့နံဘေးမှာ ချစ်စရာအပြုံးလေးနဲ့ ပြုံးပြီးပြောနေတယ်။

"ဒါဆို လွတ်လပ်ရေးပြိုင်ပွဲတုန်းက ဘာလို့ ဝင်မပြိုင်ရတာလဲ မတိုးရဲ့"

"အဲဒီတုန်းက အညာပြန်သွားနေလို့ပါ၊ အခုမှ ပြန်ရောက်တယ်၊ တို့ရွာကလည်း ကြက်ဖခွပ်ဝါသနာကြီးတယ် မဂျမ်းရဲ့။ မဂျမ်းဆီကလည်း ပညာလေး ဘာလေး လိုချင်လို့ပါ၊ ပြိုင်ချင်လို့ မဟုတ်ပါဘူး ဘယ့်နှယ်လဲဟင်"

"အခုတော့ ကျွန်မ အလုပ်များနေတယ် မတိုးရယ်၊ ညဘက်အားရင် ကျွန်မတို့ရွာကို လာခဲ့ပါလား"

"အဲဒီလိုလည်း တို့က သွားလို့ရတဲ့အခြေအနေမှာ မရှိဘူး မဂျမ်းရဲ့၊ ဒီလိုလုပ်ပါလား မဂျမ်းအားတဲ့အချိန်များ နေ့ခင်းဘက် လာခဲ့ပါလားဟင်၊ လာခဲ့ရင် ရွှေညောင်ပင်ဆိုတဲ့ရွာရဲ့ ရွာထိပ်က ညောင်ပင်အောက်က တို့စောင့်နေမယ်လေ ဘယ်နှဲ့လဲ"

မဂျမ်းက အတန်ကြာစဉ်းစားသည်။ သူမ ရွှေညောင်ပင်ရွာဘက်သို့ မရောက်ဖူးသေး။

"အင်းလေ အကြောင်းတစ်ခုခုနဲ့ ရောက်ခဲ့လို့ရှိရင် ဆုံကြ ကစားကြတာပေါ့နော်"



"အေး ကောင်းတယ်၊ ဒါဆို တို့သွားမယ်နော်၊ မဂျမ်းကို ပြိုင်ချင်လို့ စိန်ခေါ်တာ မဟုတ်ဘူးနော် မဂျမ်း၊ ခင်လို့၊ လေးစားလို့၊ ကစားချင်လို့၊ ပညာလိုချင်လို့ပါ၊ ကဲ သွားမယ်၊ စောင့်နေမယ်နော် သူငယ်ချင်း"

သို့ကလိုပြောပြီး ခြံထဲကနေ ထွက်သွားတယ်။ မဂျမ်းက ဆန်ဆေးခြင်းနဲ့ ကြော့ကြော့လေးထွက်သွားတဲ့ မတိုးဆိုတဲ့ အမျိုးသမီးရဲ့ လှပဝိုင်းစက်တဲ့နောက်ပိုင်းကို စိုက်ကြည့်နေစဉ်မှာပဲ မျက်စိအောက်က လက်ပြပြီး ဖြုန်းခနဲ ပျောက်သွားတယ်။ ဒါနဲ့ အိပ်မက်ကနေ လန့်နိုးလာပြီး စဉ်းစားခန်း ဝင်ခဲ့တယ်။ အံ့သြစရာပဲ။

တိုတိုပြောရရင် အဲဒီလိုအိပ်မက်မျိုးက တစ်ရက်ခြားတစ်ခါ၊ နှစ်ရက်ခြားတစ်ခါ မက်လိုက်တာ သုံးကြိမ်တိတိ ရှိသွားခဲ့တယ်။ ဒီအကြောင်း ဘယ်သူ့ကိုမှလည်း ဖွင့်မပြောမပြခဲ့ပါဘူး။ နောက်ဆုံးအကြိမ်မက်တဲ့ အိပ်မက်မှာ ညောင်ပင်အောက်ကနေ သူမ နေ့စဉ်နေ့တိုင်းမျှော်နေတာ မဂျမ်းပေါ်မလာဘူးတဲ့။ သူမကို မခင်လို့လားတဲ့။ သူမကိုခင်ရင် သံယောဇဉ်ရှိရင် လာဖြစ်အောင် လာခဲ့ပါ မဂျမ်းရယ်လို့ သနားစဖွယ် ပြောရှာတယ်။ မဂျမ်းလာခဲ့ရင်လည်း အကျိုးမယုတ်စေရပါဘူးလို့ ထပ်ခါတလဲလဲ ပြောပြီး ပျောက်သွားတာပဲ။ သုံးကြိမ်သုံးခါ ထူးဆန်းစွာမက်တဲ့ အိပ်မက်ဆိုတော့ မဂျမ်း စဉ်းစားလာရတယ်။ မတိုးကို အပြင်မှာလည်း မမြင်ဖူးဘူး။ အဲလိုနဲ့ အိပ်မက်ထဲမှာ ခင်မင်နေမိတယ်။ ဒါနဲ့ စိတ်ထဲမှာ ပိုင်းဖြတ်လိုက်တယ်။ အလျဉ်းသင့်တဲ့နေ့ကျရင် အိပ်မက်ထဲက မတိုးနေတဲ့ ရွှေညောင်ပင်ရွာကို အရောက်သွားပြီး မတိုးနဲ့ ကစားဖြစ်အောင် ကစားမယ်လို့....။

*

[၄]

"ဟယ် အစ်ကို ဒီနေ့ ငါးတွေ အများကြီးရတယ် ဟုတ်လား"

"ဟုတ်တယ် ညီမလေး အဲဒါ နေမမြင့်ခင် နင် လိုက်ရောင်းပေတော့၊

www.burmeseclassic.com

www.burmeseclassic.com



ရောင်းလို့ကုန်ရင် ညီမလေးလိုချင်နေတဲ့ သရက်ထည်ပွင့်ရိုက်လေး ဝယ်ပေးရော၊ ကျန်တာ အမေ့ကို ပေး"

"တကယ်နော် အစ်ကို"

"အေးပါဟာ"

မိဂျမ်း အရမ်းဝမ်းသာသွားသည်။ ဒီနေ့ ကြည့်စမ်း မိဂျမ်းအစ်ကိုကိုဇော်အေလယ်ထဲငါးပုက်သွားတာ ငါးမျိုးစုံ ပလိုင်းနှစ်လုံး အပြည့်အမောက်ရတယ်။ ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ ငါးပနော်၊ ငါးကျီးစုံလို့။ ခါတိုင်းကား ရလှ နှစ်ပိသာခန့်ရယ်။ ရင်ထဲမှာ ဝမ်းသာလွန်းလို့ ရင်တွေခုန်နေပြီး မြို့ကနေရွာမှာ အကြွေးလာရောင်းနေသည့် အထည်သင် မခင်အေးမှ ဆီမှ သရက်ထည်ပွင့်ရိုက်ထမီလေး လိုချင်နေတာ ရတော့မည်။ ဟန်ကျပြီ။

ဒါနဲ့ အလျှင်အမြန်ပဲ ဒံဇလုံအကြီးကြီးထဲ ငါးတွေသွန်ထည့်။ အလေးနဲ့ ချိန်ခွင်ထည့်ပြီး ခေါင်းပေါ်ရွက်လို့ ကိုယ့်ရွာထဲမှာ အရင်လိုက်ရောင်းလိုက်တယ်။ ရွာမှာလည်း ငွေကြပ်နေလို့ သိပ်မဝယ်နိုင်ကြဘူး။ ဒါနဲ့ ကျိုက်အင်းကျေးရွာဘက် သွားရောင်းလိုက်တယ်။ နှစ်ဦးပဲ ဝယ်တယ်။ သည့်နောက် လက်ယက်စမ်းကျေးရွာဘက် သွားရောင်းတယ်။ မဆိုးဘူး ရောင်းရတယ်။ ဒါပေမဲ့ ငါးက မကုန်နိုင်သေးဘူး။ ရောက်ရာရွာအရပ်မှာ "ဒီက ငါးမျိုးစုံတော့ ယူကြဦးမလား" ဆိုတဲ့ မိဂျမ်းရဲ့အော်သံက စူးရှနေတယ်။

နေ မော့ကြည့်လိုက်တော့ ဆွမ်းခံပြန်ချိန် နီးနေပြီ။ ငါးက ကုန်ကိုမကုန်နိုင်သေး။ ကုန်အောင် ဘယ်သွားရောင်းရင် ကောင်းမလဲ။

သိပြီ။ ဘုရားကုန်းကျေးရွာကို သွားရောင်းမည်။ အဲဒီမှာ မကုန်ရင် ရွှေညောင်ပင်ကျေးရွာကို သွားရောင်းမယ်။ အချိန်ရရင် ရွှေညောင်ပင်က မတိုးအကြောင်းစုံစမ်းရင်း တွေ့ရင် စကားပြောကြမည်။ အင်း အိပ်မက်ထဲမှာတွေ့ရသည့် မတိုးဆိုသူကရော အပြင်မှာ တကယ်ရှိပါ့မလားဟု စဉ်းစားရင်း ပြုံးမိသေးသည်။ တကယ်လို့တွေ့ခဲ့ရင်တော့ အချိန်ရခိုက် မိတ်ဖြစ်ဆွေဖြစ် တစ်ပွဲလောက် ကစားလိုက်ချင်သည်။ သို့နှင့် ဘုရားကုန်းကျေးရွာသို့ ဝင်ရောင်းပြီးနောက် အနည်းငယ်ကျန်သေးသည့် ငါးများကို



ရွက်၍ ရွှေညောင်ပင်ကျေးရွာရှိရာသို့ ဦးတည်လိုက်သည်။

ရွှေညောင်ပင်ရွာကို သူမ တစ်ခါမှ မရောက်ဖူးသေး။ ကြည့်လိုက်တော့ အိမ်ခြေက နည်းလွန်းလှသည်။ တွက်သားမှ ကိုက်ပါ့မလား။ အေးလေ မထူးပါဘူး။ ရောက်မှတော့ ရောင်းရင်းနဲ့ အိပ်မက်ထဲက မိတ်ဆွေ မတိုးကို စုံစမ်းမည်ဆိုကာ ရွာထဲသို့ လှမ်းဝင်လိုက်သောအခါ။

ရှေ့လမ်းလယ်ခေါင်မှာ ညောင်ပင်ကြီးတစ်ပင်ကို လှမ်းတွေ့လိုက်ရသည်။ အခက်အလက် အရွက်အုပ်အုပ်ဆိုင်းဆိုင်းနှင့် လေတိုက်သောအခါ အရွက်များအကြားမှ ဟီးဟီး ဟဲဟဲ အသံများက ကြက်သီးထစရာကောင်းအောင် မြည်နေ၏။ ကျီးကန်းတစ်အုပ်က သူမ ဝင်လာသည်ကိုမြင်သောအခါ ဝဲပျံအော်ဟစ်ကြသည်။

"အဲဒီဘက်အပိုင်းက ငါး ဝယ်ကြဦးမလားတော့"

မိဂျမ်းက လိုရမယ်ရ တစ်ချက်ဟစ်လိုက်သည်။

"ငါးဗျို့ ငါး ငါးစုံပါတယ်၊ ငါးခူ၊ ငါးရံ့၊ ငါးပနော်၊ ငါးကျီး၊ ငါးပြေမ ယူကြဦးမလားတော့"

"လာပါဦးရှင့်"

အမယ် တော်ပါသေးရဲ့။ ခေါ်ဝယ်မဲ့သူ ရှိသေးလို့။ နို့မို့ ငါးတွေနေမြင့်နေရင့်လို့ ပုပ်ကုန်နိုင်သည်။ သို့နှင့် ခေါ်သံကြားရာ ညောင်ပင်အောက်သို့ လှမ်း ကြည့်လိုက်သောအခါ မမျှော်လင့်ဘဲ သူမကို ဖြန်းခနဲသွားတွေ့လိုက်ရသည်။

သူမကား အိပ်မက်ထဲက မတိုး။

"ဟယ်... ညည်း... ညည်း... ဟို... ဟို... မ... မ... မ..."

"မတိုးလေ မဂျမ်းရဲ့ မှတ်မိတယ် မို့လား"

"အို... မတိုး... မ... တိုး ဝမ်းသာလိုက်တာ မတိုးရယ်..." မိဂျမ်း အံ့ဩတုန်လွန်း၍ ပါးစပ်အဟောင်းသားပင် ဖြစ်သွားခဲ့သည်။ ကြည့်စမ်း။ အိပ်မက်ထဲမှာ သုံးကြိမ်သုံးခါ အလည်လာဖို့ ဖိတ်ခေါ်သည့် မိန်းကလေး။ တွေ့ချင်တော့ တကယ့်ကို လူသားအဖြစ်နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့နေရပြီ။ အံ့ဩစရာကောင်းလိုက်တာ။ ဟာ... မှ ဟုတ်ရဲ့လားလို့

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကိုပွတ်၍ ပြန်ကြည့်သည်။ အိပ်မက်ထဲက မတိုးမှ မတိုးအစစ်။ အသားကဖြူဖြူ။ ဆံပင်က ဖါးလျား၊ ဘယ်ဘက်ပါးပေါ်မှာ စပယ်တင်မှဲ့နှင့် လည်ပင်းပေါ်မှာလည်း ဖြူဖွေးဝင်းလက်သည့်ပုတီးကုံးနှင့် ခေါင်းပေါ်မှာလည်း ဆောင်တောကူးပန်းများ ပန်ထားသည်ကလည်း ဖွေးလို့ ဖွေးလို့။

"မကျွမ်းရယ်... သူငယ်ချင်း လာမှ လာပါ့မလားလို့"

မကျွမ်း ဝမ်းသာအံ့ဩလွန်း၍ ဈေးရောင်းဖို့ကို မေ့သွား၏ ငါးဖလုံကို ညောင်မျှဉ်းအဆုံ တစ်ခုပေါ်သို့တင်ပြီး ခေါင်းခုနှင့် နဖူးမှ ချွေးများကို သုတ်လိုက်သည်။ ပြီးနောက် ညောင်ပင်အောက် ရေချမ်းစင်မှ သောက်ရေကို အုန်းမှုတ်ဝိုင်းခွက် နှင့် ခပ်သောက်ပြီး ကျေနပ်စွာ ပြုံးလိုက်သည်။

"တို့ နေ့တိုင်းမျှော်နေတာ မကျွမ်းရဲ့"

"တို့လည်း သိပ်အံ့ဩနေတယ် မတိုး"

"ဘာ... ဘာဖြစ်လို့လဲဟင်"

"အိပ်မက်ထဲကအတိုင်း ညည်းကို အပြင်မှာ တကယ်မြင်လိုက်ရလို့ပဲ"

"အမောင်း... ဟင်း... ဟင်း... ဟင်း ဒါမျိုးက ဖြစ်တတ်ပါတယ်ဟာ၊ တို့ရဲ့အိပ်မက်ထဲမှာလည်း မကျွမ်းကို မြင်မြင်နေရပါတယ်။ ဘယ်လိုခေါ်ရမလဲဟာ...။ ဘဝအဆက်တွေရှိကြလို့ နေမှာပေါ့ ဟား... ဟား... ဟား... ဟား"

နှစ်ဦးသား သဘောကျစွာရယ်ရင်း တစ်ယောက်လက် တစ်ယောက် ကိုင်ဆုပ်၍ ငယ်သူငယ်ချင်းများအလား ချက်ချင်းခင်မင်သွားခဲ့ကြသည်။

"မတိုးတို့အိမ်က ဘယ်မှာလဲ"

"ဒီနားလေးတင်ပါ တို့ အရင်ကစားကြမယ်ဟာ၊ တို့ မကျွမ်းနဲ့ အရမ်းကို ကစားချင်နေတာဟာ၊ ကစားလို့ဝမှ အိမ်ကို သွားကြမယ် ဟုတ်လား"

"ဟယ်... မကုန်သေးတဲ့ငါးတွေ ဘယ်လိုလုပ်ရမှာတုန်း"



"ကုန်အောင် တို့လုပ်ပေးပါ့မယ် ဘယ်နှဲ့"

"အို ဒါဆို စိမ်လိုက်၊ ငါကလည်း ညည်းနဲ့ ကစားရမှာကို စိတ်ဝင်စားတယ် မတိုးရဲ့၊ နင်ကြက်ခွပ်ကောင်းရင် လာမှန့်နှစ် ပြိုင်ပွဲဝင်ပါနော်၊ အဲ ခဏနေ ကစားကြမယ်"

ဒီမှာ မတိုးက ထူးဆန်းသောစကားတစ်ခွန်းကို စတင်၍ ဆိုလာတော့သည်။

"တို့ ဒီလိုလေးများ လုပ်ကစားကြရင် ပိုမကောင်းဘူးလား မကျွမ်းရဲ့"

"ဘယ်လိုလဲ မတိုး"

"တို့နှစ်ဦး အလောင်းအစား လုပ်ကြရအောင်တယ်"

"ဟင်... အလောင်းအစား ဟုတ်လား၊ အပျော်မဟုတ်ဘူးလား"

"အပျော်တော့ အပျော်ပေါ့ဟာ၊ တို့ပြောမယ်လေ ဒါ မကျွမ်းကို ဖြိုင်တာမဟုတ်ဘူးနော်၊ မကျွမ်းဆီက ပညာလိုချင်လို့၊ မကျွမ်းလည်း လာရ ကျိုးနပ်အောင်၊ တို့လည်း ခွဲခတ်နိုင်အောင်၊ ကြက်ခွပ်ကစားလို့ မကျွမ်း ရှုံးရင် တို့ကို ဘာပေးမလဲ ပြော"

"တို့မှာ ကိုယ်ပိုင်ပစ္စည်း ဘာမှမရှိဘူး မတိုးရယ်၊ ပိုက်ဆံတော့ ပါတယ် အမေ့ကို အပ်ရမှာရယ်"

"ဒါဆို မကျွမ်းရှုံးခဲ့ရင် မကျွမ်းငါးဗန်းထဲက ငါး ငါးကောင် တို့ကို ပေးရမယ်၊ အဲဒါကို ချက်ပြုတ်အတူတူစားကြမယ်၊ တို့ရှုံးရင် မကျွမ်းက ဘာများအလိုရှိလဲ ပြော"

မတိုးရဲ့ ခပ်ပြုံးပြုံးအပြောကြောင့် မကျွမ်း အတန်ကြာစဉ်းစားလိုက်သည်။ သူရှုံးရင် ငါး ငါးကောင်ပေးရမတဲ့။ သူနိုင်ရင် မတိုးဆီက ဘာ တောင်းရရင် ကောင်းမလဲ။

"ပြောပါ မကျွမ်းရ ဒါက လောင်းကြေးသဘောမျိုး မဟုတ်ဘူး၊ အမှတ်တရလက်ဆောင် သဘောမျိုးပါ"

မတိုးရဲ့စကားကြောင့် လောဘကြီးချင်တယ် ဆိုရှင်ဆို။ မကျွမ်း မတိုးရဲ့လည်ပင်းပေါ်မှ အလွန်လှပသည့် ပုလဲရောင်လည်ဆွဲလေးဆီသို့

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက အလိုလိုရောက်သွားခဲ့တော့သည်။ ဒါကို မတိုးက ချက်ချင်း သဘောပေါက်သွားသည်။

"မဂျမ်း ဒီပုလဲ လည်ဆွဲလေး မလိုချင်ဘူးလား"

"အို... တန်ဖိုးက ကြီးပါဘိသနဲ့ မလိုချင်ပေါင်တော်"

သူမက မုလိုက်သည်။ အမှန်က လိုချင်နေသည်။

"ဟင်း... ဟင်း... ဟင်း... ဟင်း သူငယ်ချင်းရယ် နောက်တာ ပါကွယ်၊ တို့ရှုံးရှုံးနိုင်နိုင် အပြန်ကျရင် မဂျမ်းကို ဟောဒီလည်ဆွဲလေး အမှတ်တရလက်ဆောင်ပေးလိုက်မယ်၊ ဒါပေမဲ့ တစ်ဝကြီး ကစားမှနော် ဘယ်နဲ့"

"တကယ်..."

"နှစ်ကယ်ပါတဲ့ရှင်"

"ဟား...ဟား...ဟား... ဟား စိမ်လိုက် သူငယ်ချင်းရေ၊ ပဝါ မကူ ရေမကူကြေးနော်"

"ဒါပေါ့ မဂျမ်းရဲ့"

"ကိုင်း စ,ကြစို့"

မဂျမ်းက ထမီတိုတိုပြင်ဝတ်ပြီး သူ့ထုံးစံအတိုင်း အသက်ကို တစ်ဝပြင်းပြင်း သုံးလေးကြိမ်ရှုလိုက်သည်။ မတိုးကလည်း ဖါးလျားကျနေသည့် ဆံပင်များကို နောက်ရွှဲထုံး၍ စုချည်လိုက်ပြီး ထမီတိုတိုပြင်ဝတ်လိုက်သည်။ ညောင်ပင်ပေါ်က ကျီးတစ်အုပ်က ပွဲကြည့်ပရိသတ်ဖြစ်သည်။ ကျီးကန်းများက ဇလုံထဲက ငါးများကို ထိုးသုတ်လို၍ အော်ကြသည်လား။ သူတို့နှစ်ဦး ကစားကွက်ကို အားပေးချင်၍ အော်ကြသည်လား မသိ။ ကျွက်စီညံနေသည်။ ပတ်ဝန်းကျင်ကလည်း ရှင်းသည်။ ညောင်ပင်အောက်မှာ လူဆို၍ သူမတို့နှစ်ဦးပဲ ရှိသည်။ ရှက်စရာလည်း မလို။ မိဂျမ်းတို့ကလည်း ကြက်ဖခွပ်တမ်းကစားရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ ဆွေမေ့ မျိုးမေ့။

*



[၅]

မကြာခင် နှစ်ဦးသား တစ်နှစ်သုံး ပြိုင်တူဆိုကာ ကြက်ဖခွပ်ကစားကြတော့သည်။ ပထမတော့ ဖြည်းဖြည်းညင်သာစွာ တစ်ဦးကို တစ်ဦး မြှုးကြည့် ကြည့်၍ ခွပ်ကြ ရယ်ကြသည်။ နှစ်ဦးစလုံး လုံးတူ ဒေါက်တူ။ ခြေသလုံးသားကျစ်ကျစ်။ တင်ပဆုံကားကား။ ပေါင်လုံးတုတ်တုတ် ထွားထွားမို့ ပွဲကြည့်ပရိသတ်သာ ရှိကြလျှင် အလွန်ပျော်ဖို့ ကောင်းလိမ့်မည်ဟု မိဂျမ်း တွေးလိုက်၏။

နာရီဝက်ခန့်ကြာသောအခါ အခွပ်က သွက်လာကြသည်။ မိဂျမ်းက ရင်ကိုကော့၍ သူမရဲ့သံက်လုံအစွမ်းကို ပြလိုက်သည်။ မတိုးကလည်း မခေ။ ရင်ကိုကော့ ခေါင်းကိုမော့၍ ခုန်ပြီးတောင် ခွပ်လိုက်သေးသည်။ သည်တော့ မိဂျမ်းကလည်း အားကျမခံ။ မြေပြင်မှ ခြေကြွ၍ လေထဲမှ လွတ်၍ လွတ်၍ ခွပ်ပြလိုက်သည်။ ဒါ့အပြင် တံဒေါင်နှစ်ဖက်ကို ကြက်များ တောင်ပံရိုက်သလိုဟန်နှင့် ခွပ်ပြလိုက်သည်။ တစ်နာရီခန့်ကြာလာပြီ။ နှစ်ဦးစလုံး မမောကြသေး။ အရှုံးအနိုင် မပေါ်သေး။

ဒီမှာ မဂျမ်း ချွေးထွက်စပြုလာသည်။ မတိုးကား အပြုံးမပျက်။ အခြားပြိုင်ဘက်ကစားသမားများကို တစ်နာရီအတွင်း အပြတ်ချိုးလာခဲ့သည့်မဂျမ်းသည် ဒီ...မတိုးဆိုသောအမျိုးသမီးနှင့်ကျမှ အတော်စွဲခတ်၍ ခွပ်နေရ၏။

ဒီနောက် မတိုး သွေးဆူလာပြီး အမောလိုက်လာစေရန် မဂျမ်းက ဒလကြမ်းလိုက်၍ ဒူးချင်းတိုက်မတတ် လိုက်ခွပ်လိုက်သည်။ မတိုးက အသာနောက်ဆုတ်၍ ရှောင်ရင်း အရှိန်ယူကာ တိုက်ကြက်များ တစ်ဟုန်ထိုး ပြေးခွပ်သည့်ဟန်နှင့် ဝင်လိုက်သည်။ နှစ်ဦးသား မောလို့ မောမှန်း မသိကြ။ ကြာတော့ မဂျမ်း ချွေးဒီးဒီးကျလာသည်။ မတိုးကို ကြည့်လိုက်တော့ ခေါင်းပေါ်မှာပန်ထားသည့် ဆောင်တော်ကူးပန်းပင် တစ်ပွင့်ကြွေမကျ။ ချွေးတစ်စက် မစို့။ လည်ပင်းပေါ်မှ ပုလဲလည်ဆွဲသည် ခုန်လိုက်တိုင်း မတိုးလည်ပင်းပေါ်မှာ ဝဲခနဲ ဝဲခနဲ လွင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှုံးပေးမလား မဂျမ်း"

"အိုအေ ဘယ်တော့မှ မရှုံး ကိုင်း..."

မဂျမ်းက ခပ်ကြမ်းကြမ်းခွပ်၍လိုက်သည်။ မတိုးကလည်း အပြိုင်လိုက်သည်။ မဂျမ်းက မောလွန်းလှ၍ ဒူးလှုပ်ရုံခွပ်လျှင် မတိုးက ဒီမှာကြည့်ဆိုပြီး မခံချင်အောင် လေထဲဝဲ၍ ခွပ်ပြသည်။ မတိုးကား သူမထင်သလိုသာမန်လက်ရည်မဟုတ်ပါလား။ ဒါမျိုး လွတ်လပ်ရေးပြိုင်ပွဲမှာသာ ဆိုရကြုံရလျှင် လက်ခုပ်သံ လျှံနေမည်။ မကြာခင် အချိန်တစ်နာရီကျော်သွားသည်။

ထမီအောက်နားများ စုတ်ပြဲကုန်ကြသည်။ တစ်ခါတစ်ရံ ဒူးမှ ကျော်၍ ပေါင်းရင်းအထိ လျှောကပ်လာကြသည်။ ခြေဖဝါးများလည်း ရဲတွတ်၍ ပေါက်ပြဲကာ အသားနီလန်လာသည်။

မတိုးကို အကြမ်းကိုင်မှ မဂျမ်း နိုင်ပေလိမ့်မည်။ သို့နှင့် တကယ့်ပြိုင်ပွဲဝင်စည်းချဉ်းများမှာ အသုံးမပြုရပဲ အလွတ်ခွပ်ရာမှာသာ အသုံးပြုလေ့ရှိသည့် ဒူးတိုက်ခွပ်နည်းကို မိဂျမ်း မလုပ်ချင်ပေမဲ့ လုပ်ရတော့သည်။ မကြာခင် ဒူးချင်းတိုက်သံများ တခွပ်ခွပ်မြည်လာသည်။ နှစ်ဦးစလုံး ဖင်ထိုင်မကျကြ။ ဖင်ထိုင်ကျလျှင် လက်ထောက်လျှင် အရှုံး။ မဂျမ်း ခြေဖဝါးမှ သွေးများ စို့ထွက်၍ စပ်ဖျင်းဖျင်း ဖြစ်လာခဲ့ပြီ။

မတိုးကား အပြုံးမပျက်သေး။ ကြာတော့ မိဂျမ်း အမောဖောက်လာပြီး နဖူးပေါ်မှ ချွေးသီးများသည် အကျီပေါ်သို့ စီးကျကာ ရွှဲရွှဲစိုကုန်သည်။ တစ်ကိုယ်လုံးလည်း စုတ်ပြတ်ညစ်ပတ်၍ ချွေးများနှင့် နစ်နေ၏။ မျက်လုံးများ ပြာလာသည်။ တစ်ခါ တစ်ခါ မျက်လုံးထဲမှာ မတိုးကို နှစ်ကိုယ်ခွဲ သုံးကိုယ်ခွဲ မြင်နေရသည်။

သို့သော် ခွဲမလျှော့။ ရာဇဝင်မှာ မိဂျမ်း ရှုံးပွဲမရှိခဲ့။ မာန်ကိုတင်း၍ မျက်စိကို စုံမှိတ်ကာ လေးတွဲ့သည့်ဒူးများကို ကြိုးစားအားတင်းပြီး ခွပ်နေလိုက်သည်။

အချိန် မည်မျှကြာသွားသည် မသိ။

အဝေးဆီမှ ခေါ်သံ အော်သံများ နားထဲမှာ ကြားနေရသည်။



"မဂျမ်းရေ... မဂျမ်း..."

"ညီမလေးရေ... ညီမလေး..."

"သမီးရေ... မဂျမ်း... သမီးလေး..."

"မဂျမ်းရေ... သူငယ်ချင်းရေ..."

ခေါ်သံများက နီးလာကြသည်။ ဒီအသံများကို သူမကြားဖူးနေသည်။ အဲဒီအသံတွေထဲမှာ အစ်ကိုဖော်ဖေရဲ့အသံလည်း ပါသည်။ အမေ့ရဲ့အသံလည်း ပါသည်။ သူငယ်ချင်းများရဲ့အသံလည်းပါသည်။ သူ အားတက်သွားခဲ့သည်။ မျက်စိကို လုံးဝမဖွင့်ပဲ ခွဲခတ်၍ အသက်ကိုမျှင်းမျှင်းရှူကာ ခွပ်နေမိသည်။

မကြာခင် သူမအနားသို့ လူများ ပြေးလာကြပြီး တုန်လှုပ်ချောက်ချားသောအသံများနှင့် ဝိုင်းအော်ခေါ်နေကြ၏။ မိဂျမ်း လုံးဝ မထူး။ မျက်လုံးကို မဖွင့်။ ဘာမှ မကြားလိုက်။ တစ်စုံတစ်ဦးက သူ့ပခုံးကို တွန်းလိုက်သဖြင့် မိဂျမ်း မြေပြင်ပေါ်သို့ တုံးလုံးလဲကျကာ မာန်ကို လျှော့လိုက်သည်။ မာန်ကို လျှော့ချလိုက်သည်နှင့် သူမ လုံးဝသတိမရတော့။

*

## [၆]

မိဂျမ်းသတိရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ခပ်ယိုင်ယိုင်တဲအိမ်ရှေ့က ဝါးကွပ်ပျစ်ပေါ်မှာ ရောက်နေသည်။ သူ့မိသားစုနှင့် သူငယ်ချင်းများက စိုးရိမ်သောကကြီးစွာ ဝိုင်းကြည့်၍ နာမည်ခေါ်နေကြသည်။

"ဟော... ဟော... သတိရလာပြီဟေ့"

"ညီမလေး... ညီမလေး..."

"မိဂျမ်း သမီး... သမီး... သတိရပြီနော်"

"အ... မေ"

www.burmeseclassic.com

www.burmeseclassic.com



“အမေရှိပါတယ် သမီးရယ်၊ အမေရော အစ်ကိုရော သမီး သူငယ်ချင်းတွေရော အနားမှာ ရှိပါတယ်”

မိဂျမ်း အားယူ၍ ထ,ထိုင်လိုက်သည်။ လူတစ်ကိုယ်လုံး ကိုင်ရိုက်ထုထောင်းထားသလို နာကျင်နေသည်။ ခြေဖဝါးမှာ ဆေးများလိမ်းထားသည်ကို တွေ့ရပြီး ခြေမကွဲကာ သွေးစို့နေသည်ကိုလည်း မြင်လိုက်ရသည်။

“အား… ကျွတ်… ကျွတ်… ဒါ… ဒါ… ဘယ်သူ့ အိမ်လဲ အမေ”

“ကျွန်တော့်… အိမ်… အိမ်ပါခင်ဗျာ”

ကြားဖြတ်ဖြေလိုက်သည့်အသံကြောင့် လှည့်ကြည့်လိုက်တော့ အသက်(၃၀) ခန့် လူရွယ်တစ်ဦး။ သူကလည်း စိုးရိမ်ကြီးသော မျက်နှာ၊ ဝမ်းသာနေသော မျက်လုံးများ ရောယှက်သည့်အကြည့်နှင့် မိဂျမ်းကို စိုက်ကြည့်နေသည်။

“သမီး သမီး ဘာလို့ ညောင်ပင်အောက်မှာ တစ်ယောက်တည်း ကြက်ဖခွပ်တမ်း ကစားနေတာလဲ ဟင်”

“ရှင်…”

“အိမ်မပြန်ပဲ ဘာလို့ ဘာလို့ တစ်ယောက်တည်းကစားနေရတာလဲ လို့ မေးတာ”

“အို ကျွန်မ တစ်ယောက်တည်း မဟုတ်ဘူး အမေ၊ ကျွန်မသူငယ်ချင်းနဲ့ နှစ်ယောက် ကစားနေတာ”

“ဟဲ့ ငါတို့အားလုံးမြင်နေတာ နင်တစ်ယောက်တည်းပါ အရူးမရဲ့”

“ဟုတ်တယ် မိဂျမ်းရဲ့ ငါတို့ကိုင်လိုက်မှ နင် လဲကျသွားခဲ့တာ သူငယ်ချင်းရဲ့”

“မဟုတ်ဘူး အမေ ကျွန်မတို့နှစ်ယောက် ကြက်ခွပ်နေတာ အမေရဲ့”

“ဒါဖြင့် အဲဒီတစ်ယောက်ဆိုတာက ဘယ်သူလဲ”

“သူ့နာမည်က မ… တိုး… တဲ့”

“ဗျာ… မ… တိုး… မတိုး… ဟုတ်လား”



သူမနှုတ်မှ မတိုးဟု ပြောလိုက်သည်နှင့် တအံ့တသြ အလန့်တကြား ဝင်ပြောလိုက်သူကား အိမ်ရှင်အမျိုးသား ဖြစ်သည်။

“အစ်ကိုကြီး မတိုးကို သိလို့လား”

“ဟို… ဟို… အဲ… အဲ… သိ… သိ… သိပါတယ်”

“အသားဖြူဖြူ ဆံပင်ရှည်ရှည် ဘယ်ဘက်ပါးမှာ စပယ်တင်မှဲ့နဲ့ ပုလဲပုတီးနဲ့လေ”

“ဟုတ်… ဟုတ်ကဲ့… သိ… သိပါတယ် အဲဒါ… အဲ… ဒါ…”

သူမဘက်က ထောက်ခံသူရှိလာ၍ မိဂျမ်း ဝမ်းသာသွားသည်။ သို့သော် အမေနှင့် အစ်ကိုတို့အုပ်စုက တစ်ယောက်တည်းဟု ဇွတ်ငြင်းကြသည်။ နောက်ဆုံး ပိုင်းဝန်းမေးမြန်းကြလွန်း၍ မိဂျမ်းက သူ အိပ်မက်ထဲမှာ ရင်းနှီးခဲ့ရသည့် မတိုးဆိုသည့်သူငယ်ချင်းမအကြောင်းကို ဇာတ်စုံခင်း၍ ပြောပြလိုက်ကာ ဒီရွာမှာ ငါးလာရောင်းရင်း မတိုးနှင့် တကယ်တွေ့ပြီး ခုလို ကစားရသည့်အကြောင်းကို ပြောပြလိုက်သည်။ ကြားရသူအားလုံး အံ့သြထုန်ကြသည်။ သို့သော် သူမရဲ့ ကစားဖော်မတိုးကို ဘယ်သူမှ မမြင်ကြရ။

“ဒါနဲ့ အိမ်ရှင်အစ်ကိုကြီးက မတိုးကို သိတယ်ဆို၊ မတိုး ဘယ်မှာ နေလဲဟင်”

သည်တွင် အိမ်ရှင်အမျိုးသားက ညှိုးငယ်သောမျက်နှာနှင့် ဖြေလိုက်သည်ကား…

“မတိုး ဆုံးသွားတာ (၆)လလောက် ရှိပါပြီခင်ဗျာ”

“ရှင်”

“အမလေး မြတ်စွာဘုရား ကယ်တော်မူပါ”

“အမလေး ဗုဒ္ဓေါ… ဖွဟဲ့… ဖွ… ဖွ”

အိမ်ရှင်ယောကျ်ားရဲ့ စကားကြောင့် အားလုံး လန့်ဖျပ်၍ အံ့သြကုန်ကြသည်။ အချို့လည်း ကြောက်လန့်၍ ခြေမှုန်များ နဖူး နားရွက်တို့ ကုန်ကြကာ ဖွဖွဲ့လုပ်ကြသည်။ မိဂျမ်းလည်း ခုမှ တုန်လှုပ်ချောက်ချားသွားခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ… ဒါ… ဆိုရင် ကျွန် … ကျွန်မတို့ကို ဖြစ်ကြောင်းကုန်စင် ပြောပြပါလားရှင် ဟင်လို့ … "

"ပြောပြပါ့မယ်ဗျာ အဲဒီမတိုးဆိုတာ အခြားမဟုတ်ပါဘူး ကျွန်တော့်ရဲ့ညီမလေးပါဗျာ"

"အို … ဖြစ်မှဖြစ်ရပလေကွယ် … ကျွတ် … ကျွတ် … ကျွတ် … ကျွတ်"

*

[၇]

"ကျွန်တော့်နာမည်က ကိုကြွက်သိုးတဲ့၊ ကျွန်တော်တို့မှာ မောင်နှမ နှစ်ယောက်ပဲ ရှိတယ်။ မိဘများကတော့ ကွယ်လွန်ကုန်ကြပါပြီ။ ကျွန်တော်က ကြက်တိုက်ဝါသနာပါလွန်းလို့ အိမ်မှာ တိုက်ကြက်တွေ မွေး သားဖောက် ရောင်း။ ကြက်လည်း ရှာစဉ်လှည့်တိုက်တဲ့အလုပ်ကို လုပ်ပါတယ်။ ညီမလေးကတော့ ငယ်စဉ်ကတည်းက ကြက်ခွပ်တမ်းကစားတာကို အရမ်းဝါသနာပါ အစွဲအလန်းကြီးခဲ့တယ်ခင်ဗျ။ ကြက်ခွပ်လည်း ကောင်းတယ်။ လွှတ်လပ်ရေးပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ အားခဲနေသူလေးပါ။ အမှန်က ကျွန်တော် မကောင်းလို့ ညီမလေး မားစာခံဖြစ်ရတာပါ ကြီးဒေါ်တို့ရယ် … ။

ကျွန်တော်က ကြက်တိုက်သွားတိုင်း ညီမလေးကို စိတ်မချလို့ ခေါ်ခေါ်သွားလေ့ရှိတယ်ခင်ဗျ။ ကြက်ဆွဲ ကြက်ရွေး ကြက်ရေပေးတဲ့အလုပ်လည်း ကိုယ်မအားတဲ့အခါ ညီမလေးကို လုပ်ခိုင်းလေ့ရှိတယ်။ အဲဒါလည်း သင်ပေးထားလို့ ညီမလေးမိတိုးက အကုန်တတ်နေတယ်။ ကြာတော့ ညီမလေးဟာ မိန်းကလေးတန်မဲ့ ကြက်ပွဲတွေ့ရင် မကြည့်ရ မနေနိုင်၊ မလောင်းရ မနေနိုင်၊ မလိုက်ရ မနေနိုင်ဖြစ်တဲ့ဘဝကို ရောက်သွားတာပေါ့ဗျာ။ အဲဒါ ကျွန်တော့်အမှားတွေပါ။ ကျွန်တော့်ညီမလေးကလေ ထမင်းစားရင် ငါးဟင်းကို သိပ်ကြိုက်တာပဲ၊ ငါးပါမှ ထမင်းစားလေ့



ရှိတယ် … ။

ကြက်ပွဲနိုင်တိုင်း ညီမလေး လိုချင်တာကို ဝယ်ပေးခဲ့လို့ ကြာတော့ ညီမလေးက ကျွန်တော် ကြက်တိုက်တိုင်း အနိုင်ရဖို့ လိုက်လိုက်အားပေးလေ့ရှိတယ်။ တစ်နေ့ ကျွန်တော့်တိုက်ကြက်နဲ့ ဘကျော်တို့ တိုက်ကြက်နဲ့ ကြေးကြီးလောင်းကြေး တိုက်ကြတယ်။ ဒီညောင်ပင်အောက်မှာပေါ့ဗျာ။ အဲဒီပွဲမှာ ကျွန်တော့်တို့ကြက်က နိုင်လိုက်တယ်။ ဘကျော်ကြက် မျက်လုံးကန်းပြီး စည်းဝိုင်းအပြင်ကို ထွက်ပြေးသွားခဲ့တယ်။ သို့သော် ဘကျော်ရဲ့ကြက် ထွက်ပြေးပြီးမှ ကျွန်တော့်ကြက်က စည်းအပြင်မှာ အမောဆို့ပြီး ထနိုင်ဘူးဖြစ်ပါလေရောဗျာ။ အဲဒီမှာ သူ့ကြက်နိုင်တယ်၊ ငါ့ကြက် နိုင်တယ် စကားများပြီး ရန်ဖြစ်လိုက်ကြတာ။ သူ့ဘက် ကိုယ့်ဘက် တုတ်တွေ ဓါးတွေ အုတ်ခဲတွေနဲ့ ရိုက်ကြ နက်ကြ ပစ်ကြ ဖြစ်ကုန်ပါလေရော။ အကုန်လုံးနီးပါး ဒဏ်ရာကိုယ်စီ သွေးကိုယ်စီနဲ့ပေါ့ဗျာ။ အဲဒီလို ရှန်းရင်းဆန်ခတ်ဖြစ်နေချိန်မှာ ညီမလေးမိတိုးက သူ့ကြက်ကို ခြေအကောက် ဟိုဘက်အုပ်စုက တုတ်နဲ့ ပြေးရိုက်လိုက်တာ ညီ … မလေး အဲ … ဒီနေရာတင် … မွဲ … ချင်းပြီးပြီး သေ … သေ … ပါလေရော … ဗျာ"

"အို … ကျွတ် … ကျွတ် … ကျွတ် … ဖြစ်ရလေ ကိုကြွက်သိုးရယ်"

"အဲဒီအချိန်ကစပြီး ညီမလေး မတိုးဟာ အယူတိမ်းလို့ အစိမ်းသူ့ရဲ့ အဖွဲ့ ပရစ်ဖွဲ့ညာဥ်ဘဝနဲ့ မကျွတ်မလွတ်တဲ့ဘဝကိုရောက်သွားခဲ့ရတယ်၊ ဒီညောင်ပင်အောက်မှာ ကြက်လာတိုက်ရင် အမျိုးမျိုးခြောက်လှန့်ပြတယ်၊ ခါတိုင်း ဒီညောင်ပင်အောက်မှာ ကြက်တိုက်ရင် ခွပ်ကြတာပဲ၊ မိတိုးခြောက်တဲ့ဖမ်းစားတဲ့ အချိန်ကစပြီး ဒီနေရာမှာ ကြက်တိုက်ရင် ကြက်တွေ ခွပ်ကြတော့ဘူး။ မှိုင်ရင် မှိုင်၊ မမှိုင်ရင် လန့်ပြေးကုန်ကြရော။ ဒီတော့ ကြက်ပွဲလုပ်ချင်ရင် ညီမလေးထံမှာ အခွင့်တောင်းကြရတယ်။ မိတိုးလိုရင် ပွဲဖြစ်တယ်။ မလိုရင် ရန်ဖြစ်ကြရရော။

တစ်ခါတလေ နေဝင်ရီတရော မိတိုးက ကြက်ဖခွပ်ထမ်းကစားပြီး လမ်းသွားလမ်းလာအချို့ကို ကိုယ်ထင်ပြလို့ အခု နေဝင်ရီတရော ဒီနားက ဖြတ်မသွားရဲကြတော့ဘူး။ မကြာခဏ အသံနဲ့၊ အနံ့နဲ့ လှည့်ဖြားလို့

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေလည်း ဒီညောင်ပင်အောက်မှာ လာမကစားရဲကြတော့ဘူး။ ကျွန်တော်လည်း ရဟန်းသံဃာတော်တွေပင့်လို့ ဆွမ်းကျွေးဒါနပြု ရည်မှန်းအမျှဝေခဲ့ပေမဲ့ အစွဲအလန်းကကြီးရှာတော့ သာဓု မခေါ်နိုင်ဘူးနဲ့ တူပါရဲ့ဗျာ။ မကျွတ်နိုင်ပါဘူး။ မသေခင်က ညီမလေးမှာ ဆန္ဒတစ်ခု ရှိခဲ့တယ်ဗျ။ အဲဒါက မချစ်စုရွာက ကြက်ခွပ်ကောင်းတဲ့ မဂျမ်းဆိုတဲ့ အစ်မနဲ့ ရင်းနှီးချင်တယ် အစ်ကိုတဲ့။ ညီမလေး အဲဒီ မဂျမ်းနဲ့ ကစားကြည့်ချင်တယ်လို့ မကြာခဏ ပြောလေ့ ရှိတယ်ဗျာ။ ကျွန်တော်တို့လည်း မဂျမ်းတို့နေတဲ့ရွာကို လိုက်ပို့နိုင်းနေတာ ကြာလှပေါ့။ အခုတော့ ကျွန်တော့်ညီမလေး သူ့ သိပ်လေးစားတဲ့ သူ သိပ်တွေ့ချင်နေတဲ့ သူနဲ့ တွေ့ပြီး ဟီး... ဟီး... ဟီး... ဟီး... ညီမလေးရေ ပျော်ရဲ့လား... ညီမလေးရဲ့... ဟီး... အစ်ကို့ကို ပြောပါဦး ညီမလေးရဲ့ ဟီး... ဟီး... ဟီး... ဟီး..."

အိမ်ရှင်ကိုကြွက်သိုးက ပြောရင်းမှ ဝမ်းနည်းလာတာ မျက်နှာကို လက်ဝါးနှင့် အုပ်၍ ချုံးမည်းချငိုတော့သည်။ မိဂျမ်းတို့အားလုံးလည်း စိတ်မကောင်းကြ။ ကိုကြွက်သိုးအဖြစ်ကို ကြည့်၍ စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျကြရသည်။ အချို့က အသံထွက်၍ ငိုသည်။

"ခွင့်လွှတ်ကြပါဗျာ ကျွန်တော့်ညီမလေးဟာ သူ သိပ်လေးစား သိပ်ချစ်ခင်အားကျ တွေ့ချင်လွန်းလှတဲ့ ပျော့ဒီက ညီမ မိဂျမ်းနဲ့ တွေ့ပြီး စိတ်ကျေနပ်စွာ ကစားသွားရတဲ့အတွက် ကျွန်တော့်ညီမလေး ပျော်နေမှာပါ။ ဒါကို ခွင့်လွှတ်ကြပါလို့ နားလည်ပေးကြပါလို့ ကျွန်တော် တောင်းပန်ပါတယ် အဒေါ်တို့ရယ် နော်"

အားလုံးက နားလည်မှုရှိစွာဖြင့် ခွင့်လွှတ်ကြသည်။ ပရဝိညာဉ်လာကရဲ့ဆန်းကြယ်လှသော ဘဝကိုလည်း ဗုဒ္ဓဘာသာဝင်များပီပီ နားလည်လာကြသည်။

ရွှေညောင်ပင်မှပြန်တော့ ကိုကြွက်သိုးက ရွာထိပ်ညောင်ပင်အောက်ရောက်အောင် လိုက်ပို့ခဲ့သည်။ ညောင်ပင်အောက်ရောက်တော့ ကျီးကန်းပ်ကြီးက ခေါင်းပေါ်မှာ အုပ်ဖွဲ့လူးလာပျံသန်း၍ ထူးဆန်းစွာ နှုတ်ဆက်ခဲ့သဖြင့် အားလုံးလန့်ဖျပ်သွားကြသည်။ ကြက်သီးထ,ကုန်ကြသည်။



မိဂျမ်းက ပွဲယောင်းစပြုနေသည့် ငါးများအားလုံးကို ဒါနပြုသည့်အနေနှင့် ညောင်ပါးပျဉ်းခွက်ထဲမှာ စွန့်တင်ခဲ့ကာ နှုတ်မှလည်း "သွားပြီး သူငယ်ချင်း မတိုးရေ... မတိုး ကောင်းရာသုဂတိဘုံသို့ မြန်နိုင်ပါစေ"ဟု ဆုတောင်း နှုတ်ဆက်ခဲ့လိုက်လေသည်။

*

[၈]

ထိုသို့ဖြစ်ပျက်ခဲ့ပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ မိဂျမ်း အိပ်ပျော်နေရာမှ လန့်အော်၍ နိုးလာတော့သည်။ နှုတ်မှလည်း ကယောင်ကတမ်းစကားများကို ပြောနေသည်။

"မိဂျမ်း... မိဂျမ်း... ဘာ... ဘာဖြစ်လို့လဲ... သမီး"

"အ... မေ... အိပ်... အိပ်မက်ထဲမှာ... မိ... မိတိုး... သမီးကို လာ... လာ... ခေါ်နေတယ်"

"ဟင်... မိတိုး လာ... ခေါ်... တယ်..."

"ဟုတ်တယ် အမေ မိတိုးက သူနဲ့အတူလာနေပါတဲ့၊ သူတစ်ယောက်တည်း အဖော်မရှိလို့တဲ့၊ သ... သမီး... ကြောက်... ကြောက်... လိုက်တာ အမေရယ်..."

မိခင်လုပ်သူက ဘုရားစင်ပေါ်မှ ဆရာတော်ဘုရားကြီးများ၏ ရေစင်ရေမန်းများကိုယူ၍ မျက်နှာဦးခေါင်းစသည်တို့ကို သုတ်လိမ်းပေးပြီး ပါးစပ်ထဲသို့ အနည်းငယ်တိုက်လိုက်တော့မှ မိဂျမ်း အကြောက်ပြေသွားခဲ့လေသည်။ သည်လို အိပ်မက်ထဲမှ တဆင့် လာလာခေါ်သည့်အဖြစ်မျိုး မကြာခဏ ဖြစ်ဖန်များလာသောအခါ အိမ်သားများ စိုးရိမ်စပြုလာကြသည်။ သို့နှင့် ရွာဦးကျောင်းဆရာတော်ထံ ခေါ်သွား၍ ပြသအပ်နှံ စမ်းဆေးကြရသည်။ ဆရာတော်က လက်ဖွဲ့ (မဏိတ်ကြိုး)တစ်ကုံးစီရင်၍ မဂျမ်းလည်ပင်းမှာ ဆွဲပေးခဲ့ကာ မတိုးကိုလည်း ဘဝခြင်း ခြားနားနေပြီဖြစ်သောကြောင့် သံယောဇဉ်စိတ်ကို ဖြတ်ရန်နှင့် မနှောင့်ယှက်ရန် အမိန့်ပြန်ခဲ့သည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့ကို လည်ပင်းမှာဆွဲထားသည့်အချိန်မှစ၍ မတိုး အိပ်မက်မှတဆင့် လာရောက်ဖြားယောင်း သွေးဆောင်ခြင်း အလျဉ်းမရှိတော့။ နောက်ဆုံး အကြိမ်မက်သည့်အိပ်မက်မှာ မတိုး မျက်ရည်များ စီးကျလျက်မှ–

"ငါ့ကို ခွင့်လွှတ်ပါ မဂျမ်းရယ်၊ နင့်ကို ငါ ခင်လွန်းလို့ပါ၊ အနှ သူငယ်ချင်းဆီကို နောက်ဆုံးအကြိမ်အနေနဲ့ လာနှုတ်ဆက်တာပါ၊ တို့ကို သတိရနေပါနော် မဂျမ်း... တို့... သွားတော့မယ်" ဟု ပြောပြီး ပျောက်ကွယ်သွားခဲ့သည်မှာ...

*

[၉]

ဇာတ်ကြောင်းဆုံးသွားသောအခါ အမေကြီး ဒေါ်ရှင်ငြိမ်းမယ်သည် မော သွားဟန်နှင့် ရေနွေးကြမ်းတစ်ခွက်ကို ကောက်မော့လိုက်သည်။ ပြီးနောက် ကျားပျံမကောက် ဆေးပေါ့လိပ်ကြီးကို မီးညှိ၍ ဖွာလိုက်သည်။

"အဲဒီနောက်ပိုင်း မတိုးနေတဲ့ ရွှေညောင်ပင်ရွာဝန်းကျင် အခြေအနေ ကရော ဘာများ ထူးခြားဖြစ်စဉ်များ ဖြစ်ပါသေးသလဲ အမေ"

အေး ပြောစရာကျန်သေးတယ် သားရဲ့၊ ရွှေညောင်ပင်အခြေအနေ ထူးတာ ရှိသေးသကွယ့်၊ ဒီလိုပေ့ မကြာဘူး၊ အစိုးရက ရွာမြေတွေကို ရပ်ကွက်တည်ပေးပါလေရော။ ကွက်သစ် ရွာသစ် စနစ်တကျ တည်ပေး တာပေါ့ကွယ်။ အဲဒီအချိန်မှာ မတိုးနေဟဲ့ ညောင်ပိန္နဲပင်ကြီးက ရွာလမ်း တည့်တည့်မှာ ရှိနေလို့ မြေတူးစက် မြေကော်စက်များနဲ့ ညောင်ပင်ကို လှန်တူးလှဲရသကွယ့်"

"ရှိရဲ့လား အမေ"

"ဘယ်ရမှာလဲ တူးလိုက် ကော်လိုက် တွန်းလိုက်တိုင်း စက်က ရပ်ရပ်သွားခဲ့တယ်၊ စက်မောင်းသမားကိုလည်း အိပ်မက်ဆိုးတွေ မတိုးက ပေးခဲ့တယ်၊ စက်မောင်းသမားလည်း မမောင်းရဲတော့ဘူး၊ နောက်ဆုံး



ရွာထဲက သက်ကြီးရွယ်အိုများက ဝိုင်းပြောအကြံပြုကြလို့ မြို့ပိုင်က အမိန့်ပြန်တမ်း ထုတ်ရတယ်။ ဒီညောင်ပင်မှာ မှီတင်းနေထိုင်ကြသည့် ဗရုဇိညာဉ်သားအားလုံး ရွာကောင်းကျိုး ရပ်ကောင်းကျိုးအတွက် ဒီသစ်ပင် ကြီးကို လှဲပြောင်းရွှေ့ရပါ့မယ်။ ဒါကြောင့် အခုချိန်ကစပြီး အခြားလွတ်ရာ ကင်းရာနေရာဒေသများသို့ သွားရောက်နေထိုင်ကြပါတော့ဆိုပြီး အုပ်ချုပ်သူ မင်းမိန့်နဲ့ ပြန်တမ်းထုတ်လိုက်တော့မှ ညောင်ပင်ကြီး လဲကျသွားတော့ တယ်ကွယ်။ စက်မောင်းသမားလည်း ဘာမှ မဖြစ်ဘူး။ သည့်နောက်ပိုင်း ခြောက်တာ လှန့်တာလည်း လုံးဝမရှိတော့ဘူး။ အခု အဲဒီနေရာမှာ ကတ္တရာ လမ်းမဖြစ်သွားခဲ့တာ ယနေ့တိုင်ပဲကွယ့် သားရဲ့။ မတိုးတို့တော့ ဘယ်ဆီ များ ရောက်သွားလဲ မသိပါဘူး သားရယ်..."

"ဒါနဲ့ မေးပါရစေ အမေ၊ အမေက ဒီအကြောင်းတွေကို လုံးစေ့ ပတ်စေ့ပြန်ပြောနိုင်ပုံထောက်ရင် အမေနဲ့ မဂျမ်း အဲ...အဲ...ဒေါ်ဂျမ်းမက အတော်ရင်းနှီးတယ်နဲ့ တူတယ်နော်"

"သိပ်ရင်းနှီးသပေါ့ သားရဲ့"

"ဘယ်လိုရင်းနှီးတာလဲ အမေ"

"ဘယ်လိုရင်းနှီးတာလဲဆိုတော့ မိဂျမ်းဆိုတာ အခြားသူမှ မဟုတ်ပဲ သားရဲ့ အမေပဲဥစ္စာကိုး"

"ခင်ဗျာ..."

အံ့ဩသွားသည်။ ကျွန်တော့်မျက်နှာကို ဒေါ်ရှင်ငြိမ်းမယ်ခေါ် (မိဂျမ်း အမေဂျမ်း)က ပြုံးပြုံးကြီး စိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ကျွန်တော် လန့်သွားသည်။ ဒေါ်ရှင်ငြိမ်းမယ်ဆိုသည့် ကျွန်တော့်ရှေ့တူရူမှ အမေကြီးသည်ကော လူသားစင်စစ်မှ ဟုတ်ပါရဲ့လားလို့။

[မှတ်ချက်။ ။ ဒေါ်ရှင်ငြိမ်းမယ်သည် အမှန်တကယ် လူသားစင်စစ် ဖြစ်ပါသည်ခင်ဗျား]

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရေနေမလေး မေစံရှားနှင့် Rနီးတို့ ဆရာတပည့်

နေစိုးသော်

[၁]

"ဒီနေ့ မင်းကို ငါ လက်ချာဝမ်းပေးမယ်"

သို့ကလို အာနီးက ကောက်ကာငင်ကာ ပြောလိုက်သောကြောင့် လက်ဖက်ရည်သောက်ရင်း ရုပ်မြင်သံကြားကို ငေးမောနေသော တပည့်ဖြစ်သူ ဆိတ်ဖွား မျက်လုံးပြူးသွားသည်။

"ဟာ… ဆရာ ကျွန်တော့်ဝမ်းကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး ဘာဖြစ်လို့ ဆရာက လက်ချာတွေ ကျွန်တော့်ကို တိုက်မှာလဲ"

ဆိတ်ဖွားက လက်တကာကာဖြင့် ပြောသည်ကို အာနီးက မျက်မှောင်ရှုံ့လျက် အထင်သေးစွာ ကြည့်လိုက်ပြီး–

"အင်း မင်းကို တပည့်မွေးရတာတော့ မှားပြီလား မသိဘူး၊ မင်း အတော်တုံးတဲ့ကောင်၊ လက်ချာဆိုတာ အင်္ဂလိပ်စကားကွ၊ ပရဆေးဆိုင်က လက်ချာကို ပြောတာ မဟုတ်ဘူး၊ ပို့ချချက် နံပါတ် (၁)ကို ပေးမယ် ပြောတာ၊ တုံးရဲ့"ဟု လေသံမြင့်မြင့်ဖြင့် ပြောလိုက်တော့မှ ဆိတ်ဖွားမျော



ခေါင်းကလေးပုသွားရှာတော့သည်။

"မသိလို့ပါ ဆရာရယ်၊ ဆရာတ ဘိုလိုတည့်တည့် မှတ်တာကိုး၊ မြန်မာလိုပဲ မှတ်ပါဆရာရယ်၊ ဆရာ့တပည့် ကျွန်တော်က တောသား လေးပါ"

"အေး မင်းကို တောသားကနေ မြို့သားဖြစ်လာအောင် ရွံ့ထဲဗွက်ထဲ ကနေ အဲယားကွန်းအောက်ရောက်အောင် တဲပေါ်ကနေ တိုက်ပေါ်ရောက် အောင် မြေတောင်မြှောက်ပေးချင်လို့ ငါက စေတနာနဲ့ခေါ်လာပြီး ပညာသင်ပေးနေတာ၊ မင်း နားလည်တယ် မဟုတ်လား"

"ဟုတ်ကဲ့ နားလည်ပါတယ် ဆရာ"

စင်စစ်တော့ အာနီးနှင့်အတူ ဆိတ်ဖွား မြို့ကိုလိုက်ပါလာသည် မှာ မကြာသေးပေ။

ဆိတ်ဖွားမှာ မြိုင်မြို့နှင့် အတော်ကြီး ဝေးလှလှသော တောကုန်း ဆိုသော ရွာကလေးတစ်ရွာမှ ဖြစ်သည်။ မိဘတွေက လယ်သမားတွေ ဖြစ်သည်။ အစ်ကို၊ အစ်မတွေကလည်း လယ်သမားတွေဖြစ်သည်။ ဆိတ်ဖွား ကိုယ်တိုင်မှာလည်း အလယ်တန်းထိသာ ပညာသင်နိုင်ပြီး ရှစ်တန်းကို နှစ်ကြိမ်ပြေပြီးနောက် ကံဇာတာ ညှိုးငယ်သဖြင့် ကျောင်းကို တာ့တာ့ဘိုင့်ဘိုင်လုပ်ကာဖခင်၏ လယ်ထဲသို့ ကဆုန်ပေါက်ပြေးဆင်းခဲ့ရ သူဖြစ်သည်။

အသက်က နှစ်ဆယ်ပင် မပြည့်သေး။ လူလုံးလူဖန်ကလည်း ခပ် ညှက်ညှက်။ ဉာဏ်ရည်ဉာဏ်သွေးကလည်း ခပ်ညံ့ညံ့။ သည်ကြားထဲ ငယ်ငယ်က မကြာခဏ တက်တက်ခဲ့သဖြင့် တစ်ခါတရံ နည်းနည်းကြောင် ချင်သည်။ သို့သော် စကားကို ကြီးကြီးကျယ်ကျယ် ပြောတတ်သည်။ စကားပြောကြီးကျယ်သလို စိတ်နေကလည်း မြင့်ချင်သည်။ အမေ အဖေ၏ လယ်ထဲမှာ သူမပျော်။ နွားတွေနှင့်ဖက်ပြီး အလုပ်လုပ်ရမည့် တောလက်ကျေးရွာ၏ သဘာဝအလှကို သူ မခုံမင်။

သူကြည့်ရသော ဗွီဒီယိုတွေထဲကလို မြို့ကြီးမှာနေချင်သည်။ တိုက်နှင့်နေချင်သည်။ ကားစီးချင်သည်။ လှလှပပ ဝတ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်တွေ တက်ချင်သည်။ မြို့သူ လှလှလေးတွေနှင့် တွဲချင်သည်။

"ဆိတ်ပွားကိုတော့ ငါ စိတ်ကုန်တယ် ရှင်မရေ"ဟု အဖေက အမေ့ကို မကြာခဏ ညည်းပြသည်။

"ဘာဖြစ်လို့လဲတော်၊ ရှင်ကလဲ"

အမေကတော့ သားအထွေးဆုံးမို့ ဆိတ်ပွားကို ပြောလျှင်မကြိုက်ချင်။

"မင်းသားက လယ်သမား မလုပ်ချင်ဘူးတဲ့ဟော့၊ ဗွီဒီယိုမင်းသား လုပ်ချင်တယ်တဲ့၊ ငါ့ကိုပြောတယ်"

"ကောင်းတာပေါ့တော်၊ ကျုပ်သားလေး ဗွီဒီယိုမင်းသားဖြစ်ရင် ကျုပ်တို့လည်း ချမ်းချမ်းသာသာ နေရမှာ၊ ရှင် ဘာကန့်ကွက်စရာရှိလဲ"

"ဟာ… ဒီမိန်းမ၊ ငါ ထရိုက်လိုက်ရ၊ မင်းဟာ မင်းသား ဆိတ်ပွားလိုပဲ၊ ဗွီဒီယိုမင်းသားဖြစ်ဖို့ဆိုတာ လွယ်မလားဟ။ ပြီးတော့ ဆိတ်ပွားရုပ်ကိုလည်း ကြည့်ပါဦး။ ပိန်ပိန်ကပ်ကပ်၊ ပုပုညှက်ညှက်၊ လမ်းလျှောက်ရင် ကို့ရို့ကားယား၊ မျက်နှာက နွားတက်နင်းထားတဲ့ ဖားလိုပဲ၊ စကားပြောတော့ လေသံက အထက်မရောက် အောက်မရောက်၊ ဖြစ်လိမ့်မယ် အားကြီးကြီး"

"အိုတော်… ရှင်က ကျုပ်သားကို မနိမ့်ချစမ်းပါနဲ့၊ ခုခေတ် နာမည်ကြီးမင်းသားတွေလဲ ကျုပ်သားနဲ့ ဘာကွာလို့လဲ x x x x"

" ဘာ်စမ်းကွာ၊ ဟိုကောင် အရူးထတာကို စိတ်ပျက်ရတဲ့အထဲ မင်းကလည်း တမျိုး"

သည်လို အခြေအနေမျိုးမှာ မြို့ပေါ်က အာနိုး ပြန်ရောက်လာခြင်း ဖြစ်သည်။ အာနိုးကလည်း ဆိတ်ပွားတို့ တောကုန်းရွာသားဖြစ်သည်။ မိဘတွေ ဆုံးပါးသွားကြတော့ အာနိုးက ဆယ့်ငါးနှစ်သားလောက်ပဲ ရှိသေးသည်။ ရွာဦးဘုန်းတော်ကြီးက သနားသဖြင့် ကျောင်းမှာ ခေါ်ယူ ကျွေးမွေးထားရာက မြို့မှလာသော ဒကာတစ်ယောက်နှင့် စကားစပ်ပြီး အာနိုးကို မြို့သို့ ထည့်လိုက်ခြင်းဖြစ်သည်။

အာနိုး မြို့မှာ စာသင်ပြီး ဆယ်တန်းအောင်သွားသည်ဟု ကြားရသည်။ အာနိုး အပြောအရ ဘွဲ့ရသည်ဟု ဆိုသည်။ ဟုတ်မဟုတ်တော့ ဆိတ်ပွား မသိ။



မရောက်တာကြာပြီဖြစ်သော ရွာကို အလည်ပြန်လာတော့ အာနိုးက ရုပ်ရှင်မင်းသားစတိုင် အပြည့်ဖြင့်။ ဂျင်းဘောင်းဘီနှင့် စပို့ရှပ်နှင့်၊ နေကာမျက်မှန်နှင့်။

ဒါကိုမြင်တော့ ဆိတ်ပွား အလွန်အထင်ကြီးသွားသည်။

"အစ်ကိုက မြို့မှာ ဘာလုပ်လဲ"

ဆိတ်ပွား မိဘများနှင့် အာနိုးက ရင်းနှီးပြီးသားမို့ အာနိုးနှင့် ဆိတ်ပွားလည်း ခင်မင်ခွင့်ရသွားသည်လေ။

အာနိုးက မျက်မှန်ကို နေသားတကျအောင်ပြင်ရင်း စီးကရက် တစ်လိပ်ကို ဟန်ပါပါ မီးညှိဖွာရှိုက်နေသည်။ အတန်ကြာမှ–

"ငါ့က မှုခင်းသတင်းထောက်ပေါ့ကွာ"

"သတင်းထောက်ဆိုတာ ဘာလဲ"

"ဂျာနယ်တွေထဲမှာ ထည့်ဖို့ မှုခင်းသတင်းတွေကို လိုက်လံစုံစမ်း ထောက်လှမ်းရတဲ့ သူပေါ့ကွာ"

"အစ်ကို့နာမည်က မောင်နိုးလို့ အမေကပြောတယ်၊ အခု ဘာဖြစ်လို့ အာနိုးလို့ ခေါ်တာလဲ၊ အစ်ကိုက အာများလို့လား"

ဆိတ်ပွား အမေးကြောင့် အာနိုး မျက်နှာမဲ့သွားသည်။

"ဟေ့ကောင်… အာဆိုတာ အင်္ဂလိပ် R ကွ၊ အင်္ဂလိပ် R"

"ဒါဆို အစ်ကိုက ဟိုအဆိုတော်ကို အားကျလို့ နာမည်ရှေ့မှာ R တပ်ထားတာပေါ့ ဟုတ်လား"

"ကျွတ်… မင်း တော်တော် အသုံးမကျတဲ့ကောင်၊ အဲဒီအဆိုတော် မပေါ်ခင်ကတည်းက ငါက ငါ့နာမည်ရှေ့မှာ R ကို တပ်ထားတာ၊ ငါက ပထမ R ကွ သိလား"

"အဲဒါ ဘာ R လဲ အစ်ကို"

"Reporter (ရီပိုတာ) သတင်းထောက်ကို ပြောတာကွ၊ သတင်း ထောက်ကို ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်လည်း မြို့လိုက်ပြီး သတင်းထောက်လုပ်ရင် Rဆိတ်ပွား ဖြစ်မှာပေါ့နော်"

တိုတိုပြောကြပါစို့။ သည်လိုနှင့် ဆိတ်ပွားက သူ အာနိုးနှင့် ရန်ကုန်လိုက်ချင်ကြောင်း အဖေနှင့် အမေ့ကို ပြောသည်။

အဖေက ဘဝင်မကျ။

"မဖြစ်ပါဘူးကွာ၊ အဲဒီကောင် ငနိုးက မလည်ရှုပ်ကွ သိလား၊ မင်းကလည်း မအူမလည် ခပ်ကြောင်ကြောင်နဲ့၊ မဖြစ်ပါဘူး"

အမေကတော့ ဆိတ်ပွားဘက်က ဖြစ်သည်။

"ဒီလို ဘယ်ဟုတ်မလဲတော်၊ ဒါ ကျွဲသား မြို့ရောက်ပြီး တိုးတက်ကြီးပွားမယ့် လက္ခဏာတော့ သိရဲ့လား၊ ဒါ အခွင့်အရေးပဲ၊ လိုက်သွား၊ ငနိုးကို အမေ လိုက်ပြောပေးမယ်"

အဖေက အမျိုးမျိုးကန့်ကွက်သည်။ အစ်ကို၊ အစ်မတွေက ဘာမျှ ဝင်ပြီး အကြံမပေးသဖြင့် ဆိတ်ပွားနှင့် အမေက နှစ်မဲ၊ အဖေက တစ်မဲဖြင့် ဆိတ်ပွားတို့ အနိုင်ရရှိသည်။

အမေက အာနိုးကိုပြောတော့ အာနိုးကလည်း လိုလိုလားလား လက်ခံသည်။

"ဟာ... ရပါတယ်၊ ကိုဖယ်ရှာသူရှာသားချင်းပဲ၊ ကျွန်တော့်ကို အားကိုးတယ်ဆိုမှတော့ ကျွန်တော်ကလည်း ပျိုးထောင်ပေးရမှာပေါ့ ဒုန့်ဝါရီ"

"တဲထွေးစင်လိုက်တာကွယ်၊ အဲဒါ ဘာပြောတာလဲ"

"သြော်... မပူပါနဲ့လို့ အင်္ဂလိပ်လိုပြောတာပါ"

"ကျေးဇူးတင်လိုက်တာ ငါ့တူရယ်၊ ငါ့တူကျေးဇူးကို အဒေါ်တို့ မမေ့ပါဘူး"

သို့ဖြင့် ဆိတ်ပွားအမေက ဆိတ်ပွားကို အာနိုးနှင့် မြို့ကို ယုံယုံကြည်ကြည် ထည့်လိုက်လေသည်။ အဖေကတော့ ခေါင်းယမ်းယမ်းဖြင့်။

"ဒီမှာ ဆိတ်ပွား၊ မြို့ဆိုတာ ငါတို့တောလို မဟုတ်ဘူးနော်၊ လူလည်လူရှုပ်တွေ သိပ်များတာ၊ အစစအရာရာ သတိထားပြီး ရိုးရိုးသား



သားနဲ့ ကြိုးစားပါ၊ အဖေက ငါ့သားဆန္ဒဖြင့်ပြလို့သာ လွှတ်လိုက်ရတာ၊ ရင်ထဲမှာတော့ ပူနေတာပဲ"

"စိတ်ချပါ ဦးလေးရာ၊ ဆိတ်ပွားကို ကျွန်တော်က ကျွန်တော့်တပည့်လေးလို မွေးမှာပါ၊ တစ်နေ့ကျရင် သူဟာ ကျွန်တော့်လိုပဲ အောင်မြင်တဲ့သူ တစ်ယောက် ဖြစ်လာရပါစေ့မယ်၊ ဒုန့်ဝါရီ"

"အေးပါကွာ၊ မလိမ္မာတာရှိရင်လည်း မင်းပြောသလို တုတ်နဲ့သာ နာနာတီးပါ"

"ဟာ... မဟုတ်ဘူး ဦးလေး၊ မပူနဲ့ စိတ်ချပါလို့ ပြောတာပါ"

ယခုတော့ ဆိတ်ပွားတစ်ယောက် အာနိုးနှင့် ရန်ကုန်ကို လိုက်လာပြီး အာနိုးထံတွင် အနွေဝါသိက တပည့်ခံနေခြင်း ဖြစ်လေသည်။

အာနိုးမှာ သူ့ကို မွေးစားခဲ့သော မွေးစားဖခင်က အမွေပေးခဲ့သဖြင့် တိုက်ခန်းကလေးတစ်ခု၊ ဆိုင်ကယ်လေးတစ်စင်းဖြင့် တစ်ကိုယ်တည်း နေထိုင်သူ ဖြစ်လေရာ ဆိတ်ပွားတည်းဟူသော တပည့်တစ်ယောက်ကို ထောက်ရခဲ့လေရာတွင် အိမ်ဖွဲ့ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်ဖော်တစ်ယောက် ရခဲ့သကဲ့သို့ အကျိုးထူးလှပေသည်။

ပြီး သွားလေရာရာတွင် တပည့်အဖြစ်နှင့် ဆိတ်ပွားကို ခေါ်သွားပြီး တပည့်နောက်လိုက်ပါသော ဆရာကြီးတစ်ဆူအဖြစ်ဖြင့် ရင်ကော့နေလေသည်။

အာနိုးက–

"ဒီမှာ ငါ့တပည့် ဆိတ်ပွားရဲ့၊ ငါက မှုခင်းသတင်းထောက် ဆိုပေမယ့် ငါပိုပြီး စိတ်ဝင်စားတာက စုံထောက်အလုပ်ကွ၊ သိလား"ဟု ပြောလေရာ ဆိတ်ပွားက–

"စုံ၊ မ ထောက်တာတော့ ကျွန်တော်လည်း ကြားပါတယ်ဆရာ၊ ဒါ ကျွန်တော်တို့ ငယ်ငယ်က ကစားနေကျပါ"ဟု ပြန်ပြောလေသည်။

"ဆိတ်ပွား မင်း ထင်ရာတွေ စွပ်တင်ပြီး မပြောစမ်းနဲ့ စုံထောက် ဆိုတာ စုံစမ်းထောက်လှမ်းသူ၊ မှုခင်းတွေရဲ့ တရားခံကို ဖော်ထုတ်ဖမ်းဆီး သည့်သူကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... အဲ့ဒါ ကျွန်တော်လည်း ဝါသနာပါတယ်၊ လူဆိုးတွေနဲ့ ဖိုက်တင်ချရမှာ မဟုတ်လား၊ ဒါမျိုးဆို ဆိတ်ပွားတို့က အသေးအဖွဲ့ပါ၊ ရွာမှာ ကျွန်တော်က သိုင်းသင်ထားတာ၊ ဆရာ ကျွန်တော့်ကို အားကိုးစမ်းပါ၊ ဆရာတင်လိုက်စမ်းပါ"

အာနိုး မျက်နှာရှုံ့မဲ့သွားသည်။ တံတွေးကို ပျစ်ခနဲ ထွေးလိုက်ပြီး–

"အင်း... ငါက တပည့်ခေါ်လာတယ် အောက်မေ့တာ၊ လက်စသတ်တော့ ဆရာခေါ်လာမိတာကိုး၊ မှားပါတယ်"

"မမှားနဲ့ဆရာ၊ မှားတယ်ဆိုတာ လောကမှာ မကောင်းဆုံးပဲ၊ အမြဲတမ်း မှန်ကန်နေအောင် ကြိုးစားပါ"

"ဟုတ်ကဲ့ပါ ဆရာဆိတ်ပွားရယ်၊ ကျွန်တော် နားမလည် မသိမကျွမ်း တာတွေကို ဆုံးမပေးပါ ဆရာ"ဟု ပြောပြောဆိုဆို အာနိုးက ဆိတ်ပွား၏ခေါင်းကို ထုလိုက်လေသည်။

ပြီးမှ...

"ဒီမှာ သေသေချာချာနားထောင်၊ ပေါက်ကရတွေ မင်း လျှောက်ပြောတာနဲ့ ငါ့စကား ပျောက်ပျောက်သွားတယ်"ဟု ခပ်တည်တည် ကြိမ်းလေမှ–

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ငြိမ်ပြီးနားထောင်ပါ့မယ်၊ မှားလည်း ဝင်မပြောတော့ပါဘူး"ဟု ဆိတ်ပွားက ခေါင်းကိုပွတ်ရင်း ပြန်ပြောသည်။

အာနိုးက 'အဟမ်း'ဟူ၍ လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး–

"ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံကြီးတွေမှာ စုံထောက်အဖွဲ့ကြီးတွေ ရှိကြတယ်၊ မင်းကို ဗဟုသုတဖြစ်အောင် ပြောရရင် အမေရိကန်မှာ မော့ဆက်ဆိုတဲ့ အဖွဲ့ကြီး၊ ရုရှားမှာ ဒီအိုင်အေ ဆိုတဲ့အဖွဲ့ကြီး၊ အစ္စရေးမှာ အက်ဖ်ဘီအိုင်ဆိုတဲ့ အဖွဲ့ကြီး အင်္ဂလန်မှာ ဆူရီတေးဆိုတဲ့ အဖွဲ့ကြီး၊ တို့မြန်မာနိုင်ငံမှာ စီအိုင်ဒီဆိုတဲ့ အဖွဲ့ကြီးတွေ ရှိသကွ"

ဆိတ်ပွားက မျက်လုံး ပေကလပ်ပေကလပ်ဖြင့်

"ကျွန်တော်က ဘာမှမသိတော့၊ ဆရာပြောသမျှ နားထောင်ရမှာ



ပါပဲ၊ ဒါပေမယ့် ဆရာပြောတာ မှားနေတယ်လို့ ထင်တယ်"ဟု ခပ်တိုးတိုးပြောသည်။

"ဘာကွ၊ ငါက မှားရမှာလား၊ အသေအချာကို လေ့လာထားတာ၊ သိရင် ငြိမ်ငြိမ်နေပြီး နားထောင်၊ ဒီမှာ ဆိတ်ပွား၊ လူတစ်ဦးချင်း နာမည်ကျော်တဲ့ စုံထောက်ကြီးတွေလည်း ရှိသေးတယ်ကွ၊ ငါက သူတို့ရဲ့ စုံထောက်ပညာကို အသေးစိတ် လေ့လာထားတယ်၊ စာအုပ်တွေ၊ ရုပ်ရှင်တွေထဲမှာ သူတို့အကြောင်းတွေတောင် ပါသကွ၊ ဆိုပါတော့ကွာ၊ ရှားလော့ဟုမ်းရေးတဲ့ စုံထောက်ကြီး ဆာအာသာကိုနင်ဒွိုင်းတို့၊ ဂျိမ်းစ်ဘွန်းရေးတဲ့ 007 စုံထောက် အိုင်းယင်းဖလင်းမင်းတို့ပေါ့ကွာ၊ တို့ မြန်မာနိုင်ငံမှာဆိုရင် ဦးစံရှားရေးတဲ့ စုံထောက်ကြီး ရွှေဥဒေါင်းတို့၊ ဦးထင်ကျော်ရေးတဲ့ စုံထောက်ကြီး ဒဂုန်ရွှေမျှားတို့ပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် မသိပါဘူး ဆရာ၊ ဆရာ ပြောတဲ့အတိုင်း မှားတာတွေ မှတ်ထားပါ့မယ်"

"ဟော့ကောင် မှတ်သားစရာတွေကို မမှားအောင် မှတ်ထားပါ့မယ်လို့ ပြောရမှာ"

"ဟုတ်ကဲ့၊ ဆရာ ပြောသလိုပါပဲ ခင်ဗျာ"

"အခု မြန်မာပြည်မှာ မှုခင်းတွေကို ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်တယ်၊ တစ်ချို့ ခက်ခဲနက်နဲတာတွေကျတော့ စီအိုင်ဒီက စုံထောက်တွေက လိုက်ကြတယ်၊ ခုအချိန်မှာ တို့ဆီမှာ အလွတ်စုံထောက်ဆိုတာ မရှိဘူးကွ၊ ငါက အဲဒီလို အလွတ်စုံထောက် လုပ်ချင်တာ"

"အလွတ်စုံထောက်ဆိုတာ ဘာလဲ ဆရာ"

"ပရိုက်ဗိတ် ဒီတက်တစ်ပေါ့ကွာ"

"အဲဒါမှ ပိုရှုပ်သွားပြီ"

"ပရိုက်ဗိတ် ဒီတက်တစ်ဆိုတာက အင်္ဂလိပ်လိုပြောတာ၊ မြန်မာလိုကတော့ အလွတ်စုံထောက်ပေါ့"

"ဆရာပြောတာ လည်နေပြီ"

"လည်ရမယ်၊ လည်မှ စုံထောက်ဖြစ်မှာ၊ ဒီမှာ ဒီရှေ့ ငါပေးမယ့်

www.burmeseclassic.com

www.burmeseclassic.com



လက်ချာဝမ်းက အဲဒါပဲ၊ စုံထောက်ဆိုတာ မျက်စိလျင်ရမယ်၊ နားပါးရမယ်၊ အရာရာကို စူးစမ်းလေ့လာထားရမယ်၊ ထုတ်ယူဆင်ခြင်တဲ့နည်းကို သုံးရမယ်၊ ပြီးတော့ အဲ. . . အဲ. . .”

“ဆရာ့အလွတ်ကျက်ထားတာတွေ ကုန်ပြီလား၊ မေ့နေရင်လည်း ရပါတယ် ဆရာ၊ ဒီလောက်ဆို လုံလောက်ပါပြီ”

“အေးကွာ၊ နောက်မှ ကျန်တာတွေ ငါပြောမယ်၊ ဒီနေ့က အချိန့်သိပ်မရလို့ ထားလိုက်တော့”

“ထားပါတယ် ဆရာ”

“တို့ဆီမှာ အခုတစ်လော နာမည်ကြီးနေတာကတော့ ရှေ့နေမလေး မေစံရှားပဲ၊ သူက ရှေ့နေကွ၊ ဒါပေမယ့် ရှေ့နေလုပ်ရင်း သူလိုက်ရတဲ့အမှုတွေကို အတွင်းကျကျ လေ့လာသုံးသပ်ပြီး တရားခံ အစစ်အမှန်ကို ရှာပေးတယ်။ တစ်ခါတရံမှာ အမှုတွေက ရှုပ်ထွေးပြီး တရားခံက တရားလိုဖြစ်၊ တရားလိုက တရားခံဖြစ်နေတာမျိုးတွေ ရှိတတ်တယ်၊ အဲဒါမျိုးတွေကို သူက ဖော်ထုတ်ပေးနိုင်ခဲ့တယ်၊ ဒါကြောင့်လည်း တော်တော် နာမည်ကြီးတယ်၊ ငါနဲ့ ပြိုင်ဘက်ဆိုပါတော့ကွာ၊ ငါနဲ့ယှဉ်နိုင်တဲ့ ပြိုင်ဘက်ဆိုရင် သူတစ်ယောက်ပဲရှိတယ်”

“ယှဉ်ရမှာလား ဆရာ”

“ဆိတ်ပွား မင်းက ငါ့ကို အထင်သေးတာလား၊ အေး ငါ မင်းကို လက်တွေ့ပြမယ်၊ သွားရင်းလာရင်း အမှုအခင်းတစ်ခုတွေ့တာနဲ့ အမှုကို ဘယ်လို ဆင်ခြင်စဉ်းစားပြီး တရားခံကို ဘယ်လို လိုက်ရမယ်ဆိုတာ ငါ လက်တွေ့ သင်ပေးမယ်၊ ကဲ. . . သောက်၊ လက်ဖက်ရည်သောက်ပြီးရင် သွားမယ်”

“လက်ဖက်ရည်က ကုန်တာကြာပြီ ဆရာ၊ ဆရာ စကားမပြတ်သေးလို့ ကျွန်တော် သည်းခံပြီး နားထောင်နေရတာ”

“ဟာ. . . ဒီကောင်”

သို့ဖြင့် ဆရာအာနီးနှင့် တပည့်ဆိတ်ပွားတို့ နှစ်ယောက် လက်ဖက်ရည်ဆိုင်မှ ထွက်လာကြသည်။



အာနီးက ဆိုင်ကယ်ပေါ်တက်တော့ ဆိတ်ပွားက နောက်က။

အချိန်မှာ မှောင်ရီဖျိုးဖျ။ ညီအစ်မ မသိတသိအချိန်။

*

[၂]

အာနီးနှင့် ဆိတ်ပွားတို့ စီးလာသော ဆိုင်ကယ်ကလေးသည် တဖုတ်ဖုတ်နှင့် ဆိတ်ငြိမ်ရပ်ကွက်ကလေးတစ်ခု၏ လမ်းသွယ်ကလေး ပေါ်တွင် ပြေးလျက်ရှိသည်။

သည်ဝန်းကျင်က ကိုယ်ပိုင်ခြံနှင့်ဝန်းများချည်း ဖြစ်၏။ သည်မှ နည်းနည်းကျော်လိုက်လျှင် ကံထရိုက်တိုက် အိမ်ရာများကို ရောက်မည် ဖြစ်၏။

အာနီး၏ အိမ်ဂေဟာမှာ ထိုအိမ်ရာတွင် ရှိလေသည်။

လမ်းချိုးကလေးတစ်ခုကို ကွေ့ဝင်လိုက်လျှင် မြင်ကွင်းတစ်ခုက အာနီးတို့ ဆရာတပည့်ကို ဆီးကြိုလိုက်၏။

အာနီးတို့နှင့် ကိုက်နှစ်ရာခန့် ကွာဝေးမည်ဖြစ်သော လမ်းသွယ်ကလေး၏ အတွင်း အဝေးတစ်နေရာ။

ကောင်လေး တစ်ယောက်နှင့် ကောင်မလေး တစ်ယောက်။

ကောင်လေးက ဆံပင်ရှည်နှင့် တီရှပ်နှင့်၊ ဂျင်းဘောင်းဘီနှင့်၊ ကောင်မလေးက ဆံပင်ဂုတ်ဝဲကလေးနှင့် ကျောပိုးအိတ်ကလေးနှင့်၊ တိုက်စကတ်ကလေးနှင့်။

သူတို့ကို နောက်ကျောမှ လှမ်းမြင်ရခြင်းဖြစ်သဖြင့် သူတို့၏ ရုပ်ရည်နှင့် မျက်နှာသွင်ပြင်ကိုမူ မမြင်ရ။

ပြီးတော့ အချိန်ကလည်း အမှောင်က အလင်းကို ကြိုးဝိုင်းထောင်း၍ အလဲထိုးရန် ကြိုးစားနေချိန်။

လမ်းမီးများက မဝံ့မရဲ ချောင်းကြည့်နေချိန်။

မြင်ကွင်းက လှသဖြင့် အာနီးက သူ၏ ဆိုင်ကယ်ကို စက်ရှိန်လျှော့လိုက်ပြီး ခပ်ဖြည်းဖြည်း ဖြတ်သွားရန် စိတ်ကူးလိုက်သည်။

ကောင်လေးနှင့် ကောင်မလေးမှာ ပခုံးချင်း ကပ်လို့။ တစ်ကန့်စာ

www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ သူတို့နှစ်ယောက်သာ ရှိသည့်ပမာ။ ကောင်လေးက ကောင်မလေးခါးကို ဖက်ထားလေသလား။

"ဟာ..."

အရေးထဲမှာ အာနိုး၏ ဆိုင်ကယ်က သူ့ဇာတိကို ရုတ်ချည်းတို့ပြသည်။ မီးဝါပင်မခံဘဲ မီးနီမှင့်လာကာ ရုတ်တရက် ထိုးရပ်သွားသည်။

ကောင်လေး၊ ကောင်မလေးတို့နှင့် ကိုက်တစ်ရာကျော် ဝေးသေးသည်။

"ဆရာနိုး ဆိုင်ကယ်က ဘာဖြစ်သွားတာလဲ၊ မီးခြစ်ယူမလား"

နောက်ပါးက ဆိတ်ပွားက ဆိုင်ကယ်ပေါ်မှဆင်းရင်း မေးလိုက်ရာ အာနိုး ဒေါသဖောင်းသွားပြီး ဆိတ်ပွားကို ဘုကြည့်ကြည့်လိုက်သည်။

"ဘာကွ... မင်းက ငါ့ဆိုင်ကယ်ကို မီးရှို့ပစ်ခိုင်းတာလား"

"မဟုတ်ပါဘူး ဆရာနိုးရယ်၊ ဆရာနိုး ဆိုင်ကယ်ကို ဘာဖြစ်တာလဲဆိုတာ မီးခြစ်ပြီး ကြည့်မလားလို့ပါ"

"တော်ကွာ တော်စမ်း"

အာနိုး ဆိုင်ကယ်ပေါ်မှဆင်းပြီး ဟိုလုပ်သည်လုပ် လုပ်သည်။ ဟိုနှိုက်သည်နှိုက် ကလိကြည့်သည်။ ပြီး ဆိုင်ကယ်ပေါ် ပြန်တက်ပြီး စက်နှိုးဖို့ ပြင်လိုက်သည်။

ထိုစဉ် ဆလွန်းကားဖြူကလေး တစ်စင်းက သူတို့ဘေးမှ ဝူးခနဲ ဖြတ်ကျော်တက်သွားပြီး ကောင်လေးနှင့် ကောင်မလေးဘေးမှာ တုံ့ကနဲ ထိုးရပ်သည်။

ပြီး ကားပေါ်မှ ယောကျ်ားကြီးနှစ်ယောက် ဆင်းလာကာ တစ်ယောက်က ကောင်လေးကို လက်သီးဖြင့် ခွပ်ခနဲထိုးလိုက်ရာ ကောင်လေး ယိုင်သွားသည်။ ထိုသူကပင် ဆက်၍ ကောင်လေးကို ခြေဖြင့်ကန်လိုက်ပြန်ရာ ကောင်လေး မြေပြင်ပေါ် ဘုန်းခနဲ ပစ်ကျသွား၏။

ကျန်လူကြီးတစ်ယောက်က ကောင်မလေးကို ဆွဲကာ ကားပေါ်သို့ တွန်းတင်သည်။

ကောင်လေးကို ထိုးနေသောသူက လဲကျနေသည့် ကောင်လေးကို



ခြေဖြင့် လှိမ့်ကန်ပြီး နှုတ်မှလည်း ဆဲဆိုကြိမ်းမောင်းသည်။ ဝေးနေသဖြင့် အသံကိုမူ သဲသဲကွဲကွဲ မကြားရ။

"ဟာ... အဲဒါ မှုခင်းပဲ တပည့်ရေ၊ ရန်ကုန်မှာ ဒါမျိုးက ဖြစ်နေကျကွ၊ ကောင်လေးနဲ့ ကောင်မလေးတွေ ချိန်းတွေ့တာတို့၊ တွဲသွားတာတို့ဆိုရင် ကောင်လေးကို ရိုက်နှက်ပြီး ကောင်မလေးကို ဆွဲခေါ်သွားမယ်၊ အဓမ္မကျင့်မယ်၊ လုယက်မယ်၊ ဒါ တို့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး"

ပြောပြောဆိုဆို အာနိုးက သူ့ဆိုင်ကယ်ကို စက်နှိုးလိုက်ရာ ဝူးခနဲမြည်ပြီး ဆိုင်ကယ်က လန့်နိုးမလိုနှင့် ပြန်ရပ်သွားသည်။

"ဟာ... ဒုက္ခပဲ"

အာနိုး ညည်းလိုက်သံနှင့်။

"ဆရာ မြန်မြန်လုပ်ပါ၊ ဟိုမှာ ဟိုလူတွေ ပြေးတော့မယ်"

ဆိတ်ပွားက သူ့ဆရာအာနိုးကို နောက်မှ လှမ်းဆော်သည်။ အာနိုး ဘာမျှပြန်မပြောတော့။

ဆိုင်ကယ်ကို ပစ်ထားခဲ့ပြီး ထိုနေရာသို့ အရှိန်အဟုန်ဖြင့် ပြေးသွားသည်။ သူ့တပည့် ဆိတ်ပွားကလည်း ယောင်ချာချာဖြင့် သူ့နောက်မှ ပြေးလိုက်လာ၏။

ထိုအချိန်၌ ကောင်လေးကို ရိုက်နှက်ကန်ကျောက်သော လူမှာလည်း ကားပေါ်သို့ ပြန်တက်ပြီးဖြစ်ရာ ကားက ဝူးခနဲ မောင်းထွက်သွားသည်။ ကားကလေး၏ နောက်မှ မီးနီက အာနိုးကို လက်ပြနှုတ်ဆက်သွားသည့်အလား။

ဘာရမလဲလေ။

အာနိုးက ကားနံပါတ်ကို လှမ်းကြည့်ပြီး တစ်ခါတည်း အရ[illegible]လိုက်သည်။ စုံထောက်တစ်ယောက်၏ ဗီဇာခံ၊ဦးက အာနိုးကို [illegible]ပြီ မဟုတ်လား။ ကားနံပါတ်သိလျှင် တရားခံကို ဖွေရှာဖို့ ဘာ[illegible]။

အခင်းဖြစ်နေရာသို့ အာနိုးရောက်သွားတော့ ကောင်[illegible] မြေပြင်ပေါ်မှ လူးလဲထနေသည်။

"မင်း ဘာဖြစ်သွားသေးလဲ"

www.burmeseclassic.com



အာနီးက ကောင်လေးရှိရာသို့ ပြေးသွားပြီး ဖေးမဆွဲထူရင်း မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူးဗျာ၊ နည်းနည်းပါးပါးပါ"

ထိုအချိန်၌ အဝါရောင်ကားကလေးတစ်စီးက သူတို့ဘေးမှ အရှိန်ဖြင့် ဖြတ်ကျော်သွားသည်ကို သူတို့ သတိမထားမိကြ။ ကားပေါ်မှ လူတစ်ယောက် ဆင်းကျန်ရစ်ကာ ခပ်လှမ်းလှမ်းမှ ကြည့်နေသည်ကိုလည်း သူတို့မသိ။

သူတို့အာရုံက ကောင်လေးထံမှာ။

ကောင်လေး၏ မျက်နှာမှာ ညိုမည်းနေသည်။ နေရာမှ လူးလဲထလိုက်ရင်း ကောင်လေးက တကျွတ်ကျွတ် စုတ်သပ်နေသည်။ ဗိုက်ကိုလည်း လက်တစ်ဖက်ဖြင့် ဖိထားသည်။

"မင်းကို ထိုးပြီး မင်းကောင်မလေးကို ဆွဲခေါ်သွားတာ မဟုတ်လား၊ ရန်ကုန်က ဒီလိုပဲ၊ ဘယ်သူ့ကိုမှ ယုံကြည်လို့မရဘူး၊ သတိလွတ်သွားတာနဲ့ ခံလိုက်ရတာပဲ"

အာနီး၏ စကားအဆုံးတွင် ကောင်လေးက-

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်ကောင်မလေးနဲ့အတူ ပြန်လာတာပါ၊ သူ့ကို အိမ်လိုက်ပို့တာပါ၊ အဲဒါကို ဟိုလူတွေက ကားရမ်းပြီး"ဟု အာနီးတို့ကို အကဲခတ်ကြည့်ရင်း ပြန်ပြောသည်။

"အေး မင်းတို့ကလည်း မင်းတို့ပဲ၊ ဒီလို လူပြတ်တဲ့နေရာ၊ အချိန်ကလည်း မှောင်စပျိုးချိန်လေ၊ ရာဇဝတ်မှုကို အားပေးတဲ့ အနေအထားထဲကိုမှ မင်းတို့က ဝင်လာတာကိုး၊ ကဲ ထ မင်းကို ငါတို့ ဆေးခန်းလိုက်ပို့မယ်၊ ပြီးရင် ရဲစခန်းသွားပြီး တိုင်ချက်ဖွင့်မယ်"

"ဟာ... ကျွန်တော် ဘာမှ မဖြစ်လောက်ပါဘူး၊ ဆေးခန်းလည်း မပို့ပါနဲ့၊ ရဲစခန်းလည်း မသွားချင်ပါဘူး"

ကောင်လေးက အကြောက်အကန် ငြင်းနေသဖြင့်-

"ရဲစခန်းဆိုတာ ဘာမှကြောက်စရာ မရှိပါဘူးကွ၊ ပြည်သူတွေကို ကူညီတဲ့ နေရာပါ၊ မဟုတ်တာလုပ်တဲ့ သူတွေပဲ ကြောက်ရမှာပါ၊ ကဲ... စကားမရှည်နဲ့၊ ဟိုရှေ့က အိမ်ရာထဲမှာ ဆေးခန်းရှိတယ်၊ ဒီအချိန် ဆေးခန်းဖွင့်ပြီ"



အာနီးက ကောင်လေးကို အကျိုးအကြောင်း ရှင်းပြနေသည်ကို ဆိတ်ပွားက ဘေးမှရပ်၍ ကြည့်နေရင်းက-

"ကျွန်တော်တို့နဲ့ နည်းနည်းလေး လွတ်သွားတယ် ဆရာရယ်၊ မီများမီလိုက်ရင် ကျွန်တော့်အစွမ်းကို ပြလိုက်လို့ရမှာ၊ ကျွန်တော့်လက်သီးက လူဆိုးရဲ့ မေးရိုးကို မခြည်းရတာကြာပြီ"ဟု ဗင်ပြောသည်။

ကောင်လေးက မျက်နှာအပျက်ပျက်နှင့် မော့ကြည့်ရာက-

"ခင်ဗျားတို့က ဘယ်သူတွေလဲ"ဟု ပြန်မေးလိုက်သည်။

အာနီးက တဟဲဟဲရယ်လိုက်ပြီး-

"မကြောက်ပါနဲ့ကွာ၊ ငါတို့က လူဆိုးမဟုတ်ပါဘူး၊ ဒီမှာငါ့ညီ လူကဲခတ်ပညာလည်း လေ့လာထားဦး၊ ဒါ အစ်ကိုက စေတနာနဲ့ သတိပေးလိုက်တာ၊ လူတစ်ယောက်ကိုမြင်ရင် လူဆိုးလား၊ လူကောင်းလား ခွဲသိရမယ်၊ အစ်ကိုကတော့ ဒီဘက်မှာ စပါယ်ရှယ်လစ်ပဲ၊ ကြည့်လိုက်တာနဲ့ လူဆိုးလူကောင်းကို စက္ကန့်ပိုင်းအတွင်း ခွဲခြားပြီးသားပဲ"ဟု ရင်ကော့ကာ ဟန်ပါပါ ပြောလိုက်သည်။

"အစ်ကိုက ရဲလား"

ကောင်လေးက ထစ်ထစ်အအနှင့် မေးသည်။ သူ့မျက်လုံးတွေကလည်း ပြူးပြူးကလေး။

အာနီးက ကောင်လေး၏ပခုံးကို ဖက်လိုက်ရင်း-

"အစ်ကိုက ရဲမဟုတ်ပါဘူး၊ စုံထောက်ပါ၊ အမျှော်တမ်းစုံထောက် ကျော် အာနီးဆိုတာ အစ်ကိုပဲ၊ သူက အစ်ကို့တပည့် ဆိတ်ပွား"

"ဒါ ဒါဆိုရင်"

"ကဲပါ...ဘာညာတွေ ပြောမနေနဲ့၊ ဆေးခန်းအရင်သွားမယ်၊ လာ ဆိတ်ပွားရေ ဆရာ့ဆိုင်ကယ်ကို မင်းတွန်းပြီး နောက်ကလိုက်လာပေတော့"

ခပ်လှမ်းလှမ်း မှောင်ရိပ်ထဲက လူကတော့ သူတို့ကို ရပ်ကြည့်နေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



[၃]

ဆေးခန်းထဲသို့ ကောင်လေးမှာ ဆုတ်ကန်ဆုတ်ကန်နှင့် ပါလာသည်။ အာနိုးက ကောင်လေးကို ပခုံးဖက်ပြီး ခေါ်လာ၍ ကောင်လေးက ပါလာရခြင်းဖြစ်၏။ ဆေးခန်းသို့ လိုက်လိုဟန်မရှိ။

ဆေးခန်းမှာက လူနာများနေသည်။ ဆေးခန်းရှေ့ ခုံများမှာ ထိုင်နေသူများ အပြည့်။

ဆေးခန်းအကူ မိန်းကလေးက–

"ခဏစောင့်ပါနော်၊ မကြာပါဘူး၊ ထိုင်ပါ" ဟူ၍ နောက်ထပ်ခုံများချပေးသည်။

အာနိုးက ကောင်ကလေးအား ထိုင်စေပြီး–

"ကဲ ဒီလိုလုပ် ညီလေးရယ်၊ အစ်ကိုတို့မှာက တာဝန်ရှိသေးတယ်၊ မင်း ဆေးခန်းပြပြီးရင် အိမ်ကိုပြန်တော့၊ အစ်ကိုတို့က မင်းကောင်မလေးရဲ့ အတွက် လိုက်ရဦးမယ်၊ ရဲစခန်းကို အကြောင်းကြားပြီးရင် လူဆိုးတွေကို ဒီညတွင်းချင်း အမိဖမ်းမှုရမယ်၊ မင်းကောင်မလေးအတွက် အန္တရာယ်က ရှိနေတယ်၊ တို့ မြန်မြန်လှုပ်ရှားမှဖြစ်မယ်"ဟု ညင်သာစွာ ရှင်းပြသည်။

ကောင်လေးက ဘာမျှပြန်မပြော။

"ဒါနဲ့ မင်းကောင်မလေးရဲ့ အိမ်လိပ်စာ ငါတို့ကိုပြော၊ သူ့အိမ်ကိုလည်း ငါတို့ အကြောင်းကြားမှဖြစ်မယ်"

"ခင်ဗျာ..."

"ကောင်မလေး အိမ်လိပ်စာကို မေးတာလေကွာ၊ မင်း ဘာမှမစိုးရိမ်ပါနဲ့၊ ကောင်မလေးအိမ်က၊ မင်းနဲ့သွားတာကို သိမှာစိုးလို့လား၊ မင်းနာမည်ကို အစ်ကိုတို့ မလိုအပ်ဘဲ မပြောပါဘူး"

ကောင်လေးက ငြိမ်နေဆဲ။

"ပြောလေ ညီလေးရယ်၊ ငါတို့မှာ အချိန်မရှိဘူး"

အာနိုးက အတင်းနှိုးဆော်မှ–

"ခရေမြိုင်လမ်း တိုက်နံပါတ် ၈၁ ပါ"

"ဟုတ်ပြီ၊ ကောင်မလေးနာမည်က"



"သူဇာခင်ပါ"

"သူ့မိဘတွေရဲ့ နာမည်"

"သူ့မိဘတွေရဲ့ နာမည်က ဦးအာနိုးနဲ့ ဒေါ်ဆိတ်ဖွားပါ"

"ဘာ..."

"ဟို... ဟို... ကျွန်တော် လောကြီးပြီး မှားသွားလို့ပါ၊ ဦးသာနိုးနဲ့ ဒေါ်သိမ့်ထားပါ"

"အေး ကောင်းပြီ၊ ဒါဆို တို့သွားမယ်၊ ဒါနဲ့ မင်းမှာ ဆေးရာဝန်ပြဖို့ ပိုက်ဆံပါရဲ့လား"

ကောင်ကလေးက ခေါင်းခါသည်။

"ကဲ... ဒါဆို ဒီတစ်ထောင် ယူထားလိုက်၊ ငါ့မှာလည်း ပါတာဒါအကုန်ပဲ၊ အဲဒါက ငါတို့ ဆရာတပည့် မနက်ဖြန်မနက် ထမင်းဖိုးကွ၊ ကဲပါလေ အဲဒါ ကိစ္စမရှိပါဘူး၊ တူညီရတာ ကုသိုလ်ရပါတယ် ရော့... ရော့"

ကောင်ကလေးက အာနိုးပေးသော ပိုက်ဆံကို လှမ်းယူပြီး သူ၏ ဘောင်းဘီအိတ်ထဲသို့ ထည့်သည်။

"ဆရာဝန်ကို သေသေချာချာ စမ်းခိုင်းနော်၊ မျက်နှာက ဒဏ်ရာက အရေးမကြီးဘူး၊ ဗိုက်အောင့်နေတာက အထဲမှာ တစ်ခုခုဖြစ်နေတာ ဖြစ်နိုင်တယ်"

"ဟုတ်ကဲ့ပါ"

"ကဲ... ငါတို့သွားမယ်"

"ကျေးဇူးပါပဲ အစ်ကို"

"ငါတို့ စခန်းကနေ ပြန်လာရင် ဒီကို လှည့်ဝင်လာမယ်၊ မင်း ဒီကပဲစောင့်နေ၊ မင်းကို ငါတို့ အိမ်လိုက်ပို့မယ်"

"ရပါတယ် အစ်ကို၊ ကျွန်တော့်ဘာသာ ပြန်ပါ့မယ်"

အာနိုးနှင့် ဆိတ်ဖွားတို့ ဆေးခန်းထဲမှ ထွက်လာပြီး ဆိုင်ကယ်ရပ်ထားရာသို့ လျှောက်လာကြသည်။

"ဆရာ့ဆိုင်ကယ်ကလည်း ဆရာလိုပဲ၊ အရေးအကြောင်းကျရင် ,

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီ”

ဆိတ်ပွားက သူ့ဆရာ အာနီးကို နောက်မှနေ၍ မကြားတကြား ပြောသည်။

“ဘာကွ… ပြန်ပြောစမ်း ဆိတ်ပွား”

အာနီးက လှည့်၍မေးလိုက်သောအခါ ဆိတ်ပွားက ရယ်ကျဲကျဲဖြင့် “ဆရာ့ဆိုင်ကယ်က အရေးအကြောင်းကျရင် အားမကိုးရဘူး၊ ဒါကြောင့် ဆိုင်ကယ် အသစ်လေးဘာလေး ဝယ်ပါလို့ ပြောတာပါ”ဟု ပြောလေသည်။

အာနီးက ဘာမှပြန်မပြောတော့ဘဲ ဆိုင်ကယ်ကို ခွပြီး စက်နှိုးလေရာ ချက်ချင်းပင် စက်က နိုးလေ၏။

“တွေ့လားဆရာ၊ ဆရာ့ဆိုင်ကယ်က အတော် ဒုက္ခပေးတယ်၊ စောစောကသာ ဆိုင်ကယ်မပျက်ရင် ကျွန်တော်တို့ လူဆိုးကားကို အမီလိုက်ပြီး ယောင်ကောင်ကားတွေထဲကလို ကားနဲ့ဆိုင်ကယ်ပြိုင်မောင်း၊ ကားလည်း ရပ်သွားရော ကျွန်တော်တို့ ဆရာတပည့်က ဟိုလူဆိုးနှစ်ယောက်ကို အသေအကြေချပြီး ဖမ်းလိုက်၊ ပြီးမှ ရဲစခန်းပို့၊ အဲဒါဆို ဆရာရော ကျွန်တော်ပါ နာမည်ကြီးရော”

“ကဲ… ဆိတ်ပွား စကားမရှည်နဲ့၊ ဒီလိုလုပ်၊ ငါက မင်းကို ဆိုင်ကယ်နဲ့ခေါ်သွားပြီး ကောင်မလေးအိမ်ရှေ့မှာ ချထားပေးခဲ့မယ်၊ မင်းက အိမ်ထဲဝင်ပြီး သူ့မိဘတွေကို အကျိုးအကြောင်းပြော၊ ပြီးရင် ရဲစခန်းလိုက်ခဲ့ကြ၊ ငါက ရဲစခန်းကို သွားနှင့်မယ်”

အာနီးက သူ့အစီအစဉ်ကို ချပြသည်။

“ကောင်းတယ်ဆရာ ကောင်းတယ်၊ အဲဒါမှ လူဆိုးတွေကို အချိန်မီ အုပ်မိမှာ၊ ဆရာ့ကို ဆရာတော်ရတာ ကျွန်တော် မှန်သွားပြီ၊ ဆရာရဲ့ စုံထောက်ဉာဏ်နဲ့ လျှပ်ရှားမှုကတော့ ရှယ်ပဲ”

“ဟဲ… ဟဲ… ဒါကြောင့် ငါပြောတာ၊ ဒါ လက်ချာဝမ်းပဲလေ၊ စွဲနေအောင် မှတ်သားထားပေတော့၊ ကဲ… ဆိုင်ကယ်ပေါ်တက်”

ဆိတ်ပွားက ဆေးခန်းရှိရာသို့ လှမ်းကြည့်ပြီး–



“ကောင်လေးကြည့်ရတာ အားငယ်နေပုံပဲ ဆရာနီး၊ ကျွန်တော်တို့ကို ကြည့်နေတယ်”ဟု ပြောရင်း ဆိုင်ကယ်ပေါ်တက်သည်။

“ဒါပေမယ့် ငါတို့က ပိုအရေးကြီးတယ်၊ သနားစရာကောင်းတဲ့ သူ့ကောင်မလေးကို ကယ်နိုင်ဖို့ အရေးကြီးတယ်”

အာနီးက ပြောပြောဆိုဆို ဆိုင်ကယ်ကို အရှိန်ဖြင့် မောင်းထွက်လိုက်သည်။

မှောင်ရိပ် လမ်းဘေးတစ်နေရာ၌ ရပ်နေသူတစ်ယောက်ကိုမူ သူတို့ မမြင်ကြပေ။

*

[၄]

ဆိတ်ပွားကို ကောင်မလေးတိုက်ရှေ့မှာ ချပေးထားခဲ့ပြီး အာနီးက ရဲစခန်းသို့ ဆက်လာခဲ့သည်။

ရဲစခန်းတွင်းသို့ ဝင်လိုက်သည်နှင့်

“ဟာ… ဆရာအာနီးပါလား၊ ညကြီးမိုးချုပ် ဘာတွေများ အရေးကြီးလာလို့လဲ”ဟု ရဲအုပ်သိန်းဇော်က မေးသည်။

“အရေးကြီးတယ်ဗျို့၊ ချက်ချင်း လှုပ်ရှားမှဖြစ်မယ်”

အာနီးက အမောတကော ပြောလိုက်စဉ် စခန်းမှူးပါ အခန်းတွင်းမှ ထွက်လာသည်။

“ပြောပါဦးဗျာ”

“လမ်းမှာ ကောင်လေးနဲ့ ကောင်မလေး တွဲလာတာကို ကားတစ်စီးထဲက လူနှစ်ယောက် ဆင်းလာပြီး ကောင်လေးကို ထိုးရိုက်ထားခဲ့ပြီး ကောင်မလေးကို ကားနဲ့တင်ခေါ်သွားတယ်၊ အဲဒါ…”

စခန်းမှူးရော ရဲအုပ်သိန်းဇော်ပါ လှုပ်ရှားသွားသည်။

“ဟာ… ဒါဆို မြန်မြန်လိုက်မှပဲ၊ ဆရာအာနီး ကားနံပါတ် မှတ်မိလိုက်လား”

စခန်းမှူးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတာပေါ့ ဆရာရယ်၊ ဒီနေရာမှာ ဒီလောက်မှ မပါးနပ်ရင် အာနီးဆိုတဲ့နာမည်ကို ဖြုတ်ပစ်မယ်"

အာနီးက ကားနံပါတ်ကို ပြောပြလိုက်သည်။ ရဲအုပ်သိန်းဇော် မှ ကားနံပါတ်ကို ရေးမှတ်နေစဉ် အာနီးက အဖြစ်အပျက်အားလုံးကို အသေးစိတ် ပြောပြနေသည်။

ထိုစဉ်–

ရဲစခန်းတွင်းသို့ ဆိတ်ပွား ပျာရိုများယာဖြင့် ဝင်လာသည်။ မျက်နှာလည်း မှုန်နေသည်။

"ဟော့... ဆိတ်ပွား မင်း ကောင်မလေးမိဘတွေကို ပြောပြပြီးခဲ့ပြီလား၊ သူတို့ကိုပါ ရဲစခန်း ခေါ်လာခဲ့ရမှာလေကွာ၊ ဘယ်မှာလဲ ကောင်မလေး မိဘတွေ"

အာနီးက သူ့တပည့်ကို ဆီးကြို၍ မေးမြန်းရင်း ဖောက်လိုက်သည်။

ဆိတ်ပွားက 'ဆရာနီး'ဟု ခပ်တိုးတိုးခေါ်ကာ စခန်းမှူးအပါးမှ နေ၍ အခြားတစ်နေရာသို့ ခေါ်သွားသည်။ ဆိတ်ပွားနောက်သို့ အာနီး လိုက်သွားပြီး–

"ဘာဖြစ်လာတာလဲ ဆိတ်ပွား၊ သေသေချာချာပြောစမ်း"

မေးလိုက်သည်။

ဆိတ်ပွားက–

"ဆရာနီး ကျွန်တော်တို့ တစ်ခုခုမှားနေပြီ၊ အဲဒီတိုက်က ဦးသာနီးနဲ့ ဒေါ်သီမ့်တားတို့တိုက် မဟုတ်ဘူး၊ ပြီးတော့ သူတို့အိမ်မှာ သမီးလည်း မရှိဘူးတဲ့"

အာနီး မျက်လုံးပြူးသွားသည်။ ခေါင်းကုတ်ပြီး–

"ဟာ... ဘယ်လိုဖြစ်တာလဲ၊ တစ်ခုခုတော့ မှားနေပြီ"ဟု ပြောလိုက်ရာ ဆိတ်ပွားက သူ့ဆရာကို အားမလိုအားမရ မော့ကြည့်သည်။

"ဆရာကလဲ ကျွန်တော်ပြောတဲ့ တစ်ခုခုမှားနေပြီဆိုတာကိုပဲ ထပ်ပြောနေတယ်၊ ဘာမှားတာလဲ၊ စဉ်းစားပါဦး"



"စဉ်းစားနေတာကွ၊ အင်း... အသာနေစမ်းပါ"

"ဆရာအာနီးတို့နှစ်ယောက် ဘာတွေပြောနေကြတာလဲ၊ လာချို မြန်မြန်၊ ကားနံပါတ်ကို အခြားမြို့နယ်တွေကို လှမ်းအကြောင်းကြားပြီး ပြီ၊ သူတို့က လှည့်ကင်းတွေဆီ ချက်ချင်းဆက်သွယ်ပြီး ဖြန့်ရှာလိမ့်မယ်၊ ကျွန်တော်တို့ကလည်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှမင်းနဲ့အဖွဲ့ တွေကို မြို့နယ်ထဲ နေရာခွဲလွှတ်လိုက်မယ်၊ ဒါမှ တရားခံကို အမြန်ဆုံး ဖမ်းမိပြီး ကောင်မလေးကို ကယ်တင်နိုင်မှာ"

"တရားခံလည်း ဖမ်းမိပါပြီ၊ ကောင်မလေးကိုလည်း ကယ်ဖို့ မလိုတော့ပါဘူးရှင်"

စခန်းမှူး ရဲအုပ်သိန်းဇော်တို့ ပျာယာခတ်နေစဉ်မှာပင် အသံတစ်သံ ပေါ်လာသည်။ မိန်းကလေးအသံ။

အသံလာရာသို့ အားလုံးက လှမ်းကြည့်ကြသည်။ အာနီးနှင့် ဆိတ်ပွားတို့လည်း အပါအဝင်။

ရဲစခန်းထဲသို့ ဝင်လာသူထံမှ ဖြစ်၏။ ထိုသူမှာ ရှေ့နေမလေး မေစံရှားဖြစ်သည်။ သူ့ဘေးမှာ သူ့ချစ်သူ စာရေးဆရာ အယ်ဒီတာ ကိုနေဘော် ပါလာပြီး ကိုနေဘော်က ကောင်လေးတစ်ယောက်၏ လက်မောင်းကို ဆွဲခေါ်လာသည်။ သူတို့နောက်မှာ ကောင်မလေးနှင့် လူကြီးနှစ်ယောက်။

စခန်းမှူးနှင့် ရဲအုပ်သိန်းဇော် အံ့အားသင့်နေကြစဉ် အာနီးနှင့် ဆိတ်ပွားတို့မှာလည်း မျက်လုံးပြူးပြူး ပါးစပ်အဟောင်းသားဖြင့်–

"ဘယ်လိုဖြစ်ကုန်တာလဲ ဆရာနီး"

ဆိတ်ပွားက အာနီးကို တိုးတိုးကပ်၍ မေးလိုက်သည်။ အာနီးက ခေါင်းခါပြီး–

"ငါလည်း မသိတော့ဘူး"ဟု လေသံမှုဖြင့် ပြန်ဖြေလိုက်သည်။

"ဒေါ်မေစံရှားတို့ပါလား၊ လာကြပါ၊ ဘာတွေများ ဖြစ်လာကြ တာလဲ"

စခန်းမှူးက ဆီးကြိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေစံရှားက အာနိုးတို့ ဆရာတပည့်ကို လှမ်းကြည့်ပြီး–

"ကိုအာနိုးတို့လည်း ရောက်နေတာကိုး"ဟု ပြောသည်။ ပြီးမှ–

"ဟော့ဒီကောင်လေးက ဟော့ဒီကောင်မလေးကို လမ်းမှာ ဓားနဲ့ထောက်ပြီး ပါလာတဲ့ပစ္စည်းတွေ လုတယ်လေ၊ အဲ့ဒီအချိန်မှာ ကောင်မလေးရဲ့ အဖေနဲ့ အစ်ကိုက ကားနဲ့ အိမ်ပြန်အလာမှာ တွေ့လို့ ကောင်လေးလက်ထဲက ကောင်မလေးကို ဆွဲခေါ်ပြီး ကယ်ခဲ့ရတယ်၊ အဲဒါ ဓားနဲ့ထောက်ပြီးလုတဲ့ တရားခံကောင်လေးဟာသူပဲ။ သူ့နာမည်က ဘဂျမ်း၊ စခန်းမှူး ကြီးတို့ ဟိုတစ်လောက လုယက်မှုနဲ့ လိုချင်နေတဲ့ တရားခံပြေးလေ၊ ဟောဒီမှာ သူ အသုံးပြုခဲ့တဲ့ဓား"ဟု ခပ်တိုတို ရှင်းပြလိုက်လေသည်။

"ဒီကောင်လေးကို ဘယ်ကဖမ်းလာလဲ"

"ဆရာအာနိုးတို့က သူ့ကို ဆေးခန်းပို့ထားပြီး ရဲစခန်းကိုလည်း ထွက်သွားရော သူက ဆေးခန်းကနေ ထွက်ပြေးတယ်လေ၊ အဲဒါ ရှားက သူ့ကို ဖမ်းလိုက်ရတယ်၊ ကိုနေသော်က ကောင်မလေးပါသွားတဲ့ကားနောက်ကို လိုက်ကြည့်ပြီး ကောင်မလေးနဲ့ သူ့မိဘတွေကို ခေါ်လာတာ"

"နေပါဦး ဒေါ်မေစံရှားတို့က အဖြစ်အပျက်ကို ဘယ်လိုတွေ့တာလဲ"

ရဲအုပ်သိန်းဇော်က မေးသည်။

"ဒီလိုပါ၊ ရှားနဲ့ ကိုနေသော်က မိတ်ဆွေတစ်ယောက်ရဲ့အိမ်ကို နေမကောင်းဘူးကြားလို့ သတင်းမေးရအောင် အငှားကားနဲ့ သွားကြတာပါ၊ အဲဒါ ခပ်ဝေးဝေးမှာ အဲဒီကောင်လေးနဲ့ လူကြီးနှစ်ယောက် ရုတ်ရုတ်သဲသဲဖြစ်နေကြတာကို လှမ်းမြင်ရတယ်။ တစ်ယောက်က ကောင်လေးကို ထိုးကြိတ်ပြီး ကျန်တစ်ယောက်က ကောင်မလေးကို ကားပေါ်ဆွဲတင်သွားတယ်၊ မြန်းခနဲကြည့်လိုက်ရင် ကောင်လေးကိုရိုက်ပြီး ကောင်မလေးကို အမွှပြုမယ်လို့ ယူဆနိုင်တယ်၊ ဒါပေမယ့် သေသေချာချာ အကဲခတ်ကြည့်တဲ့အခါကျတော့ မဟုတ်ဘူး၊ ကောင်လေးလက်ထဲမှာ လမ်းမီးရောင်နဲ့ ဓားကို လက်ခနဲမြင်လိုက်ရတယ်။ ပြီးတော့ ကောင်မလေးကို အတင်းဆွဲပြီး ကားပေါ်ခေါ်သွားတဲ့ပုံ မဟုတ်ဘူး၊ ကောင်မလေးက ကောင်လေး



ရဲ့လက်ကလွတ်ပြီး လူကြီးတစ်ဦးရဲ့ ရင်ခွင်ထဲဝင်ပြီး ငိုနေတာ၊ ပြီးမှ လူကြီးက ပခုံးဖက်ပြီး ကားပေါ်ခေါ်သွားတာ၊ ဒါကြောင့် စောစောက ကောင်လေးကိုရိုက်၊ ကောင်မလေးကို အဓမ္မခေါ်သွားတယ်ဆိုတဲ့ အွေးလုံးဟာ မဟုတ်ဘူးလို့ သိလိုက်ရတယ်၊ ဒါကြောင့် ရှားက ကားပေါ်ကဆင်းနေခဲ့ပြီး ကိုနေသော်ကို ကောင်မလေးပါသွားတဲ့ ကားနောက်ကို ကားနဲ့ ဆက်လိုက်ခိုင်းတယ်"

မေစံရှားက စကားကို ခဏရပ်လိုက်သည်။ အာနိုးတို့ ဆရာတပည့်ထံ မျက်လုံးဝေ့ကြည့်ပြီးမှ စကားကို ပြန်ဆက်သည်။

"ကိုနေသော်က ကောင်မလေး ကားဝင်သွားတဲ့ တိုက်ထဲထိဝင်သွားတော့မှ ကောင်မလေးကို သူ့ဖခင်နဲ့ သူ့အစ်ကိုက ကယ်လာတာ တိတိကျကျ သိလိုက်ရတယ်၊ အစပထမက ကောင်မလေးရဲ့ ဖခင်နဲ့အစ်ကိုက ကောင်မလေးကို ဟိုကောင်လေးက လိုက်နှောင့်ယှက်တယ်ထင်ပြီး ဆုံးမတဲ့သဘောနဲ့ ထိုးကြိတ်ခဲ့တာပဲ၊ လမ်းကျမှ သေသေချာချာမေးတော့ ကောင်လေးက ဓားနဲ့ထောက်ပြီး ပစ္စည်းလုကြောင်း' သိရတယ်၊ ဒါကြောင့် ကိုနေသော်နဲ့ ရဲစခန်းကိုတိုင်ဖို့ ပြန်လိုက်လာတာ၊ ရှားက ကားပေါ်က ဆင်းကျန်နေရစ်တာ ကိုအာနိုးတို့ ဆရာတပည့်က ကောင်လေးကိုကူညီပြီး ဆေးခန်းပို့တာတွေ့ရတော့ ဆေးခန်းထိလိုက်သွားရတယ်၊ ကိုအာနိုးတို့ ရဲစခန်းကို ထွက်သွားပြီး ကောင်လေးက ဆေးခန်းက ထွက်ပြေးတော့ ရှားက ဆီးကြိုပြီး ဖမ်းလိုက်တာပါပဲ"

"ကောင်လေးက အသာတကြည် အဖမ်းခံတာလား"

မေစံရှားက ပြုံးသည်။

"ဘယ်ဟုတ်မလဲ၊ သူက အတွေ့အကြုံရှိတဲ့သူပဲ၊ ရှားကို ပြန်ပြီး ဓားနဲ့တွက်တယ်၊ နည်းနည်းတော့ ဖိုက်တင်လေး ဖြစ်သွားတာပေါ့ရှင်၊ နောက်ဆုံးကျမှ သူအဖမ်းခံတာ၊ အဲ့ဒီအချိန်မှာ ကိုနေသော်တို့ ပြန်ရောက်လာတာနဲ့ ကောင်လေးကိုခေါ်ပြီး ရဲစခန်းကို လာခဲ့ကြတာပေါ့"

"ကျေးဇူးတင်ပါတယ် ဒေါ်မေစံရှားရယ်"

စခန်းမှူးနှင့် ရဲအုပ်သိန်းဇော်က မေစံရှားကို ချီးကျူးပြီး ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်ကြောင်း ပြောသောအခါ အာနီးမှာ ရှက်မျက်နှာဖြင့် ခေါင်းငုံ့ပြီး ငြိမ်နေသည်။ ဒါကို အလိုက်မသိသော တပည့်ကျော် ဆိတ်ပွားက–

"ဆရာနီး... ဆရာနီးရဲ့ အစွမ်းကတော့ အံ့မခန်းပါပဲဗျာ၊ တရားလို ကို တရားခံထင်၊ တရားခံကို တရားလိုထင်နဲ့ ပြောင်းပြန်ကြီး ဖြစ်သွားတာပဲနော်"ဟု ပြောလိုက်ရာ အားလုံးက ပြုံးလိုက်မိကြသော်လည်း အာနီးမှာ မျက်နှာမထားတတ်အောင် ဖြစ်လျက်။

"မင်းကလဲကွာ၊ လူမှန်ရင် အမှားမကင်းပါဘူး၊ အမြဲတမ်း မှန်နေရင် ဘယ်မှာ ခဲဖျက်ဆိုတာ ရှိပါတော့မလဲ"ဟု ချေပလိုက်လေသည်။

*

[၅]

"ဒီနေ့ မင်းကို ငါ လက်ချာတူးပေးမယ်"

သို့ကလို အာနီးက ကောက်ကာငင်ကာ ပြောလိုက်သောကြောင့် လက်ဖက်ရည်သောက်ရင်း လမ်းမှဖြတ်သွားသော ကောင်မလေးတွေကို ငေးနေသည့် တပည့်ကျော် ဆိတ်ပွား မျက်လုံးပြူးသွားသည်။

ပြီးမှ ပြုံးလိုက်ပြီး သူ့ဆရာမျက်နှာကို အထင်တကြီးကြည့်ကာ ပြန်ဖြေလိုက်လေသည်။

"ဟုတ်ကဲ့ပါ ဆရာ၊ ဆရာ ပို့ချတာကို ကျွန်တော် ပြောင်းပြန် မှတ်သားပါ့မယ်၊ ဒါမှ အမှန်ဖြစ်သွားမှာ"

နေနိုးသော်

* * *

www.burmeseclassic.com